
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | – | ၁၁၉၉/၂၀၀၄ (၁၀) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | – | ၁၁၅၇/၂၀၀၄ (၁၁) |

ပုံနှိပ်မှတ်တမ်း ■ ပထမအကြိမ်

၁၉၈၃ ခုနှစ်၊ ဖေဖော်ဝါရီလ

ဆောင်းသစ္စာစာပေဖြန့်ချိရေး

ဒုတိယအကြိမ်

၂၀၀၅ ခုနှစ်၊ ဇန်နဂါရီလ

သီဟရတနာစာပေ

အုပ်ရေ ■ (၁၀၀၀)

ထုတ်ဝေသူ ■ ဦးသိမ်းစိုး

(မြ-၀၃၉၈၂)

(သီဟရတနာစာပေ)

အမှတ် (၁၀၀-D)၊ အင်းလျားလမ်း၊

ကမာရွတ်မြို့နယ်။

မျက်နှာဖုံးနှင့် ■ ဒေါ်ခင်အေးမြင့်

အတွင်းပုံနှိပ် (ရာပြည့်အော့ဖ်ဆက်)

၁၉၉၊ လမ်း-၅၀၊ ပုဇွန်တောင်။

ကွန်ပျူတာစာစီ ■ Dream City

မျက်နှာဖုံးဒီဇိုင်း ■ THIHA Group

စာအုပ်ချုပ် ■ ကိုမြင့်

တန်ဖိုး ■ (၈၀၀)ကျပ်


# မောင်ဝဏ္ဏ

၁၉၄၇ တွင် အဖ စာရေးဆရာ ဒါရိုက်တာ ဦးသာနုနှင့် အမိ ကျောင်းဆရာမကြီး ဒေါ်ခင်ညိုတို့မှ မွေးဖွားသည်။

စိန့်ပေါလ်ကျောင်းတွင် တန်းမြင့်ကျောင်းထွက် အောင်သည်အထိ ပညာသင်သည်။ တက္ကသိုလ်ဝင်တန်းကို အလွတ်ဖြေဆိုသည်။

၁၉၆၉ တွင် 'သိုင်းသမား' ရုပ်ရှင်ဇာတ်ညွှန်းရေးသည်။

၁၉၇၀ တွင် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်မှ ဝိဇ္ဇာ (ဒဿနိက ဗေဒ) ဘွဲ့ရသည်။ ထိုနှစ်တွင်ပင် 'ကဗ္ဗီပါဖိနပ်စီး ရွှေထီးဆောင်း' ရုပ်ရှင်ကားရိုက်သည်။ အကယ်ဒမီရသည်။

၁၉၇၂ တွင် ရှုမဝမဂ္ဂဇင်း၌ 'လေထဲက အိပ်မက်ကလေး' ဝတ္ထုတို စတင် ဖော်ပြခြင်းခံရသည်။

၁၉၇၅ တွင် 'ပန်းတွေနဲ့ဆဲ' လုံးချင်းဝတ္ထုရေးသည်။

၁၉၉၀ တွင် 'ခုနစ်စဉ်အလွမ်း' ရုပ်ရှင်ဖြင့် ဒါရိုက်တာ အကယ်ဒမီဆု ထပ်မံရရှိသည်။

ရုပ်ရှင်ဇာတ်ကားပေါင်း ၂၀ ခန့်နှင့် လုံးချင်းဝတ္ထုပေါင်း ၂၀ ခန့် ရေးသားပြီး ဖြစ်သည်။

မောင်စိန်သောင်း၊ မနှင်းရည် ပင်တိုင်ဇာတ်ဆောင်ဖြင့် ဝတ္ထုတိုပေါင်းများစွာ ရေးခဲ့သည်။

ဝတ္ထု၊ ဆောင်းပါးများရေးသည်။ စာရေးခြင်း၊ ရုပ်ရှင်ရိုက်ခြင်းတို့ဖြင့် အသက်မွေးလျက်ရှိသည်။

ဇနီး ဒေါ်ချိုရီ၊ သားသမီးသုံးဦးနှင့် အမှတ် ၃၊ သာယာ၊ ဇ/ဆောင်၊ လေးထောင့်ကန်လမ်း၊ သင်္ဃန်းကျွန်းတွင် နေထိုင်လျက် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

## သိတရတနာစာပေတိုက်မှထုတ်ဝေပြီးစာအုပ်များ


၁။ ဂျာနယ်ကျော်မမလေး၏ သူမ
၂။ ဂျာနယ်ကျော်မမလေး၏ ရင်မှတရှိုက်
၃။ ဂျာနယ်ကျော်မမလေး၏ မေတ္တာ
၄။ ဂျာနယ်ကျော်ဦးချစ်မောင်၏ သူ
၅။ ဂျာနယ်ကျော်မမလေး၏ နတ်ရေးငယ်ရွှေစာ
၆။ ဂျာနယ်ကျော်မမလေး၏ ကမ္ဘာမြေဝယ်
၇။ ဂျာနယ်ကျော်ဦးချစ်မောင်၏ အိမ်ကြီးမာယာ
၈။ ဂျာနယ်ကျော်မမလေး၏ စိတ်
၉။ ဆောင်းဝင်းလတ်၏ လွမ်းလောက်ပေသည်
၁၀။ ဂျာနယ်ကျော်မမလေး၏ သူလိုမိန်းမ
၁၁။ မောင်သိန်းတန်၏ သည်အရွယ်
၁၂။ လေသူရဲတစ်ဦး(ဦးလှဝင်း)၏ သေခြင်းနှင့် အားမာန်
၁၃။ ပါရဂူ၏ ဘုရားကျောင်း တံမြက်လှည်းသမား
၁၄။ ဒေါက်တာခင်လေးမြင့်၏ ကျွန်ုပ်၏သဒ္ဒါ
၁၅။ လေသူရဲတစ်ဦး(ဦးလှဝင်း)၏ မုန်တိုင်း
၁၆။ ဂျာနယ်ကျော်မမလေး၏ ရွှေလင်းယုန်
၁၇။ ဂျာနယ်ကျော်မမလေး၏ ပုဂ္ဂလပညတ်
၁၈။ မြတ်ဆွေ၏ စာရေးဆရာတို့၏ အနီးအဝေးပုံရိပ်များ
၁၉။ မင်းဆွေ၏ နာမည်
၂၀။ မိချမ်းဝေ၏ အလွမ်းပင်ဆင့် ကျွမ်းရင်နှင့်
၂၁။ ဦးလှမို၏ ရဟန္တာအဝ ကောဏ္ဍည
၂၂။ လူထုစိန်ဝင်း၏ ပထမအမျိုးသမီးလမ်းထွင်သူများ
၂၃။ ဂျာနယ်ကျော်မမလေး၏ ရဲဘော်ဖခင်မှတ်တမ်း
၂၄။ မင်းခိုင်ဦး၏ ပန်းတို့သည်လည်း ရန့်ချင်းပြိုင်မညီနိုင်
၂၅။ ဇော်နောင်၏ အာရှမျက်လုံးများဖြင့် အနောက်ကမ္ဘာကိုကြည့်ရှုခြင်း
၂၆။ ဟိန်းလတ်၏ သိစိတ်စီးကြောင်းဖြစ်တည်မှုသစ် ပဥ္စလက်သရုပ်မှန် နှင့်
တပေအနုပညာရေးရာ
၂၇။ ဂျာနယ်ကျော်မိသားစု၏ ဂျာနယ်ကျော်စီးဆင်းမှု
၂၈။ ရွှေဥဒေါင်း၏ အေဝရာဟင်လင်ကွန်း
၂၉။ ဒဂုန်တာရာ၏ မေ
၃၀။ နတ်နွယ်၏ ရင်သွေးနှင့် မိုရေးဟီးယား ဝတ္ထုတိုများ
၃၁။ ဂျာနယ်ကျော်မမလေး၏ သုခုမအနုပညာရှင်
၃၂။ ဂျာနယ်ကျော်မမလေး၏ အဖြူ
၃၃။ ခင်ဦးသိ၏ လက်ဘီဒီပချစ်သ

မန္တလေးကလောင်စုံ၏ မဆုံဖြစ်ကြသူများ
လူထုဒေါ်အမာ၏ ငွေနှင့်လက်နက်
ဒဂုန်တာရာ၏မြိုင်
ရွှေဥဒေါင်း၏ ရှိတ်စပီးယား ဝတ္ထုတိုများ
မိချမ်းဝေ၏ လှိုင်းနှစ်ထပ်ပင်လယ်
လူထုစိန်ဝင်း၏ အရှေ့ကိုမျှော်၍ အနောက်ကိုကြည့်ခြင်း
မြသန်းတင့်၏ ကံကောင်း
ချစ်ဦးညို၏ သုဝဏ္ဏဘုမ္မိဝေဒနာ
မင်းသုဝဏ်၏ ပန်းနှင့်ပင်စည်
ဂျာနယ်ကျော်မမလေး၏ မုန်းရှဲမဟူ
ဂျာနယ်ကျော်မမလေး၏ သွေး
ဟိန်းလတ်၏ကမ္ဘာကျော်စာရေးဆရာများနှင့် သူတို့၏စာများ
အောင်ဝေး၏ အေးမြမြမီးလျှံ
မောင်ဝံသ၏ ကမ္ဘာ့ထိပ်တန်းနိုင်ငံများ၏ နိုင်ငံရေးစီးပွားရေး
မြင်ကွင်းကျယ်လေ့လာချက်
ဆောင်းဝင်းလတ်၏ မီးပြတိုက်
ဂျာနယ်ကျော်မမလေး၏ သူလိုလူ
ဒေါက်တာခင်လေးမြင့်၏ LET US SPEAK FRENCH
လူထုဒေါ်အမာ၏ မြန်မာပြည်တွင် စစ်ဆေးခဲ့သော အမှုအခင်းများ
ဂျာနယ်ကျော်မမလေး၏ မြန်မာ့ဆေးပညာ
ကျော်ဝင်း၏လူများဖြစ်ရပ်များ တူရှုချက်များ(နိုင်ငံတကာအိုင်ဒီယာမိတ်ဆက်)
ချစ်ဦးညို၏ အချစ်ဖြင့်လောင်ကျွမ်းတောက်ပသူများ
ရွှေဘိုမိမိကြီး၏ ဗုဒ္ဓသာသနာပြုပုဂ္ဂိုလ်ကျော် အနာဂါရိကဓမ္မပါလ
ဝသုန်၏ သားကလေးအမည်မသိနှင့် ဝတ္ထုတိုများ
ချစ်ဦးညို၏ ချစ်သူသုန္ဓရီ
မြသန်းတင့်၏ အညတရရုပ်ပုံလွှာများ
တက်တိုး၏ မေတ္တာမွန် (Silas Marner)
မောင်ပေါ်ထွန်း၏ အကြီးအကဲ (The Haj-Leon Uris)
ချစ်ဦးညို၏ ပန်းမှုန်ဝေ
ကြည်ဦး၏ လွမ်းပင်တိုင်စံနှင့် နန်းဘုံသီဟာဘွေ
စိတင့်ထွန်း(လှကွန်း)၏ ရွှေမည်း၊ တိုယိုတာစီးရီးနှင့် အိကွေတာယဥ်ကျေးမှု
ဒဂုန်တာရာ၏ စန္ဒရားဆရာ (သို့) မဟာအချစ်
မောင်ပွင့်ဦး၏ ပညတ်ချက်အမှတ် (၁၁) သင့်အားမဖမ်းမိစေရ (Jeffrey
Archer - The Eleventh Commandment)
ချစ်ဦးညို၏ သစ္စကပရဝိုဇ်နှင့် တာဋ္ဌဗုဒ္ဓရက္ခိတ
မောင်ခိုင်သည်၏ ခေတ်မီမီ ကမ္ဘာကြော် ကြော်ငြိမ်


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com


၇၀။ ချစ်ဦးညို၏ တရားရှင်နှင့်ရာဟုလာ
၇၁။ မောင်ပေါ်ထွန်း၏ ပက်တီဟတ်စ် နှင့် အက်စ်အယ်အော့ဂိုဏ်း
၇၂။ တက်တိုး၏ ကမ္ဘာကျော်သူလျှိုမယ် မာတာဟာရီ
၇၃။ ဂျာနယ်ကျော်မမလေး၏ မာလာရီ
၇၄။ နတ်နွယ်၏ တက္ကသိုလ်နှင့်ပြင်ပကမ္ဘာ
၇၅။ ဒေါက်တာခင်လေးမြင့်၏ မင်းသားလေး (Le Petit Prince)
၇၆။ မောင်ဝဏ္ဏ၏ ချစ်တဲ့သူငယ်လေ
၇၇။ သန်းမြင့်အောင်၏ ငိုခြင်း၊ ရယ်ခြင်း၊ နီးခြင်း၊ ဝေးခြင်း . . . ဝတ္ထုတိုများ
၇၈။ ချစ်ဦးညို၏ လက်ရွေးစင်ဝတ္ထုတိုများ
၇၉။ ပါရဂူ၏ နေရဥရာ
၈၀။ လူထုဒေါ်အမာ၏သက်တံရောင် (The Rainbow)
၈၁။ မောင်ဝံသ၏ စတီးဝဲလ်နှင့် မြန်မာပြည်စစ်မျက်နှာ (DD Rooney)
၈၂။ မောင်မိုးသူ၏ စိန့်ပီတာစဘတ်မှလူ (Ken Follett)
၈၃။ ချစ်ဦးညို၏ စက္ကူရုနှင့်ဘဒ္ဒါ
၈၄။ မောင်သန်းဆွေ၏ အိမ်ရှေ့စံလှိုင်မင်းမှသည် ဗွန်ဝိလီယန်မောင်လတ်သို့
၈၅။ ရွှေဥဒေါင်း၏ လက်ထက်တော်ကြီး
၈၆။ မိုးဟိန်း(သားဂျာနယ်ကျော်)၏ ဆင့်၍ဆင့်၍ ဆက်၍ဆက်၍
၈၇။ ဒေါက်တာခင်လေးမြင့်၏ အိပ်မက်ဆန်သောဘဝ
၈၈။ ချစ်ဦးညို၏ မိမိနှင့် အဝိဇ္ဇာဏတများ


ရယ်စရာကောင်းနေမလားမသိဘူး၊ ဒီလိုလေ. . . မင်းကိုကိုယ်ချစ်တယ်

**ဆက်လက်ထုတ်ဝေမည့်စာအုပ်များ**


၉၀။ ဂျာနယ်ကျော်မမလေး၏ လက်ရွေးစင် ဝတ္ထုတိုများ
၉၁။ ဗိုလ်အေးမောင်၏ မြားနက်
၉၂။ စည်သူမြသန်း၏ ဆရာမြသန်းတင့်၊ ဒေါက်တာဘဦး၊ ကျော်မောင်၊ ဘမော်ရိပ်ဝယ်နှင့် အခြားဖြစ်ရပ်များ
၉၃။ ညိုပုလေး၏ လီဒိုဟူးကောင်း မင်ခြစ်မှတ်စုများ
၉၄။ ဆောင်းဝင်းလတ်၏ ကြယ်စင်မှူးမှ လွမ်းဦးရစ်သီ (သို့) ဝင်းဦး
၉၅။ မြသန်းတင့်၏ ပွင့်တူရွက်တူ နှင်းမြူတောင်ခိုး နှင့် နေကြာပွင့်ရိုင်း
၉၆။ ဂျာနယ်ကျော်မမလေး၏ လောကီရတနာ
၉၇။ မောင်ပေါ်ထွန်း၏ ဆယ့်နှစ်လရာသီ
၉၈။ ချစ်ဦးညို၏ အီဂျစ်နှင့်အင်္ဂလန် နိုင်ငံခြားကို မောင်သွားထားမလား
၉၉။ တက်တိုး၏ သူတို့အတွေးအခေါ်မှတ်စုများ
၁၀၀။ ဂျာနယ်ကျော်မမလေး၏ ယဉ်ကျေးမှုခရီးသည်


## (၁)

“ရယ်စရာကောင်းနေမလား မသိဘူး၊ ဒီလိုလေ မင်းကို ကိုယ်ချစ်တယ်”

ကျွန်မနဲ့ သူနဲ့ စာမေးပွဲဖြေရင်း သိကြတာပါ။ ကျွန်မတို့က တစ်ကျောင်းတည်း အတူတူနေကြတာ မဟုတ်ပါဘူး။ ရှုပ်သွားသလား မသိဘူး။ ဒီလိုပါ၊ ကျွန်မက ကျူရှင်တွေ အစုံလိုက်တက်ပြီး ဆယ်တန်းဖြေတာ ဟစ်နှစ်ကျပြီးပြီလေ။ နောက်တစ်နှစ်ကျတော့ ကျွန်မ နာမည်ကြီးကျူရှင်မှန်သမျှ ဘာသာစုံ လိုက်တက်တယ်။ စိတ်တော့ ညစ်ဖို့ကောင်းသား။ ဒါပေမယ့် တစ်ခါတလေမှ စိတ်ညစ်တာပါ။ အများအားဖြင့်တော့ ပျော်စရာကောင်းတယ်။

ကျူရှင်က တစ်နေရာစီ လိုက်တက်ရတာ။ ဥပမာ ဦးအောင်သောင်း သင်္ချာက မောင်ထော်လေးလမ်းမှာ။ ဦးအောင်ပြည့် မြန်မာစာက လွှစ္စလမ်းမှာ။ ဦးသက်တင် အင်္ဂလိပ်စာက ရွှေဘုံသာလမ်းမှာ။ အဲသလိုပေါ့။ အဲဒါ ဘယ်ရောက်သွားပါလိမ့်။ အဲ အဲ ဆယ်တန်းဖြေကြတော့ သူနဲ့ ကျွန်မနဲ့ စာစစ်ဌာနတစ်ခုတည်း သွားကျတယ်။

ပထမနေ့ စာမေးပွဲဖြေလို့လည်း ပြီးရော သူက ကျွန်မ့်ဆီလာပြီး မိတ်ဆက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ရိုးရိုးပါပဲ။ "ဖြေနိုင်လား"တဲ့။ ကျွန်မကလည်း ရိုးရိုးပါပဲ။ "မဆိုးပါဘူး"လို့ ပြန်ပြောတယ်။

သိတော့ သိသားပဲ၊ သူ လာကပ်တာဆိုတာ။

ထင်တဲ့အတိုင်းပါပဲ၊ စကားမရှိ စကားရှာပြီး နောက်နေ့တွေလည်း လာလာပြီး စကားစပ်တယ်။ "ဘယ်အထိပြန်ရမလဲ"တို့ ဘာတို့ပေါ့။

ဒီလိုနဲ့ သိသွားကြရော ဆိုပါတော့။

သူက နည်းနည်းဆန်းတယ်။ သူများတကာလို ကပ်ပြီးတဲ့နောက် နည်းနည်းရင်းနှီးလာတာနဲ့ လက်ဖက်ရည်ဆိုင်သွားရမယ်တို့၊ တစ်ခုခုစား [illegible]ဖို့ မပြောဘူး၊ ပို့စကတ်လေးတွေ ပေးတယ်။ ပို့စကတ်နောက်ကျောမှာ စာလေးတွေ ရေးရေးပေးတယ်။

ပထမနည်းနည်းကြောင်သလိုပဲ။ သူ စပုံကလေ 'ကျန်းမာပါစေ၊ ချမ်းသာပါစေ'တဲ့။ အဲသလိုမျိုးပဲ။ 'ရွှင်လန်းပါစေ'တို့၊ 'ချမ်းမြေ့ပါစေ' တို့ အဲဒါမျိုးတွေ ရေးတယ်။ သိပ်အောက်တာပဲလို့ ထင်မိတာပေါ့။

ရယ်စရာလို့ပဲ သဘောထားလိုက်ပါတယ်။

သူ ကျွန်မ လိပ်စာကို သိသွားတယ်လေ။ အဲဒါကလည်း ရိုးရိုးပါပဲ၊ ဘယ်မှာနေသလဲတဲ့ သူက မေးတယ်။ ကျွန်မကလည်း လိပ်စာ ပြောပြလိုက်တယ်။ ဘာဖြစ်လို့လဲတော့ မသိဘူး၊ ပြောပြချင်နေတယ်။

အဲ နောက်တော့ နွေကျောင်းပိတ်ရက်တွေမှာ တစ်ပတ်ခြားတစ်ခါ ပို့စကတ်လေးတွေ ပို့တယ်။ ကဗျာလေးတွေ ပါပါလာတယ်။

နေ့စဉ်နှင့်အမျှ၊ တွေ့မြင်ခွင့်မရသမို့
ဩော် မေ့ချင်ဖြင့်လည်း မရ။

ဆိုတာမျိုးတွေပေါ့။ ဒါပေမယ့် သူကထပ်ပြီး အောက်က ရေးရေး ထည့်လိုက်သေးတယ်။

'ရေလို အေး၍ ပန်းလို လန်းပါစေ'

ဆိုတာမျိုးပေါ့။





အဲသသ်တော့ တစ်မျိုးကြီးပေါ့။ သူက အသံတိတ် ရည်းစား စကားပြောသလိုလိုနဲ့ ပြီးတော့ အဖျားရှူးရှူးသွားတာမျိုးကြီးပဲ။ ကြည့်လေ 'သက်တောရာကျော် ရှည်ပါစေ' ဆိုတာမျိုးတောင် ရေးတတ်သေးတယ်။

ဒီလိုနဲ့ပဲပေါ့။

စာမေးပွဲအောင်စာရင်း ထွက်ခါနီးကျတော့ ခုနပြောတဲ့ စာကလေး ရောက်လာတယ်။ ဒီတစ်ခါတော့ ပို့စကတ်မဟုတ်ဘူး။ စာအိတ်ပြာလေးနဲ့ ရေးလိုက်တဲ့စာ။

စာကလည်း တစ်ကြောင်းတည်း။

'ရယ်စရာကောင်းနေမလား မသိဘူး၊ ဒီလိုလေ မင်းကို ကိုယ်ချစ်တယ်'တဲ့။

အောက်က လက်မှတ်လည်း ထိုးမထားဘူး။ ဘာသဘောလဲ။ လက်မှတ်ထိုးလိုက်ရင် သက်သေခံပစ္စည်း ဖြစ်သွားမစိုးလို့လားလို့တောင် တွေးမိပါသေးတယ်။ ဒါပေမယ့်လေ ဒီစာမျိုးဟာ သိပ်အရေးတကြီးကိစ္စတွေ ဖြစ်လာမှာ မဟုတ်ပါဘူး။ ဒါနဲ့ ကျွန်မလည်း သူ့ဆီ စာပြန်ရေးလိုက်တယ်။

အဲဒါ ကျွန်မ သူ့ဆီ ပထမဆုံးရေးလိုက်တဲ့ စာပါ။ သူ ပို့စကတ်တွေ ပို့တုန်းက ကျွန်မ ပို့စကတ်တွေ ပြန်မပို့ခဲ့ပါဘူး။ သူ့ဆီက အဲဒီစာရမှပဲ ကျွန်မ စာပြန်လိုက်တယ်။ သူ့လိုပဲပေါ့။

'ရယ်စရာကောင်းနေမလား မသိဘူး၊ ဒီလိုလေ ကိုယ်လည်း မင်းကို ချစ်တယ်'လို့။

*

www.burmeseclassic.com

www.burmeseclassic.com

## (၂)

အဲဒီ နွေနှောင်းရက်ကလေးတွေဟာ ကျွန်မစိတ်မှာ အမှတ်ထင်ထင် ဖြစ်ခဲ့ပါတယ်။

ကျွန်မက ရန်ကုန်မှာ နေတာမဟုတ်ဘူး။ မြေလတ်က တောမြို့ကလေးတစ်မြို့မှာ နေတာ။ အဲဒီမှာက ကျွန်မ မိဘများ အခြေချတယ်လေ။

ကျွန်မတို့ မြို့ကလေးနားမှာ ချောင်းကျဉ်းကျဉ်းကလေးတစ်စင်း ရှိတယ်။ နွေကာလဆို ရေက ခန်းသလောက်ပဲ။ သောင်လည်းထွန်းတတ်တယ်။ သောင်ပြင်ဝါလဲ့လဲ့ကို ကြည့်ပြီး သူ့ကို သတိရတယ်။ ချောင်းရေပြင် စပ်စပ်ကလေးပေါ်ကို ကျောက်ခဲပြားလေးတွေ ရှပ်ရှပ်ပစ်ရင်း သူ့ကိုမှန်းဆနေမိတယ်။ ကျောက်ခဲပြားလေးတွေ ရေပေါ်မှာ ရှပ်တိုက်ပြေးသွားတာဟာ ပျံလွှားငှက်ကလေးတွေ ပျံနေသလိုပဲ။ ကျွန်မကိုယ်ကျွန်မ ပျံလွှားငှက်ကလေးနဲ့တူတဲ့ ကျောက်ပြားကလေးလို့ ထင်မိတယ်။

ကျွန်မတို့မြို့က သိပ်မကျယ်လှပါဘူး။ ပြီးတော့ တောကျတယ်။ ကျူရှင်တွေဘာတွေ ဘယ်ရှိမလဲ။ ရှိတော့ ရှိတယ်။ သိပ်မကောင်းဘူးပေါ့။ ဒါကြောင့် ကျွန်မက ရန်ကုန်က ကျွန်မအစ်မအိမ်ကို လာနေရင်း ကျူရှင်တက်ခဲ့တာပါ။





ကျောင်းပိတ်လို့ မြို့ကို ပြန်ခဲ့ရတိုင်း ရန်ကုန်ကို သတိရရနေတတ်တယ်။ ခုတော့ ရန်ကုန်မှာ သတိရစရာတစ်မျိုး တိုးလာတယ်။

သူပေါ့။ သူ့ကို သတိရရတာက တခြားနဲ့ မတူဘူး၊ အမြဲလိုလို သတိနေတာ သူ့နာမည်ကိုပဲ တမ်းတ ညည်းညူနေမိတယ်။ အဲ သူ့နာမည်က ရန်ကြီးအောင်တဲ့။

အလောင်းဘုရား ဦးအောင်ဇေယျရဲ့ ရွှေဘိုမြို့ နာမည်တစ်မျိုးလို့ ထင်တယ်။ တိတိကျကျတော့ မသိဘူးလေ။ ဒါပေမယ့် သူ့နာမည်က ဆန်းတယ်။

ကျွန်မက ကျွန်မစိတ်ကူးထဲမှာ သူ့နာမည်ကို အမျိုးမျိုး ခေါ်ကြည့်တယ်။ 'ကိုအောင်' 'ကိုရန်' 'မောင်' စသဖြင့်ပေါ့။ ဒါပေမယ့် 'ရန်ကြီးအောင်ရယ်'လို့ ညည်းညည်းညူညူလေး တမ်းတရတာကိုပဲ သဘောကျတယ်။

ဒါနဲ့ ကျွန်မ အဲဒီ နွေနှောင်းရက်လေးတွေမှာ 'ရန်ကြီးအောင်ရယ်'၊ 'ရန်ကြီးအောင်ရယ်'လို့ပဲ ညည်းနေမိတယ်။

သူ့ပုံပန်းသဏ္ဍာန်ကို ပြောပြရဦးမယ်။ သူက တခြားကောင်လေးတွေလို ဆံပင်ရှည်ရှည်၊ ဂျင်းရှပ်၊ ဂျင်းပင်တွေနဲ့ မဟုတ်ဘူး။ တံဆိပ်ရိုက်ထားတဲ့ စွပ်ကျယ်ထူထူနဲ့ လုံချည်က ဖေဖေတို့ ဘိုးဘိုးတို့ ဝတ်လေ့ရှိတဲ့ ခရုပလေကပ်မျိုးနဲ့ ဆံပင်ကလည်း တိုတို၊ လည်ကုပ်သားဖြူဖြူတွေ ပေါ်အောင် ညှပ်လို့၊ ပြီး သပ်သပ်ရပ်ရပ်ပြီးလို့။ သူ့အသားဖြူဖြူနဲ့ ရွှေဆွဲကြိုးလေးနဲ့ကလည်း သိပ်လိုက်တာပဲ။

မျက်လုံးက ကြည်နေတယ်။ မျက်ခုံးက ထူထူ၊ နှုတ်ခမ်းက မိန်းကလေးနှုတ်ခမ်းလို နီနေတယ်။

သူက ချောတယ်။ ဒါကြောင့် ချစ်တာပေါ့။

တစ်ခုတော့ ရှိတယ်။ သူစကားပြောတာ ကြိုက်စရာမကောင်းဘူး။ တစ်ခုခုအကြောင်း ပြောနေရင်လည်း ပျင်းစရာကြီး။



www.burmeseclassic.com

www.burmeseclassic.com



ဆိုပါတော့ ရုပ်ရှင်အကြောင်းပြောရင်–

'မင်းသားက ကုလားလိုလိုပဲနော်၊ မင်းသမီးက တရုတ်နဲ့တူတယ်။ ဓာတ်လမ်းကတော့ သီချင်းတွေဆိုပြီး လွမ်းစရာလည်းမကောင်းပါဘူး။ ရုံထဲမှာ ကွာစိစားရတာလောက်ပဲ။ ပြီးတော့ ရေခဲရေနဲ့ ကွာစိနဲ့ မလိုက် ဘူး'ဆိုတာမျိုးတွေ ပြောတတ်တယ်။

ပထမတော့ အဲဒါတွေကို သိပ်အရေးတကြီး မထားမိဘူးလေ။ သူက ချောတော့ ချစ်တာပေါ့။ သူနဲ့ တွဲသွားရတာ ဘေးကလူတွေ အမြင်ကျရင် ကြည့်ကောင်းနေမှာပေါ့။ ကျွန်မကလည်း ပိန်ပိန်ပါးပါး အရပ်သွယ်သွယ်၊ အသားဖြူဖြူ ဆံပင်တိုတို၊ သူကလည်း ကျွန်မလို ပိန်ပိန်ပါးပါး၊ အရပ်သွယ်သွယ်၊ အသားဖြူဖြူ နှစ်ယောက်စလုံး ကြည့် လို့ကောင်းတယ် ထင်တာပဲ။ ကျွန်မတို့အတွဲက လိုက်မှာပေါ့။

အစက ပြန်ပြောရဦးမယ်။ အဲဒီ နွေနှောင်းတုန်းက သူ့ကို တတမ်းတတဖြစ်ပြီး အောင်စာရင်းထွက်တဲ့ထိ စောင့်နေရတာပေါ့။ ကြားထဲမှာတော့ တစ်နေ့ကို စာတစ်စောင် ရေးကြတယ်၊ တစ်ခါတလေ သုံးလေးငါးရက်နေမှ စာတွေ တစ်ထပ်ကြီး ကျွန်မဆီ ရောက်လာတယ်။

အိမ်ကလည်း ရိပ်မိတာပေါ့။ ဒါပေမယ့် သိပ်မမေးပါဘူး။ ဖေဖေ က သူများစာကို ဖောက်မဖတ်ရဘူးဆိုတဲ့ အင်္ဂလိပ် အယူအဆကို သဘောကျတယ်လေ။ ဖေဖေက ငယ်ငယ်တုန်းက အင်္ဂလိပ်ကျောင်း၊ ခရစ်ယာန်သာသနာပြုကျောင်းမှာ နေခဲ့တာကိုး။

မေမေကတော့ မေးတယ်။ ရည်းစား စာလားတဲ့။ ကျွန်မကလည်း အမှန်အတိုင်း ဖြေပါတယ်။ မေမေက ဖေဖေ့ကို ပြောပြတယ်။ ဖေဖေ့က ကျွန်မကို ဆုံးမတယ်။

"ရည်းစားထားတာတော့ ထားပေါ့။ ဒါပေမယ့် ကိုယ့်ကိုယ်ကို ထိန်းနိုင်မှ ရည်းစားထားရမယ်။ ရည်းစားနဲ့ ချိန်းတွေ့ မိန်းကလေးဘက်က အနာချည်းပဲ။ ဆူးပေါ်ဖက်ကျဖက်ပေါ် ဖက် ပေါ်ဆူးကျ ဖက်ပေါက် ဆိုတာ ကြားဖူးတယ် မဟုတ် လားတဲ့"





ပြီးတော့ အစ်မဆီလည်း စာရေးလိုက်တယ်။ သူ့နာမည်လည်း မေးတယ်။ သူ့မိဘတွေအကြောင်းလည်း မေးတယ်။ ဒုတိယဗိုလ်မှူးကြီး တစ်ယောက်ရဲ့ သားလို့ ပြောပြတော့ မေမေ့မျက်နှာက နည်းနည်း ကြည်လင်လာတယ်။ ဖေဖေကတော့ မျက်မှောင်နည်းနည်းကြုတ်တယ်။ သူ သချာရဲ့လားလို့လည်း မေးတယ်။ ကျွန်မက သေချာပါတယ်လို့ ပြန် ဖြေလိုက်တယ်။ တကယ်တော့ သူပြောလို့သာ ကြားထားရတာ။ တကယ် ဟုတ်မဟုတ်တော့ မသိဘူး။

ဒါနဲ့ အောင်စာရင်းထွက်တော့ ကျွန်မ အောင်တယ်။ တက္ကသိုလ် ဆက်တက်ဖို့ အစီအစဉ်လုပ်ရတာပေါ့။ ရန်ကုန်ကို ပြန်လာရတယ်။ ပြီး တော့ သူနဲ့ နေ့တိုင်း တွေ့ကြတယ်။

မြို့ထဲမှာ တွဲသွားကြတယ်။ ရုပ်ရှင်လည်း အတူတူကြည့်တယ်။

ဘာဖြစ်လို့လဲ မသိဘူး။ သူနဲ့ အဲသလို ခဏခဏ အတူတူ သွား လာနေရတာ နည်းနည်း ရိုးလာသလိုပဲ။ ဟုတ်တယ်လေ၊ သူကလည်း အထွေအထူး စကားတွေ လျှောက်မပြောဘူး။ ရုပ်ရှင်ရုံထဲမှာ လက်ကို ကိုင်ထားတော့လည်း အေးစက်စက်ပဲ။ ကျွန်မလက်ကို သူနမ်းတော့လည်း အဲ ဘယ်လိုလဲ မသိဘူး၊ ဘာမှ မထူးခြားသလိုပဲ။

သူက မင်းကို သိပ်ချစ်တာပဲလို့ ပြောတော့လည်း ရိုးရိုးကြီးပဲ။ ကျွန်မက သူ့ကို ဦးအောင်–ဇေယျကြီးလို့ နာမည်ပေးလိုက်တယ်။ ရိုးရိုး ကြီး ဦးဇေယျပေါ့။ သူက ရယ်နေတတ်တယ်။ ဒီလောက်ပဲ။

သူကလေ အေးစက်စက်ကြီး။

လက်ဖက်ရည်ဆိုင်ထိုင်လည်း အဲသလိုပဲ။

ကျွန်မလက်ဖက်ရည်ဆိုင်ထိုင်တာကို ဘယ်လိုမှ သဘောမထားဘူး။ မိန်းကလေးတွေ လက်ဖက်ရည်ဆိုင်ထိုင်တာ မကောင်းသလိုလို ဘာလိုလို ပြောကြတယ်။ ယောကျ်ားလေးတွေကပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဘာတဲ့ရယ်၊ ခု လက်ဖက်ရည်ဆိုင်မှာ မိန်းကလေးတွေ ထိုင်နေကြပြီ၊ နောက်ကျရင် အရက်ဆိုင်မှာ ထိုင်ကြမလား မသိဘူးတဲ့။ သူတို့နဲ့ ဘာဆိုင်လို့လဲ။ မိန်းကလေးတွေ လက်ဖက်ရည်ဆိုင်ထိုင်တာ ဣန္ဒြေမပျက်ပါဘူး။ အင်းလျားကန်စောင်းမှာ နှစ်ယောက်တွဲထိုင်တာနဲ့ စာရင် လက်ဖက်ရည်ဆိုင်ထိုင်တာက ပိုပြီးတော့တောင် ဣန္ဒြေရသေးတယ် မဟုတ်လား။ အဲ အရက်ဆိုင်တော့ မထိုင်ချင်ပါဘူး၊ ကောင်းမှ မကောင်းတာ။

သူနဲ့ ကျွန်မ လက်ဖက်ရည်ဆိုင် ထိုင်လေ့ရှိကြတယ်။ လက်ဖက်ရည်ကို ကျွန်မ သိပ်မကြိုက်လှပါဘူး။ လက်ဖက်ရည်ဆိုင်ထိုင်ရတာလောက်ပဲ ကြိုက်တာ။ အဲ လက်ဖက်ရည်ဆိုင်က ကက်ဆက်ဖွင့်တော့ သီချင်းတွေ နားထောင်ရတာလည်း ကောင်းတယ်။ ကက်ဆက်ဆိုင်က ငွေးဖွင့်ရင် တစ်ခွေ တစ်ကျပ်ပေးရတယ် မဟုတ်လား။ လက်ဖက်ရည်ဆိုင်မှာ ထိုင်နားထောင်ရင် ကြိုက်သလောက် ထိုင်နားထောင်လို့ရတယ်။ လူသိပ်မကျပ်မချင်း ထိုင်နေလို့ရတာပဲ။ အဲ အချိန်ရရင်ပေါ့။ တစ်ခါတလေ ဘယ်သွားရမှန်း မသိဘဲ ယောင်ပေပေဖြစ်နေရင် ကျွန်မတို့နှစ်ယောက် လက်ဖက်ရည်ဆိုင် ဝင်ထိုင်လိုက်တာပဲ။

တစ်နေ့တော့ ကျွန်မတို့နှစ်ယောက် အဲသလိုပဲ လက်ဖက်ရည်ဆိုင်မှာ ထိုင်မိကြတယ်။ စကားလည်း ထွေထွေထူးထူး မပြောဖြစ်ပါဘူး။

ကက်ဆက်က လေးလေးတွဲ့တွဲ့သီချင်းသံတွေ ထွက်နေတယ်။

အလွမ်းသီချင်းတွေနဲ့ တူပါတယ်။ ကျွန်မက အလွမ်းသီချင်းတွေ နားထောင်ရတာ ပျင်းတယ်။ မကြိုက်ဘူးလေ။ ကျွန်မမှာ လွမ်းစရာမှ မရှိတာ။ အမေတို့ အဖေတို့ကို သတိရတာတော့ ရတာပေါ့။ ဒါပေမယ့် သူတို့သီချင်းက အမေတို့ကို လွမ်းလို့ကောင်းတဲ့ သီချင်းမျိုးမှ မဟုတ်တာ။

ဒါနဲ့ ကျွန်မလည်း လက်ဖက်ရည်ဆိုင်ကနေ ထထွက်ခဲ့တယ်။ သူ့ကိုတောင် 'သွားကြစို့'လို့ မပြောမိဘူး။ သူလည်း ကျွန်မနောက်က ထလိုက်ခဲ့တယ်။ စားပွဲထိုးတဲ့ ကောင်မလေးတစ်ယောက်က 'ဟိုအစ်ကို





ကြီးတို့ ပိုက်ဆံရှင်းပြီးပြီလား မသိဘူး' လို့ သူတို့ချင်းချင်း ပြောသလိုလို နဲ့ လှမ်းသတိပေးမှ သူလည်း ကောင်တာကို သွားပြီး ပိုက်ဆံပေးတယ်။

အဲဒီအချိန်မှာ ကျွန်မက အပြင်ဘက် ရောက်နေပြီ။

သူက နောက်က လိုက်လာပြီး–

"ဘာဖြစ်လို့လဲ"တဲ့။

"ဘာမှ မဖြစ်ပါဘူး၊ အပြင်ထွက်ချင်တာနဲ့"

"ဒီနေ့ မင်းကို ကြည့်ရတာ တစ်မျိုးပဲ"

ဟုတ်တယ်၊ စိတ်ထဲမှာ တစ်မျိုးပဲ။

"စိတ်ညစ်စရာ ရှိလို့လား"

ကျွန်မက ခေါင်းခါတယ်။ ဟုတ်တယ်လေ၊ သူတွေဟာ တစ်ခါ လေ စိတ်ညစ်စရာမရှိဘဲ စိတ်တဲ တစ်မျိုးကြီး ဖြစ်နေတတ်တယ် ဟုတ်လား။ မပျော်ဘူးလေ။ ပျော်တာရော မပျော်တာရော မရှိသလိုပဲ။

အဲဒီအချိန်မှာ ကျွန်မကိုယ် ကျွန်မ ရှိမှ ရှိသေးရဲ့လားလို့ ထင်မိ ယ်။ ပြီးတော့ လောကကြီးဟာ ဘာအဓိပ္ပာယ်မှ မရှိတော့သလိုပဲ။ နေရင် ကျွန်မ သေသွားမလားလို့တောင် ထင်မိတယ်။ သေသွားရင် ည်း ပြီးတာပါပဲလို့ စဉ်းစားမိတယ်။ သေခြင်းတရားကို မကြောက်တော့ လိုလို။

'ကိုယ့်ဦးလေးတစ်ယောက်နဲ့ သွားတွေ့စရာ ရှိတယ်' သူက က်အစပ်မရှိဘဲ ပြောတယ်။

"ဟုတ်လား"

ကျွန်မ ပြန်ပြောတာကလည်း ဘာမှ အဓိပ္ပာယ်မရှိပါဘူး။ သိပ် ည်း စိတ်မဝင်စားဘူး။

သူ့ဦးလေးကိုလည်း ကျွန်မ မသိဘူး။ မြင်တောင် မမြင်ဖူးဘူး။

"မင်း ကိုယ့်ဦးလေးနဲ့ လိုက်တွေ့ဦးမလား"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ခဏတော့ ဘာမှ ပြန်မပြောဘဲ နေလိုက်တယ်။ ပြီးမှ 'သွားတွေ့တာပေါ့'လို့ ပြောလိုက်တယ်။ သိပ်ပြီး ဟက်ဟက်ပက်ပက်တော့ မဟုတ်ပါဘူး။

သူနဲ့ကျွန်မ လမ်းလျှောက်သွားနေကျပဲ ဥစ္စာ။ ဒီလိုပဲ သွားစရာနေရာတစ်ခုရတော့ သွားလိုက်တာလောက်ပါပဲ။

ကျွန်မ သူနဲ့ အတူတူတွဲပြီး လမ်းလျှောက်ရတာကိုတော့ ကြိုက်တယ်။ သူက ချောတယ်လေ၊ ချောတဲ့ကောင်လေးတစ်ယောက်နဲ့ သမီးရည်းစားအဖြစ် တွဲပြီး လမ်းလျှောက်ရတာ မကောင်းဘူးလား၊ ကောင်းတာပေါ့။

"ဦးလေးက သင်္ဘောသားလေ။ အဲ သင်္ဘော အင်ဂျင်နီယာလေ။ ခု သူပြန်ရောက်တာ မကြာသေးဘူး။ အဲဒါ သူနဲ့တွေ့ရင် အနည်းဆုံး နိုင်ငံခြား စပို့ရှပ်တစ်ထည်လောက်တော့ ရတယ်"

ကျွန်မ ဘာမှ ပြန်မပြောဘူး။ သူ့ဦးလေးကိုမှ ကျွန်မမှ မသိတာ။ စိတ်လည်း မဝင်စားတာ။

သူက ဆက်ပြောတယ်။

"ဦးလေးက နိုင်ငံ တော်တော်စုံစုံ ရောက်ဖူးတာ။ အရှေ့ရော အနောက်ရော ဆိုပါတော့။ ဂျပန်ပြည်မှာ သူကြည့်ခဲ့ရတဲ့ ကာဘူကီပြဇာတ်တွေ အကြောင်းလည်း ပြောတယ်။ ကိုယ်တော့ သိပ်မသိဘူး။ ဘာတဲ့ရယ်။ အဲဒီကာဘူကီဆိုတာ ရိုးရာပြဇာတ် ဆိုလားပဲ။ ကိုယ် သိပ်စိတ်မဝင်စားပါဘူး။ ဦးလေးကတော့ တကယ်ပဲ ဂျပန်အကြောင်းတင် မကဘူး။ တရုတ်တို့ ဖိလစ်ပိုင်တို့အကြောင်းလည်း ပြောပြတတ်တယ်။ အင်ဒိုနေရှားဆို သူ့အမျိုးကျနေတာပဲ။ ဘာလီကျွန်းသူတွေ 'က'တာလည်း သိပ်လှတာပဲတဲ့။ အဲဒါ ကိုယ်တို့ဆီက ရာမဇာတ်သဘောအတိုင်းပဲတဲ့။ သိပ်တော့ မသိဘူးလေ။ အဲ ဝက်စ်တက်ကဆိုရင်လည်း သူ





မြူဇီယမ်တွေ တော်တော်များများ ရောက်ဖူးတယ်။ ပန်းချီကားတွေ အကြောင်းလည်း ပြောပြတယ်။ မင်းတော့ သူနဲ့တွေ့ရင် သူပြောတဲ့ စကားတွေ နားထောင်ရတာ သဘောကျမှာပါ"

သူကသာ သဘောကျမှာပါ ပြောပေမယ့် ကျွန်မက ခုကတည်းက စိတ် သိပ်မဝင်စားဘူး။ ကျွန်မတို့နှစ်ယောက် လမ်းလျှောက်လာတာကို ဘယ်သူတွေ လာငေးကြည့်နေတယ်ဆိုတာလောက်ပဲ အာရုံက ရောက်နေတယ်။

သူကတော့ သူ့ဦးလေးအကြောင်း ဟိုပြောသည်ပြောနဲ့ ပြောလာတာပဲ။

ကျွန်မလည်း 'အင်း' 'အင်း'နဲ့ လိုက်ပြောရင်း အာရုံက ဟိုရောက် သည်ရောက်ဖြစ်နေတာပါပဲ။

ဒီလိုနဲ့ လမ်းလျှောက်လာရင်း ကျွန်မစိတ်ထဲမှာ တစ်ခုခု ခံစားလာရသလိုပဲ။ အဲသလိုပဲ ကျွန်မ ခဏခဏ ဖြစ်တတ်တယ်။

ဆိုပါတော့ ကျွန်မဘဝမှာ အရေးကြီးတဲ့ အပြောင်းလဲတစ်ခုခု ဖြစ်ခါနီးကျရင် ဘာအကြောင်းမှမရှိဘဲ စိတ်တထင့်ထင့် ဖြစ်လာတာမျိုးပေါ့။

ပြီးတော့လဲ ကျွန်မ ဘာမှန်းမသိဘဲ မောမောလာတတ်တယ်။ ဦးနှောက်ထဲမှာလည်း ပြက်ခနဲ ပြက်ခနဲ အမှတ်တရတွေ ဖြစ်နေတတ်တယ်။ ဓာတ်ပုံရိုက်ပြီး သိမ်းထားတာ ကြာလှပြီးမှ အမှတ်မထင်ဘဲ အဲဒီဓာတ်ပုံကို ပြန်တွေ့သလိုမျိုးပေါ့။

အဲသလိုမျိုးပဲလေ၊ သူနဲ့ ကျွန်မ လမ်းလျှောက်လာတာကို အရင်က တစ်ခါမှ အဲသလို မလျှောက်ဖူးဘဲနဲ့ အရင်တစ်ခါက လျှောက်ဖူးခဲ့သလို ခံစားရတယ်။

အဲဒါမျိုးဖြစ်လာရင် ကျွန်မဘဝမှာ အပြောင်းအလဲလေးတွေ ပေါ်ပေါက်လာတတ်တယ်။ ခုလည်း ဘာဖြစ်မလဲ မသိဘူး။



www.burmeseclassic.com

www.burmeseclassic.com



လမ်းဘေးမှာ ထိုင်ပြီး ဗယာကြော်သုပ်ရောင်းနေတဲ့ ကုလားကြီးတစ်ယောက်ကို တွေ့မိတယ်။ ကျွန်မ အဲဒီ ဗယာကြော်သုပ်စားချင်စိတ်ပေါက်လာတယ်။

“အောင် ဗယာကြော်သုပ် စားရအောင်”

“အိုး…လမ်းဘေးကြီးမှာ”

“ဘာဖြစ်လဲ၊ ဗယာကြော်သုပ်စားချင်လို့ စားတာပဲဥစ္စာ”

သူက လမ်းဘေးမှာ ဗယာကြော်သုပ် ထိုင်စားရတာကို အောက်တန်းကျတယ်များ ထင်သလား မသိဘူး။ ကျွန်မကတော့ မထင်ပါဘူး။ ကိုယ့်ဘာသာ စားချင်လို့ စားတာပဲ ဣန္ဒြေပျက်စရာလည်း မရှိပါဘူး၊ မဟုတ်ဘူးလား။

သူက

‘စားချင်လည်းစားလေ’လို့ စိတ်မပါသလို ပြောတယ်။

ကျွန်မတို့နှစ်ယောက် လမ်းဘေး ဗယာကြော်သုပ်ဆိုင်ကလေးမှာ ထိုင်လိုက်ကြတယ်။

“ဟေး ရန်ကြီး”

လူတစ်ယောက်က လှမ်းခေါ်သံ ကြားလိုက်ရတယ်။ ကျွန်မနဲ့ သူနဲ့ လှမ်းကြည့်တယ်။

ဗယာကြော်သုပ်ဆိုင်ကလေးနဲ့ ကပ်လျက် စားသောက်ဆိုင်ခေါ်မလား၊ ဟိုတယ်ခေါ်မလား။ ထားပါလေ၊ အဲဒီ ‘ရွှေမြစိန်စားတော်ဆက်’ ဆိုတဲ့ ဆိုင်ဝက စားပွဲတစ်လုံးမှာ ထိုင်နေတဲ့ လူတစ်ယောက်ကို တွေ့ရတယ်။

“ဟာ…လေးလေး”

ဪ…သူ့ဦးလေးဆိုတာ အဲဒီလူကိုး။

အဲဒီ သူ့လေးလေးကို မြင်တော့ ကျွန်မရင်ထဲမှာ တစ်မျိုးပဲ။ မပြောတတ်ဘူး။ ဘာဖြစ်တာမှန်း မသိဘူး။





အဲဒီ သူ့လေးလေးက ခန့်တယ်။ မျက်လုံးက နက်နက်ရှိုင်းရှိုင်းခေါ်မလား။ အားရှိတယ်ဆိုတာမျိုးပေါ့။ မျက်ခုံးက နက်နက်ထင်းထင်းကြီး။ အသားက နေလောင်ထားသလိုပဲ၊ ရန်ကြီးအောင်နဲ့လည်း နည်းနည်းတူတယ်။ ဒါပေမယ့် သူက အသက်ကြီးတော့ ပိုပြီး ခန့်တယ်။

သူ့လေးလေးကို ကြည့်ရတာ နည်းနည်းပင်ပန်းနေတဲ့ မျက်နှာမျိုး။

“ဒီ လာကြပါလားကွာ၊ အဲဒီက ဗယာကြော်သုပ် ဒီကိုမှာစားပေါ့”

“ဟုတ်ကဲ့ လေးလေး၊ လာ သီသီ”

ကျွန်မတို့နှစ်ယောက် အဲဒီ စားသောက်ဆိုင်ထဲ သွားကြမလို့ ထလိုက်တယ်။ ကုလားကြီးကို မှာထားခဲ့လိုက်တယ်။

“အဲဒီ ပို့ပေးနော်”

ကုလားကြီး မျက်နှာပျက်သွားတယ်။ ခေါင်းလည်း ခါပြတယ်။

“ကျွန်တော် မပို့ရဲဘူး။ အဲဒီထဲမှာ ကျွန်တော့်ဥစ္စာ မရောင်းရဘူးတဲ့”

ကျွန်မ နားလည်လိုက်တယ်။ ဟုတ်မှာပေါ့လေ၊ ဟိုတယ်ထဲကို ဗယာကြော်သုပ် ယူစားလို့ ဘယ်ကောင်းပါ့မလဲ။ ဒါနဲ့ ကျွန်မက–

“အောင် သွားနှင့်လေ၊ အောင့်လေးလေးနဲ့ စကားပြောနှင့်ပေါ့။ သီ ဗယာကြော်သုပ်စားပြီး လိုက်လာခဲ့မယ်”

ရန်ကြီးအောင်က မကျေနပ်သလိုကြီး ကြည့်တယ်။ ဒါပေမယ့် သူ ဘာမှ မပြောဘူး။ သူသိတယ်လေ။ ကျွန်မက လုပ်ချင်ရင် လုပ်လိုက်မှ ကျေနပ်တဲ့ အစားမျိုးဆိုတာ။

ရန်ကြီးအောင် သူ့လေးလေးဆီသွားတယ်။ ကျွန်မ ဗယာကြော်သုပ် ထိုင်စားနေလိုက်တယ်။

ကျွန်မ သူတို့ကို လှမ်းမကြည့်မိပါဘူး။ မိန်းကလေးမဟုတ်လား။ ကိုယ့်ဣန္ဒြေနဲ့ကိုယ် နေရတာပေါ့။ အင်း ဘာဖြစ်လို့များ သူ့လေးလေးကို ကျွန်မ မကြည့်ရဲတာလဲ မသိဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဖယောကြော်သုပ်က ငရုတ်သီးစပ်စပ်နဲ့ စားလို့ ကောင်းလိုက်တာ။ ကျွန်မ စားသောက်ဆိုင်ထဲ ရောက်တော့ အောင့်လေးလေးက အောင့်ကို ပြောနေတဲ့ စကားအစွန်အဖျားကို ကြားရတယ်။

"...သိပ်မနုပ်ပါဘူးကွာ။ ပင်ပန်းတာတော့ မဟုတ်ဘူး။ အလုပ်က နည်းလွန်းလို့ ခက်နေတာ။ နေကုန်နေခန်း ရေပြင်ကြီးပဲ မြင်နေရတာ။ သိပ်စိတ်ညစ်တယ်။ ငါတော့ တစ်ခါတလေ ပင်လယ်ထဲမှာ နေရတာ ဘဝတစ်ပါး ပြောင်းသွားရတယ်ဆိုတာ ဒါမျိုးလားလို့တောင် တွေးမိတယ်။ ထိုင် ကလေး"

အောင့်လေးလေးက သူ့စကားစကိုဖြတ်ရင်း ကျွန်မထိုင်ဖို့ နေရာပေးတယ်။ အောင်ကတော့ ကျွန်မကိုယ် သိပ်မကျေနပ်သေးဘူး ထင်တယ်။ မျက်နှာက မရယ်မပြုံးနဲ့ ဟို လွမ်းရင်လည်း ဒီမျက်နှာ၊ ပျော်ရင်လည်း ဒီမျက်နှာဆိုတဲ့ ရုပ်ရှင်မင်းသားတစ်ယောက်ပုံစံမျိုး။

အောင်က အဲသလိုပဲ။ သူ့ကို ချစ်ရတာ စိတ်လှုပ်ရှားဖို့ ကောင်းသလိုပဲ။ ဒါပေမယ့် ကျွန်မ သူ့ကို ချစ်ပါတယ်။

"လေးလေး ဒါ လေးလေးကို ကျွန်တော် ပြောဖူးတဲ့ သီသီလေ"

"ဪ...အေး၊ လှပါတယ်ကွ"

ကျွန်မကို အောင့်လေးလေးက ပြုံးကြည့်ပြီး ပြောတယ်။ ကျွန်မကို အဲသလို စကားမျိုး စပြောလိမ့်မယ် မထင်ဘူးလေ။ 'ဪ...အေး အေး တွေ့ရတာ ဝမ်းသာပါတယ်ကွယ်။ ဇာတိက ဘယ်ကလဲ' ဘာညာနဲ့ တကယ့်လူကြီးဂိုက်နဲ့ ပြောလိမ့်မယ် ထင်တာ။ ဟုတ်တယ်လေ၊ သူ့လို အသက်လေးဆယ်လောက်ရှိတဲ့ လူတွေက သူတို့ကိုယ်သူတို့ တကယ့်လူကြီးသူမတွေလို ပြောတတ်တယ် မဟုတ်လား။

ဒီလိုလေ တကယ်တမ်း အသက်သိပ်ကြီးတာလည်း မဟုတ်ဘဲနဲ့ အသက်ကြီး ဝါကြီးပုံဖမ်းတာမျိုးပေါ့။ ကျွန်မက အဲသလိုမျိုးဆို သိပ်မုန်းတာ။ ကိုယ့်အသက်နဲ့ ကိုယ်ပေါ့။ ကိုယ့်အသက်နဲ့တန်တဲ့ စကားမျိုးပဲပြောပေါ့။ ဟုတ်ဘူးလား။





အဲ...အောင့်လေးလေးက ခုနလို 'ဪ...အေး၊ လှပါတယ်ကွ' လို့ ပြောလိုက်တော့ ကျွန်မ အောင့်လေးလေးဆိုတဲ့ လူကြီးကို သဘောကျသွားတယ်။ ဪ...မဟုတ်ဘူး၊ ဟိုလေ ကြိုက်တာမျိုး မဟုတ်ဘူး။ ဘာခေါ်မလဲ။ ခင်မင်စရာကောင်းတဲ့ လူကြီးတစ်ယောက်ပဲလို့ သဘောထားမိတာပေါ့။

ကျွန်မ နည်းနည်းရယ်လိုက်တယ်။ ရှက်ပြီး ရယ်တာမျိုး မဟုတ်ပါဘူး။ တွေ့တွေ့ချင်း ရင်းနှီးချင်တဲ့ သဘောမျိုးနဲ့ရယ်တာပါ။

"မဟုတ်တာ လေးလေးကလည်း ကျွန်မ သိပ်မလှပါဘူး"

ကျွန်မကလည်း အောင့်လိုပဲ သူ့ကို လေးလေးလို့ ခေါ်လိုက်တယ်။

"အေးပါ ကိုယ်ကလည်း သိပ်ပြီး လှပါတယ်လို့ မပြောပါဘူး။ လှသားပဲလို့ ပြောတာပါ။ ပြီးတော့ ရန်ကြီးကိုလည်း ချီးကျူးတာပေါ့။ မိန်းကလေး လှလှပပနဲ့ တွဲနိုင်တာကို ချီးကျူးတာလေ"

ပြောပြီး ရယ်တယ်။ သူ့ပြောပုံဆိုပုံက ပွင့်လင်းတယ်။

"လေးလေးတူကလည်း ချောတာပဲ ဥစ္စာ"

"ဟား ဟား၊ အေး ဟုတ်တယ်ကွ၊ မင်းတို့နှစ်ယောက် လိုက်တယ်။ ဟေ့ သမီး လိမ္မော်ရည်တစ်ပုလင်းလောက်၊ ဪ...သီသီ ဘာသောက်မလဲ"

အောင့်လေးလေးက စားပွဲထိုးအမျိုးသမီးကလေးတစ်ယောက်ကို ခေါ်ရင်း ကျွန်မကို မေးတယ်။ ကျွန်မ အအေးမသောက်ချင်ဘူး။ ရေနွေးကြမ်းသောက်ရရင် ကောင်းမယ်။ ငရုတ်သီးစပ်စပ်နဲ့ ရေနွေးကြမ်းပူပူက ကိုက်တယ် မဟုတ်လား။

"ကျွန်မ ရေနွေးကြမ်းပဲ သောက်ချင်တယ် လေးလေး"

"အိုကေလေ၊ ကောင်းတာပေါ့။ မျောက်ခြောက် လက်ဖက်ရည်ကြမ်း တစ်အိုးလောက်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



လေးလေးက စားပွဲထိုးအမျိုးသမီးကို လှမ်းမှာလိုက်တယ်။ ပြီးတော့ သူ့အိတ်ကပ်ထဲ ဟိုစမ်း သည်စမ်းလုပ်တယ်။ အောင်က သူ့လေးလေး အကြောင်း သူသိတယ်ထင်ပါရဲ့။

"ဘောလ်ပင် လေးလေး၊ သွားဝယ်ပေးမယ်"

သူ့လေးလေးက ဆေးပေါ့လိပ် ကြိုက်တတ်တာကိုး။

အောင် အပြင်ဘက်ထွက်သွားတယ်။ လေးလေးက ကျွန်မကို ကြည့်ပြီး–

"စာမေးပွဲအောင်တယ် မဟုတ်လား"

"ဟုတ်ကဲ့"

"ကောလိပ် ဆက်တက်မှာပေါ့"

"ဟုတ်ကဲ့"

"ကောင်းတာပေါ့။ ဘာဘာသာ လျှောက်ထားလဲ"

"ဘာရမလဲ မသိဘူး၊ ကျွန်မ အမှတ်က သိပ်မကောင်းပါဘူး"

"ဩော်...အေး၊ ပညာဆိုတာ ယူတတ်ရင် ရတာချည်းပါပဲကွာ၊ ဘယ်ပညာကမှ ပိုပြီး အဖိုးတန်တယ်ရယ် မဟုတ်ပါဘူး"

"ဟုတ်ကဲ့"

လေးလေးက ကျွန်မကို ခေါင်းငုံ့ပြီး စူးစူးစိုက်စိုက် ကြည့်တယ်။ သူ့ကိုကြည့်ရတာ တစ်ခုခုကို တွက်ချက်နေပုံမျိုးပဲ။

"မိန်းကလေးကတော့ ရှေ့နေတို့၊ စာရေးဆရာမတို့ ဖြစ်လိမ့်မယ် ထင်တယ်။ အိုး ဆောရီး၊ ဆောရီး၊ ကိုယ်က အင်္ဂလိပ်စာ ဝါသနာပါတယ်လေ၊ အပျော်သဘော လေ့လာထားတာပေါ့။ စိတ်မဆိုးနဲ့နော်၊ တချို့က ရှေ့ဖြစ်နောက်ဖြစ်တွေ မမေးဘဲပြောတာ သိပ်မကြိုက်ဘူး"

"ကိစ္စမရှိပါဘူးရှင့်"





"အင်း တစ်ခုတော့ ရှိတယ်၊ မိန်းကလေးက စကားနည်းတယ်၊ ရှေ့နေထက် စာရေးဆရာမ ဖြစ်ဖို့များတယ်။ တကယ်လို့များ စာရေးဆရာမဖြစ်ရင် ကိုယ့်အကြောင်းလည်း ရေးပေးစမ်းပါကွာ"

ကျွန်မ ပြုံးနေလိုက်တယ်။ သူပြောပုံကတော့ ရိုးရိုး အပျင်းပြေ စကားမဖောင်ဖွဲ့တာမျိုးပါပဲ။

ကျွန်မက တစ်ခုတော့ စိတ်ထဲ ကသိကအောင့်ဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ နှုတ်ခမ်းက ပါးတယ်၊ နောက်ပြီး နည်းနည်းစူသယောင်ပဲ။ သူပြောပုံက နှုတ်သီးကောင်း လျှာပါးကောင်မလေးပဲ။ နှုတ်သီးကောင်းရင် ရှေ့နေဖြစ်နိုင်တာပေါ့။ အတင်းပြောကောင်းရင် စာရေးဆရာ ဖြစ်တတ်တာပေါ့။

ကျွန်မကို ကက်ကက်လန် ကောင်မလေးလို့ ပြောလိုက်သလိုပဲ။ ဒါပေမယ့် ကျွန်မ သူ့ကို စိတ်မဆိုးပါဘူး။ ဘာဖြစ်လို့လည်း မသိဘူး။

ရေနွေးကြမ်းပူပူကလေးကို ငုံ့ပြီး တဖူးဖူးမှုတ်သောက်နေတုန်းမှာ အောင် ပြန်ရောက်လာတယ်။ ဆေးပေါ့လိပ်တွေ စားပွဲပေါ် ချပေးလိုက်တယ်။

လေးလေးရှေ့မှာ စားပြီးသား ထမင်းကျန်နည်းနည်းရှိတဲ့ ပန်းကန် တစ်ချပ် တွေ့ရတယ်။ ဆယ့်နှစ်မျိုးဟင်းချိုခွက်က အပြည့်ကြီး ကျန်သေးတယ်။ ဟင်းပန်းကန်သပ်သပ် မရှိဘူး။ ထမင်းပေါင်းတစ်ပွဲနဲ့ ဟင်းချိုတစ်ပွဲ ပဲ မှာစားတယ်နဲ့ တူပါရဲ့။

ကျွန်မ သူ့ရှေ့က ဟင်းထမင်းပန်းကန်တွေ ကြည့်နေတာကို တွေ့ရလို့လား မသိဘူး၊ လေးလေးက ပြောတယ်။

"အား ဟေး ရန်ကြီး၊ မင်းတို့ လာမယ့် တနင်္ဂနွေနေ့ အားသလား"

"အားပါတယ် လေးလေး၊ ဘာဖြစ်လို့လဲ"

"မင်းတို့နှစ်ယောက်ကို တို့အိမ်မှာ ထမင်းဖိတ်ကျွေးချင်တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



“ဟာ လေးလေးကလည်း၊ ဒါ ယူးရိုပ်မှ မဟုတ်ဘဲ လေးလေး က ဟိုက အကျင့်တွေ ပါလာတာလား”

“ဪ...အေး၊ ဟုတ်သားပဲ။ ငါလည်း သတိလစ်သွားတယ် ကွ။ ဟုတ်တာပေါ့၊ မိန်းကလေးကို မင်းက ငါ့အိမ်ထိ ခေါ် လာဖို့ ဘယ်ကောင်းပါ့မလဲ။ ဆောရီး ဆောရီး၊ ဒါပေမယ့်ကွာ၊ ဆိုင်တစ်ဆိုင်မှာတော့ စားကြပါ။ ခုလိုပေါ့ ငါ မင်းတို့နှစ် ယောက်ကို ခုလို တွေ့ရတာ စိတ်ချမ်းသာတယ်ကွ။ ငါ့ကိုယ် ငါ ပြန်ငယ်သွားသလို အောက်မေ့ရတယ်။ ဒီလိုလုပ်ကွာ၊ ငါနဲ့ ငါ့မိန်းမနဲ့ လာခဲ့မယ်။ မင်းနဲ့ သီသီနဲ့ လာခဲ့ပေါ့။ ဒီဆိုင်ကိုပဲ လာမယ့် တနင်္ဂနွေနေ့ ဆယ့်တစ်နာရီလောက်ပေါ့ကွာ၊ ဟုတ် လား။ ဖြစ်တယ်မဟုတ်လား မိန်းကလေး။ ကိုယ်က ဂုဏ်ပြုချင် လို့ပါ၊ ဟား ဟား”

“ဖြစ်ပါတယ်”

ကျွန်မ ပြုံးပြီး ပြန်ပြောလိုက်တယ်။ ဘာလို့မဖြစ်ရမှာလဲ။ ကျွန်မ နဲ့ အောင်နဲ့ တွဲသွားနေကျပဲ ဥစ္စာ။ ဒါပေမယ့် သူ့စကားထဲမှာ ငါနဲ့ ငါ့ မိန်းမနဲ့တဲ့။ မင်းနဲ့ သီသီနဲ့တဲ့။

ကျွန်မတို့နှစ်ယောက်ကို သူတို့လင်မယားနဲ့ နှိုင်းတာတော့ မကြိုက် ဘူး။ ဟုတ်တယ်လေ၊ ကျွန်မနဲ့ အောင်နဲ့က လက်ထပ်ရသေးတာမှ မဟုတ်တာ။

ပြီးတော့ သူနဲ့ သူ့မိန်းမဆိုတဲ့ စကားကို ကြားရတော့ ဒီလူကြီး မှာ အိမ်ထောင်နဲ့ပါလား ဆိုတဲ့ အသိက ဝင်လာတယ်။

အဲဒါကို ကျွန်မ ဘာဖြစ်လို့ ဂရုတစိုက် အာရုံထားမိတာပါလိမ့်။ သူ့မှာ မိန်းမရှိတာ သိနိုင်သားပဲ။ ဒီအရွယ်ရောက်မှ အမြီးမပေါက်ရင် ဘာမျှောက်မို့။ အဲ... အဲ... လူကြီးကို ဒီလိုထင်တာ မကောင်းပါဘူး။ ထန်တော့၊ ကန်တော့။ ကျွန်မတို့ လမ်းခွဲပြီး အပြန်ကျတော့ ‘ငါနဲ့ ငါ့





မိန်းမ’ဆိုတဲ့ လေးလေးအသံကို ထပ်ကာ ထပ်ကာ ကြားယောင်နေတယ်။ အဲဒါကို မကျေနပ်မိဘူး။ ဘာဖြစ်လို့ အဲသလို ကြားယောင်ရမှာလဲ ကိုယ် နဲ့လည်း မဆိုင်ဘဲနဲ့။

*

www.burmeseclassic.com

www.burmeseclassic.com

## (၃)

အဲဒီလို ထမင်းစားကြဖို့ စီစဉ်ပြီးတဲ့နောက် လေးငါးရက်လောက် အတွင်းမှာ ကျွန်မ ကျောင်းကိစ္စတွေ လိုက်လုပ်ပါတယ်။ သိပ်ကြီးကြီး ကျယ်ကျယ် ပင်ပင်ပန်းပန်းတော့ မဟုတ်ပါဘူး။ အောင်နဲ့ အတူတူပေါ့။ အောင်က ကျွန်မအပေါ်မှာ သိပ်ကောင်းပါတယ်။ သူ ကျွန်မကို ချစ် တယ်၊ အလိုလိုက်တယ်၊ ယုယတယ်။ ကျွန်မကိစ္စတွေကိုလည်း သူ စိတ် ဝင်တစား လိုက်လုပ်ပေးတယ်။

ကျွန်မတို့ တက္ကသိုလ်ဘက်ကို သွားကြတယ်။ အထက်တန်းပညာ ဦးစီးဌာနကို သွားရတာပေါ့။

လိပ်ခုံးအဆောက်အအုံနဲ့ အထက်တန်းပညာ ဦးစီးဌာန အဆောက် အအုံကြီးက သိပ်လိုက်ဖက်တာပဲ။ အဲဒီ အဆောက်အအုံကြီးနှစ်ခုကြား က ဆေးတက္ကသိုလ် အဆောက်အအုံက လှတာပဲ။ လိပ်ခုံးရှေ့က ရေကန် ကြီးကို ကျွန်မ သိပ်သဘောကျတယ်။

အထက်တန်းပညာ ဦးစီးဌာနရဲ့ အောက်ခြေ အနက်ရောင် ကျောက်ပြားကြီးပေါ်မှာ စားသိုင်းကစားနေတဲ့ မြန်မာဆန်ဆန် ပန်းပုတွေ ကလည်း သိပ်လှတာပဲ။ အဲဒီ ပန်းပုတွေကို ပန်းပုဆရာကြီး ဦးလွင်ထုတာ





တဲ့။ အောင်က ပြောပြတယ်။ အောင်က အဲသလိုမျိုးတော့ တော်တယ်။ ကြားဖူးနားဝတွေကို မှတ်မှတ်ထားတတ်တယ်။

တကယ်တော့ အောင်ဟာ ချစ်စရာကောင်းပါတယ်။ ကျွန်မ အောင့်ကို ချစ်လည်းချစ်ပါတယ်။ ဒါပေမယ့် တစ်မျိုးပဲလေ။ သူနဲ့ချစ်နေ ရတာ ရင်မခုန်မိဘူး။

ဒီလိုပါ။

အဲဒီရက်အတွင်းက ကျွန်မတို့ အထက်တန်းပညာ ဦးစီးဌာနမှာ ကျောင်းကိစ္စတွေ စုံစမ်းပြီး လုပ်စရာရှိတာလုပ်၊ လျှောက်လွှာတို့ ဘာတို့ တင်တာပေါ့။ အဲသလို ကိစ္စလေးတွေ ပြီးတော့ အောင်က ဆေးတက္ကသိုလ် ဘက်ကူးတဲ့ စင်္ကြံအတိုင်း ခေါ်သွားတယ်။

လှေကားကလေးတွေက ချစ်စရာလေးတွေ။ သိပ်မမြင့်တဲ့ နေရာ လောက်ကျရင် အချိုးတစ်ချိုး ကွေ့တက်ရတယ်။ နောက် အဲသလိုပဲ လှေကား အကျိုးအကွေ့လေးတွေ အဆင့်ဆင့်ပေါ့။

ထုံးစံအတိုင်းပေါ့လေ။ အပေါ်ထပ်ဘက် လှေကားအတက်ထောင့် ချိုးလေးတွေမှာ အတွဲတွေ ထိုင်ထိုင်နေတတ်တယ်။ ကြုံခဲ့ရပါပဲ။

အတွဲလိုက် ထိုင်ပြီး စကားပြောနေကြတာပေါ့။ တချို့က တစ် ယောက်နဲ့တစ်ယောက် နည်းနည်းကပ်ထိုင်တယ်။ တချို့ကတော့ တစ် ယောက်ကိုတစ်ယောက် မှီလို့။ တချို့က တစ်ယောက်လက်ကို တစ်ယောက် ဆုပ်ကိုင်လို့။

ကျွန်မ လိုက်ကြည့်တာ မဟုတ်ပါဘူး။ မကြည့်လည်း မြင်နေရတာ ပဲ။

သူတို့ကလည်း ပုန်းလျှိုးကွယ်လျှိုး မဟုတ်ပါဘူး။ ဒီလိုပဲထိုင်နေ ကြတာပဲ။ အင်း လူလစ်ရင်တော့ မသိဘူးလေ။ ဒါလည်း သူ့ရည်းစားပဲ အော ကြည်နူးချင်မှာပေါ့။ ကျွန်မ နားလည်ပါတယ်။


www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ နှစ်ယောက်လည်း အဲသလို ကြည်နူးချင်တာပေါ့။ အတူတူထိုင်၊ စကား တတွတ်တွတ်ပြော၊ လက်ကလေးတွေ ဆုပ်ထားကြ။ တစ်ယောက်ကိုတစ်ယောက် စိတ်ကောက်ကြ၊ ပြန်ချော့ကြ။ နေချင်တာပေါ့၊ ဒါပေမယ့်လေ...

အောင်က အပေါ်ဆုံးအထပ်ထိ ကက်သွားပြီး လှေကားတဆစ်ချိုးထောင့်တစ်ထောင့်ကျတော့–

"ထိုင်မလား သီ"တဲ့။

ပြောနေစရာ လိုသလား ရှင်ရယ်။ ထိုင်လိုက်ရင် ပြီးတာပဲ။ ကျွန်မလည်း သူ့နားမှာ ကပ်ထိုင်မှာပေါ့။ အောင်ကလေ တကယ်ပဲ တစ်ခါတစ်ခါကျရင် သိပ်အူတာပဲ။ သူ့ကို ဆွဲထုလိုက်ချင်တယ်။

ကျွန်မ ဘာမှ ပြန်မပြောဘဲ ထောင့်ချိုးကလေးမှာ ထိုင်လိုက်တယ်။ သူက ကျွန်မ လက်မောင်းကို အသာလှမ်းဆွဲလိုက်တယ်။ ပြီးတော့ လျှောက်လွှာစက္ကူတစ်ရွက်ကို သမံတလင်းပေါ်မှာ ဖြန့်ခင်းပေးတယ်။

ဘယ်လောက် ချစ်စရာကောင်းတဲ့ အောင်လဲ။

ကျွန်မ ပျော်သွားပါရဲ့။

အောင်က ကျွန်မနားမှာ ထိုင်တယ်။ ကပ်ထိုင်တာ မဟုတ်ဘူး။ နည်းနည်းခွာထိုင်တယ်။ အောင့်သဘောကို ကျွန်မ သိပါတယ်။ သူက အခွင့်အရေးသမားမဟုတ်တဲ့ အကြောင်းကို ပြချင်နေတာ။ အဲဒါကိုလည်း ကျွန်မ ကြိုက်ပါတယ်။

"တို့က ဗိုလ်တထောင်ဒေသမှာ တက်ရမှာနော်"

"အင်းလေ၊ ဘာဖြစ်လို့လဲ"

"အဲဒါ လုပ်သားကောလိပ် မဟုတ်လား"

"အင်းလေ၊ ဘာကြောင့်တာလဲ"





"ကြောင်တာ မဟုတ်ပါဘူး။ ဟိုမှာက ဗာဒံပင်တန်းပဲ ရှိတယ်။ ကံ့ကော်တော မရှိဘူး။ ပြီးတော့ ဗိုလ်တထောင်ဆိပ်ကမ်းပဲ ရှိတယ်။ အင်းလျားကန်ကြီး မရှိဘူး"

"ဘာဖြစ်လဲ အောင်ရဲ့၊ အင်းလျားကန်နားမှာ ရှိမှ တက္ကသိုလ်ဖြစ်ရမှာလား။ ရေဆင်းတက္ကသိုလ်ဆို တောထဲမှာ မန္တလေးတက္ကသိုလ်က ရေနီမြောင်းဘေးမှာ"

"အင်းပါ၊ ဒါပေမယ့် ကံ့ကော်တောနဲ့ ဗာဒံပင်တန်းကတော့ ကွာတာပေါ့"

"အိုး ဘာတွေ စဉ်းစားနေတာလဲ၊ သာယာတာပဲဥစ္စာ။ ကိုယ့်စိတ်က သာယာနေရင် ဘယ်နေရာဖြစ်ဖြစ် သာယာလို့ ရမှာပေါ့။ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်။ ကိုယ်ပြောတာ ကိုယ်တို့ ကျောင်းတက်ကြရင် ဒီအ–ထ–ည လှေကားကွေ့လေးတွေမှာ လာထိုင်ကြရမှာ မဟုတ်ဘူးပေါ့"

"ဟော့ အောင် ကျောင်းတက်တာ စာသင်ဖို့လား၊ လှေကားထောင့်မှာ ရည်းစားနဲ့ ထိုင်ဖို့လား"

အောင်က ရယ်တယ်။

"ကျောင်းတက်တယ်ဆိုကတည်းက စာသင်ဖို့က အဓိကပေါ့။ ဒါပေမဲ့ ဒုတိယ ဦးစားပေးက အဲသလိုလေ"

အဲဒါပဲ အောင့်ကို သိပ်အထာမကျတာ။ တခြားကောင်လေးတွေ ဘယ်လိုပြောမလဲ။ 'ချစ်ချစ်နဲ့ တွဲထိုင်ဖို့ ကျောင်းတက်တာတို့၊ ဘာ ပြောမှာပေါ့။ အောင် တစ်ယောက်ကတော့ ရိုးရိုးကြီး။

အင်းလေ အဲဒါကို ကျွန်မ ကြိုက်ပါတယ်။ သူ့ကို ချစ်ရတာလည်း အဲသလို ရိုးတဲ့အတွက်ကြောင့်ပေါ့။ မှတ်မိပါသေးရဲ့။ သူ့ရည်းစားစာ လေးလေ။



www.burmeseclassic.com

www.burmeseclassic.com



"ရယ်စရာကောင်းနေမလား မသိဘူး၊ ......ချစ်တယ်"ဆိုတာ

ကျွန်မတို့ ထိုင်နေတဲ့ နေရာကနေ ကြည့်ရင် လိပ်ခုံးကြီး တကယ့်လိပ်ကြီးတစ်ကောင် ဝပ်နေသလိုပဲ၊ ပြည်လမ်းပေါ်မှာ ပြေးနေတဲ့ ကားကလေးတွေကလည်း ရောင်စုံဆိုတော့ သိပ်လှတာပေါ့။

ကျွန်မက တစ်မျိုးပဲ။ အဲသလို ကိုယ်စိတ်ဝင်စားတာကို ကြည့်နေ ရရင် ကျန်တာတွေ မေ့နေတတ်တယ်။ အင်းပေါ့ ဘေးနားရှိနေတဲ့ အောင့်ကိုပါ မေ့နေတယ်။

"ဟော့ ဘာတွေ စဉ်းစားနေတာလဲ"

ကျွန်မ လန့်သွားတယ်။

"အောင်ကလဲကွယ် အလန့်တကြား"

"အိုး ဒါလေးနဲ့ လန့်ရသလား။ ဘာလဲ ဘာကို လန့်တာလဲ အောင့်ကိုလား"

"ဟုတ်ပါဘူး၊ အောင်က လန့်စရာမှ မဟုတ်တာ"

"ချစ်စရာလား"

"ဒါပေါ့၊ ဒါပေါ့"

ကျွန်မက ခပ်နောက်နောက်ကလေး ပြောလိုက်တယ်။ ရုပ်ရှင် မင်းသား ဦးမြတ်လေး ပုံစံမျိုးပေါ့။

သူက ရယ်နေတယ်။

ကြည်နူးစရာကောင်းသားပဲ။ ဒါပေမယ့် ရင်ခုန်စရာတော့ မဟုတ် ဘူးလေ။

အောင်က ကျွန်မလက်ကို လာကိုင်တယ်။

ဖြည်းဖြည်းလေး၊ ညင်ညင်သာသာလေး။ သူ့လက်က နွေးနေ တယ်။

ကျွန်မ သူ့လက်ကို ပြန်ပြီး ဆုပ်ထားလိုက်တယ်။ ကျွန်မဘက် က အေးစက်စက်ဖြစ်နေသလား မသိဘူး။ ဟုတ်မှာပါပဲလေ။ ကျွန်မလက် က အေးနေလို့သာ သူ့လက်က နွေးတယ်လို့ ထင်ရတာပေါ့။





ကျွန်မတို့မှာ ပြောစရာ စကားတွေ အများကြီး မရှိပါဘူး။ သူနဲ့ ကျွန်မနဲ့ တစ်ချိန်ချိန်ကျရင် လက်ထပ်ကောင်း လက်ထပ်ဖြစ်မယ်။ ဖြစ်တယ်လေ နောက် ဖြစ်လာမယ့်ကိစ္စကို တစ်ယစ်ချ တွက်ထားလို့ ဘယ်ရမလဲ။

"သိသိ"

ကျွန်မက မေးကလေးဆတ်ပြီး အသံမထွက်ဘဲ ထူးတယ်။

"သိ့ကို အောင် သိပ်ချစ်တယ်"

ကျွန်မ ပြုံးပြုံးကလေး နေလိုက်တယ်။

'တကယ်လား'၊ 'ယုံပါဘူး'၊ 'သူ မျက်နှာများတယ်'၊ 'သွားပါ' အဖြင့်တွေ မပြောချင်ပါဘူး။

"အောင့်ကိုလည်း သိက ချစ်တာပဲ ဥစ္စာ"

"သိပ်ချစ်ရဲ့လား"

ကျွန်မမျက်နှာ တွေသွားတယ် ထင်တယ်။

ဘာဖြစ်လို့လဲဆိုတော့ အောင့်ကို ကျွန်မ သိပ်ချစ်သလားလို့ ကိုယ့်ကိုယ်ကိုယ် ပြန်မေးမိလို့ပါ။ အဲဒါကို အောင်က သိပ်မကြိုက်ဘူး ထင်ပါရဲ့။

"ချက်ချင်း မဖြေနိုင်ဘူး မဟုတ်လား။ သိပါတယ်၊ အဲဒါ အောင့် ကို သိပ်မချစ်လို့ပေါ့"

ကျွန်မ သက်ပြင်းချလိုက်တယ်။

ဘာရယ် မဟုတ်ပါဘူး။ အောင့်ကို အဲသလို စကားမျိုးတွေ ပြောစေချင်ဘူးလေ။ ခဏလေးတွေ စဉ်းစားလိုက်တာနဲ့ ဘာလို့ အဲသလို ပြောရလဲ။

"အောင်ကလဲကွယ်၊ ချက်ချင်းမဖြေတာနဲ့ သိပ်မချစ်ဘူးရယ်လို့ ထင်ရသလား"

"ထင်တာပေါ့၊ တကယ် သိပ်ချစ်ရင် ချက်ချင်း ပြန်ဖြေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ မစဉ်းမစား ပြန်ဖြေရင်တော့ ရတာပေါ့။ ဘာခက်လို့လဲ"

"အောင့်ကို သိပ်ချစ်ရဲ့လားဆိုတာ စဉ်းစားစရာလိုလို့လား ဟင်"

"လိုတာပေါ့ အောင်၊ သိပ်ချစ်လို့ရအောင် သိပ်စဉ်းစားရမှာပေါ့"

"သီဟာ အဲသလိုပဲ"

"ဘာ အဲသလိုပဲလဲ"

"သီက ထော်လော်ကန့်လန့်တွေ သိပ်လုပ်တာပဲ။ သိပ်ချစ်တယ်ဆိုရင် ပြီးတာပဲ ဥစ္စာ"

"အောင်ရယ် သိပ်ချစ်တာပေါ့။ သိပ်ချစ်တယ်ဆိုတဲ့ စကားကို ပေါ့ပေါ့ကလေး မပြောချင်လို့ စဉ်းစားနေတာပါ"

"စဉ်းစားနေတယ်ဆိုကတည်းကိုက"

"ဟုတ်တယ် အောင်၊–သီ အောင့်ကို သိပ်မချစ်သေးဘူး၊ ချစ်တာတော့ ချစ်တယ် ဒါပေမယ့်"

"တော်တော့ သီ၊ သီ အမြဲတမ်း ကြောင်တယ်"

"ဘာကြောင်တာလဲ"

"သိပ်ချစ်တယ်လို့ ပြောလိုက်ရင် ပြီးတာကို"

"ညာမှ မညာချင်ပဲ"

"ဒါဖြင့် သိပ်မချစ်ဘူးပေါ့"

"အင်းလေ အဲဒါ စဉ်းစားနေပါတယ်ဆိုမှ"

အောင်က စုပ်သတ်ပြီး ခေါင်းကို တယမ်းယမ်းခါတယ်။ မျက်နှာလည်း ပုပ်လို့။

"သိပ် အောက်တာပဲ"

ကျွန်မ ရယ်လိုက်တယ်။ အမှန်က ဒေါသဖြစ်ရမှာ။

ကိုယ့်ကို အောက်တယ်လေး ဘာလေး ပြောတာ မခံချင်စရာ မဟုတ်လား။ ဒါပေမယ့် အဲသလို မဖြစ်မိဘူး။ ရယ်ချင်သွားတယ်။ အောင်ဟာ ကလေးတစ်ယောက်လိုပဲလို့ ထင်မိတယ်။





"အောင်ရယ် ဒါလေးနဲ့ စိတ်ဆိုးသွားရသလား"

အောင် ဘာမှ ပြန်မပြောဘူး။ မျက်နှာကြီးသာ တောင့်ထားတယ်။

"ကဲပါ အောင်ရယ်၊ အောင့်ကို သိပ်ချစ်ပါတယ်တဲ့"

ကျွန်မ သူ့လက်ကို တအားလေး ဖျစ်လိုက်ရင်း ပြောလိုက်ရတယ်။ အောင်ကတော့ စိတ်ဆိုးမပြေသေးသလိုပဲ။ ဘာလုပ်ရမယ်ဆိုတာ ကျွန်မ သိတာပေါ့။ သူ့လက်မောင်းမှာ ပါကလေးအပ်ထားလိုက်တယ်လေ။

"အောင်ကကွယ် ကလေးဆိုးကြီး ကျနေတာပဲ"

သည်တော့မှ အောင်က ကျွန်မပခုံးကို အသာကလေးပြန်ဖက်တယ်။

"သို့ကို အောင်က တကယ်ချစ်တာ၊ သီကသာ အောင့်ကို"

"တော်ပါကွယ်၊ သီကလည်း ချစ်ပါတယ်လို့ ဆိုနေမှ"

"သိပ်ချစ်တယ် မဟုတ်လား"

"သွား၊ အဲဒါ ဝတ္တုနှာမည်"

ကျွန်မတို့နှစ်ယောက် ကြည်သွားကြတယ်။ အိုလေ၊ မရှက်ပါဘူး။ အောင်က ကျွန်မဆံပင်ကလေးတွေကို စပြီး နမ်းတယ်။

*

www.burmeseclassic.com

www.burmeseclassic.com

## (၄)

လေးလေးက ထမင်းစား ဖိတ်ထားတဲ့နေ့ ရောက်ပါပြီ။

အောင်နဲ့ မနက် ဆယ်နာရီမှာ ချိန်ထားတယ်။ မြို့ထဲက ဆူးလေ
ဘုရားမှတ်တိုင်မှာပါ။ သူလည်း ဆယ်နာရီရောက်မယ်။ ကျွန်မလည်း
ဆယ်နာရီတိတိ အရောက်ပေါ့။

သူများတွေလို ကျွန်မက မိန်းကလေးမို့ နည်းနည်းနောက်ကျပြီး
မှ သွားမယ်လို့ စိတ်မကူးပါဘူး။ ဆယ်နာရီလောက်မှန်းပြီး သွားမှာပါ
ကိုယ်က စောလည်း စောင့်နေလိုက်ရုံပေါ့။

မနက် ရှစ်နာရီလောက်ကျတော့ ကျွန်မ နည်းနည်းပျင်းလာတ
နဲ့ သူငယ်ချင်းတစ်ယောက်အခန်းကို အလည်သွားလိုက်တယ်။ ထမင်းစ
သွားဖို့ တစ်ခါတည်းပြင်ဆင်ပြီး ထွက်ခဲ့တာပါပဲ။

ဟုတ်တယ်လေ၊ အောင့်ဦးလေးနဲ့ အောင့် ဒေါ်လေးတို့ရှေ့မှ
အောင့်ရည်းစားအဖြစ်နဲ့ အတွေ့ခံရမှာဆိုတော့ သပ်သပ်ရပ်ရပ်ဖြစ်အောင်
တော့ ပြင်ရဆင်ရတာပေါ့။ မိတ်ကပ်တွေ လူး၊ ဆံပင်တွေ ပြင်တာမျိုး
မဟုတ်ပါဘူး။ ကျွန်မဆံပင်ကို သပ်သပ်ရပ်ရပ် စုစည်းလိုက်တယ်။ မျ
ဆန်ကြိုကလေး မဟုတ်အောင်ပေါ့။ ပြီးတော့ အင်္ကျီလက်ရှည်ကလေး





တော်။ ထဘီလည်း နည်းနည်း အကောင်းစားပေါ့။ မီးပူလေး ဘာလေး
တိုက်ရသေးတယ်။

ကျွန်မသူငယ်ချင်းအခန်းရောက်တော့၊ အဲလေ သူက ဘော်ဒါဆောင်
တစ်ခုမှာ အခန်းငှားနေတာ။ သူတို့အိမ်ရှင်နဲ့လည်း ကျွန်မ သိနေတာပါ။

ကျွန်မသူငယ်ချင်း အခန်းဝလည်း ရောက်ရော သူငယ်ချင်းက
ကြည့်ပြီး အံ့သြသွားတဲ့ ဟန်မျိုး လုပ်ပြတယ်။ မျက်လုံးကြီးဝိုင်းပြီး 'အို
မင်္ဂလာဆောင်တော့မလို့လား'လို့ ပြောတယ်။ ဒီတော့မှ ကျွန်မ စဉ်းစားမိ
တယ်။ ဟုတ်သားပဲ၊ ကျွန်မ သပ်သပ်ရပ်ရပ်ကြီး ဝတ်စားလာတာကိုး။

"မင်္ဂလာဆောင်ပြီး ပြန်လာတာလေ"

ကေသွယ်က၊ အဲ သူ့နာမည်ပါ။

"ဘယ်လိုကြီး ပေါက်လာတာလဲ"

"ထမင်းစားပွဲတစ်ခုသွားမယ်လေ"

"မင်းကို လူလူသူသူ နေရာထားပြီး ထမင်းစားဖိတ်တဲ့လူတွေ
ဘာတွေ ရှိလား"

"ဆွေပြမျိုးပြလေ"

"ဩော်၊ 'ကြောင်' မိဘတွေနဲ့ သွားတွေ့ရမှာလား" အောင်ကို
သူတို့က 'ကြောင်'လို့ ခေါ်လေ့ရှိတယ်လေ။

"သူ့ပါပါတို့၊ မာမာတို့ မဟုတ်ပါဘူး၊ သူ့လေးလေးနဲ့ သူ့လေး
လေးရဲ့ အဘွားကြီးနဲ့"

"ဘာ၊ သူ့အဘွားလား"

"ဘယ်ကလာ၊ သူ့လေးလေးရဲ့ မိန်းမ၊ သူ့ဒေါ်လေးပါ"

ဘာဖြစ်လို့များ ကျွန်မ လေးလေးရဲ့ မိန်းမကို အဘွားကြီးလို့
ခေါ်မိပါလိမ့်။ ဒါပေမယ့် လျှပ်ပြက်သလိုပါပဲ။ အဲဒီကိစ္စ ခေါင်းထဲက
ကလေးနဲ့ ပျောက်သွားတယ်။

"ဩော် ဒါကြောင့် မင်းက လေဒီပုံဖမ်းလာတယ်ပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ပုံဖမ်းတာ မဟုတ်ပါဘူး၊ ဝတ်ချင်စိတ်ရှိတာနဲ့ ဝတ်လာတာ"

"အေးပါ၊ မင်းက လှပါတယ်"

ကျွန်မ သူ့ခုတင်ပေါ်က ထဘီတစ်ထည်ကို ခြေရင်းဘက် ဆွဲ ရွှေ့ပြီး ထိုင်လိုက်တယ်။ ခြင်ထောင်ပေါ်က တွဲလောင်းကျနေတဲ့ မျက်နှာ သုတ်ပဝါကိုလည်း ဆွဲတင်လိုက်တယ်။ ကေသွယ်က အဲသလိုပဲ နေတတ် တယ်။ သိပ်ကြီး သပ်သပ်ရပ်ရပ်ဖြစ်အောင် မလုပ်ဘူး။ မိန်းကလေးဟာ ကိုယ့်ပစ္စည်းလေးတွေတော့ ကိုယ် သပ်သပ်ရပ်ရပ် ထားရမယ် မဟုတ် လား။

ကေသွယ်က သူ့ဖတ်လက်စ ဝတ္ထုတစ်ပုဒ်ကို စားပွဲပေါ် တင်လိုက် တယ်။ ပြီး ခြေရင်းက ထဘီတစ်ထည်ကို ခေါက်ရင်း လှမ်းမေးသည်။

"ကြောင်နဲ့ စိုပြည်တယ် မဟုတ်လား"

သူက အောင့်ကို ကွယ်ရာကျရင် 'ကြောင်'လို့ ခေါ်တယ်။

"ဒီလိုပါပဲ"

"မင်းကတော့ အဲသလိုပါပဲ၊ ဘာမှ သိပ်မလေးနက်ဘူး"

ကျွန်မ ဘာမှ ပြန်မပြောပါဘူး။ ကျွန်မ လေးနက်ချင်တဲ့ကိစ္စ လေးနက်မှာပေါ့။ ပေါ့ပေါ့ကလေး ကိစ္စတွေကို ဘာလို့ လေးနက်ရမှာလဲ"

"ကိုယ်တို့တော့ မကြာမီ လာမည် မျှော်ပါ ဖြစ်နေပြီ"

"ယူကြတော့မလား"

ကေသွယ့်မှာလည်း အတွဲရှိတယ်လေ။

ကေသွယ်နဲ့ သူ့ရည်းစားက မောင်နှမလေးဝမ်းကွဲဆိုလား တော် တယ်တဲ့။ သူ ဆွေမျိုးစပ်ပြတာ သိပ်ရယ်ရတာပဲ။

"မောင့်အဘိုးနဲ့ ငါ့အဘွားက မောင်နှမ နှစ်ဝမ်းကွဲတော်တယ် လေ။ အဲဒါ မောင့်အဘိုးက တရုတ်ကပြား အဘွားကြီးတစ်ယောက်နဲ့ ညားတယ်။ ငါ့အဘွားကျတော့ ကုလားကပြား အဘိုးကြီးတစ်ယောက်နဲ့ ညားတယ်။ အဲဒီတော့ ငါတို့ကျတော့ မရှိမဒေသ အနွယ်ပေါ့။ မောင်က





မိန့်တိုင်းနွယ်ဖွား။ တို့နှစ်ယောက် ပြန်ကြိုက်ကြတော့ အိန္ဒိယ-တရုတ် ချစ်ကြည်ရေးပေါ့။ အဲဒီမှာ ပြေလည်သွားတဲ့ အချက်က ငါက ဝက်သားစား တယ် မဟုတ်လား။ သူကလည်း ဝက်သားကြိုက်တယ်။ ဝက်ရေးတဲ့ နားစာပေါ့'လို့ ပြောပြဖူးတယ်။

"အေး၊ တို့ စေ့စပ်ဖို့ စီစဉ်ပြီးပြီ"

"စေ့စပ်နေဦးမှာလား"

"အဘိုးကြီး၊ အဘွားကြီးတွေက ထုံးတမ်းစဉ်လာတွေ လုပ်ချင် တာပေါ့ကွာ"

"အင်းလေ၊ ဘာမှ အရေးမကြီးပါဘူး"

"မင်းကို ပြောလိုက်ရင် ဘယ်ဟာမှ အရေးကြီးတာ မရှိဘူး"

"အေးလေ၊ နင်တို့ စေ့စပ်တာ ငါ့အတွက် ဘာအရေးကြီးလို့လဲ"

"မင်းဟာ လေပြည်ကလေးလိုပဲ။ လောကကြီးကို အသာကလေး ရှပ်တိုက်ပြီး သွားနေတာ"

"အောင်မာ၊ ကာဒွေးရုံကြီး ကဗျာစကား စာစကားတွေ ပြော ဦးပါလား"

ကျွန်မတို့ချင်း နောက်ချင်ရင် သူ့ကို ကာဒွေးရုံလို့ ခေါ်တယ်။ ကေသွယ်ဆိုတာက အရင်တုန်းက ကာဒွေးရုပ်ရှင်ရုံကို နာမည်ပြောင်း ထားတာ မဟုတ်လား။

"မဟုတ်ပါဘူး၊ ခုန ဖတ်ထားတဲ့ ဝတ္ထုထဲမှာ အဲသလို ရေးထား တာလေးပါလာလို့ ထားပါ၊ မင်းကိစ္စကို မင်းဘာသာပဲ စဉ်းစားပေါ့။ ငါ တော့ ငါ့အကြောင်းတွေ လျှောက်ပြောချင်နေတယ်။ ဘယ်သူ့ဖြစ်ဖြစ် ပြောပြချင်နေတာပဲ။ ဝမ်းသာစရာသတင်းကို လျှောက်ဖြန့်တာမျိုးပေါ့"

"ပြောပါ၊ ငါက မကြားချင်ရင် မကြားဘဲ နေလို့ရတာပဲ"

"မင်း နားထောင်ထောင် မထောင်ထောင် ပြောမှာပဲ၊ စိတ်ချပါ။ ဆောင်ကလေ"



www.burmeseclassic.com

www.burmeseclassic.com



သူပြောတဲ့အကြောင်းက သူနဲ့ သူ့မောင်နဲ့ ချစ်ကြတဲ့အကြောင်း။ လက်ထပ်တဲ့အခါ နေဖို့အခန်းတွေ လျှောက်ကြည့်ကြတဲ့အကြောင်း စတဲ့ ဟာတွေပါပဲ။ ကျွန်မ သိပ်စိတ်မဝင်စားတော့ ကြားတစ်ချက် မကြား တစ်ချက်ပဲ။ ကျွန်မ သူ့စကားထဲက 'မင်းဟာ လေပြည်ကလေးလိုပဲ' ဆိုတာကို သဘောကျမိတယ်။ ကဗျာစကလေးတစ်စကို သတိရတယ်။

ကဗျာသမား
ဖဝါးမှာ ဇွေ
ထင်ရာလေမည်၊
ပြည်နှင်ဒဏ်သာ
ခတ်လှည့်ပါခင်။

မောင်မင်းယာရဲ့ ကဗျာထင်ပါရဲ့။ ကျွန်မက အဲသလို ကဗျာလေးတွေကို ကြိုက်လို့ မှတ်မှတ်ထားတယ်။

တစ်ခါနမ်းဖူး
သူ့ကျေးဇူးကို
အထူးသိလျက်
အဆပ်ခက်၏။

ဆိုတဲ့ မောင်ပန်းမွေးရဲ့ ကဗျာမျိုးလို့ပေါ့။ အဲသလိုကဗျာစလေးတွေကို မှတ်မှတ်ထားရတာ သိပ်ဟန်ကျတာပဲ။ ဆိုင်ရာဆိုင်ရာ အဖြစ်အပျက်ကလေးတွေ ဖြစ်လာရင် ကဗျာကလေးတွေကို စိတ်ထဲက ပြန်ရွတ်ရတာ သိပ်အရသာ ရှိတာပဲ။

ခုလည်း ကြည့်လေ၊ ကေသွယ်က 'လေပြည်လေးလိုပဲ'လို့ စပြော လိုက်တာနဲ့ ကျွန်မ မှတ်မိတဲ့ ကဗျာတွေက ပြန်ပြန်ပေါ်လာတယ်။ စိတ်ထဲမှာ ရွတ်ကြည့်တယ်။ အသံထွက်ပြီးမှ ဆိုရရင်ပိုတောင် ကောင်းဦးမယ်။

လေပြည်ထဲတွင်
ငယ်ရုပ်ဆင်သည်





အသင် ယောကျာ်းကောင်းတကား တဲ့။

ဆရာမင်းသုဝဏ်ရဲ့ ကဗျာလေ။ 'ပျိုးမငုတ်တို'ပေါ့။ လောကခံ ကို ကြံ့ကြံ့ခံနိုင်တဲ့ အကြောင်း ရေးထားတာ။ ကျွန်မ အဲသလို နေချင် တယ်။ ဘာပဲဖြစ်ဖြစ် လေပြည်ထဲတွင် ငယ်ရုပ်ဆင်လိုက်ချင်တယ်။ လောကခံကို ကြံ့ကြံ့ခံ ရင်ဆိုင်ချင်တယ်။ ဒါပေမယ့် သိပ်တော့ မဟုတ်လှ ဘူးဆိုတာ သတိထားမိပါရဲ့။ လွယ်မှတ်လို့။

ဒါပေမယ့်လည်း ကျွန်မက လူ့ဘဝကို နက်နက်ရှိုင်းရှိုင်း မစဉ်း စားချင်သေးဘူး။ ဘာလို့လဲဆိုတော့ ကျွန်မ ငယ်သေးတယ် မဟုတ်လား။ နောက်ထပ် တွေ့ကြုံစရာတွေ အများကြီး ရှိသေးတယ်။ ဒါမှမဟုတ် ငယ်ရွယ်ရွယ်နဲ့ သေချင်လည်း သေသွားမှာ။ အဲ သေမှာတော့ ကြောက် တယ်။ မသေချင်ပါဘူး။ စဉ်းစားရတာတောင် ရင်တွေ တုန်တယ်။ အသက် ရှူကျပ်လာတယ်။

တစ်ခုတော့ ရှိတယ်။ ကျွန်မဘဝမှာ ပျော်ပျော်ရွှင်ရွှင် ချမ်းချမ်း မြေ့မြေ့ကလေး နေသွားချင်တယ်။ ပိုက်ဆံချမ်းသာချင်တာမျိုးလည်း မဟုတ်ပါဘူး။ ဆင်းလည်း မဆင်းရဲချင်ဘူး။ စိတ်ချမ်းချမ်းသာသာလေး ပေါ့။ အဲသလိုလည်း မဖြစ်နိုင်ဘူး ထင်ပါတယ်လေ။ အမြဲတမ်း ဘယ် စိတ်ချမ်းသာနိုင်ပါ့မလဲ။

"ဟိတ်၊ မေးတာ ကြားရဲ့လား"

ကေသွယ့်အသံကြားမှ အတွေးစတွေ မိးခိုးလို ပျောက်သွားတယ်။

"ဘာလဲ"

"မင်းဟာလေ တကယ့်ပေါက်ပဲ။ လိုက်ပါတယ်။ 'ကြောင်'နဲ့ ပေါက်နဲ့။ မင်းနဲ့ ကြောင်နဲ့ကော လက်ထပ်ဖို့တို့ ဘာတို့ မစဉ်းစားကြသေး ဘူးလား"

"ဟင့်အင်း၊ တို့က အဲဒါတွေ မစဉ်းစားချင်သေးဘူး။ နောက် တော့ သူ့ဘာသာသူဖြစ်လာမှာပေါ့။ ပြီးတော့ ခုလောလောဆယ်လည်း



www.burmeseclassic.com

www.burmeseclassic.com



ငါ လတ်မထပ်ချင်သေးဘူး။ အိမ်ထောင့်တာဝန်တို့ ဘာတို့ ထမ်း နေနေသာသာ စဉ်းတောင် မစဉ်းစားချင်ဘူး"

"ခု မစဉ်းစားလည်း နောက် စဉ်းစားရမှာပဲ။ နေပါဦး၊ မင်း ကြောင်နဲ့ပဲ ယူမှာ မဟုတ်လား"

"မစဉ်းစားသေးပါဘူးလို့ ဆိုနေ"

"ကြောင်က ရှိးပါတယ်၊ ပြီးတော့ မင်းကိုလည်း ချစ်"

"နင်က ငါ့ထက် ပိုသိလို့လား"

"ဘာလဲ၊ ကြောင်က နင့်ကို မချစ်ဘူးလား"

"ချစ်ပါတယ်"

"အေးပေါ့၊ အဲဒါကြောင့် နင် လက်ထပ်မယ်ဆိုရင် ကြောင့်ကို အရင်ဆုံး ဦးစားပေးပြီး စဉ်းစား"

"ငါ့မှာ ကြောင်ကလွဲလို့ ဘယ်သူမှ စဉ်းစားစရာ မရှိသေးပါဘူး"

"မရှိသေးပါဘူး ဆိုတော့ ရှိချင် ရှိလာဦးမှာပေါ့"

"ဘယ်ပြောနိုင်မလဲ"

"ဟာကွာ"

"ဘာလဲ၊ ငါ့ကို မျက်နှာများချင်တဲ့ မိန်းမလို့ ပြောချင်သလား ပြောချင်လည်း ပြောလေ။ ငါပြောချင်တာကတော့ နောက်ဖြစ်လာမယ့် ကိစ္စကို အတိအကျ သတ်မှတ်လို့ မရဘူးဆိုတာပဲ"

"မင်းကို ငါက ရည်းစားတွေ ပြောင်းလိမ့်မယ်လို့ ပြောတာ မဟုတ်ပါဘူး။ ငါ့ဆိုကြည့်၊ မောင်နဲ့ပဲ စချစ်တယ်။ အကြာကြီး ချစ်ကြ တယ်။ သုံးနှစ်ခွဲကြီးများတောင်။ ပြီး မောင်နဲ့ပဲ လက်ထပ်မယ်။ ဘယ် လောက် နိုပ်လဲ"

"အေးပါ၊ နိုပ်ပါတယ်"

"အဲဒါပေါ့၊ ငါလို နိုပ်အောင် နင် စဉ်းစားဖို့ ပြောတာ"

"ဩဝါဒတွေ ပေးတာ သိပ်မုန်းတယ်"





"ဆုံးမနေတာမှ မဟုတ်တာ၊ နင်တို့ကိစ္စ စဉ်းစားဖို့ ပြောနေတာ"

"အဲဒါ အသာထားလိုက်စမ်းပါကွာ။ ငါ ဗိုက်နည်းနည်းဆာတယ်။ လက်သုပ်သွားစားရအောင်"

"ထမင်းစားပွဲ သွားမှာဆို"

"အဲဒီအချိန်ထိ အဆာခံ မနေနိုင်ဘူး"

ကျွန်မက အရင်ထရပ်လိုက်သည်။ ကေသွယ်လည်း ဘလောက်စ် လေးတစ်ခု ဆွဲစွပ်ပြီး ထလိုက်လာတယ်။

လက်သုပ်ကလေးက ကောင်းလိုက်တာ။

*

www.burmeseclassic.com

www.burmeseclassic.com

# [၅]

ကျွန်မနဲ့ အောင်နဲ့ ချိန်းထားတဲ့ နေရာကို ကျွန်မက စောပြီး ရောက်နေတယ်။ ဆူးလေဘုရားနားက ဘတ်စကားမှတ်တိုင်ပေါ့။ ကျွန်မ နာရီပတ်တာ သိပ်ဝါသနာမပါဘူး။ ကျွန်မနာရီလည်း ရောင်းသုံးလိုက်ပြီး

ဗဟိုတရားရုံးချုပ်က နာရီစင်ကြီး ရှိသားပဲ။ ကျွန်မ ချိန်းထားတဲ့ အချိန်ထက် ဆယ့်ငါးမိနစ်လောက် စောနေတယ်။

ကျွန်မ ဘတ်စကားမှတ်တိုင်မှာပဲ ရပ်စောင့်နေလိုက်တယ်။ ပျင်း ပျင်းရှိတာနဲ့ ကွာစိကလေးတစ်ထုပ် ဝယ်ပြီး ဝါးနေလိုက်သေးတယ်။ သိပ်မကြာပါဘူး၊ အောင် ရောက်လာတယ်။ ချိန်းထားတဲ့ အချိန်ထက် ဆယ်မိနစ်လောက် စောပြီး ရောက်လာတာပေါ့။

"ဆောရီးကွာ၊ ကိုယ့်နာရီများ နောက်ကျနေသလား မသိဘူး"

လို့ သူက တောင်းပန်သံနဲ့ပြောတယ်။ ကျွန်မက ဗဟိုတရားရုံး ချုပ်က နာရီစင်ကြီးကို လှမ်းကြည့်ပြီး သူ့နာရီ ပြန်တိုက်ကြည့်တယ်။

"နောက်မကျပါဘူးကွ"

"ကိုယ်က စောနေတာလေ။ မိန်းကလေးဆိုတော့ ကြိုရောက်သင့် တာပေါ့၊ ဟုတ်ဘူးလား"





ကျွန်မ ပြုံးပြုံးကလေးနဲ့ နောက်သလို ပြောင်သလို ပြောလိုက် တယ်။

အောင်ကလည်း ကျွန်မ နောက်မှန်း သိပါတယ်။ စိတ်ဆိုးလို့ ပြောတာ မဟုတ်ဘူးဆိုတာ သူ သိတာပေါ့ကွာ

အောင်က ရယ်ပြီး...

"ကိုယ့်မယ်တော်ဖုရားဆီက ထွက်ခွင့် တောင်းနေရတာ ကြာလို့ ပါ။ ပြီးတော့လည်း သူငယ်ချင်းတစ်ယောက်နဲ့ ဘုရားကို သွားပြီး ယကြာ အတူတို့လို့ လိမ်ရသေးတယ်လေ။ ဒါကြောင့် နောက်ကျသွားရတာပါ။ စိတ်မဆိုးနဲ့နော်"

ကျွန်မနဲ့ အောင်က ပြောင်းပြန်တွေ ပြောနေကြတာလေ။ တကယ် ဆိုဆိုရင် ကျွန်မပြောတဲ့ စကားက သူပြောဖို့။ သူပြောတဲ့ စကားက ကျွန်မပြောဖို့ မဟုတ်လား။ အများတကာ သမီးရည်းစားတွေ ဆိုရင်ပေါ့။

ကျွန်မတို့နှစ်ယောက် ဆူးလေဘုရားလမ်းအတိုင်း မဟာဗန္ဓုလ ပန်းခြံဘေးက လျှောက်ခဲ့ကြတယ်လေ။

အဲဒီပန်းခြံမှာ ကျွန်မအကြိုက်ဆုံး နေရာကလေး ရှိတယ်။ သိ လား မသိဘူး။ စက္ကူပန်းရုံလေးလေ။ ဆူးလေစေတီတော်ဘက်ကို မျက်နှာ မူထားတဲ့ဘက်ကပေါ့။ မြို့တော်ခန်းမနဲ့ဆိုရင် မျက်စောင်းထိုးနေရာလောက် လို့ သိမ့်မယ်။ အဲဒီမှာ စက္ကူပန်းရုံကလေးတစ်ရုံ ရှိတယ်။ ပန်းခြံစည်းရိုး ထဲကနေ အပြင်ထိ ထွက်လာတဲ့ ပန်းရုံကလေးပေါ့။

အဲဒီနေရာ ရောက်ရင် အများအားဖြင့် လူတွေက အဲဒီပန်းရုံကို ရှောင်ပြီး သွားတတ်တယ်။ ဘာပြုလို့လဲဆိုတော့ အဲဒီပန်းရုံက အောက် ဖြတ်ရင် ခေါင်းငုံ့ပြီး လျှောက်ရလို့ပါ။

ကျွန်မကတော့ အဲသလို ပန်းရုံကလေးအောက်ကို ခေါင်းငုံ့ပြီး လျှောက်သွားရတာကိုပဲ အရသာခံတတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားကြည့်လေ။ ရန်ကုန် မြို့လယ်ကောင်ကြီးမှာ လမ်းလျှောက်ရင် တိုက်ကြီးတာကြီးတွေ ဘေးကပဲ ဖြတ်လျှောက်ရတယ် မဟုတ်လား။ မြို့လယ်ကောင်ကြီးမှာ ပန်းရုံကလေးအောက်က ဖြတ်လျှောက်ခွင့်ရဖို့ဆိုတာ လွယ်မှတ်လို့ ဟုတ်ဘူးလား။

ကျွန်မနဲ့ အောင်နဲ့ အဲဒီပန်းရုံအောက်ကို ဖြတ်ပြီး လျှောက်ကြတယ်။ ပြိုင်တူ ခေါင်းငုံ့၊ ပြိုင်တူ ပန်းရုံအောက်ဝင်၊ ပြိုင်တူ ခါးဆန့်ပြီး ပြန်ထွက်။ ဘယ်လောက် ကြည်နူးစရာကောင်းလဲ။ ပန်းရုံအောက်အဖြတ်မှာ အောင်နဲ့ ကျွန်မနဲ့ လက်မောင်းချင်းထိသွားတာလေးကို ကျွန်မ အမှတ်တရ ဖြစ်သွားတယ်။ တခြားနေရာတွေမှာ သူနဲ့ ပူးပူးကပ်ကပ် နေရတာနဲ့ မတူဘူး။ စိတ်ထဲမှာ ပိုပြီး ကြည်နူးသလိုပဲ။

နောက်ပြီး ကျွန်မ သဘောကျတာတစ်ခု ရှိသေးတယ်။ မဟာဗန္ဓုလပန်းခြံအဝင်က လှေကားကျယ်ကြီးပေါ့။ သိပ်လှတာပဲ။ ဘေးက ရေကန်ကလည်း ကြည်နူးစရာကောင်းတယ်။

သိပ်ရှုပ်ထွေးဆူညံတဲ့ မြို့လယ်မှာ အဲဒီ ကန်ကလေးနှစ်ကန်ဟာ သဲကန္တာရထဲက အိုအေစစ်နဲ့ တူတယ်လို့ ကျွန်မ ထင်တယ်။

ဓာတ်ပုံသမားတစ်ယောက်က ကျွန်မတို့နား ကပ်လာသေးတယ်။ သူရိုက်ထားတဲ့ နမူနာပုံတွေ ပြရင်းပေါ့။ ကျွန်မက သူ ကျွန်မတို့ဆီ လျှောက်လာတာ မြင်တာနဲ့ သူ့ကို ခေါင်းခါပြလိုက်တယ်။ 'ဆောရီးပဲ၊ တို့ဝါသနာမပါဘူး'ဆိုတဲ့ မျက်နှာထားမျိုးနဲ့ပေါ့။

အောင်က လမ်းလျှောက်လာရင်း စကားမပြောဘူး။ တစ်ခုခုကို တွေးနေသလိုပဲ။ ကျွန်မလည်း စကားမစမိဘူး။ ကျွန်မ အတွေးထဲမှာတော့ သိပ် ထွေထွေထူးထူး မရှိပါဘူး။

အောင့်လေးလေးနဲ့ ဒေါ်လေးနဲ့ တွေ့ရင် ဘယ်လိုများ ဖြစ်မလဲ။ အထင်များ သေးသွားမလား ဆိုတာလောက်ပဲ။





အောင့်လေးလေးကိုတော့ တွေ့ဖူးပြီးသားမို့ သိပ်မကြောက်ပါဘူး။ ဆမယ့် အောင့် ဒေါ်လေးကိုတော့ ဖြုံနေတယ်။ မိန်းမကြီးတွေက အပြစ်ထတ်တယ် မဟုတ်လား။ ထဘီဝတ်တာကအစ လက်သည်းညှပ်တာပ်တာက အစပေါ့။ ပြီး စကားပြောလည်း ရှည်တတ်တယ်။ ဟင်းနည်းတို့ ဘာတို့ ပြောရင် မေးရင် ပြဿနာ။

ကျွန်မ ဟင်းကောင်းကောင်း မချက်တတ်ဘူး။ တော်ရုံလျော်ရုံတော့ ချက်တတ်ပါတယ်။ အဲဒါကိုလည်း သိပ် အရေးတကြီး မထားဘူး။ မိန်းကလေးဟာ ထမင်းဟင်းချက်တတ်ရမယ်ပေါ့။ ဆန်းလို့လား။ ကောင်းအောင် ချက်နည်းကတော့ ကျွန်မ သင်မထားဘူး။

အိမ်ထောင်ကျတဲ့အခါ သူ့အလိုလို တတ်လာမှာပါ။ အိမ်ထောင်ကျတဲ့အခါလို့ တွေးမိတော့ ကျွန်မ အောင့်ကို လှည့်ကြည့်မိတယ်။ အောင်က တစ်ခုခုကို ငေးကြည့်နေသလိုပဲ။ သူ ဘာစဉ်းစားနေပါလိမ့်။ စဉ်းစား စဉ်းစားလေ။ ကျွန်မနဲ့ မဆိုင်ပါဘူး။ အဲ လုံးဝ မဆိုင်တာတော့ တ်ဘူးပေါ့။ သူက ကျွန်မ ရည်းစားပဲဟာ။ ဆိုင်တော့ ဆိုင်တာပေါ့။ နည်းပါးပါး။

ကျွန်မ စိတ်ကူးထဲမှာ အောင်နဲ့ အိမ်ထောင်ကျကြည့်တယ်။ ဆိုးတော့ မဆိုးပါဘူး။ သူလို ကိုယ်လိုပဲ ဖြစ်မှာပေါ့။ ညားကြ၊ ကြ။ ပြီးတော့ ရန်ဖြစ်ကြ၊ စိတ်ကောက်ကြ၊ ပြန်ချော့ကြ။

ဒါပေမယ့်လေ ကျွန်မ အိမ်ထောင်မပြုချင်သေးပါဘူး။ အောင့်ကို မယူချင်သေးဘူး။ ဘယ်သူ့မှလည်း မယူချင်သေးဘူး။ ကျွန်မ ထဲမှာ ဒီအတိုင်းပဲ နေချင်သေးတယ်။ အောင့်သဘောတော့ မသိဘူး။ ထားလိုက်ပါလေ။

*

www.burmeseclassic.com

www.burmeseclassic.com

# [၆]

အောင့် ဒေါ်လေးကို မြင်မြင်ချင်း ကျွန်မ တုန်လှုပ်သွားတယ်။ လန့်သွားတာ မဟုတ်ပါဘူး။ ကျွန်မရင်တဲမှာ ဆတ်ခနဲ လှုပ်သွားတယ်။

တကာယ်လှတဲ့ မိန်းမတစ်ယောက်ပဲ။ ဟင့်အင်း၊ သိပ်လှတယ်လို့ ပြောလို့ မရဘူး။ ဘာခေါ်မလဲ။ ယဉ်တယ်ပေါ့။ ခန့်လည်း ခန့်ညားတယ်။

မိန်းမတွေထဲမှာ ခန့်ညားတဲ့ ရုပ်ရည် ရှားတယ် မဟုတ်လား။ လှတာနဲ့ တစ်မျိုးစီလေ။ ယဉ်တာနဲ့လည်း သိပ်မတူဘူး။ အထက်တန်း ကျတယ်လို့ ပြောကြတဲ့ ရုပ်ရည်မျိုးပေါ့။

အထက်တန်းကျတယ်ဆိုတာ ဘာမှန်း ကျွန်မ မသိပါဘူး။ ဒ ပေမယ့် သူများတွေ ပြောနေကြတဲ့ အထက်တန်းကျတဲ့ ရုပ်ရည်ဆိုတာ အောင့်ဒေါ်လေးရဲ့ ရုပ်မျိုးလို့ ကျွန်မစိတ်ထဲမှာ ဆုံးဖြတ်လိုက်တယ်။

ဟုတ်တယ်။ အောင့်ဒေါ်လေးဟာ ကျွန်မ ထင်ထားတာနဲ့ တခြား စီပဲ။ ကျွန်မ အောင့်လေးလေးကို စတွေ့တုန်းက အောင့်လေးလေး ပြောတယ် မဟုတ်လား။ သူ့မိန်းမနဲ့အတူ ထမင်းစားကြရအောင်လို့

အဲဒီတုန်းက ကျွန်မ အောင့်ဒေါ်လေးရဲ့ရုပ်ပုံကို မှန်းကြည့်မိတယ်။

အသက်လေးဆယ်လောက် ခပ်ဖြောင့်ဖြောင့် မိန်းမကြီးတစ်ယောက် ပဲ ဖြစ်မှာပဲလို့ပေါ့။ ဘာဖြစ်လို့လဲဆိုတော့ အောင့်လေးလေးကလည်





ခန့်ချောချောတယ် မဟုတ်လား။ ဒီတော့ သူ့မိန်းမလည်း ချောမှာပဲပေါ့။ ဖြောင့်မှာပဲပေါ့။ ဒါပေမယ့် အရွယ်လောက်ဆို ဗိုက်ဆူဆူ၊ တင်လျှောလျှော တော့ ဖြစ်နေမှာပဲလို့ ထင်မိတာ။

ခုတော့ အဲသလိုမဟုတ်ဘူး။ အောင့်ဒေါ်လေးက ခပ်သွက်သွက် ရယ်။ ကျွန်မတို့ ချိန်းထားတဲ့ စားသောက်ဆိုင်ထဲလည်း ရောက်ရော အောင့်ဒေါ်လေးက စားပွဲတစ်လုံးမှာ ထိုင်နေလျက်က လှမ်းနှုတ်ဆက်တယ်။

“ရန်ကြီးတို့က အချိန်မှန်သားပဲ”တဲ့။

အဲဒီအချိန်မှာ ကျွန်မ အောင့်ဒေါ်လေးကို လှမ်းကြည့်လိုက်တယ်။

အောင့်ဒေါ်လေးကလည်း ကျွန်မကို ကြည့်ပြီး ပြုံးပြတယ်။ သူ ကြည့်ပုံကြည့်နည်းက သူ့တူရဲ့ရည်းစား၊ သူ့တူနဲ့ လက်ထပ်မယ့် မိန်းကလေး (အဲသလို သူထင်ထားရင်ပေါ့) ကို စူးစမ်း စစ်ဆေးတဲ့ သဘောမျိုးနဲ့ကြည့် တာ မဟုတ်ဘူး။ ရိုးရိုးကြည့်ပြီး ပြုံးလိုက်တာပဲ။

မိန်းမတွေမှာ ရှိတယ် မဟုတ်လား။ တစ်ယောက်နဲ့တစ်ယောက် တွေ့ရင် အဝတ်အစားက စပြီး အကဲခတ်တတ်ကြတာလေ။

အောင့်ဒေါ်လေးက အဲသလို လုံးဝ မဟုတ်ဘူး။ သူ့တူမသားချင်း တစ်ယောက်ကို ရုတ်တရက် တွေ့လို့ နှုတ်ဆက်ပြီး ပြုံးပြတာမျိုး၊ ကြည့် တာမျိုး။ သူ့စိတ်ထဲမှာ ကျွန်မကို သူ့တူနဲ့ ပတ်သက်ပြီး ရင်းနှီးပြီးသား ဖြစ်နေမှာပေါ့။ ပြီးတော့ အောင့်လေးလေးကလည်း ဘယ်လိုပြောထားလဲ မသိတာ။

“လေးလေးကော ဒေါ်လေး”

ခုမှ သတိထားမိတယ်။ အောင့်လေးလေး မရှိဘူး။ ဘာဖြစ်လို့ များပါလိမ့်။

“မင်းလေးလေးက ထုံးစံအတိုင်းပဲလေ။ ဒီရောက်မှ အလုပ်ကိစ္စ တစ်ခု အရေးတကြီးရှိတာ ခုမှ သတိရတယ်ဆိုပြီး ထွက်သွားတာပဲ။ ခဏနေ ရောက်လောက်ပါပြီကြာမယ်တဲ့။ စားနှင့်ကြတဲ့။ ထိုင် သမီး”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ သူ့ကို ရပ်ပြီး ကြည့်နေမိတာကို ရိပ်မိသွားတယ် ထင်ပါရဲ့၊ ကျွန်မဘောက် လှည့်ပြီး ပြောတယ်။ ခုံကလေးကိုလည်း စားပွဲအောက်က ဆွဲထုတ်ပေးတယ်။

'သမီး'လို့ သူ့အခေါ်ခံရတာ သိပ်မကျေနပ်ချင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူ့အရွယ်က နနေတာကိုး။ လွန်ရော ကျွံရော သုံးဆယ်ငါးနှစ်လောက်ပဲ မှန်းရတယ်။ အဲဒီရုပ်နဲ့ ကျွန်မကို သမီးလို့ မခေါ်စေချင်ပါဘူး။ တူမဆို တော်သေးရဲ့။

ကျွန်မ ထိုင်လိုက်တယ်။

"ဒီအပြင်မှာပဲ စားမလား၊ အခန်းထဲ ဝင်ထိုင်ကြမလား"

အောင့်ဒေါ်လေးက ကျွန်မတို့ နှစ်ယောက်စလုံး မေးတယ်။ သူ့ရည်ရွယ်ရင်းကတော့ ကျွန်မ သဘောထားကို မေးတာဖြစ်လိမ့်မယ်။ မိန်းကလေးငယ်ငယ်ဆိုတော့ အခန်းထဲမှာ စားချင်ရှာမပေါ့ဆိုတဲ့ စေတနာပါတယ် ထင်ပါရဲ့။

"အပြင်မှာလည်း ရပါတယ် မမ"

ကျွန်မက သူ့ကို 'မမ'လို့ ခေါ်မိတယ်။ ဟုတ်တယ်လေ၊ သူ့အရွယ်က ဒေါ်ဒေါ်လို့ ခေါ်ရမယ့် အရွယ်မှ မဟုတ်ဘဲ။ ပြီးတော့ မိန်းမချင်းသိတာပေါ့။ အသက်ကြီးလေ မမအခေါ်ခံချင်လေ မဟုတ်လား။

"မင်းတို့ လေးလေးကတော့ မှာသွားတယ်။ မင်းတို့ရောက်လာရင် အခန်းထဲဝင်ပြီး စားနိုင်ကြပေါ့တဲ့"

သူက သူ့ယောကျ်ားစကားကို နားထောင်ချင်ဟန် ပြတယ်။ ကျွန်မအတွက်က မထူးပါဘူး။ အပြင်ဘက်စားပွဲမှာ စားရလို့လည်း ပြဿနာ မဟုတ်ပါဘူး။

ဒါပေမယ့် ကျွန်မတို့ အခန်းထဲ ဝင်လိုက်ကြတယ်။

"မိတ်ဆက်ပေးဦးလေ၊ ရန်ကြီး"





အခန်းထဲမှာ ထိုင်မိကြတော့ အောင့် ဒေါ်လေးက ပြုံးပြုံးရွှင်ရွှင်

ားစတယ်။ ရင်းရင်းနှီးနှီးနောက်တဲ့ သဘောမှန်း သိသာပါတယ်။

"ဟုတ်သားပဲ သိသိ၊ ဒါ ဒေါ်လေးဝင်းတဲ့။ သူ့နာမည်က သိသိ

"အေးပါ၊ သိပြီးသားပါ။ ကိုဝင်း ပြောပြထားပြီးသားပါ။ ဒါပေ

လုပ်ရိုးလုပ်စဉ်ကို မင်းမလုပ်လို့ ဒေါ်လေးက သတိပေးတာ"

ရန်ကြီးအောင်က ဒီတော့မှ ရယ်တယ်။

"လိုမှ မလိုတာမို့ ကျွန်တော် မေ့သွားတယ်"

"တကယ်လည်း မလိုပါဘူးကွယ်။ ကဲ မှာကြလေ၊ မင်းတို့ကြိုက်

စားပွဲထိုး အမျိုးသမီးတစ်ယောက် အနားရောက်နေမှန်း ခုမှ

ားမိတယ်။

"ဘာစားမလဲ သိသိ"

"ကြိုက်တာ မှာလေ။ သိတော့ လက်သုပ်စားခဲ့တယ်"

"အို…ဘာလို့ စားခဲ့ရလဲ၊ ဒီမှာ ထမင်းစားမှာ ဥစ္စာ"

"ဆာလို့ပေါ့အောင်ရဲ့"

ပြောမိပြီးမှ ကျွန်မ နည်းနည်း ရှက်သွားတယ်။ ကျွန်မကို အောင့်

က အထင်မသေးစေချင်ဘူး။ ဟို ဆာတာကို ဣန္ဒြေမဆောင်

က်သုပ်ဝယ်စားထားတာကို အထင်သေးမှာ စိုးတယ်။ ဒါပေမယ့်

က…

"အေးပေါ့၊ ဆာတုန်း တစ်ခုခု နည်းနည်းပါးပါး စားလိုက်တာ

ာပေါ့။ နို့မို့အဆာခံပြီး ဘာမှ ထပ်မစားနိုင်ဘဲ နေမှာ"

ကြည့်၊ အောင့် ဒေါ်လေးက ဘယ်လောက် ချစ်စရာကောင်းလဲ။

ကာ မိန်းမကြီးတွေဆို 'ဒီမှာ ထမင်းစားကြမယ့်ဟာ ဘာလို့

တွေ ဝယ်စားလာရလဲကွယ်' ဘာညာလျှောက်ပြောနေဦးမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"မှာ၊ မှာ၊ ရန်ကြီးအောင် ကြိုက်တာ မှာလိုက်"

"ဒေါ်လေးဝင်းကော ဘာစားမလဲ"

"သဘောပါဆိုကွယ်၊ ဒေါ်လေးလည်း ဒီဆိုင်တွေမှာ မမှာတ ပါဘူး"

အောင်က စာရွက်ကလေးပေါ်မှာ တစဉ်းစားစားနဲ့ စားသောက် တွေ မှာနေတယ်။ ကျွန်မက အောင့်ဒေါ်လေးကို ကြည့်နေလိုက်မိတယ် သူက ကျွန်မကို ကြည့်ပြီး ပြုံးပြုံးကလေးနေတယ်။

မမဝင်းက တကယ်ချစ်စရာကောင်းတယ်။ သူ့မျက်လုံးက ဝိုင်း ဝိုင်းကလေးတွေ၊ မျက်ခုံးက ထူထူလေး။ မိတ်ကပ်တို့ ဘာတို့ လိမ်းမထ ဘူး။ ပေါင်ဒါလေးပဲ ရိုက်ထားတယ်။ နှုတ်ခမ်းလည်း ဆိုးမထားဘူ ဒါပေမယ့် သူ့နှုတ်ခမ်းက ပန်းရောင်နုနုလေး စိုလို့။

ဆံပင်ကိုလည်း သပ်သပ်ရပ်ရပ် ထုံးထားတယ်။ ဆံပင်ပြင်ဆိုင် ထုံးပုံမျိုး မဟုတ်ဘူးလေ။ အိမ်မှာ သူ့ဘာသာ ဒုံးလာတာပေါ့။ နော တွဲ ဆံထုံးအိအိလေး။ ကျွန်မ သူ့ဆံထုံးမျိုး ထုံးချင်လိုက်တာ။ ဆံ ဖြတ်ထားမိတာ မှားတာပဲလို့တောင် တင်မိသေးတယ်။

မမဝင်းလို မိန်းမမျိုးကို ရတာ လေးလေး သိပ်ကံကောင်းတာ ဘယ်ယောကျာ်းဖြစ်ဖြစ် မမဝင်းလို မိန်းမမျိုးကို လိုချင်မှာပဲလို့ ကျွ တွေးမိလိုက်တယ်။

မမဝင်းက ဣန္ဒြေရရနဲ့ လှတာ။ ပြီးတော့ ယောကျာ်း လေးလေးစားစား ရှိရှိသေသေနဲ့ ချစ်မြတ်နိုးမယ့် ပုံမျိုး။ အဲသလို မိန် မျိုးကို မလိုချင်တဲ့ ယောကျာ်း ရှိပါ့မလား။

ကျွန်မကော အဲသလို လှရဲ့လား။ မမဝင်းလို လှရဲ့လား။

အဲဒီလို တွေးမိတာနဲ့ တစ်ပြိုင်နက် ကျွန်မစိတ်ထဲမှာ သိမ်ငယ်သွ တယ်။ ကျွန်မကိုယ် ကျွန်မ ဝန်ခံလိုက်မိပါတယ်။ ကျွန်မ မမဝင် မလှပါဘူး။ စိတ်မကောင်းပါဘူး။ ကျွန်မ ကံနည်းတယ် ခေါ်မလ





"သီသီက အစ်မများအိမ်မှာ နေတယ်ဆို"

မမဝင်းက ကျွန်မ ပျင်းနေမှာစိုးလို့ စကားပြောတဲ့ ပုံမျိုးပါ။ တဲ့ လေသံမဟုတ်ပါဘူး။ ကျွန်မ သိတာပေါ့။

"ဟုတ်ကဲ့"

"ကောင်းတာပေါ့၊ ညီအစ်မချင်းဆိုတော့ တိုးတိုးဖော်လုပ်လို့ ပို ောင်းတာပေါ့။ ဟုတ်ဘူးလား"

ကျွန်မ ပြုံးပြီး မျက်လွှာချလိုက်တယ်။ ဒေါ်လေးကတော့ ကျွန်မ ရှေ့မှာ နေသာထိုင်သာဖြစ်အောင် တရင်းတနှီးလုပ်တာပါ။

"ရန်ကြီးက ကုသိုလ်ကောင်းတယ်။ သီသီက တကယ်လှတာပဲ"

"မမလောက် မလှပါဘူး မမရယ်"

ကျွန်မက အဲသလို စိတ်ထဲရှိတာကို လွှတ်ခနဲ ပြောလေ့ရှိတယ်။

"ဒေါ်လေးက အေးအေးမမက အသက်ကြီးပါပြီကွယ်"

"ကျွန်မက သူ့ကို ခေါ်တဲ့အတိုင်း မမလို့ ပြင်ပြောတယ်။

"မင်းတို့လေးလေး စိတ်မကုန်အောင် မနည်းလုပ်နေရတယ်"

ပြောပြီး ရယ်တယ်။ သူ့ကိုယ်သူ အသက်ကြီးပါပြီ။ ပြောပေမယ့် ါက ဟာသကြီးလိုပဲ။

"မမက မအိုသေးပါဘူး"

"အိုပြီးပါပကောကွယ်။ မင်းတို့ လေးလေးနဲ့ လက်ထပ်လိုက် ည်းက အိုသွားတာ"

ကျွန်မ မမဝင်းရဲ့ဟာသကို သိပါတယ်။ ဒါ့ကြောင့် ရယ်လိုက် ယ်။ မမဝင်းလည်း အသိ။ ကျွန်မလည်း အသိပဲလေ။ ကျွန်မ ဆိုလို ာ ဘာလဲဆိုတာ။

"လေးလေးကို တစ်နေ့က ကောင်မလေးတစ်ယောက်နဲ့ တွေ့ တယ်နော်"

အောင်က ဝင်နှောက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ လေးလေးက စွံတယ်ကွ"

"အစစ်ပေါ့၊ ကျွန်တော်ကော"

"မင်းက ပိုစွံသေး၊ ကြည့်ပါလား၊ သီသီ့လို လှလှက[illegible]
ချိတ်နိုင်တာ"

"မနည်း ကြိုးစားရတာဗျ"

"လက်ဖက်ကောင်းစားချင်ရင် ပလောင်တောင်တက်နေ့ရ[illegible]
လေကွယ်"

အမှန်က ကျွန်မကို ချီးကျူးရင်း နေသာထိုင်သာဖြစ်အောင် [illegible]
နေတာပါ။ ကျွန်မက သိပ်လှတာ မဟုတ်ပါဘူး။ အောင့်မျက်စိ[illegible]
တော့ မပြောတတ်ဘူးလေ။ အောင်က ပြောတော့ ကျွန်မ သိပ်လှ[illegible]
တဲ့။

ဒါကလည်း ကိုယ့်ချစ်သူကို ကိုယ်ပြောနေကျပဲ ဥစ္စာ။ ဆန်း[illegible]
လို့။

"သီသီ့လေးလေးကတောင် ပြောသေးတယ်။ ရန်ကြီး ဒီလေ[illegible]
စွံမယ် မထင်ဘူးတဲ့။ ကောင်မလေးက လှလှလေးကွတဲ့"

ကျွန်မ စိတ်ထဲမှာ အဲဒီစကားကြားရလို့ ကြည်နူးသွားမိတ[illegible]
လေးလေးက ကျွန်မကို လှတယ်လို့ အသိအမှတ်ပြုလို့ပေါ့။

"မင်းလောက်တော့ မလှဘူးလို့ ဆက်မပြောဘူးလား"

အောင်က စကားဆက်ပေးတယ်။

မမဝင်းက ရယ်နေလိုက်တယ်။ ကျွန်မ မှန်းကြည့်လို့ရပါတ[illegible]
လေးလေးက အဲသလိုပဲ ပြောမှာပါ။ ဟုတ်လည်း ဟုတ်နေတာပဲ [illegible]
မမဝင်းလောက်မှ ကျွန်မ မလှတာ။

မမဝင်းလှတာကို မနာလို မဖြစ်မိဘူး။ သူ့ကို ကြည့်ရတာ [illegible]
မှာ အေးနေတာပဲ။ သူ့လို လှချင်တာပဲ စိတ်ထဲမှာ ဖြစ်မိတယ်။





"လေးလေးလည်း တကယ်စွံတာနော။ တော်ကြာ ဒေါ်လေး
ကျွန်ရစ်ဖြစ်နေမယ်"

"စွံသွားပါစေကွယ်၊ သူ့ဒုက္ခတောင် အေးသေးရဲ့"

"တဲကယ် ပြောတာလား၊ တော်ကြာမှ ဒေါ်လေးဆွေးနေမယ်
နော"

'ဆွေးစရာ မလိုပါဘူး' ကျွန်မက ဝင်ပြောတယ်။

"ဒေါ်လေးကလည်း စွံမှာပဲဥစ္စာ"

ကျွန်မ အတွင်းစိတ်က ဘယ်လိုဖြစ်တယ် မသိဘူး။ အဲသလို ဝင်
ပြောလိုက်မိတယ်။ ပြောသင့် မပြောသင့် မစဉ်းစားမိဘူး။ ဟုတ်တော့
လည်း ဟုတ်ပါတယ်။ ဒေါ်လေးလို မိန်းမတစ်ယောက်အနေနဲ့ ယောကျာ်း
တွေကို ခေါင်းခေါက်ရွေးနိုင်တာပေါ့။

ဒေါ်လေးကတော့ ဘာမှ ပြန်မပြောဘဲ ပြုံးနေလိုက်တယ်။

သူ့အပြုံးက ဒီစကားတွေ ပြောမယ့်သာ ပြောနေတာပါ။ အရေး
တကြီး မဟုတ်ပါဘူး။ သူနဲ့ လေးလေးနဲ့လည်း ပြဿနာဖြစ်နိုင်စရာ
မရှိပါဘူးလို့ တထစ်ချ ယုံကြည်ထားပုံမျိုး။

"ဟေး ဆောရီး ဆောရီး၊ ကိုယ့် အရေးတကြီး ကိစ္စလေး သတိရ
လို့ ခဏသွားလိုက်ရတယ်"

လေးလေး အခန်းထဲ ဝင်လာရင်း ပြောလိုက်တယ်။ လေးလေးက
မမဝင်းနားမှာ ဝင်ထိုင်လိုက်တယ်။

သူတို့နှစ်ယောက် ယှဉ်ထိုင်နေတာကို ကြည့်ရတာ ကျွန်မ ကြည်နူး
လိုက်တာ။ ကျွန်မတို့နှစ်ယောက် ယှဉ်ထိုင်နေတာ အဲသလောက် ကြည်နူး
စရာ ကောင်းပါ့မလား မသိဘူး။ အို ဘာဖြစ်လို့များ သူတို့စုံတွဲနဲ့ ကျွန်မ
တို့စုံတွဲကို ယှဉ်ပြီး စဉ်းစားနေမိပါလိမ့်။

အဲဒီတုန်းမှာပဲ စားစရာတွေ လာချပေးတယ်။

"ဟော့ ဖားရတယ်မဟုတ်လား. သမီး"



www.burmeseclassic.com

www.burmeseclassic.com



လေးလေးက စားပွဲထိုး အမျိုးသမီးကို လှမ်းမေးတယ်။ ဖားသားဟင်း စားချင်လို့နဲ့တူပါရဲ့။

"ဟုတ်ကဲ့ရှင့်"

"လုပ်ကွာ တစ်ပွဲလောက်၊ ဩော် သိသိ ဖားသားစားရဲလား။ ကြည့်ပြီးများ ရွံနေမလား"

ကျွန်မကို လေးလေးက အားနာဟန်နဲ့ လှည့်မေးတယ်။

ကျွန်မကတော့ ဘာမှမဖြစ်ပါဘူး။ ဖားတော့ မစားဖူးဘူး။ ဒါပေမယ့် ကျွန်မ အမေလည်း ဖားသားဟင်းကြိုက်တတ်တာပဲဟာ။ ကျွန်မ မရွံပါဘူး။

"ကိစ္စမရှိပါဘူး လေးလေး၊ ကျွန်မ မရွံပါဘူး၊ မေမေလည်း ဖားသား ကြိုက်တယ်"

"ဟုတ်လား၊ သိသိကော စားသလား"

"ဟင့်အင်း၊ မစားဖူးဘူး"

"စားကြည့်ပါလား"

"ရပါတယ်"

အောင်က ကျွန်မကို အံ့ဩသလို ကြည့်တယ်။ ကျွန်မက အောင့်ကို တစ်ချက် ပြုံးပြလိုက်တယ်။

"တယ်ဟုတ်ပါလား သိသိ၊ ဖားကို မမတော့ မစားရဲဘူး၊ မျက်စိထဲ မျက်လုံးပြူးပြူး ဖားကလေးတွေ မြင်မြင်နေတာနဲ့ကို မျိုမကျနိုင်ဘူး။ မင်းတို့ လေးလေးကတော့ အစုံစားတာပဲ"

ကျွန်မ ဘာမှပြန်မပြောဘဲ ပြုံးနေလိုက်တယ်။ မမဝင်းရှေ့မှာ ဖားသား စားပြလိုက်ဦးမယ်လို့ စိတ်ကူးမိသေးရဲ့။

သည်လိုပဲ ပြောရင်း ဆိုရင်းနဲ့ ထမင်းစားကြပါတယ်။

ထမင်းစားတုန်း တလျှောက်မှာ မမဝင်းက လေးလေးကို ဟင်းဖတ်တွေ ထည့်ပေး။ အောင်က ကျွန်မကို ဟင်းဖတ်တွေ ထည့်ပေး။ လေးလေးက ကျွန်မတို့ သုံးယောက်စလုံးကို ဟင်းတွေ လိုက်ထည့်ပေးနဲ့ စိုစိုပြည်ပြည် ပါပဲ။





အဲ ကျွန်မ ဖားသားကို စားတာမြင်တော့ မမဝင်းက ပြုံးပြီး ကြည့်တယ်။ ကျွန်မကလည်း ကျွန်မ။ ပထမဦးဆုံး ဖားသားဟင်းဖတ်ကို လေးလေးက "စားကြည့်လေ"ဆိုပြီး ထည့်ပေးတော့ ကျွန်မ ခက်ရင်းကလေးနဲ့ ထိုးပြီး ပါးစပ်ထဲ ထည့်မယ်အလုပ်မှာ မမဝင်းကို ဖြတ်ခနဲ ကြည့်လိုက်တယ်။

ကျွန်မ အကြည့်က မမဝင်းကို ကြွားသလိုများ ဖြစ်သွားသလား မသိဘူး။ မိန်းမအချင်းချင်း ဖားသားစားရဲတာ ပြိုင်လိုက်သလို ဖြစ်မှာ စိုးတယ်။

မမဝင်းကတော့ တည်တည်ငြိမ်ငြိမ်ပဲ။ ဘာမှ မလှုပ်ရှားဘူး။ "ကလေးတွေဆိုတော့ စားရဲတာပေါ့လေ"လို့ ဆုံးဖြတ်ထားပုံမျိုးပဲ။ အပြစ်မြင်တဲ့ အကြည့်မျိုး သူ့မျက်လုံးမှာ မတွေ့ရဘူး။ သူ့ကို ကျွန်မ ပိုချစ်မိတယ်။

အောင်က ဟင်းထဲက အသည်းဖတ်ကလေးတစ်ဖတ် ခက်ရင်းနဲ့ ထိုးပြီး ကျွန်မကိုခွံ့တယ်။ ကျွန်မက ရှက်သလို အကြည့်နဲ့ လေးလေးနဲ့ မမဝင်းကို မျက်လွှာ လှန်ကြည့်ရင်း စားလိုက်တယ်။

လေးလေးက

"ဟား ဟား၊ ဒီလိုကြေးလား ရန်ကြီးရ"

ဆိုပြီး အသည်းဖတ် သုံးလေးဖတ်ကို ခက်ရင်းနဲ့ ထိုးယူပြီး မမဝင်းကို ခွံ့တယ်။ မမဝင်းက–

"အို... ကလေးတွေနဲ့ လိုက်ပြိုင်နေရသလား"

လို့ ပြန်ပြောရင်း ပါးစပ်ကလေး ဟ ပေးတယ်။ သိပ်လှတာပဲ။

လေးလေးက မမဝင်းကို အသည်းဖတ်ကလေးတွေ ခွံ့ပေးတော့ မမဝင်းက ဟထားတဲ့ နှုတ်ခမ်းဝိုင်းဝိုင်းလေးနဲ့ လေးလေးရဲ့ ပျော်ရွှင်ပြုံးရယ်နေတဲ့ မျက်နှာကို ကြည့်ရတာ သိပ်ကြည်နူးဖို့ ကောင်းတာပဲ။ ကျွန်မ ငေးလိုက်တာ။



www.burmeseclassic.com

"လုပ်မနေပါနဲ့တော့ လေးလေးရာ၊ အသံတိတ်ရုပ်ရှင် ကားဟော
တွေထဲက လပ်ဖ်ဆင်းမျိုးကြီးပါ"

အောင်က လေးလေးကို သရော်တဲ့ အသံနဲ့ ပြောတယ်။

"ဟော့ ခင်မောင်ရင်ကိုမီတဲ့ မင်းသား တစ်ကောင်မှ မပေါ်သေး
ကွ၊ ဟား ဟား၊ နော် မြရယ်"

လေးလေးက ရယ်သံစွက်ပြီး အားရပါးရ ပြောတယ်။ မမ
ကိုလည်း လှည့်ကြည့်ပြီး "နော် မြရယ်"လို့ ပြဇာတ်မင်းသားဟန်
သေးတယ်။

"ခင်မောင်ရင် တစ်ကိုယ်တည်းမှာ အရူးကြီးပမာ ဖြစ်ကာ
သိမ်းမည်လို့ ဆက်ဆိုပါလား လေးလေးရဲ့"

အောင်က နောက်တယ်။

"မလုပ်ပါနဲ့ကွာ မရူးပါရစေနဲ့၊ မင်းတို့ခေါ်လေးကလည်း ငါ
ပစ်ထားခဲ့မှာ မဟုတ်ပါဘူး၊ သြော် ဒါလေမယ့် တစ်ခုရှိသေးတယ်၊ ဘာ
ရယ် မိန်းမဆိုတာ ဆောင်းလေပမာညီ၊ အတွင်းသဘော ဘယ်မတ
ပြောင်းလဲတတ်သည်၊ မောင် အချစ်ဆုံးမြဟာ ခုတော့ အဖိုးမထိုက်၊
မဟုတ်သေးဘူးကွ၊ ဘယ်တော့ဖြစ်ဖြစ် အဖိုးအနဂ္ဃ ထိုက်နေတာပဲ၊
မိန်းမကတော့"

"တော်စမ်းပါကွယ်၊ ကလေးတွေရှေ့မှာ ဘာတွေ လျှောက်ပြော
မလို့လဲ"

မမဝင်းက လေးလေးကို ဟန့်တဲ့လေသံနဲ့ ပြောတာ မဟုတ်ပါဘူ
ရိုးရိုးပဲ ပြောတာ။ ရှက်တဲ့သဘောလည်း မဟုတ်ပါဘူး။

အဲဒီအချိန်ကလေးမှာ ကျွန်မ စိတ်ထဲ ကြည်နူးလိုက်တာလွန်ပါ
ပြီးတော့ အောင်နဲ့လျှောက်လည်ကြတဲ့ အရင်အခါတွေတုန်းကလို မဟု
တာ တစ်ခုကိုလည်း စဉ်းစားမိတယ်။





အရင်တုန်းက အောင်နဲ့ လျှောက်လည်ကြရင် ကျွန်မတို့ အလုပ်က
တုတ္တူယှဉ်တွဲပြီး မြို့ထဲလျှောက်၊ ဝယ်ချင်ခြမ်းချင်ရင်လည်း ဈေးထဲ အတူ
တူ သွားကြ။ ရုပ်ရှင်အတူတူကြည့်။ ပန်းခြံတို့ ဘာတို့မှာ အတူတူထိုင်
စကားဖွတ်ထိုး စသဖြင့်လောက်ပဲ။ သူများတွေလိုပဲပေါ့။

ခုတစ်ခါကတော့ ကျွန်မတို့နဲ့တူတူ လေးလေးတို့စုံတွဲ ရှိနေတယ်
မဟုတ်လား။ ပြီးတော့ မမဝင်းကလည်း ကျက်သရေရှိ၊ လေးလေးကလည်း
ခန့်။ ပြီးတော့ တစ်ယောက်နဲ့တစ်ယောက်လည်း ကြင်ကြင်နာနာ။

ဘဝမှာ ပျော်ရွှင်ချမ်းမြေ့တယ်ဆိုတဲ့ ကိစ္စလည်း ရှိပါသေးလားလို့
တွေးမိတယ်။ ကျွန်မ အဲသလို ချမ်းမြေ့ချင်တယ်။ အောင်နဲ့ပေါ့။ ကျွန်မ
ကို ကေသွယ်ပြောသလို လေထဲ လွင့်နေတဲ့ ခံစားမှုမျိုးကို ပျောက်ပစ်ချင်
လာတယ်။

ငှက်ကလေးတစ်ကောင် သစ်ကိုင်းမှာ လာနားတာကို ကြည့်ရတဲ့
အခါမျိုးမှာ စိတ်ကြည်နူးပုံမျိုး၊ ပန်းပွင့်ကလေးတွေနဲ့ လိပ်ပြာကလေးတွေကို
မြင်ရပုံမျိုး၊ စမ်းချောင်းကလေးထဲမှာ ခြေဖျားကလေးနှစ်ပြီး စမ်းရေအောက်
က ကျောက်စရစ် ဖြူနီပြာဝါ ရောင်စုံကို ကြည့်နေရပုံမျိုး စသဖြင့်ပေါ့လေ။

ကျွန်မ ဘဝရဲ့အဓိပ္ပာယ် တစ်ခုခုကို ရှာချင်လာတယ်။

ထမင်းလုတ်တွေက ဘယ်လိုက ဘယ်လို ဝမ်းထဲ ဝင်သွားတယ်
မသိလိုက်ဘူး။ ကျွန်မရှေ့က ပန်းကန်ထဲမှာ ထမင်းကုန်ခါနီး ဖြစ်သွား
တယ်။

"ယူဦးလေ သီသီ၊ ရန်ကြီး သီသီဖို့ ထမင်း"

မမဝင်းက အောင့်ကို လှမ်းသတိပေးတယ်။

ကြည့်၊ အောင်တစ်ယောက်ဟာလေ အဲသလိုမျိုးဆို ထမင်းတွေ
ငှဲစားနေလေရဲ့၊ မမဝင်းက ပြောတော့မှ–

"အား... ယူဦး သီ"

ဆိုပြီး ထမင်းတွေ ထပ်ထည့်ပေးမယ် လုပ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ အောင်၊ လက်သုပ်တွေလည်း စားလာသေးဟာ ဥစ္စာ"

ပြောဖြစ်ပြန်ပြီ ဒီလက်သုပ်အကြောင်း။ လေးလေးက–

"ဟုတ်လား၊ လက်သုပ်စားလာသေးလား။ ဟုတ်ပေ့ကွာ၊ ထမင်းစားဖိတ်ပါတယ်ဆိုမှ လက်သုပ်တွေ စားလာသေးတယ်တဲ့"

"အို...ကိုဝင်းကလည်း ဒီအချိန်ထိ ဘယ် အဆာခံနေနိုင်ပါ့မလဲ။ ဆာတဲ့အချိန် နည်းနည်းပါးပါးတော့ စားထားမှာပေါ့"

မမဝင်းက ကျွန်မဘက်က ရှေ့နေလိုက်ပေးတယ်။ ချစ်ရပြန်ရော။

"ဖားချည်းပဲ စားလေ"

"အို...ကလေးကို မစားဖူးတာတွေ သိပ်မကျွေးပါနဲ့ ဗိုက်ထဲမှာ တစ်ခုခုဖြစ်ကုန်ဦးမယ်"

မမဝင်းက ကျွန်မကို 'ကလေး'တဲ့။ မဟုတ်လည်း မဟုတ်ဘဲနဲ့ သူ့တူနဲ့တောင် ရည်းစားဖြစ်နေပြီဟာ။ ကျွန်မစိတ်ထဲ ပြုံးလိုက်မိသေးရဲ့။ 'ရည်းစားထားတတ်တဲ့ ကလေးလေး'။

"ဘာမှ မဖြစ်ပါဘူးကွ။ ဟော့ အားမနာနဲ့ စား။ ဘာတဲ့ရယ်၊ မင်းမင်းလတ် သီချင်းလား။ စား စား၊ အားမနာနဲ့ ဆိုသလိုပေါ့"

လေးလေးကတော့ ရွှင်နေတာပဲ။

ကျွန်မတို့ ဝိုင်းထဲမှာ အငြိမ်ဆုံးက အောင် ဖြစ်နေတယ်။ အောင့်ကို ကြည့်ရတာ တစ်မျိုးပဲ။ ဒီထမင်းဝိုင်းကို စိတ်မဝင်စားသလိုမျိုးကြီး။ အောင်က ထမင်းအုပ်ကို ပြန်ချထားလိုက်တယ်။

ကျွန်မလည်း စက္ကူလက်သုတ်ပဝါကလေးကို ဆွဲယူပြီး နှုတ်ခမ်းစပ်မှာ ပေနေတဲ့ ဆီကလေးတွေ တို့သုတ်လိုက်တယ်။ နှုတ်ခမ်းနီတွေတောင် ပျက်ကုန်ပလား မသိဘူး။ ကျွန်မ နှုတ်ခမ်းကို လျှာကလေးနဲ့ သပ်ပြီး နှုတ်ခမ်းနီအရသာခံကြည့်တယ်။ အနံ့မပြယ်သေးပါဘူး။

မမဝင်း ထမင်း လက်စသတ်လိုက်တယ်။





လေးလေးက ထမင်းစားနေရင်းက စက္ကူလက်သုတ်ပဝါလေးယူပြီး မမဝင်းကို ကမ်းပေးတယ်။ မမဝင်းက အသာကလေး လှမ်းယူပြီး သူ့နှုတ်ခမ်းကို ညင်ညင်သာသာ သုတ်တယ်။

သူတို့ လှုပ်ရှားမှုက ဘာမှ ဆန်းဆန်းပြားပြား မဟုတ်ပါဘူး။

ဒါပေမယ့် ဘာဖြစ်လို့များ ကျွန်မရင်ထဲ သိမ့်ခနဲ ဖြစ်ရပါလိမ့်။

နွဲ့ယုရွှင်ပ၊ ဟန်ယုယနှင့်၊

အချအချီ၊ စောင် လိုက်ညီအောင်၊

မောင့်ဆီမျက်နှာ ဆိုင်လျက်သာလျှင်။

ကျွန်မက ကဗျာတို ကဗျာစတွေ မှတ်ထားတတ်တယ်လေ။

မမဝင်းကို လေးလေးက အဲသလို ယုယလိုက်တော့ ဘလွှာတီယပျို့ထဲက ထင်ပါရဲ့။ ကဗျာတစ်စကို အမှတ်ရလိုက်မိတယ်။

ဒါပေမယ့် အဲဒီ ဘလွှာတီယပျို့ထဲကလို သူတို့နှစ်ယောက် ကိန္နရာချောင်းခြားအဖြစ်မျိုး မကြုံပါစေနဲ့။

ဆုတောင်းမယ့်သာ ဆုတောင်းရတာပါ။ တကယ်တော့ သူတို့နှစ်ယောက်က အမြဲလိုလို ကိန္နရာချောင်းခြားအဖြစ် ဖြစ်နေကြတာပဲ မဟုတ်လား။ ချောင်းတောင် မကဘူး။ ပင်လယ်ကြီးတောင် ခြားလိုက်သေး။

အဲသလို လေးလေးက ပင်လယ်ရပ်ခြား ခရီးသွားရင် မမဝင်း ငိုသလား။ လေးလေးကကော မမဝင်းကို လွမ်းပြီး အရက်တွေ ဖိသောက်နေသလား။

ဘာဆိုင်လို့လဲလေ။ သူတို့ကိစ္စ ဘာလို့ ဝင်ခံစားမိပါလိမ့်။ ကိုယ်နဲ့လည်း ဆိုင်တာမှတ်လို့။

*

www.burmeseclassic.com

www.burmeseclassic.com

[၇]

သိုးမွှေးအကျီကလေးတစ်ထည် လက်ဆောင်ရတယ်။ မမဝင်းပေးတာပေါ့။

လေးလေး နိုင်ငံခြားက ဝယ်လာတာတဲ့။ နိုင်လွန်တို့၊ ယုန်မွှေးတို့ ဘာတို့ညာတို့ ခေတ်စားတယ်ဆိုတာ ခဏပဲ မဟုတ်လား။ သိုးမွှေးဆွယ်တာ ဆိုတာမျိုးကတော့ ခေတ်မတိမ်ဘူး။ မေမေတို့ ဘွားဘွားတို့ခေတ်တည်းက သိုးမွှေးအကျီသုံးလာခဲ့ကြတာ ခုထိပဲ မဟုတ်လား။ ကျွန်မ အဲဒီဆွယ်တာ အကျီကလေးကို ရတော့ ဘယ်လို ဝမ်းသာမှန်း မသိဘူး။

ဆွယ်တာပုံစံကလေးက ရိုးရိုးလေးပါပဲ။ အရောင်က အညိုရောင်။

အဲဒီနေ့က ကျွန်မနဲ့ အောင်နဲ့ မမဝင်းတို့ တက္ကသိုလ်ကို သွားကြတယ်။ မမဝင်းက မှာလို့တဲ့။ ကျွန်မနဲ့ တွေ့ချင်တယ်။ သွားစရာလေးရှိလို့လို့ မှာတယ်တဲ့။

ကျွန်မတို့လည်း အဲဒီဘက် သွားစရာနည်းနည်းရှိတာနဲ့ မမဝင်းတို့ဌာနကို သွားတယ်။ မမဝင်းက တက္ကသိုလ်မှာ အလုပ်လုပ်တယ်လေ။ လက်ထောက်ကထိကပေါ့။





ကျွန်မနဲ့ အောင်နဲ့ တက္ကသိုလ် ပရိဝုဏ်ထဲရောက်တော့ မိုးကလေး စရွာတယ်။ ကျွန်မမှာ ထီးပါလာတယ်။ အောင်က ဘယ်တော့ယူလာလေ့ မရှိဘူး။

ကျွန်မ ထီးကလေးကို ဖွင့်ပြီး နှစ်ယောက်အတူတူဆောင်းကြတယ်။ အာ ထီးကိုင်ထားပေးတယ်။ အောင်က သူကိုင်မယ်ဆိုပြီး ထီးကိုသားတယ်။

ကျွန်မက ‘ကိုယ့်ချစ်သူက ထီးမိုးပေးတာ မဆောင်းချင်ဘူးလား’ ပြောတယ်။

အောင်က ရယ်တယ်။

ကျွန်မက သူ့ကို ထီးမိုးပေးရင်း လမ်းလျှောက်ရတာ ပျော်စရာင်းသလိုပဲ။ သူများတွေဆိုရင် ယောကျ်ားလေးက ထီးကိုင်ပြီး မိုးယ် မဟုတ်လား။

ကျွန်မကတော့ သူများတွေနဲ့ ဘယ်နေရာမှ မတူဘူးလား မသိ။ က မိုးစိုမှာ စိုးလို့ဆိုပြီး ကျွန်မဘက် ထီးကို တွန်းတွန်းပေးတယ်။

ကျွန်မတို့နှစ်ယောက် မိုးဦးကျမိုးနဲ့ စတွေ့ရတာပေါ့။

မိုးဦးကျမိုးဟာ ထုံးစံအတိုင်းပဲ။ ပထမ ဖွဲဖွဲနဲ့ စပြီး သိပ်မကြာခင်မိုးရော ထန်လာလေ့ရှိတယ် မဟုတ်လား။

ကျွန်မတို့ ယုဒသန် စကြံနားလည်း ရောက်ရော မိုးက သည်းတော့လေလည်း တအားတိုက်လာတယ်။

ခိုကုန်တာပေါ့။ ထီးကလေးတောင် လေထဲမှာ လန်သွားသေးတယ်။ တို့ အမိုးရှိတဲ့ စကြံကလေးဆီ ပြေးကြတယ်။ ဘာဖြစ်လို့လဲမသိအဲသလို မိုးထဲလေထဲ ပြေးရလွှားရနဲ့ ကသောင်းကနင်း ဖြစ်ရတာပျော်စိမ်သလိုပဲ။

စကြံအမိုးအောက် ရောက်တော့လည်း မထူးလှပါဘူး။ လေပြင်းသာတဲ့ မိုးစက်တွေက စကြံကို ဥဒဟို ဖြတ်ပြေးနေကြတာဥဒဟိုပြီပေါ့။

www.burmeseclassic.com



အဲဒီစကြံမှာ အုတ်တိုင်ကလေးတွေ နှစ်တိုင်စီ ပူးပူးထားတာ သတိထားမိတယ်။

အမှန်ကတော့ အုတ်တိုင်ကလေးတွေ တစ်တိုင်စီပါပဲ။ အုတ်တိုင် အလယ်မှာ နေရာလပ် နှစ်လက်မလောက် ခြားထားတော့ တိုင်ကလေးတွေ နှစ်တိုင်စီ ပူးပူးထားသလို ထင်ရတာပေါ့။

ကျွန်မတို့နှစ်ယောက် အုတ်တိုင်ကလေးကို လေကွယ် မိုးကွယ်လုပ် ရတယ်။ နှစ်ယောက်သား ပူးကပ်လို့ပေါ့။ သိပ်မဝေးတဲ့ နေရာမှာ ယုဒသန် ဘုရားရှိခိုးကျောင်းရဲ့ နောက်ဖေးဘက်ဆင်ဝင် ရှိပါတယ်။

အဲဒ်နေရာမှာဆိုရင် မိုးလေလုံတာပေါ့။ ဒါပေမယ့် ကျွန်တော်တို့ နှစ်ယောက်စလုံး အဲဒီရောက်အောင် မပြေးကြဘူး။ အုတ်တိုင်သေးသေး လေးတွေကိုပဲ အကွယ်အကာလုပ်ပြီး ပူးနေကြတယ်။

ရေတွေက စိုလို့။

သူ့နှာသီးဖျားလည်း အေးနေတာပဲ။ ကျွန်မပါးလည်း အေးနေ ပါပဲ။

"ဟိတ် သူခိုး"

"ချစ်"

တော်သေးတာပေါ့။ စကြံတစ်လျှောက် လူရှင်းနေပေလို့။

အောင်က ရေစိုနေတဲ့ သူ့ဆံပင်ကို သပ်တင်လိုက်တယ်။ အောင် ဟာ လူချောတစ်ယောက်ပါ။ မျက်နှာမှာ စိုနေတဲ့ မိုးစက်ကလေးတွေ သပ်ချတယ်။

"မိုးစက်ကလေးတွေ စိုနေတဲ့ အောင့်ပါးက ပိုလှတယ်"

ကျွန်မက တိုးတိုး ပြောလိုက်တယ်။

အောင်က 'ဟုတ်လား'လို့ ပြောရင်း မိုးပက်တဲ့ဘက်ကို သူ့မျက်နှာ လှည့်ပေးလိုက်တယ်။ ပြီးတော့ ကျွန်မဘက် ပြန်လှည့်ပြတယ်။

"လှလား"





"သိပ်များသွားပြီ၊ ကျောက်ပေါက်နေသလိုပဲ"

သူ ခေါင်းကို နှစ်ခါသုံးခါ ဆက်ယမ်းခါလိုက်တယ်။ မိုးစက် တချို့ သူ့မျက်နှာပေါ်က ထွက်သွားတယ်။

"ဒီလောက်ဆို တော်ပြီလား"

ကျွန်မ ပြုံးပြီး ခေါင်းညိတ်ပြတယ်။ သူက မေးကလေးထိုးရင် ကျွန်မဘက် ပါးကလေး တိုးပေးတယ်။

သူ့ပါးပြင်ပေါ်က ရေစက်ကလေးတစ်ပေါက်ကို ကျွန်မ ရှုရှိုက် မိလိုက်ပါရဲ့။

အဲဒီနေ့မှာပဲ ဆွယ်တာကလေး လက်ဆောင်ရတာပေါ့။

မမဝင်းရဲ့အခန်းက စီးပွားရေးတက္ကသိုလ်ရဲ့ အပေါ်ဆုံးထပ်မှာ။ [illegible]ရှိုနဲ့မို့ ထဘီစက တုပ်တုပ်နေတယ်။ လှေကားတက်ရတာကိုက [illegible]င့်စနည်းနဲ့။ ပြီးတော့ အပေါ်ဆုံးထပ်ကို တက်ရတာ။

မမဝင်းတို့ အခန်းဝရောက်တော့ အခန်းထဲက ထွက်လာတဲ့ လူ [illegible]ယောက်နဲ့ ကျွန်မတို့နဲ့ တိုက်မိမလို ဖြစ်သေးတယ်။ လူက ပုတိုက် [illegible]နဲ့၊ ဆံပင်ကတိုတို၊ လုံချည်တိုတို ဆီးထားတယ်။ အပေါ်အင်္ကျီ [illegible]ရှားဝတ်လို့။ အသားညိုမြည်းမြည်းရယ်။ ပုံမလာပါဘူး။

အောင်က တိုးတိုးကပ်ပြောတယ်။

"အဲဒါ ဆရာဇော်ပေါ့။ စာရေးဆရာဇော်ဇော်အောင်ဆိုတာ"

"သွား၊ နောက်စရာ ရှားလို့"

"တကယ်ပါ"

အောင်က ညာတဲ့၊ လိမ်တဲ့၊ နောက်တဲ့ မျက်နှာမျိုး မဟုတ်ပါလေ [illegible] အဲဒီဆရာဇော်ဆိုတာကို လှမ်းကြည့်မိတယ်။ ပုအိုက်အိုက်၊ ငိုက် [illegible]ခိုက်၊ စောင်းငန်းစောင်းငန်းနဲ့ ထွက်သွားလေရဲ့။



www.burmeseclassic.com

www.burmeseclassic.com



'သူ့မင်းသား စိုးအောင်နဲ့တော့ တခြားစီပဲ' ကျွန်မ စိတ်ထဲ ...
သလို ညည်းမိတယ်။

"ဟုတ်တယ်လေ၊ တကယ်သာ အဲဒီဆရာဟာ ဇော်ဇော်အောင် ... ဖြစ်ခဲ့ရင် သူရေးတဲ့ ဝတ္ထုတွေထဲက မင်းသားစိုးအောင်ဆိုတဲ့ ရုပ်မျိုး ဖြ... ရမှာပေါ့။ ချောချော၊ ဖြောင့်ဖြောင့် ဖျတ်ဖျတ်လတ်လတ်၊ အကြည့်ရှ... ရဲရဲ၊ ဘာကိုမဆို ပြတ်သားမည့်ရုပ်မျိုး ဖြစ်ရမှာပေါ့။ ခုတော့ ဆရာ... ဆိုတဲ့ လူကြီးက တောပုံကြီး။

"မယုံရင် ဒေါ်လေးဝင်းကို မေးကြည့်"

"ထားပါတော့၊ ထားပါတော့"

ကျွန်မက နောက်တောက်တောက်လေသံနဲ့ ပြန်ပြောလိုက်တယ်... ကျွန်မအတွက် သိပ်အရေးကြီးတဲ့ကိစ္စမှ မဟုတ်ဘဲ။

မမဝင်းက အခန်းတဲက စားပွဲတစ်လုံးမှာ ထိုင်နေတယ်။ မမဝင်း... မျက်မှန်တပ်ထားတယ်။ ကြီးကြီး ကြီး။ သူ့မျက်နှာနဲ့ မျက်မှန်နဲ့... မျက်မှန်က ပိုကြီးနေသလိုပဲ။ သူ့မျက်နှာက သွယ်သွယ်လေး မဟု... လား။ မျက်မှန်ကြီးကြီးနဲ့ဆိုတော့ အင်း တစ်မျိုးလှတာပဲ။ မမဝင်း... ဘယ်လိုနေနေ လှနေတာပါလားလို့ ကျွန်မ စိတ်ထဲ မှတ်ချက်ချလို... တယ်။

"ဟယ် မိုးထဲ လေထဲ ဒီနှစ်ယောက်"

မမဝင်းက မျက်မှန်နောက်က မျက်လုံးအပြုံးနဲ့ နှုတ်ဆက်တယ်...

"ဒေါ်လေးဝင်းက လာနိုင်းတော့ မိုးမရှောင် လေမရှောင် လာရ... ပေါ့"

"အမလေး ကြွရင် ဝင်ခဲ့ကြပါလို့ မှာတာပါကွယ်"

အောင် မြူးနေတယ်။ မြူးမှာပေါ့၊ အေးလေ ကျွန်မလည်း... မြူးနေမိတာပါပဲ။ မိုးထဲလေထဲ နှစ်ယောက်တွဲလို့လေ။

"ထိုင်ကြလေ"





မမဝင်းက သတိပေးမှ ကျွန်မတို့ ဝင်ထိုင်လိုက်ကြတယ်။

ခုမှ တက္ကသိုလ်စတက်ရတော့မယ့် ကျောင်းသူသစ်အနေနဲ့ ဆရာမ ... ရုံးခန်းမှာ ထိုင်ခွင့်ရတာကို ကျွန်မ ကျေနပ်ကြည်နူးမိတယ်။ ဂုဏ်ယူ ...လည်း ပါသပေါ့။

မမဝင်းက သူ့ဆွဲခြင်းတောင်းကလေးထဲက ဓာတ်ဗူးအသေးကလေး ...ဗူး ဆွဲထုတ်သည်။ အနီးမှာရှိတဲ့ ဗီရိုထဲက လက်ဖက်ရည်ပန်းကန် ...လုံးနဲ့ ပန်းကန်ပြားတစ်ချပ်လည်း ထုတ်တယ်။

မမဝင်း လှုပ်ရှားပုံကို ထိုင်ကြည့်ရတာ သိပ်ကောင်းတာပဲ။ နွဲ့နွဲ့ ... နုနုလေး၊ သာသာယာယာလေး။ နိုင်ငံခြားရုပ်ရှင်တွေထဲက ဘဲ ...အက ကြည့်ရသလိုမျိုးပဲ။

"ချမ်းလာတယ် မဟုတ်လား။ ကော်ဖီပူပူလေး သောက်လိုက်"

"နေပါစေ မမဝင်း"

"သောက်ပါ၊ တော်ကြာမှ အောက်ဆင်းပြီး တစ်ခုခုစားတာပေါ့"

"မစားချင်တော့ပါဘူး မမဝင်း"

"စားကြတာပေါ့။ ဒေါ်လေးဝင်းက သူ့ဒွေးပဲ ဥစ္စာ"

အောင်က ဝင်ပြောတယ်၊ ဒေါ်လေးဝင်းက–

"ရန်ကြီးရဲ့ လေးလေးက သူ့ဒွေးပါကွယ်။ ဒေါ်လေးက သူ့ပိုက်ဆံ ... မထိရပါဘူး"

ကျွန်မစိတ်ထဲ တစ်မျိုးပဲ ဖြစ်သွားတယ်။ လေးလေး ချမ်းသာ ...လို့ မှန်းမိပါတယ်။ လေးလေး ပိုက်ဆံတွေကို မမဝင်းက မထိရဘူး ...တွေ ဟုတ်သေးဘူး ထင်ပါရဲ့။

ညာပြောတာ ဖြစ်မှာပါ။

အောင်က

"သိပါတယ်၊ လေးလေး ပိုက်ဆံကို ဒေါ်လေးဝင်းက မထိဘာ။ ...လေးဝင်းကလည်း ချမ်းသာပြီးသားကို"



www.burmeseclassic.com

www.burmeseclassic.com



"ထားပါကွယ်၊ မြှောက်မနေပါနဲ့တော့။ ခဏနေရင် မင်းတို့ ကဲင်တင်းပို့ပါ့မယ်"

မမဝင်းက ကော်ဖီငှဲ့ရင်း ပြောတယ်၊ ပြီးတော့ ပန်းကန် ကျွန်မရှေ့ ချပေးတယ်။

"သောက် သီသီ၊ ပူပူလေး"

ကျွန်မ ကော်ဖီပန်းကန်လေးကို ယူပြီး မှုတ်သောက်လိုက်တယ်

အမိန့်နာခံတဲ့ သဘောပေါ့။

အဲဒီအချိန်အတွင်းမှာပဲ မမဝင်းက သော့တန်ကလေးကို သော ထဲက ရွေးထုတ်ပြီး ဗီရိုကို ဖွင့်တယ်။ အထဲက ပလတ်စတစ်နဲ့ ထုပ် တဲ့ အထုပ်တစ်ထုပ် ဆွဲယူလိုက်တယ်။ ပလတ်စတစ်သံက ချွတ် ချွတ်ချွတ်နဲ့ မြည်တယ်။

ကျွန်မအတွက် ဆွယ်တာလေးပေါ့။

မမဝင်း အထုပ်ကို ကမ်းပေးရင်း–

"ရော့ သီသီ၊ သီသီနဲ့ လိုက်မှာပဲလို့ ထင်လို့ မင့်လေးလေး လာတဲ့ထဲက ရွေးခဲ့တာ"

"ဒါနဲ့ ခေါ်လေးဝင်းက လေးလေးပိုက်ဆံတွေ မထိရဘူးဆို"

"ဒါ ပိုက်ဆံမှ မဟုတ်ဘဲ ရန်ကြီးရဲ့၊ ဆွယ်တာပဲဟာ၊ ပြီး ခေါ်လေးသူငယ်ချင်းတွေ လက်ဆောင်ပေးရအောင် ဝယ်လာခဲ့တာ

ကျွန်မ ချမ်းလာသလိုပဲ။ ခုနတော့ မိုးထဲလေထဲ ပြေးဟယ် ဟယ်နဲ့မို့ ချမ်းရမှန်းမသိဘူး။ အခန်းထဲမှာ ငြိမ်ပြီး ထိုင်မိမှ ချမ်းသလို ဖြစ်လာတယ်။ အဲ ဆွယ်တာလေး တွေ့လိုက်ရလို့ ချမ်းလာတာလည် ဖြစ်နိုင်တာပေါ့။

"သီသီ ခု ဝတ်ထားလိုက်ပါလား နွေးသွားအောင်"

မမဝင်းက ပြောပြောဆိုဆိုပဲ ဆွယ်တာညိုလေးကို ပလတ်စ အိတ်ထဲက ထုတ်လိုက်တယ်။ သိုးမွေးအစစ် ဆွယ်တာအညိုနုလေး





ကျွန်မ ဟန်ဆောင်တာ သိပ်မတတ်ဘူး။ ပြီးတော့ သိပ်လည်း မဆောင်ချင်ဘူး။ မမဝင်း ကမ်းပေးတဲ့ ဆွယ်တာလေးကို လှမ်းယူ ကျွန်မ ဝတ်လိုက်တယ်။

အောင့်ကို လှမ်းကြည့်ပြီး ခွင့်တောင်းနေရဦးမှာလား၊ မလိုပါဘူး။

အောင်က အဲဒါကို သိပ်မကျေနပ်ဘူးနဲ့ တူတယ်။ 'မိန်းကလေး ဟာဖြေ ရွေးပေးလို့မရ'ဆိုတာကို သူ စွဲလမ်းနေတယ် ထင်ပါရဲ့။

"အတော်ပဲဟော့၊ လိုက်လည်း သိပ်လိုက်တာပဲ"

ကျွန်မက အဝါနုရောင် ကော်လာဝိုင်း အင်္ကျီလက်ရှည်လေးဝတ် တယ်။ ထဘီက အစိမ်းရောင်ပွင့်ရိုက်။ အပေါ်က အညိုနု ဆွယ်တာ နဲ့ဆိုတော့ မမဝင်းမျက်စိထဲမှာ ပြေသွားမှာပေါ့။

ချမ်းချမ်းစီးစီးအချိန်မှာ ကော်ဖီပူပူနွေးနွေးလေး မှုတ်သောက်လိုက် ပြီး သိုးမွေးဆွယ်တာကလေး ဝတ်လိုက်ရတာ ဘယ့်လောက် အရသာ ပဲ။

*

www.burmeseclassic.com

www.burmeseclassic.com

[၈]

စားသောက်ခန်းက ပြန်ထွက်တော့ မမဝင်းက နှုတ်ဆက်လိုက်ပါသေးတယ်။ 'မိုး ထပ် မမိစေနဲ့ဦးနော် ရန်ကြီး'တဲ့။

မမဝင်းက အားလုံးကို သိနေသလိုပဲ။ ကျွန်မတို့ မိုးထဲလေထဲ လာခဲ့ကြတုန်းက ဘာတွေ ဖြစ်ခဲ့တယ်ဆိုတာ သူ သိမှာပေါ့။ အင်းလေ ငယ်ရာက ကြီးသွားတာဥစ္စာ။

အပြန်လမ်းကျတော့ အောင့်မျက်နှာက သုန်သုန်ကြီး။

"ဘာဖြစ်လို့လဲ အောင်၊ ဖျားချင်လာလို့လား"

အောင် ခေါင်းခါတယ်။ အေးစက်စက် မျက်နှာကြီးကို မပြင်ဘူး။

"အောင် မကျေနပ်တာ သိပါတယ်"

အောင်က မလှုပ်သေးဘူး။

"ဆွယ်တာကို ချက်ချင်း ယူဝတ်တာကို မဟုတ်လား"

အောင် ဘာမှ ပြန်မပြောဘဲ မျက်နှာကြီး တည်ထားတယ်။ သိပ်ရယ်ချင်တာပဲ။

"ဘာဖြစ်လဲ အောင်ရဲ့၊ အောင့်ဒေါ်လေးဆီက ရတာပဲဥစ္စာ"

သည်တော့မှ အောင်က စကားပြန်တယ်။





"ဒေါ်လေးက မာနကြီးတယ်၊ လေးလေး ပိုက်ဆံကို မပေးဘဲ ...ဘူး။ ပေးရင်တောင်မှ လိုချင်သလောက် ယူတယ်"

"အဲဒါနဲ့ ဘာဆိုင်လဲ"

"သူ့ပေးတဲ့ ဆွယ်တာကို ချက်ချင်းကြီး ယူဝတ်တော့ သီကို ...လေးက အထင်သေးမှာ"

"သူပဲ ဝတ်ခိုင်းတာ ဥစ္စာ"

"ငြင်းပေါ့"

"ငြင်းမှ အထင်ကြီးမှာလား"

"သဘောပြောတာ၊ နည်းနည်းတော့ ငြင်းပေါ့"

"ဟူး ဘာသဘောတရားကြီးလဲ၊ ကြောင်လိုက်တာ။ ပေးတာကို ...နည်းနည်းငြင်းပြီးမှ လက်ခံရမယ်လို့"

"သီက သိပ်ကန့်လန့်ပြောတယ်"

"ဟုတ်ပါတယ်၊ သူပေးတာကို လက်ခံတာပဲ ကျေးဇူးတင်ရမှာ ..."

"အဲဒါပဲ၊ သီ့ကို ငမ်းငမ်းတက်လို့ အထင်မခံနိုင်ဘူး၊ အောင်တို့ ...ည်း သူတို့လောက်တော့ ချမ်းသာပါတယ်"

"ဘာတွေလဲ နားမလည်ဘူး"

"သီက အဲသလိုပဲ၊ သိပ်အပြောရကျပ်တယ်၊ သိလျက်သားနဲ့"

"အောင်တို့ ချမ်းသာတာ သိပါတယ်။ လေးလေးတို့ ချမ်းသာတာ ...ည်း သိပါတယ်။ သီ ဆင်းရဲတာလည်း သီ ဘာသာ သိပါတယ်"

"သီ ဆင်းရဲတယ်လို့မှ ကိုယ်မပြောဘဲ"

"ပြောနေစရာမှ မလိုဘဲ အောင်တို့နဲ့ စာရင် ဆင်းရဲတာ အမှန်ပဲ ...ွာ"

"ကိုယ်ပြောတာက"



www.burmeseclassic.com

www.burmeseclassic.com



"မပြောနဲ့တော့အောင် အဲဒါတွေ ဘာလို့ စဉ်းစားနေတာလဲ။ ကိစ္စက ရှင်းရှင်းကလေးဟာကို"

"သိုက်ကို အထင်မသေးစေချင်လို့"

"ဒါ အထင်သေးစရာလား၊ အဲဒါဆို ခေါ်ပြီး ဆွယ်တာပေးတယ် ဆိုကတည်းက ဆွယ်တာ မဝယ်နိုင်ဘူးလို့ အထင်သေးတာပဲ မဟုတ်လား"

ကျွန်မ အသံနည်းနည်းကျယ်သွားတယ် ထင်တယ်။ အောင် ကျွန်မကို ဖျတ်ခနဲ မျက်လုံးပြူးကြည့်လိုက်တယ်။ ကျွန်မ ဆက်ပြောတယ်။

"အောင်တို့ဟာတွေက ဘာတွေမှန်းလည်း မသိဘူး။ ဂုဏ်တု ဂုဏ်ပြိုင်ဆိုတာ အဲဒါမျိုးလား။ ချမ်းသာတဲ့ လူတွေဟာ နည်းနည်းကလေးမှ အတင်စီး မခံကြဘူးဆိုတာ တကယ်ပဲ"

"ကိုယ်ပြောတာ ဒီသဘော မဟုတ်ဘူး။ လေးလေးတို့က တင်စီးတယ်လို့ ထင်တာမဟုတ်ဘူး။ သိုက်ကို ဣန္ဒြေမဲ့တယ် ထင်မှာစိုးလို့ သိလား"

သူကလည်း အသံကျယ်ကျယ်နဲ့ ပြန်ပြောတယ်။ ဒေါသဖြစ်လာရတယ်"

"မသိဘူးတော်ရေ့၊ ရွှေမိတို့ကတော့ တောသူပဲ၊ ရှင်းရှင်းဘွင်းဘွင်းပဲ ပြောတတ်တယ်"

ကျွန်မလည်း ချဉ်ချဉ်ရှိတာနဲ့ တောလေနဲ့ ပြန်ပြောလိုက်တယ်။

"ပြီးရော၊ ပြီးရော"

သူက မာဆတ်ဆတ်နဲ့ အော်တယ်။

"ပြီးရော၊ ပြီးရော"

ကျွန်မလည်း မာဆတ်ဆတ်ပဲ ပြန်အော်လိုက်တယ်။ ပြီးတော့ ဆွယ်တာအကျီကို ဆွဲချွတ်မိတယ်။ သောက်ဆတ်ဆတ်ပါပဲ။

အောင်က ဘာမှမပြောဘဲ ကျွန်မကို မထေ့တထေ့ကြည့်နေတယ်။ သရော်သလိုပဲ ပြုံးတယ်။





ကျွန်မ ပိုဒေါသဖြစ်လာတာပေါ့။

ဆွယ်တာကို လုံးထွေးပြီး သူ့လက်ထဲ ထည့်လိုက်တယ်။ သူက ...လက်ကြီးကို သူ့ဘေးမှာ ဖြန့်လျက်ကြီး ထားတယ်။ ဆွယ်တာက ...ာက်ကို ကျသွားတာပေါ့။ ပြန်မကောက်ပါဘူး။

"သွားပြန်ပေးလိုက်ပေါ့"

ကျွန်မကို သူ ဘာမှ မပြောဘူး။ ခေါင်းနည်းနည်းယမ်းတယ်။ ...ပျက်တဲ့ဟန်မျိုး လုပ်တယ်။

ကျွန်မ သူ့ထက် မြန်မြန်ကြီး လျှောက်လိုက်တယ်။ သူက မှန်မှန် ... လျှောက်ရင်း လိုက်လာတယ်။ ကျွန်မ လှည့်ကြည့်မိတယ်။

ဆွယ်တာ အညိုကလေးက ယုဒသန် မြက်ခင်းစိမ်းပေါ်မှာပုံလို့။

ကျောင်းမဖွင့်သေးတော့ တက္ကသိုလ်ပရိဝုဏ်က သိပ်မရှုပ်သေးဘူး။ ...မတို့ နှစ်ယောက် စိတ်ကောက်နေကြတာကို မြင်တဲ့လူ သိပ်မရှိ ...ပေါ့။

ကျွန်မ စိတ်ကောက်လက်စနဲ့ ဆက် စိတ်ကောက်ပြီး လျှောက် ...ယ်။ ခြေဆောင့်ကို ခပ်ဆောင့်ဆောင့်ကလေး လုပ်မိတယ်။ အမှန်တော့ ...မ ပိုလုပ်တာပါ။ ကိုယ့်ဘာသာကိုယ် သိနေတယ်။ ဒါပေမယ့် အဲ ...လို လုပ်ချင်စိတ် ဖြစ်လာတယ်။ ဒါကြောင့် လုပ်လိုက်တာပါပဲ။ ကျွန်မ ...ထဲမှာ ကျွန်မကိုယ်ကျွန်မ ပြန်ပြီး မြင်အောင်ကြည့်မိတယ်။

ချစ်သူကို စိတ်ကောက်ပြီး တဆောင့်ဆောင့်နဲ့ လျှောက်နေတဲ့ ...င်မလေးတစ်ယောက်။ ရယ်စရာကောင်းမှာပဲနော်။ အဲသလို စဉ်းစား ...နဲ့ ကျွန်မ စိတ်ကောက်နေတာတွေ ဘယ်ရောက်သွားမှန်း မသိတော့ ... ရယ်ချင်စိတ် ဖြစ်လာတယ်။

အဲဒီ အချိန်မှာပဲ အောင့်ရယ်သံကြားရတာပဲ။ သူ့ကို ကျွန်မ ...ကြည့်လိုက်တယ်။ မျက်စောင်းထိုးတယ်၊ ဒါပေမယ့် ကျွန်မ မျက် ...င်းက သိပ်ပြီး အသက်မပါဘူးထင်တယ်။ တမင်လုပ်မှန်း သိသာနေ ...ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အောင်က ဆက်ရယ်တယ်။ သူ့ခေါင်းကိုလည်း တခါခါလုပ်တယ်။ သိပ်သဘောကျနေတဲ့ပုံမျိုး။ တကယ်ဆိုရင် သူ့ကို ပိုပြီး စိတ်ကောက်ပစ်ရမှာပေါ့။ ဒါပေမယ့် ကျွန်မ စိတ်ဆက်မကောက်ချင်တော့ဘူး။ အောင့်ကိုပဲ ရယ်ချင်လာတယ်။

ကျွန်မ ရှေ့ဘက် ပြန်လှည့်လိုက်တယ်။ ခြေဆောင့်တာလည်း ရပ်လိုက်တယ်။ ပြီးတော့ ကျွန်မပါးစပ် ကျွန်မပိတ်ပြီး တခိခိရယ်မိတယ်။

အောင် ကျွန်မနား ကပ်လာမလားလို့ တစ်ဖက်က သတိထားနေရသေးတယ်။ ကပ်လာစေချင်တာပေါ့။ ကိုယ်တော်ချောက တော်တော်နဲ့ အနားရောက်မလာဘူး။ ဘာဖြစ်လို့များပါလိမ့်ဆိုပြီး သူ့ဘက် ပြန်လှည့်ကြည့်လိုက်တယ်။

ဟုတ်သားပဲ။

အောင်က ကျကျန်ရစ်ခဲ့တဲ့ ဆွယ်တာလေးကို သွားကောက်နေတယ်။

သိပ်လှတာပဲ။ မြက်ခင်းစိမ်းစိမ်းပေါ်မှာ ပုလျှက်သားလေး ကျကျန်ရစ်ခဲ့တဲ့ ဆွယ်တာညိုညိုလေးကို ကျွန်မ ချစ်သူ တယုတယကောက်နေတဲ့ပုံကလေ တကယ်လှတာ။ ကျွန်မ စိတ်ကောက်တာတွေ အားလုံးပျောက်သွားပြီ။

အောင် ကျွန်မအနားကို ပြန်ရောက်လာတော့ ကျွန်မ ပြုံးနေလိုက်တော့တယ်။ ဒီအချိန်ကလေးမှာမှ လေအေးအေးက ဝှေ့ပေးတယ်။ ဘယ်လောက်ကောင်းလဲ။

ကျွန်မကို အောင်က ဆွယ်တာဝတ်ပေးတယ်လေ။ ကြည်နူးလိုက်တာ။

*

[၉]

တက္ကသိုလ်ကျောင်းတွေ ဖွင့်ပါပြီ။

ကျွန်မတို့အဖေတို့ခေတ်တုန်းက ကျောင်းဖွင့်ချိန်မှာ စိန်ပန်းတွေ ဖွင့်ကြသတဲ့။

ကျွန်မတို့ ဦးလေးတွေ ခေတ်ကျတော့ ကျောင်းဖွင့်ရင် နှင်းတွေ ကျသတဲ့။

ကျွန်မတို့ခေတ်မှာတော့ နှောင်းမိုးတွေ ရွာတယ်။

ဘာပဲဖြစ်ဖြစ် ကျောင်းဖွင့်ချိန်က သာယာတာချည်းပါပဲ။

ကျွန်မတို့ ရန်ကုန်တက္ကသိုလ် ဗိုလ်တထောင်နယ်မှာ တက်ရတယ်။ ဆယ်သားကောလိပ်ပေါ့။ အောင်နဲ့ ကျွန်မနဲ့ အတန်းတွေ အတူတူတက်ရတယ်။ တက္ကသိုလ်ကျောင်းတုန်းကလည်း ကျွန်မတို့ဘာသာတွဲ အတူတူပဲ လျှောက်ကြတယ်လေ။

ကျွန်မတို့အမှတ်က သိပ်မကောင်းပါဘူး။ တချို့က အမှတ်ကောင်းကောင်း မကောင်းကောင်း၊ ရေပန်းစားတဲ့ဘာသာတွေ လျှောက်ကြတယ်။ မြော်ခါမှပြုတ်ရောဆိုပြီး လျှောက်ကြတာပေါ့။ ထီထိုးသလို လုပ်နေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းနေတာ ထိထိုးတာမှ မဟုတ်ပဲနော်။ ကျွန်မကတော့ ကိုယ်နဲ့ မတန်မရာတွေ မစဉ်းစားပါဘူး။ ကိုယ့်အမှတ်က ဆေးတို့၊ စက်မှုတို့ပေးလို့ ပညာရေးတို့ စီးပွားရေးတို့ကိုတောင်မှ မီနိုင်မှာ မဟုတ်တာ၊ ဒီတော့ ရိုးရိုးပဲ ဝိဇ္ဇာပေါ့။ ဘီအေလေ။ ဘိုးဘိုးတို့တုန်းကတော့ ဘီအေအောင်ရင် မြို့ပိုင်၊ နယ်ပိုင်၊ အိုင်စီအက်စ်တို့ ဘာတို့ ဖြစ်တယ်တဲ့။

'ကိုဘီအေ အုပ်ပေါင်းပေါင်းလို့ တုတ်တစ်ချောင်းနဲ့ လမ်းကို လျှောက်တယ်'ဆိုတဲ့ သီချင်းတောင် ကြားဖူးသေးတယ်။

ဦးလေးတို့ကျတော့ 'ကိုဘီအေ ကုပ်ချောင်းချောင်းနဲ့ အလုပ်တောင်းဖို့လမ်းကို လျှောက်တယ်'ဆိုလား။

ဘာပဲဖြစ်ဖြစ် ဘီအေအောင်ရင်လည်း မဆိုးပါဘူး။ မဟုတ်ဘူးလား။ သိပ္ပံလျှောက်ရင်တော့ ရနိုင်သား၊ ဒါပေမယ့် ကျွန်မက သိပ္ပံဝါသနာမပါဘူး။

ဦးလေးတို့ခေတ်က သိပ္ပံဦးစားပေးဆိုပြီး သိပ္ပံနဲ့ ဘွဲ့ယူခဲ့တဲ့ ကျွန်မဦးလေးတစ်ယောက် လက်ဖက်ရည်ဆိုင်ဖွင့်တယ်လေ။ သူကိုယ်တိုင် စားပွဲထိုးသတဲ့။ ''တူး တီး၊ ဝမ်းကော်'တို့၊ 'ပဲနံပြား နှစ်ပွဲစားမယ်'တို့ 'ဝမ်းတီး၊ ချိုပေါ့ကျ၊ တကယ်ကျမယ်'တို့ ဘာတို့ အော်တာပေါ့။ အဲဒါနဲ့ ဟန်ကျသွားတာပဲ။

သူက ပြောသေးတယ်။ 'ဒါ ခဲင်မစ္စထရီ'။ သူက 'ကင်မက်စထရီ' လို့ မပြောဘူး။ အင်္ဂလိပ်မှာ စီကို 'က' သံထွက်တာ မရှိဘူးဆိုလားပဲ။ အဲ သူက 'ငါ ခဲင်မစ္စထရီ ယူခဲ့တာ သိပ်ဟန်ကျတာပဲ။ လက်ဖက်ရည်ဟာ တကယ်တော့ ဆောလစ်ဒ်၊ လစ်ကွစ်ဒ်၊ ဂက်စ်၊ အဆိုင်အခဲ၊ အရည်၊ အငွေ့တွေ ရောထွေးတာကွ'လို့ နောက်ပြီး ပြောလေ့ရှိတယ်။

ကျွန်မကတော့ သိပ္ပံဝါသနာမပါဘူး။ ဂဏန်းတွက်တာလည်း ဝါသနာမပါဘူး။ တစ်နဲ့တစ် ပေါင်းရင် နှစ်ဖြစ်တာ ဆန်းမှတ်လို့။ ဒါနဲ့ပဲ ဝိဇ္ဇာဘာသာတွဲ လျှောက်လိုက်တယ်။





အောင်လည်း အဲသလိုပဲ။

ကျွန်မတို့ စဉ်းစားကြတယ်လေ။ တက္ကသိုလ်မှာ ဘာဘာသာယူရင် ကောင်းမလဲလို့ပေါ့။ စဉ်းစားမယ့်သာ စဉ်းစားတာပါ။ ကျွန်မတို့ ရွေးရမယ့်လမ်းက သိပ်များများ မရှိပါဘူး၊ ကျွန်မတို့လို အမှတ်နည်းတဲ့ လူတွေအဖို့ပေါ့။ ဒါကလည်း ဘာဆန်းလို့လဲ၊ တက္ကသိုလ်ဝင်တုန်းက အမှတ်များများနဲ့ အောင်အောင်ကြိုးစားမှ အမှတ်များများရတော့မပေါ့။ အချော်ကချွတ်ဖြေရင် ကျမှာပဲ။

ဆယ်တန်းဖြေတုန်းက ကျွန်မ တတ်နိုင်သလောက်တော့ ကြိုးစားပြီး ဖြေပါတယ်။

ခက်တာက ကျွန်မ ပါသနာမပါတာတွေလည်း ဖတ်ရ၊ ကျက်ရတယ်။ ဥပမာ ရူပဗေဒနဲ့ ဓာတုဗေဒတို့၊ သင်္ချာတို့ပေါ့။ အဲဒါတွေကို နှစ်ညစ်ကျက်ရတော့ ဘယ်လာ အမှတ်ကောင်းနိုင်တော့မလဲ။

ဟန်တော့ ကျပါတယ်။ ကျွန်မ ယူချင်တဲ့ ဝိဇ္ဇာဘာသာကိုပဲ သင်ခွင့်ရတာပေါ့။ စပျစ်သီးချဉ်တဲ့ မြေခွေးလို မဟုတ်ပါဘူး။

ဆရာဝန်တို့၊ အင်ဂျင်နီယာတို့ မဖြစ်ချင်တာ မဟုတ်ပါဘူး။ ဖြစ်ချင်တာပေါ့။ ဒါပေမယ့် ဝါသနာပါတာ မပါတာ ရှိသေးတယ် မဟုတ်ဘူး။ ကျွန်မက ခပ်ငိုင်ငိုင် စဉ်းစားနေတတ်တဲ့ အလေ့ရှိတယ်။ မတော်တဆများ ကျွန်မ ဆရာဝန်ဖြစ်သွားရင် လူနာကို ဘယ်လိုဆေးပေးရမလဲ စဉ်းစားနေတာနဲ့ အဲဒီလူနာ ရှောသွားနိုင်တယ်။

ဆရာဝန်လည်း မဖြစ်နိုင်ပါဘူးလေ။ ဖြစ်လည်းမဖြစ်ချင်ပါဘူး။

ကျွန်မ ဘာဖြစ်ချင်သလဲဆိုတာ စဉ်းစားလို့ မရသေးဘူး။ ငယ်ငယ်က ဖေဖေတို့ မေမေတို့က မေးတယ်။ 'သမီးလေးကြီးလာရင် ဘာလုပ်မလဲ' တဲ့။ ကျွန်မက ဖြေတယ်။ 'ဆရာဝန်ကြီးလုပ်မယ်'လို့။

အဲသလိုဆို အဖေရော အမေရော ပြုံးလိုက်ကြတာ။ ကျွန်မ အဲဒီတုန်းက ဆရာဝန်ဆိုတာ ဘာမှန်း မသိပါဘူး။

www.burmeseclassic.com



ကျွန်မတို့ မြို့ကလေးမှာ ဆရာဝန်ကြီး၊ ဆရာဝန်ကြီးလို့ ခေါ်ရတဲ့ ဆရာဝန်တစ်ယောက်ရှိတယ်။ သူက မြို့မှာ အချမ်းသာဆုံးထဲ ပါတာပေါ့။ ဒီတော့ ကျွန်မက ဆရာဝန်လုပ်ရင် ချမ်းသာတယ်လို့ပဲ သိတာပေါ့။ စေတနာ မေတ္တာထားတာတို့ ဘာတို့ မသိပါဘူး။ ပြီးတော့ လူကြီးတွေက 'ဆရာဝန်ကြီးလုပ်မယ်လို့ ပြောရင် သဘောကျကြလို့သာ အဲသလို ပြောလိုက်ရတာပါ။

တကယ်တမ်းကျတော့ ကျွန်မ ဆရာဝန်ဖြစ်ချင်စိတ် မပေါ်ခဲ့ဘူး။ အဲ ဘာဖြစ်ချင်မှန်းကို မသိဘူး။ ဒီလိုဆိုတော့ ကျွန်မဟာ ရည်မှန်းချက်မထားတဲ့ မိန်းကလေးလို့ ထင်နိုင်တာပေါ့။ အင်းလေ ရည်မှန်းချက်ဆိုတာကို ကျွန်မ ဘာမှန်းမသိသေးဘူး။

ကျွန်မ တစ်ချိန်ချိန်မှာ တစ်ခုခုတော့ ဖြစ်မှာပေါ့။ အိမ်ထောင်ကျပြီး အိမ်ရှင်မအဖြစ်နဲ့ တစ်သက်လုံး နေချင်နေရမယ်၊ ဒါမှမဟုတ်၊ ယောကျ်ားရော မိန်းမပါ အလုပ်လုပ်ရင်း ကလေးတွေ ကျွေးမွေး စောင့်ရှောက်နေရင်း နေရမယ်။

ဟော အိမ်ထောင်ကျဖို့ကိစ္စ စဉ်းစားမိတာနဲ့ တစ်ပြိုင်နက် ကျွန်မ အောင့်ကို တွေးမိတယ်။

အောင်နဲ့ ကျွန်မ အိမ်ထောင်ကျပါ့မလား။ အဲသလိုပဲ သံသယတွေ ဖြစ်ဖြစ်နေတတ်တယ်။ မကောင်းဘူးပေါ့နော်။ ကေသွယ်ပြောသလို ကိုလက်ထပ်မယ့် လူကို ရည်မှန်းထားရမှာပေါ့။ ကျွန်မ အောင့်ကို ရည်မှန်းမထားဘူးလား။

အောင့်ကို ယူမှာ မဟုတ်ဘူးလား။ အဲသလို စဉ်းစားမိတိုင်း ကျွန်မ တွေဝေသွားမိတာချည်းပဲ။ အောင့်ကို ကျွန်မ ချစ်တယ်ဆိုတာ တကယ်လား။ တကယ်ချစ်တာလား။

တကယ်ချစ်တယ်ဆိုတာကော ဘာလဲ။ တကယ်ချစ်တယ်ဆိုတာ ခဏထားပါဦး။ ချစ်တယ်ဆိုတာ ဘာလဲ။ အချစ် ဘာလဲ။





မသိဘူး။

ဟုတ်တယ်လေ၊ ကျွန်မမှ ရေရေရာရာ မသိသေးတာ။

မသိဘူးလို့ မပြောလို့ ဘယ်လိုပြောရမလဲ။

ကျွန်မ သိပ်မုန်းတာ တစ်ခုရှိတယ်။ ကိုယ်လည်း မသိဘဲနဲ့ သိချင်ယောင်ဆောင်ပြီး ဆရာကြီး လုပ်တာကိုပေါ့။

မသိရင် မသိဘူး။ ရိုးရိုးပြောရတာပဲဟာ။ တချို့က မသိတာကို ဝန်မခံချင်ဘူး။ ယောင်ဝါးဝါးနဲ့ သိသလိုလို လုပ်ချင်တယ်။

သိပ်မုန်းတာပဲ။

ကျွန်မရဲ့အောင်က အဲဒါ တစ်ခုတော့ ကောင်းတယ်။ သူမသိရင် မသိဘူးလို့ပဲ ရိုးရိုးပြောတယ်။ တတ်ယောင်ကား မလုပ်ဘူး။

တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာတွေ ဖြည့်တုန်းက ကျွန်မက သူ့ကို မေးတယ်။

“ဘာလျှောက်ရင် မကောင်းမလဲ ဟင်’ ဆိုတော့ သူက–

‘သိဘူးလေ’တဲ့။

တချို့ဆို ပြောကြမှာ မဟုတ်လား။ သိပ္ပံက ဘယ်လို၊ ဝိဇ္ဇာက ဘယ်လို၊ ဆေး၊ စက်မှုက ဘယ့်နှယ်။ စက်မှုမှာလည်း သတ္တုတို့၊ ဓာတုတို့၊ မြို့ပြတို့ ဘာတို့နဲ့ ရှုပ်နေကြဦးမှာ။ ဆရာကြီး လုပ်ချင်လုပ်နေကြမှာ။

အစိုးရက ဘာ ပရော်ဂျက်တွေ စီစဉ်ထားတယ်။ ဒါကြောင့် ဘာကို လျှောက်ရမယ်။ နောက် ငါးနှစ်ကြာရင် ဆယ်နှစ်ကြာရင် ဘယ်လိုဖြစ်လာနိုင်တယ်။ ဒီတော့ ကြိုပြီးတော့ ဘာပညာသင်ထားသင့်တယ်၊ ပညာနဲ့ စကားကြီးစကားကျယ်တွေ ပြောချင့်ပြောကြဦးမှာ။

အောင်ကတော့ ရှင်းရှင်းလေးပဲ။

‘သိဘူးလေ’တဲ့။ ကျွန်မ သိပ်သဘောကျတာလဲ။ ကျွန်မ အမြဲတမ်းလည်း ကိုက်တယ်လေ။ ကျွန်မကို မေးရင်လည်း ‘သိဘူးလေ’လို့ ဖြေမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ ကျွန်မတို့ အမှတ်တွေ မှန်းတွက်ကြည့်လိုက်တယ်။ ပြီးတော့ နှစ်ယောက်စလုံး နှစ်ဦးသဘောတူပေါ့လေ 'ဝိဇ္ဇာ'လျှောက်လိုက်တယ် ပြီးတော့ 'တို့ ဝိဇ္ဇာတွေ ဖြစ်ရဦးမယ်နော်၊ ပြဒါးဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာ၊ ဝိဇ္ဇာဖြစ်မလဲ မသိဘူးနော်'လို့ ပြောဖြစ်ကြသေးတယ်။ 'မြေလျှိုး မိုး တဲ့ ဝိဇ္ဇာတွေဖြစ်မှာ မဟုတ်ဘူး။ ထီးထမ်းလမ်းလျှောက် ဝိဇ္ဇာဖြစ် သေချာတယ်'လို့ အောင်က ပြောတယ်။

ထားပါတော့၊ ကျွန်မတို့ ဝိဇ္ဇာဘာသာ တွဲလျှောက်ကြတယ် ဝိဇ္ဇာဘာသာ သင်ခွင့်ရတယ်။ ပြီးရောပေါ့။

ကျွန်မတို့ ရန်ကုန်တက္ကသိုလ် ဗိုလ်တထောင်နယ်မြေက သာ ပါတယ်။ ဗာဒံပင်တန်းက လှပါတယ်။ ဗိုလ်တထောင်စေတီက သပ္ပာ ပါတယ်။ ဗိုလ်တထောင်ဆိပ်ကမ်းကလည်း ကြည်နူးစရာပါပဲ။

ကျွန်မတို့ ကျောင်းနားမှာ ဓာတ်ဆီဆိုင်နှစ်ဆိုင် ရှိတယ်။ တစ်ဆိုင် က ကရိလမ်းနဲ့ အနော်ရထာလမ်းထောင့်မှာ။ တစ်ဆိုင်က ကျွန်မတို့ ကျောင်းနဲ့ကပ်လျက် ဗိုလ်တထောင် ဘုရားဘက်မှာ။

နေ့စဉ်နဲ့အမျှ ကားတန်းအရှည်ကြီးကို တွေ့တွေ့နေရတယ် ကားတွေ ဒီလောက်ပေါမှန်း ခုမှ သိတယ်။ ကျွန်မတို့ချင်း ပြောကြသေး တယ်။ 'ဒီလောက်ကားတွေ များတာတောင် တို့မှာ ချယ်ဂါရီက တစ်စီးမှ မရှိဘူးနော်'လို့။

ရန်ကုန်တက္ကသိုလ် ဗိုလ်တထောင်နယ်မြေက ပျော်စရာကောင်း တယ်။ ရန်ကုန်တက္ကသိုလ် ဗိုလ်တထောင်နယ်မြေလို့ ခေါ်ရတာ ညောင်းတယ်။ အဲသလောက် အရှည်ကြီး မခေါ်ချင်ပါဘူး။ ကျွန်မတို့ ကျောင်းပေါ့။ ဟုတ်သားပဲ။ ကျွန်မတို့နေတဲ့ ကျောင်းပဲ ဥစ္စာ။

ကျွန်မတို့ကျောင်းက စာသင်ခန်းတွေက ဆက်လျက်တွေ။ တစ်ခန်း နဲ့တစ်ခန်း ကပ်လို့။ တစ်ဖက်ခန်းက ရယ်သံမောသံ၊ ဆူညံသံတွေ တစ်ဖက်ခန်းကို ကူးကူးလာလေ့ရှိတယ်။ အဲဒါဆို ကျွန်မတို့လည်း ရယ်လိုက်ရတာပဲ။ ဘာရယ်တော့ မဟုတ်ပါဘူး။



စာသင်ခန်းတွေ ဆက်လျက်နဲ့ဆိုတော့ ကျွန်မ စိတ်ထဲမှာ အထက် ကျောင်းတုန်းကလိုပဲ ခံစားမိတယ်။ ကျွန်မတို့ မြို့ကလေးက ကျောင်း တော့ ကွာလှသပေါ့။

ကျွန်မတို့မြို့က ကျောင်းက သစ်သားနဲ့ ဆောက်ထားတာ။ ကျောင်း ကြီး။ တချို့အခန်းတွေဆိုရင် ပြတင်းပေါက်တံခါးတွေ မရှိတော့ဘူး။ ကားကလည်း ရွဲလို့။

ခုနေရတဲ့ ကျောင်းကြီးကတော့ အခန်းအကျယ်ကြီးတွေ၊ လှေကား သစ်ကြီးတွေနဲ့ သိပ်ခန့်တာပေါ့။ ရန်ကုန်တက္ကသိုလ် အဆောက်အအုံ ကြီးနဲ့တော့ ကွာပါသေးတယ်လေ။ ကျွန်မ တက္ကသိုလ်ပရိဝုဏ်ထဲ ခဏ ရောက်ဖူးတာပဲ ဥစ္စာ။ ဝိဇ္ဇာအဆောက်အအုံတို့၊ သိပ္ပံအဆောက်အအုံ ။ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်သစ်ကြီးတို့ ဘွဲ့နှင်းသဘင် ခန်းမ ကြီးတို့၊ ယုဒသန်ဘုရားရှိခိုးကျောင်းတို့နဲ့ သိပ်ခန့်ညားတာပဲ။ အဲသလောက် တော့ ကျွန်မတို့ကျောင်းက မခန့်ညားဘူးပေါ့။ ဒါပေမယ့် သူ့အထွာနဲ့ တော့ ခန့်ပါတယ်။ တိုက်ကျောင်းကြီးပဲ ဥစ္စာ။

ကျွန်မ ကျောင်းတက်ပုံလေး ပြောပြရဦးမယ်။ ကျွန်မ နေတာက န်တော်လေးမှာ။ အိမ်ကနေ ကန်တော်လေး ဓာတ်တိုက်ရှေ့ထိ လမ်းလျှောက် ။ ဓာတ်တိုက်ကနေ ၁၃၊ ၁၄ ကားစီး၊ ကြယ်ငါးပွင့်မှတ်တိုင်မှာဆင်း၊ တော့ ကျွန်မတို့ကျောင်းအထိ လမ်းလျှောက်တာပဲ။ တချို့က အဲဒီခရီး အဲဒီခရီးကို လမ်းမလျှောက်ချင်ကြဘူး။ နံပါတ် 'ဂ'ကားကို ပြားသုံး ယ်ပေးစီးကြတယ်။

ကျွန်မ ပြားသုံးဆယ် နှမြောလို့ရယ် မဟုတ်ပါဘူး၊ မနှမြောဘူး ည်း မဟုတ်ပါဘူး၊ လမ်းလျှောက်ချင်လို့။

အဲဒီ ကြယ်ငါးပွင့်မှတ်တိုင်ကနေ ကမ်းနားလမ်းကို လျှောက်ပြီး တော့ အဲဒီကမ်းနားလမ်းအတိုင်း အရှေ့ဘက်ကို လျှောက်ရတာ ချမ်းမြေ့ ကောင်းပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မနက်ခင်း နေခြည်နွေးနွေးမှာ လမ်းလျှောက်လို့ ကောင်းတယ် မဟုတ်လား။ မိုးနှောင်းဆိုတော့ အမြဲတမ်း နေမသာဘူးပေါ့။ တစ်ခါ တလေ မိုးတွေလေတွေထောင် ကျလိုလ်သေး။ အဲသလို မိုးရွာတဲ့နေ့ ကျွန်မ ပိုပျော်တယ်။

အောင်က အဲဒီ ကြယ်ငါးပွင့်မှတ်တိုင်မှာ လာလာစောင့်နေတယ် တာကိုး။

သူက စောရင် ကျွန်မကို စောင့်တယ်။ ကျွန်မက စောရင်တော့ တစ်ခါတလေလည်း စောင့်လိုက်တာပဲ။ တစ်ခါတလေတော့ မစောင့်ဘူး တစ်ယောက်တည်းပဲ ကျောင်းကို လျှောက်ခဲ့တယ်။ ကျွန်မလို လမ်းလျှောက် တဲ့ ကျောင်းသွားဖော်တွေလည်း ရှိပါတယ်။ နောက် နည်းနည်းကြာလာ တော့ လမ်းလျှောက် ကျောင်းတက်ဖော်တွေနဲ့ မျက်မှန်း တမ်းမိလာတယ် ဒါကလည်း အစဉ်အလာသဘောပါ။ ကြာတော့ ရင်းနှီးသွားကြမှာပေါ့။ လမ်းတွေ့ရင် ပြုံးပြတာက စလို့ပေါ့။ စားသောက်ဆိုင်တန်းမှာ ဆုံရင် 'စားပါဦးလား'လို့ ခေါ်ကြရင်းပေါ့။

ကျွန်မ ပထမ ကျောင်းစတက်တဲ့နေ့က သိပ်မပျော်ပါဘူး။ ဘာလို့ လဲဆိုတော့ မမရှယ်ပေါ့။ ကျွန်မ အစ်မလေ သူ့ရုံးနောက်ကျခဲ့ပြီး ကျွန်မ လိုက်ပို့တယ်။ အောင်ကလည်း အဲဒီနေ့က ကြိုရောက်ပြီး စောင့်နေတယ် မမက ကျွန်မတို့နှစ်ယောက် ကြိုက်နေကြတာကို သိပါတယ်။ ဒါပေမဲ့ သိသာ သိစေ မမြင်စေနဲ့ပေါ့။

မမနဲ့ ကျွန်မနဲ့ 'ဂ'ကားစီးဖို့ မဟာဗန္ဓုလလမ်းဘက် ပြန်လျှောက် လာတယ်။ အောင် ရပ်လျက် ကျန်ရစ်တယ်။ ကျွန်မ လှည့်ကြည့်တော့ အောင်က သွားနှင့်မယ်ဆိုတဲ့ ဟန်လုပ်ပြတယ်။ ကျွန်မတို့ ကျောင်းရောက် တော့ အောင်က ကျောင်းထဲက စောင့်နေတယ်။ ကြည့် ဘတ်စကားနဲ့ လာတဲ့လူထက် လမ်းလျှောက်လာတဲ့လူက စောပြီး ရောက်နေတယ်။

မမက မပြန်ခင် ကျွန်မကို ကပ်ပြောခဲ့တယ်။





"သိပ် အတင့်မရဲကြနဲ့နော်၊ ငါ့မှာ တာဝန်ရှိတယ်"

ကျွန်မက ခေါင်းညိတ်ပြရင်း စိတ်ထဲက ပြောလိုက်တယ်။ 'ကျွန်မ ကလည်း တာဝန်ရှိပါတယ် မမရဲ့'လို့။ 'အောင့် ထိန်းထားဖို့လေ'

ကျွန်မ ပြုံးစပ်စပ်မျက်နှာ ဖြစ်သွားလား မသိဘူး။ မမက ငေါက် တယ်။

"စပ်ဖြဲဖြဲ မလုပ်နဲ့၊ ငါ အတည်ပြောတာ"

"ဟုတ်ကဲ့ပါ မမရဲ့"

"ဘာ ဟုတ်ကဲ့လဲ၊ ကဲပါမယ် ဟုတ်ကဲ့လား၊ မိသိနော် ပါးကျိုး မယ် သိလား"

"စိတ်ချပါ မမရယ်"

ကျွန်မစကားက ရိုးရိုးလေးပါပဲ။ ဒါပေမယ့် ကျွန်မတို့ ညီအစ်မ နှစ်ယောက် မျက်နှာထားနဲ့ နားလည်မှုတွေ အများကြီး ရကြပါတယ်။ မေက ကျွန်မကို အမြဲဆုံးမတဲ့ စကားရှိတယ်။ 'ဆေးတွေ အားကိုးနဲ့ မကဲနဲ့ အော်၊ အပျိုဆိုတာ ဆေးလို ဝယ်လို့ မရဘူး။ မှတ်ထား'တဲ့။

*

မမက ကျွန်မကို စိတ်ချလက်ချထားခဲ့ပြီး ပြန်သွားတယ်။

ကျွန်မလည်း အောင်နဲ့အတူတူ ကျောင်းတက်တာပေါ့။

ဒါပါပဲ။ ကျောင်းစတက်တဲ့နေ့က အဲသလောက်ပါပဲ။ ကျွန်မအနေနဲ့ ဘာသိုလ်ကျောင်းသူသစ်အဖြစ် ကျောင်းစတက်ရတာ သိပ်ပြီး ရှိုးတိုး ရှန့်တန့် မဖြစ်ပါဘူး။ ကျွန်မစိတ်ထဲမှာ သိပ်ထူးထူးခြားခြား မဖြစ်ဘူး။

ဒီလိုပေါ့။ ကျောင်းတစ်ကျောင်း ပြောင်းတက်ရတယ်။ ဒီလောက် ပဲ။ အလယ်တန်းကျောင်းကနေ အထက်တန်းကျောင်းကို ပြောင်းရသုန်း လောက် စိတ်မလှုပ်ရှားမိတာ အမှန်ပါ။

www.burmeseclassic.com



ကျွန်မတို့ ဝိဇ္ဇာဘာသာတွဲယူတဲ့ ကျောင်းသူကျောင်းသားတွေက မြောက်ဘာသာ သင်ရတယ်။ အားလုံး အတူတူပဲ။ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဒါမှမဟုတ် ယုတ္တိဗေဒ၊ သမိုင်း၊ ပထဝီ၊ နိုင်ငံရေးသိပ္ပံ။

ကျွန်မက သင်္ချာအစား ယုတ္တိဗေဒ ယူတယ်။ သင်္ချာတွေ မတွက်ချင်လို့ပေါ့။ အဲဒါ ယုတ္တိဗေဒ ယူမိမှ ငါးပါးမှောက်တော့တာပဲ။

ကြည့်လေ၊ လူသည် သေမျိုး ဖြစ်၏။ ကျီးကန်းသည် မည်း၏တဲ့။ စသင်ပုံ သင်နည်းက။

နောက်တော့ကျမှ ကျွန်မ အဲဒီ ယုတ္တိဗေဒကို ဝါသနာပါလာတယ်။ ဘာမှ အရေးမကြီးပါဘူးလို့ ထင်ရတဲ့ကိစ္စ အသေးအဖွဲလေးတွေက တကယ်အရေးကြီးတဲ့အခါ သိပ်ကြီးနေတတ်တယ် မဟုတ်လား။ ထားပါတော့လေ။ အဲဒါတွေက ပညာသင်ရတာနဲ့ ဆိုင်တာပါ။

အဲဒါ ဗိုလ်တထောင်မှာ တက်ရတာထဲက တစ်ခုတော့ ကျွန်မတော်တော် သဘောကျတယ်။ ဗိုလ်တထောင်ဘုရား သွားသွားဖူးရတာကိုပေါ့။ ဘုရားဖူးပြီးရင် ကမ်းနားဘက် လမ်းလျှောက်တယ်။ တစ်ပတ်တစ်ခါလောက်တော့ ဘုရားဖူးဖြစ်တယ်။ လိပ်ဥမတူးပါဘူးနော်။ အဲအဲဒီစေတီရှေ့က ဘိလပ်ပြန်ဆင်းတုတော်ကြီး ဆိုတာကတော့ စိတ်ဝင်စားစရာပဲ။ ကျွန်မ မေးကြည့်တော့ အဲဒီ ဆင်းတုတော်ကြီးကိုတဲ့ အင်္ဂလိပ်စစ်သားတွေကတဲ့ အရည်ကျိုပစ်ဖို့တဲ့၊ အင်္ဂလန်ကို ယူသွားတယ်တဲ့။ အဲဒါ အရည်ကျိုကြတော့တဲ့ သေတဲ့လူသေ၊ ဒုက္ခိတဖြစ်တဲ့သူဖြစ်၊ ဆင်းရဲမွဲတေ တော်ပြတ် ဘဝဆုံးသူဆုံး ဖြစ်ကြတယ်တဲ့၊ အဲဒါနဲ့ ,တဲ့ မြန်မာပြည်ကို ပြန်ပို့ပေးရတယ်တဲ့။

ဆင်းတုတော်ကြီးက သပ္ပာယ်ပါတယ်။ ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနဲ့ အချိုးအစား ကျနတဲ့ ဘယ်ဆင်းတုတော်ဖြစ်ဖြစ် ကြည်ညိုတာပါပဲ။





ကျွန်မလည်း မိရိုးဖလာ ဗုဒ္ဓဘာသာဝင်တစ်ယောက်ပါ။ ဘုရားစေတီမြင်ရင် အဝေးကတောင် လက်အုပ်ချီရတဲ့ အလေ့အထ ရှိခဲ့ပါတယ်။ အဲဒါကို တချို့က တောကျတယ် ထင်ကြတယ်။ ကျွန်မကတော့ အဲသလို မယူဆပါဘူး။ ကိုယ့်ယဉ်ကျေးမှု အစဉ်အလာကို ထိန်းသိမ်းတာပဲ။ တောကနည်းနည်း ကြီးကျယ်သွားမလား မသိဘူး။ ထားပါလေ။ ဘုရားစေတီမြင်ရင် အဝေးကနေ လက်အုပ်ချီတဲ့ အလေ့အထက ကျွန်မတို့ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတွေမှာပဲ ရှိတယ် မဟုတ်လား။

ကျွန်မတို့ဆီကို အလည်လာတဲ့ ဂျပန်တွေ၊ ကိုရီးယားတွေလည်းဗုဒ္ဓဘာသာဝင်တွေပဲ မဟုတ်လား။ သူကို အဲသလို အဝေးကနေ လက်အုပ်ချီတာ တွေ့ဖူးပေါင်။

ရန်ကုန်မှာ တိုးရစ်တွေ အမြဲတွေ့နေရတာပဲ။ အဲသလို ယဉ်ကျေးမှု သူတို့ဆီ မရှိဘူးထင်တယ်။ သူ့ဆီမှာ မရှိပဲ ကိုယ့်ဆီမှာ မှ ရှိတာဟာ တန်ဖိုးကြီးတာပေါ့။ ဟုတ်ဘူးလား။ ကျွန်မကို တောကျတယ် ပြောပြော ကျွန်မတော့ စေတီပုထိုးမြင်ရင် အဝေးကနေ လက်အုပ်ချီတာပဲ။ ထင်ပန်းတာမှတ်လို့။

အဲသလိုပေါ့။ အဲဒီ ဘိလပ်ပြန်ဆင်းတုတော်ကြီးကိုလည်း ကြည်ညိုတာပါပဲ။

*

အောင်နဲ့ ကျွန်မနဲ့ ဗိုလ်တထောင်ဘုရားကို ခဏခဏရောက်တယ်။ ရင်ပြင်တော် ကျောက်ပြားလမ်းတွေပေါ် ဖိနပ်မစီးဘဲ လျှောက်ရတဲ့ အရသာဟာ သိပ်နူးညံ့တယ်။ အဲ နေခြစ်ခြစ်တောက် မပူရင်ပေါ့။ မနက်စောစောဆို အကောင်းဆုံးပဲ။

တစ်ခါတော့ မနက်စောစော ကျောင်းတက်ခါနီး ဘုရားသွားဖူးကြတယ်။ ဘာရယ်မဟုတ်ပါဘူး။ ကျောင်းတက်ချိန် နာရီဝက်လောက်လိုနေသေးတာနဲ့ လမ်းလျှောက်ရင်း သွားကြတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ကျောင်းနားက ဓာတ်ဆီဆိုင်မှာ တန်းစီနေတဲ့ ကားတန်းကြီးကလေ ဟိုးအဝေးကြီးအထိ ကမ်းနားလမ်းတစ်လျှောက် တမျှော်တခေါ် မြင်ရတယ်။ ဖြူ၊ နီ၊ ပြာ၊ ဝါ ရောင်စုံ ကားတန်းကြီးပေါ့။ ဝေးဝေးက ကားကလေးတွေဟာ ကစားစရာ အရုပ်ကလေးတွေလိုပဲ ထင်ရတယ် လှတယ်။

ကျွန်မ ကားတန်းကြီးကို ငေးကြည့်ရင်း လမ်းဖြတ်ကူးတော့ အောင်က ဆွဲထားတယ်။ တစ်ဖက်က ကားကြီးတစ်စင်း မောင်းလာတယ် လေ။ ကျွန်မကို အောင်ကသာ ဆွဲမထားရင် တိုက်မိသွားမှာ အောင်က ပြောတယ်။

"ကားတွေကို ငမ်းနေတာနဲ့ ကားတိုက်ခံရဦးမယ်"

သူ့စကားကို သိပ် မကျေနပ်ဘူး။

"ကားတွေကို လိုချင်လို့ ကြည့်တာမှ မဟုတ်ဘဲ"

"ဘာလို့ကြည့်တာလဲ"

"လှလို့"

"လှလို့ လိုချင်တယ်ပေါ့"

"အောင်နော်၊ ကားမက်တဲ့ မိန်းမလို့ ထင်သလား"

အောင်က ပြုံးတယ်။ သူ့အပြုံးက 'ငါသိပါတယ်၊ ကားမမက်တဲ့ မိန်းကလေးရှိလို့လား'ဆိုတဲ့ သဘောမျိုး။

ကျွန်မ ဒေါသကလေး ဖြစ်မိတာပေါ့။

"အောင် အဲသလို ထင့်ရင် ခွာတော့"

"ရှိ့ ဘယ်သူက ဘာပြောသေးလို့လဲ"

"အောင့်အပြုံးက"

"သဘောကျလို့ပါ"

"သိ တကယ်ပြောနေတာ အောင်တို့မှာ ကားရှိမှန်း သိသားပဲ"

"ဖေဖေ့ကားပါ၊ အဲ... အဲဒါတောင် မဟုတ်သေးဘူး။





ဖေဖေ့ရုံးက ကား၊ တို့မှာ ကားပိုင် မရှိသေးပါဘူး"

ကျွန်မ အောင့်စကားကို သဘောကျသွားတယ်။ အောင်က ဒီသလို ရှင်းတယ်။

သူ့ဖေဖေက ဒုတိယဗိုလ်မှူးကြီးတော့ ဒုတိယဗိုလ်မှူးပါပဲ။ စစ်တော့ မတိုက်တော့ဘူး။ ဟိုလေ အစိုးရဌာနကြီးတစ်ခုမှာ ညွှန်ကြားရေးမှူးဆိုလား၊ ဘာလား၊ ကျွန်မ သိပ်စိတ်မဝင်စားပါဘူး။ အောင့်ပြောစကားတွေ ကြားရတော့ အောင့်ဖေဖေကို ကြည့်ညိုမိသား။

သူ့အဖေဖေကတဲ့ ရုံးကားကို အိမ်ကိစ္စမသုံးဘူးတဲ့။ သူတို့လည်း မစီးရဘူးတဲ့။ ကားမောင်းတဲ့ ရဲဘော်ကိုလည်း ဈေးမဝယ်ခိုင်းဘူးတဲ့။ သူတို့မေမေ ဈေးသွားရင်တောင် ခြေကျင်ပဲ သွားရတယ်တဲ့။ ဈေးကလည်း နီးလေးမို့တဲ့။ ပြီးတော့ သူတို့ဖေဖေက အလုပ်နဲ့ပတ်သက်ရင် သိပ်ပြတ်သားတယ်တဲ့။ သူ့တူမ အရင်းခေါက်ခေါက်ကြီး အလုပ်လျှောက်တာ တောင်မှ ထုံးစံအတိုင်း လျှောက်ခိုင်းပြီး ထုံးစံအတိုင်း 'လူကြီးတွေ အဆုံးအဖြတ်ပေါ်မှာ တည်စေတယ်တဲ့။ လာဘ်ပေးလို့ ကော်တောင် မကပ်မခံဘူးတဲ့။ ဒါကြောင့်လည်း သူတို့အိမ်မှာ တစ်ခါတလေ ကန်စွန်းရွက်ချဉ်ရည်နဲ့ စားရတယ်တဲ့။

ခု သူတို့ဖေဖေက တပ်က အငြိမ်းစားယူပြီး ဘ်ရပ်ဘက်မှာပဲ အမှုထမ်းတော့တယ်တဲ့။ သူတို့ဖေဖေရတဲ့ နေရာက နေရာကောင်းကြီးတဲ့။ တုတ်မယ်ဆိုရင် တကယ်တုတ်လို့ရတဲ့ နေရာတဲ့။ အဲဒါ နည်းနည်းလေးတောင် မတုတ်ဘူးတဲ့။ သီတင်းကျွတ်မို့ ကိတ်မုန့်နဲ့ လာကန်တော့ပါတယ်ဆိုတာတောင် လက်မခံဘူးတဲ့။ ပြတ်ရော။

ဒါကြောင့်လည်း သူ့ဖေဖေကို အဲဒီနေရာမှာ ထားတာတဲ့။

အောင် ပြောပြတာ ဖြစ်နိုင်ပါတယ်။ ဘာလို့လဲဆိုတော့ အောင့်မှာ မုန့်ဖိုး ပဲဖိုး သိပ်များများ မရှိတတ်ဘူး။ ဂျင်းတို့ ဘာတို့လည်း သိပ်မဝတ်နိုင်ဘူး။ တော်ရုံ တန်ရုံတော့ ဝတ်နိုင်စားနိုင်ပါတယ်။

www.burmeseclassic.com



အောင်က စွပ်ကျယ်အင်္ကျီ အထူစား ဝတ်တယ်လေ။ ရွှေဆွဲကြိုး လေးလည်း ရှိတယ်လေ။ အဲဒါ သူ့ဘွားဘွားက ငယ်ငယ်ကတည်းက ပေးထားတာတဲ့။

ဘာဖြစ်ဖြစ်ပါ၊ ကျွန်မက အောင် ချမ်းသာတာ မချမ်းသာတာ မချမ်းသာတာကို သိပ် စိတ်မဝင်စားဘူး။ အောင့်ဘွားဘွားကတော့ ချမ်းသာတယ် ပြောတာပဲ။ အညာက အစဉ်အဆက် ချမ်းသာတဲ့ မျိုးရိုးတဲ့။ အမရပူရမှာ အရင်တုန်းက ယက်ကန်းစက်တွေ တော်တော်များများ ပိုင်ခဲ့ဆိုပဲ။ အဲဒါ အောင့် မေမေ့ဘက်က တော်တဲ့ အဘွားပါ။

အောင့်ဖေဖေဘက်ကတော့ လယ်သမားမျိုးတဲ့။ လယ်ပိုင်ရှင်မျိုးပါ။ လယ်သမားသားက အဲဒီခေတ်က တက္ကသိုလ်ဘယ်ရောက်နိုင်မလဲ။ လယ်ပိုင်ရှင်သားမှ ရောက်တော့မပေါ့။

အောင့်ဖေဖေက တောသားကနေ တက္ကသိုလ်ရောက်၊ စစ်ထဲဝင် တိုက်ဟယ်ခိုက်ဟယ်နဲ့ ရာထူးတိုး၊ ဒုတိယဗိုလ်မှူးကြီး ဖြစ်တော့ အရပ်ဘက် ပြောင်း အရာရှိကြီးလုပ်၊ ရိုးရိုးအေးအေး ပြတ်ပြတ်သားသား လူကြီးတစ် ယောက် ဆိုပါတော့။

*

ကျွန်မတို့လမ်းကို အသော့ကလေး ဖြတ်ကူးလိုက်ကြတယ်။ ကားသွားလမ်းက အကျယ်ကြီးလေ။ ကျွန်မ လွယ်အိတ်ကလေးက ယမ်းတမ်း ယမ်းတမ်းနဲ့ ကပ်ပါလာတယ်။ ကျွန်မတို့နှစ်ယောက် လမ်းဖြတ်တဲ့ပုံကို အဝေးက ကြည့်ရင် သိပ်လှမှာပါ။

ကောင်လေးနဲ့ ကောင်မလေး တစ်ယောက်လက် တစ်ယောက်ချိတ်ပြီး လမ်းကျယ်ကြီးကို ဖြတ်ကူးနေတဲ့ပုံလေ။ ကောင်မလေးဆံပင်နဲ့ ကောင်လေးဆံပင်က အရှည်ချင်း အတူတူလောက်။ ကမ်းနားက လာတဲ့ လေက အဲဒီဆံပင်တွေကို ဖြတ်ရိုက်သွားတော့ ဆံပင်လေးတွေ ခါတို့။





တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး ပြုံးတာကလည်း ကြည်နူးစရာ။

အဲသလို ထင်တာပဲလေ။ ကိုယ့်ဘာသာကိုယ်တော့ ကြည်နူးတာပဲ။

ဟုတ်သားပဲ၊ သူများတွေ ကြည်နူးချင် ကြည်နူး၊ မကြည်နူးချင်နေ၊ ကိုယ်ကြည်နူးဖို့ အရေးကြီးတယ် မဟုတ်လား။

ဒါနဲ့ ဗိုလ်တထောင်စေတီကို ရောက်ရော ဆိုပါတော့။

အဲဒီမှာ မမဝင်းကို တွေ့ရတယ်။

မမဝင်းက ကျောက်ပြားဖြူဖြူလေးတွေပေါ်မှာ ကျုံ့ကျုံ့လေးထိုင်လို့ ဘုရားရှိခိုးနေတယ်။ မမဝင်းရဲ့ နာမည်အပြည့်အစုံက နီလာဝင်း၊ အဲဒါနီလာဝင်းတဲ့။ လေးလေးနာမည်ကတော့ ဦးဝင်းတဲ့။ သူတို့နှစ်ယောက်က နတ်ဖက်တဲ့ စုံတွဲပါ။ လေးလေးဝင်း၊ ဒေါ်လေးဝင်းလို့ အောင်တို့က ခေါ်ကြတယ် မဟုတ်လား။ နာမည်ချင်းတူတူ ဖြစ်နေတဲ့ ဇနီးမောင်နှံလေ။

ဒါပေမယ့် နှစ်ယောက်ပေါင်းမှ နာမည်တစ်လုံးပဲ ရှိတဲ့ ကာကဝလ္လိယ သူဆင်းရဲမောင်နှံနဲ့တော့ တခြားစီပါ။ လေးလေးတို့က ချမ်းသာတယ်။

မမဝင်းက အနီရောင်ဖျော့ဖျော့ အထက်အောက် ဆင်တူဝတ်ထားတယ်။ ကျောက်ပြားဖြူဖြူကလေးတွေပေါ်မှာ ဆေးအနီဖျော့ဖျော့ကလေး မှုတ်ထားသလိုပဲ။ ခေါင်းမှာလည်း ပန်းဝါဝါကလေးတစ်ပွင့် ပန်ထားတယ်။ အဖြူပေါ်မှာ အနီပိန်းပိန်းကလေးတစ်ချက် သုတ်ပြီး အဲဒီ အနီပေါ် အဝါစက်ကလေးတစ်စက်ချထားတဲ့ ပန်းချီကားတစ်ချပ်လိုပဲ။

မမဝင်းက မလှုပ်မယှက် ဘုရားကို အာရုံပြုနေလေရဲ့။ တကယ် ကျောက်ရုပ်တုကလေးတစ်ခု ချထားတာ ကျနေတာပဲ။

ကျွန်မက မမဝင်းကို အရင်စမြင်တယ် ထင်လို့။

“ဟယ် ဟိုမယ် မမဝင်း”လို့ အောင့်ကို လှမ်းပြောတယ်။

အောင်က မမဝင်းကို မြင်ပြီးသား စိုက်ကြည့်နေတယ်။ အောင့်ကို ကြည့်ရတာ ရှုခင်းတစ်ခု အာရုံဝင်စားနေတဲ့ ပန်းချီဆရာတစ်ယောက်ရဲ့ပုံမျိုး။ အောင်က လှုပ်ခနဲ မျက်နှာလှည့်တယ်။ ကျွန်မဘက်ကိုပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ၊ အဲဒါ ကြည့်နေတာ။ ဒေါ်လေးဝင်း ဘာလာလုပ်သလဲ မသိဘူး"

"ဟဲ့ အောင်ကလည်း ဘုရားရှိခိုးနေတာ တွေ့လျက်သားနဲ့"

"မဟုတ်ဘူး၊ ကိုယ်ပြောတာက ယတြာတွေ ဘာတွေ လာချေသလားလို့။ လေလေးများ၊ အဲ လေးလေးအတွက်လား၊ သူ့အတွက်လား မသိဘူး"

သည်တော့မှ ကျွန်မ စဉ်းစားမိတယ်။

မမဝင်း ဝတ်ထားတာကို ကြည့်လေ။ အနီရောင် ဆင်တူ၊ ခေါင်းမှာ ပန်ထားတဲ့ ပန်းအဝါရောင်တစ်ပွင့်တည်း။ အလှေကျပေါက်တဲ့ တောပန်းကလေးတစ်ပွင့်ပါ။

မြင်ဖူးမှာပေါ့။ လမ်းဘေး တွေ၊ ခြံစည်းရိုးဘေးတွေမှာ ပေါက်ရောက်ရှတဲ့ အဝါရောင် ပန်းကလေးတွေလေ။ ဝါသမှ ထိန်နေအောင် ဝါတဲ့ ပန်းတစ်မျိုး။

မမဝင်း နာမည်က ဒေါ်နီလာဝင်း။ အနီ၊ အဝါ။

အဲ...ပြီးတော့ မမဝင်း ထိုင်ကန်တော့နေတဲ့ နေရာက စနေထောင့်။

လက်ထဲမှာ ကိုင်ထားတဲ့ ပန်းတွေကလည်း နှင်းပန်း နီနီကလေးတွေ။ နှင်းသီးကလေးတွေတောင် ပါလိုက်သေး။

အနီရယ်၊ အဝါရယ်၊ စနေထောင့်ရယ်၊ နှင်းပန်းရယ်။

ဟုတ်ပါပြီ။ ယတြာလာချေတာ ဖြစ်မှာပါ။ ဒါမှမဟုတ် ဓာတ်ရိုက် ဓာတ်ဆင် ဆရာသင်နဲ့ တွေ့လာသလား မသိဘူး။

ကျွန်မ မှတ်မိသေးတယ်။ ဆယ်တန်းစာမေးပွဲ ဖြေခါနီးတုန်းကပေါ့။

မမက ဗေဒင်ဆရာတစ်ယောက်နဲ့ကျွန်မကို တွက်ချက်ပေးတယ်။ ကျွန်မနာမည်ကလည်း နေ့သင့်နံသင့်မှည့်ထားတာပါ။ သီသီဝေ။ သောကြာသမီးပေါ့။ ကျွန်မကို ဗေဒင်ဆရာက သရက်သားနဲ့ ဘုရားထုခိုင်းတယ်။ အသေးလေးပေါ့။ ရွှေတိဂုံဗဟန်းဘက် စောင်းတန်းမှာ သွားထုရတယ်။

ပြီးတော့ သောကြာထောင့်မှာ သဇင်ပန်း ဒါမှမဟုတ် သစ်ခွပန်း ကပ်ပါတဲ့။ ရေသက်စေ့၊ မီးသက်စေ့ ကပ်ပါတဲ့။ သဇင်တို့ သစ်ခွတို့ဆိုတာ ဈေးကြီးတယ် မဟုတ်လား။ ပြီးတော့ သဇင်က သူ့ရာသီနဲ့သူ ပေါ်တာ။ မမက သစ်ခွပန်းတစ်ခက်ကို သုံးကျပ်ပေးပြီး ဝယ်ပေးတယ်။ ကျွန်မ နှမြောလိုက်တာ လွန်ပါရော။

အဲ...အဲသလို နေမှာပေါ့။ မမဝင်းလည်း အကြောင်း တစ်စုံတစ်ခုရှိလို့ ယတြာလား၊ ဓာတ်လား လာလုပ်တာထင်တယ်။ ဓာတ်ပေါက်သွားပြီလား မသိဘူး။ ကျွန်မစိတ်ထဲ ကျိတ်ပြုံးလိုက်တယ်။

ကျွန်မလေ အဲဒီဗေဒင်၊ ယာယီ၊ ယတြာဆိုတာတွေကို သိပ်မပတ်သက်ချင်ဘူး။ ငယ်သေးလို့လားတော့ မသိဘူး။ လူကြီးတွေက လုပ်လုပ်ဆိုလို့ လုပ်လိုက်တာလောက်ပဲ ရှိတယ်။ သိပ်ပြီး အားကိုးတကြီး ယုံကြည်ကြည်ကြီးနဲ့ တစ်ခါမှ မလုပ်ခဲ့ပါဘူး။

သူတို့ပညာနဲ့ သူတို့အထာနဲ့ သူတို့ဘာသာ သူတို့ပဲ ရှိပါစေလို့ သဘောထားလိုက်တယ်။

ကျွန်မတို့နှစ်ယောက် မမဝင်းနောက်နားမှာ ခဏရပ်နေကြတယ်။

မမဝင်းက ဘုရားရှိခိုးပြီး ပန်းတွေကို ညောင်ရေအိုးမှာ သွားကပ်တယ်။

တရိုတသေ လက်အုပ်ကလေးချီပြီး ပြန်အလှည့်မှာ ကျွန်မတို့ကို တွေ့သွားတယ်။ ကျွန်မ ထင်တာက သူ ယတြာလာချေတာကို ကျွန်မတို့ တွေ့သွားရင် ရှက်များ သွားမလားလို့ပေါ့။ ဒါပေမဲ့ မမဝင်းက ရှက်မသွားပါဘူး။ ပြုံးပြုံးလေးပဲ။ အေးဆေး ချမ်းမြေ့တဲ့ အပြုံးလေးတွေပေါ့။

ကျွန်မတို့ကို နှုတ်ဆက်တယ်။

"ဘုရားဖူးလာကြသလားဟော့။ တစ်နေ့ ဘယ်နှစ်ခါ ဘုရားဖူးလဲ" တဲ့။

အောင်က ဖြေတယ်။

"ငါးခါတည်းပါ ဒေါ်လေးဝင်းရဲ့ အစွလာမ်ဘာသာဝင်တွေတောင် တစ်နေ့ ငါးခါ ဘုရားရှိခိုးတယ် မဟုတ်လား"

မမဝင်း ရယ်တယ်။ ရယ်တယ်ဆိုရုံကလေးပါ။

"ဒေါ်လေးဝင်း ယတြာလာချေတာ မဟုတ်လား။ ဘာလဲ လေးလေး ဖောက်နေပြီလား"

အောင်က နောက်တယ်။

မမဝင်းက

"အေးကွယ်၊ ဆိုပါတော့"

"ဟာ တကယ်လား၊ ကျွန်တော့်လေးလေး တကယ်ဖောက်နေ ပြီလား"

"မဟုတ်ပါဘူးကွယ်၊ ယတြာလာချေတာကို ပြောတာပါ။ မင်းတို့ လေးလေးက ဘာမှ မဖြစ်ပါဘူး"

"မသိဘူးလေဗျာ။ လင်စိတ် ထိပ်မြွေခဲဆို မဟုတ်လား"

"ဟဲ့ အဒေါ်ကို ဒီလို ပြောရလား"

အဲသလို မမဝင်းပြောလိုက်ပုံက ချစ်စရာကြီး။ ကန့်ကလျမဟုတ် ဘူးလေ။ ဘာခေါ်မလဲ ယဉ်စစ ခေါ်မလား။ ဟုတ်သေးဘူး။ ငြူစူယောင် အလှ။ ဟုတ်တယ်။ အဲသလိုမျိုးပေါ့။ မနှစ်သက်သလိုလိုနဲ့ သဘောကျ သွားတဲ့ ပုံမျိုးလေ။

'လင်စိတ် ထိပ်မြွေခဲ'ဆိုတာ ယောကျ်ားကို ချစ်တဲ့မိန်းမအတွက် သိပ်ကောင်းတဲ့ စကားလုံး မဟုတ်လား။ မမဝင်းက လေးလေးကို တကယ်ချစ်တာနေမှာ။





"ဘာတွေများ ယတြာတွေ ဓာတ်တွေ ပေါက်နေရတာလဲ ဒေါ်လေး ရဲ့။ ဒီ့ထက် ဒီချမ်းသာချင်နေပြီလား"

"မဟုတ်ပါဘူးကွယ်၊ ခရီးသွားဖို့ ကိစ္စလေးရှိလို့ပါ"

"လေးလေး ပြန်သွားရဦးမှာလား"

"မဟုတ်ဘူး။ မင်းလေးလေးက တစ်နှစ်လောက် နေရဦးမယ် င်တယ်"

"ဒါဖြင့် ဘယ်သူသွားရမှာလဲ"

"ဒေါ်လေးပေါ့"

"ဟာ ဒေါ်လေးက ဘယ်သွားရမှာလဲ"

"ဒီလိုပေါ့ကွယ် မသေချာသေးပါဘူး"

သူတို့ တူဝရီး စကားပြောနေတာကို နားထောင်ရင်း ကြည့်ရတာ န်းမြေ့စရာပဲ။

"ဪ...သိပြီ၊ ဂျာမဏီကို ဒေါ်လေးသွားဖို့ လျှောက်ထားတဲ့ဟာ ဟုတ်လား"

"အေး၊ အဲဒီကိစ္စပါ၊ မသေချာသေးပါဘူး"

"သေချာအောင် လာလုပ်တာပေါ့၊ ဟုတ်လား"

"အေးပေါ့ကွယ်၊ ကိုယ်က သွားချင်တာကိုး၊ ဘုရားမှာ ယတြာ တယ်ဆိုတာ အကုသိုလ်အလုပ်မှ မဟုတ်ဘဲ"

မမဝင်းရဲ့ 'ဖလော်'ကို ကြိုက်သွားတယ်။ ဟုတ်သားပဲ၊ သူပြော ရှင်းသွားတယ်။ ကျွန်မ ဦးနှောက်ထဲမှာ ဉာဏ်အလင်းတစ်ခု ပွင့်သွား ပဲ၊ အရင်တုန်းက ကျွန်မ အဲဒီယတြာတို့၊ ဓာတ်တို့ ဆိုတာတွေကို ပေါက်ပေါက်အလုပ်တွေလို ထင်ထားတာ။ လူကြီးတွေလုပ်ခိုင်းရင် လိုက်တယ်။ ဒါလောက်ပဲ။

မမဝင်းပြောမှ ဟုတ်သားပဲ ဘုရားမှာ ပန်းကပ်တာ၊ ဆီမီးထွန်း အကုသိုလ်အလုပ်မှ မဟုတ်ဘဲ၊ ရှင်းရှင်းလေးရယ်။

www.burmeseclassic.com



အဲ ဆေးဖယောင်းတိုင်တို့ ဘာတို့တော့ မလုပ်ချင်ပါဘူး။ ပြီးတော့ ပိုက်ဆံသိပ်ကုန်တဲ့ ယတြာချေနည်းမျိုးတွေ၊ ဓာတ်ရိုက်တာတွေလည်း မကြိုက်ဘူး။ ဘုရားမှာ သပြေခက်လှူဆိုတာလောက်ဆိုရင် ကောင်းတာပေါ့ အဲ ခုမှ သတိရတယ်။ ကျွန်မအတွက် သစ်ခွပန်းလှူတုန်းက တစ်ခေါ် သုံးကျပ်ပေးရတယ်။ ဆေးဒင်ဆရာကတော့ မှာလိုက်သား။ သပြေခက်ကလေး တွေ လှူရင်လည်း ရတယ်လို့။

အဲဒါ ရေကြီးလား မသိဘူး။ ဘုရားကို လှူခဲ့တာကို ပြန်နှမြော မိတာလေ။

“ဘုရားကန်တော့ပြီးကြပလား”

မမဝင်းမေးမှပဲ သတိရတော့တယ်။

ကျွန်မတို့နှစ်ယောက် စပ်ဖြိုဖြိုနဲ့ ခေါင်းခါတယ်။ ပြီးတော့ အဲ နားမှာပဲ ထိုင်ချပြီး လက်အုပ်ချီလိုက်ကြတယ်။

ကျွန်မ ဘာဆုတောင်းလဲ၊ သိလား။

“မမဝင်းလို လှပါလို၏ အရှင်ဘုရား”

*

[၁၀] ၃၇

အဲဒီနေ့က မမဝင်းအကြောင်းကို အောင်က ပြောပြတယ်။

ကျွန်မတို့ ဘုရားက ပြန်ဆင်းတော့ မမဝင်းက ကော်ဖီတိုက်သေး တယ်။ ဘာမှ အထွေအထူး မဖြစ်ကြပါဘူး။ မမဝင်းလည်း၊ သူ့အတွေးနဲ့ သူပဲ ထင်ပါရဲ့။ နှုတ်ဆိတ်နေတယ်။

မမဝင်း ပြန်သွားတော့မှ အောင့်ကို မေးကြည့်ရတယ်။

“မမဝင်းက ဂျာမဏီကို သွားရမှာတဲ့လား ဟုတ်လား”

“အင်း နီးစပ်ပါတယ်၊ အဲဒီကို လျှောက်ထားတယ်လေ”

“ဘာလျှောက်တာလဲ”

“အလုပ်ပေါ့၊ ဟိုမှာ ဟန်းဗို့ ယူနီဗာစီဆိုတာ ရှိတယ်လေ၊ အဲဒီ မှာ မြန်မာစာဌာနဖွင့်ထားတယ်၊ မမဝင်းက အဲဒီသွားရဖို့ လျှောက်ထား တာ”

ကျွန်မစိတ်ထဲ တစ်မျိုးစဉ်းစားမိတယ်။ မမဝင်းက ဘာဖြစ်လို့များ နိုင်ငံခြားမှာ သွားပြီး အလုပ်လုပ်ပါလိမ့်။ လေးလေး နိုင်ငံခြား ခဏခဏ သွားရတာကို အားကျလို့လား မသိဘူး။ ဒါမှမဟုတ် သူလည်း သူ့ပညာနဲ့ သွားနိုင်ပါတယ် ဆိုပြီး လုပ်တာလား မသိ။

www.burmeseclassic.com



လူတွေက ခက်သားလားနော်။ ဘာမဟုတ်တာကလေးနဲ့လည်း မာနသားချင်ထားတတ်ကြတာကလား။

"အဲဒီလို သွားတော့ လေးလေးက ကျန်ရစ်မှာပေါ့"

"တစ်ယောက် တစ်လှည့်စီပေါ့"

"ဟင်း သူတို့ဟာတွေက ဘယ်လိုကြီးမှန်းလည်း မသိဘူး"

"ဘာဖြစ်လို့လဲ"

"ဟိုလေ မမဝင်းက အေးအေးဆေးဆေး ထိုင်စားနိုင်လျက်သား နဲ့ အလုပ်လည်း လုပ်တယ်။ ဒါ ထားပါတော့၊ နိုင်ငံခြားထိ သွားအလုပ် လုပ်မယ်ဆိုတော့ လိုလည်းမလိုပဲနဲ့"

"သူတို့အတွက် လိုချင်လိုနေမှာပေါ့"

"မဟုတ်ဘူး၊ လင်ရယ် မယားရယ်လို့ အတူတူနေကြရတယ်လို့မှ မရှိတော့ဘူးပေါ့"

"အင် သိတို့ ကိုယ်တို့ကျရင်တော့"

"အို အဝေးကြီးလိုသေးတာ"

"မဝေးတော့ပါဘူး နီးချင်ရင် အနီးလေး"

"အဲဒါ မစဉ်းစားနဲ့ဦးစို့ အောင်ရယ်"

"ဘာလဲ သီ၊ ကိုယ်နဲ့ လက်ထပ်ဖို့ မစဉ်းစားချင်ဘူးလား"

"မဟုတ်ပါဘူး၊ မျှော်လင့်ချက်ကြီးတစ်ခွဲသားနဲ့ စီမံကိန်းတွေ ဘာတွေ ချထားပြီးမှ ကိုယ်ဖြစ်ချင်သလို ဖြစ်မလာရင် သိပ်စိတ်ညစ်ရမှာ"

"ဘာ ညစ်စရာရှိလဲ သီရယ်၊ ကျောင်းပြီးရင် လက်ထပ်ကြမယ်လို့ ဆုံးဖြတ်ထားတာ မကောင်းဘူးလား"

"ကောင်းပါတယ်၊ ဒါပေမယ့် မစဉ်းစားချင်သေးဘူး"

"သဘောလေ၊ ကိုယ်တော့ စဉ်းစားထားတယ်"

"စဉ်းစားပေါ့၊ ပိုက်ဆံမှ မပေးရတာ"





"အင်း ဟုတ်တယ်၊ ကိုယ်က သားသမီးမြေးမြစ်ထိ စဉ်းစားထားတယ်၊ မပင်ပန်းပါဘူး၊ စိတ်ကူးထဲမှာပဲ ဥစ္စာ"

နှစ်ယောက်သား ရယ်လိုက်ကြတယ်။

"နေပါဦး မမဝင်းက ဂျာမဏီကို ဘယ်တော့ သွားရမှာလဲ"

"မသိဘူးလေ"

"နို့ မမဝင်းက ဂျာမန်စကားတတ်လို့လား"

"တတ်တယ်၊ I.F.L တက်ထားတာပဲ"

"ဘာလဲ I.F.L"

"နိုင်ငံခြားဘာသာသင်"

"သိပြီ သိပြီ"

"အဲဒီမှာ မမဝင်း ဂျာမန်တက်ထားတာ ကြာလှပြီ"

"ဪ..."

ကျွန်မစိတ်ထဲ 'တတ်နိုင်တဲ့လူများတော့ အမျိုးမျိုးလုပ်နေကြတာပဲနော်' ဟု တွေးမိသည်။

အမှန်တော့ အဲသလို မစဉ်းစားသင့်ပါဘူး။ မမဝင်းက ပညာရှာထားတာပဲ။ ပညာဆိုတာ ဘယ်ပညာဖြစ်ဖြစ် တတ်ထားရင် မမှားဘူးပေါ့။ တစ်ချိန်မဟုတ် တစ်ချိန်မှာ အသုံးဝင်မှာဥစ္စာ။ အချိန်ပိုရှိရင် ပညာတစ်ခုခု သင်ထားသင့်တာပေါ့။

အင်းလေ အချိန်ပိုဖို့ဆိုတာကလည်း လွယ်တာမှတ်လို့။

ကျွန်မတို့လို မိသားစုကျတော့ ဘယ့်နှယ်လုပ် အချိန်ပိုမလဲ။

ကျွန်မတစ်ယောက်သာ အဖေနဲ့ အမေက ကောလိပ်ရောက်စေချင်လွန်းလို့ ရန်ကုန်ပို့ထားတာ။ အိမ်မှာ...

*

www.burmeseclassic.com

www.burmeseclassic.com

[၁၁]

အိမ်ကအကြောင်း စဉ်းစားမိရင် ကျွန်မရင်ထဲ သိပ်မကြည်ဘူ
အဖေနဲ့ အမေအပြင် အစ်ကိုရော အစ်မရော အလုပ်လုပ်ကြရတာ
ကျွန်မအောက် မောင်လေးတစ်ယောက်လည်း အလုပ်လုပ်ရတာပဲ။ ကျွ
မြို့ကို ပြန်ပြန်နေတဲ့အခါလည်း အလုပ်ကူလုပ်ရတာပဲ။ အစ်မက
အိမ်ထောင်ကျသွားပါပြီ။ ရဲကြပ်တစ်ယောက်နဲ့လေ။

သူ့မိသားစုနဲ့သူတောင် အနိုင်နိုင်ဆိုတော့ အဖေတို့ အမေတို့
ဘယ်ပြန်ကြည့်နိုင်မှာလဲ။

အဖေတို့ အမေတို့ကလည်း ချမ်းချမ်းသာသာမှ မဟုတ်တာ

အစ်ကိုကြီးဆိုရင် စာရေးဝင်လုပ်နေတာလည်း ကြာလှပြီ။
စာရေးပဲ။

အစ်ကိုကြီးက စာပေးစာယူနဲ့ ဘွဲ့ရတယ်။ ဒါလည်း ဒီအ
ဒီအတိုင်းပါပဲ။ အကျိုကော်လာတွေ ပိုပိုပြီး စုတ်လာတာပဲ၊ ကျွန်မ
ထားမိတယ်။

အစ်ကိုကြီးက ခုထိ မိန်းမ မယူသေးဘူး။ မယူသေးတာလ
မရသေးတာလား မသိဘူးလေ။ ဒါပေမယ့် အစ်ကိုကြီးက လိမ္မာပါတ





တို့ အဖေတို့ ပြောနေကျစကားကို ငှားသုံးရတာပေါ့။ အမေက
ကြီးက သိပ်လိမ္မာတယ်’ဆိုဆိုပြီး ကျွန်မတို့ကို ဆုံးမတတ်တယ်။

တကယ်လည်းလိမ္မာပါတယ်။ အစ်ကိုကြီးကြောင့် ကျွန်မတက္ကသိုလ်
တက်နိုင်တာဆိုရင်လည်း မမှားဘူးပေါ့။ ကျွန်မတက္ကသိုလ်ကျောင်းလခ
စာအုပ်ဖိုးဆိုပြီး တစ်လ ငါးဆယ်ပေးတယ်။ အဖေတို့က အစိတ်၊
ကိုကြီးက အစိတ်။ ရန်ကုန်က ကျွန်မ အစ်မတဝမ်းကွဲကတော့ ထမင်း
ထားတယ်။ ဒါပေမယ့်လဲလေ အမေက နားလည်တယ်။ ထမင်းဖိုး
လို့ မဟုတ်ဘဲ သကြားတို့၊ နို့ဆီတို့၊ ပဲတို့၊ ကြက်သွန်တို့ ကျွန်မတို့
မှာ ရနိုင်တဲ့ ဟာလေးတွေ စုစုပြီး ပို့ပေးတတ်တယ်။ ကျွန်မ အစ်မ
မှာ ထမင်းစားရတာ မျက်နှာမငယ်အောင်ပေါ့။

ကျွန်မ တစ်ခါတလေ စဉ်းစားကြည့်တယ်။ အောင့်ကို ချစ်တာ
အောင့်မိဘ အသိုက်အဝန်းရဲ့ ဂုဏ်ချမ်းသာကြောင့်လားလို့။ အဲသလို
စိတ်ထဲမှာ ပါနေသလားလို့။

အဲသလို စဉ်းစားမိတိုင်း အောင့်ကို မချစ်ချင်တော့ဘူး။ ဘာလုပ်ရ
လဲနော်။ သူ့ကို ချမ်းသာလို့ ချစ်တာဆိုရင် ကျွန်မသွားရောပေါ့။
သလိုတော့ မဟုတ်ပါဘူး။ အောင်တို့ ချမ်းသာလို့။ ချမ်းသာလို့ဆိုတာ
မတို့ထက် ပိုပြီး ချမ်းသာလို့ အောင့်ကို ချစ်တာ မဟုတ်ပါဘူး။
ချစ်တာပါပဲ။

အောင်က ချောလို့ ချစ်တယ်လေ။ ဒါလောက်ပဲ စဉ်းစားလို့
သားတယ်။

အောင်တို့ကျတော့လည်း တစ်မျိုးပဲ။ ချမ်းသာတဲ့ လူများကျတော့
အရေးမကြီးတဲ့ ကိစ္စလေးတွေကို ရေးကြီးခွင်ကျယ် လုပ်ချင်ကြ
။

ကြည့်လေ၊ တစ်လောက ကျွန်မကို မမဝင်းက ဆွယ်တာလေး
ကို ကျွန်မ ချက်ချင်း ယူဝတ်လို့ ဆိုပြီး သိက္ခာကျတယ်လို့
င်က ထင်သတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ပြောလိုက်သေးတယ်၊ 'သို့ကို အထင်သေးမှာ စိုးလို့' တဲ့။ အဲဒါတွေးပြီး ကြောင်တာပါ။

မော်တော်ကားစီးတာလည်း အဲသလိုပဲ။ လေးလေးတို့ကား အောင်က သိပ်မစီးချင်ဘူး။ လမ်းကြုံလောက်ပဲ လိုက်တယ်။ တကူးတက ပို့ပေးမယ်ဆိုရင် 'အောင်က တွင်တွင်ငြင်းတော့တာပဲ။ 'ကားကပ်စီးတယ် ထင်မှာစိုးလို့'တဲ့။ အူတယ်နော်။

ကျွန်မကတော့ အဲသလို မတွေးပါဘူး။ ရှင်းရှင်းလေးပဲ။ သူ့ ကားရှိတဲ့လူက လိုက်ပို့မယ်ဆိုရင် ပိုကောင်းတာပေါ့။ ကိုယ့်ဘာသာသွား ရင် ဘတ်စကားနဲ့ ဒါ့မှမဟုတ် သုံးဘီးတို့ တစ်ကျပ်ကားတို့ လော စီးနိုင်မှာ။ ပိုက်ဆံလည်းကုန်သေး၊ ပင်လည်းပင်ပန်းသေး။ ကားနဲ့လို ပို့မယ်ဆိုရင် ကိုယ်သက်သာတာပေါ့။

ဒီလိုတွေးလို့ ကျွန်မကို အထင်သေးရင်လည်း အရေးမကြီးပါဘူး ကျွန်မ ရှင်းရှင်းလေးပဲ တွေးတတ်တယ်။ သူတို့လို ရှုပ်ရှုပ်ရက်ရက်တွေ မတွေးချင်ဘူး။

ခုလည်း ကြည့်လေ။ မမဝင်းက အိမ်မှာ ထိုင်စားနေနိုင်လျက်နဲ့ နိုင်ငံခြားထိ သွားအလုပ်လုပ်ဦးမလို့တဲ့။ လေးလေးက မတားဘူးလား တားပိုင်ခွင့်ကော မရှိဘူးလား။ သူတို့ ဆက်ဆံရေးက ဘယ်လိုကြီးလဲ အနောက် သိပ်ဆန်နေသလား မသိဘူး။ ယောကျ်ားလည်း လွတ်လွတ် လပ်လပ်နေချင်သလိုနေ၊ မိန်းမလည်း ကိုယ့်သဘောနဲ့ကိုယ် လုပ်ချင် လုပ်။

အဲဒါမျိုးတော့ ကျွန်မ မကြိုက်ပေါင်။ ဗမာတွေပဲ ဥစ္စာ ဗမာ နေကြတာ ကောင်းတာပေါ့။

ခေတ်မီတယ်ဆိုတာ အနောက်တိုင်း အကျင့်အကြံကို လိုက်ကျ ကြတာကို ပြောတာ မဟုတ်ပါဘူး။ စာရိတ္တမြင့်မြင့်မားမားနဲ့ လူ အဆင့်အတန်း မြင့်တာကို ပြောတာတဲ့။ စာအုပ်တစ်အုပ်ထဲမှာ ဖတ် တယ်။





ကျွန်မတော့ အဲဒီသဘောတရားကို ကြိုက်တယ်။ ဗမာဆန်ဆန် ရင်း ခေတ်မီတာ ကောင်းတာပေါ့။ ကျွန်မတို့ တောမှာဆိုရင် တော ပဲ ဆိုကြပါစို့လေ။ ကျွန်မတို့မြို့လေးက တောမြို့လေးပါ။ အဲ တော ဆိုရင် ကျွန်မလို ယောကျ်ားရုပ်အင်္ကျီတို့၊ စွပ်ကျယ်တို့ ဝတ်တာတောင် ငေါ့ချင်ကြတယ်။

တစ်ခုတော့ ပိုကောင်းတယ်။ ဘာအင်္ကျီဝတ်ဝတ် မလျောင်ပါဘူး။ ကြီးသူကြီးရှေ့ ခေါင်းငုံ့မသွားရင်သာ သိပ်ရိုင်းတဲ့ ကောင်မလေးလို့ ပြောတတ်ကြတယ်။ ကျွန်မကတော့ အဲသလို နေရာမျိုးမှာ အဲဒီအတိုင်း တတ်တယ်။ မိရိုးဖလာ ယဉ်ကျေးမှုအတိုင်းပေါ့။

ဒီတော့ ကျွန်မ စွပ်ကျယ်အင်္ကျီတို့ တီရှပ်တို့ ဝတ်တာကို ဘာမှ ပြောကြတော့ဘူး။ ပြီးတော့ ဘယ်သူမှ အဲဒါမျိုး သိပ်မဝတ်ကြဘဲ ကျွန်မတစ်ယောက်တည်း ဝတ်နေရတာ။ ကြာတော့ ပေါင်းစင်းစင်းကြီး ဖြစ်လာတယ်။ ဘယ်သူကမှ ဘာမှ မပြောပေမယ့် ကိုယ့်ဘာသာ မနေ တတ် မထိုင်တတ် ဖြစ်နေတယ်။ ဟို ဥဒေါင်းတို့ကြားထဲ ရောက်သွားတဲ့ ကျီးကန်းလိုပေါ့။ အေးလေ၊ ကျီးကန်းတွေကြားထဲ ဥဒေါင်းရောက်သွား လည်း ကြောင်တောင်တောင် ဖြစ်နေမှာပါပဲ။

ကျွန်မ အခု ဖြစ်နေသလိုပေါ့။ အောင်တို့က ဥဒေါင်းတွေလိုလေ။ အပတွေ စုနေကြတဲ့ အသိုင်းအဝိုင်းပေါ့။ ကားရှိတယ်။ တိုက်ရှိတယ်။ ရှိတယ်။

ကျွန်မတို့ကျတော့ သူတို့မှာ ရှိတာတွေ ဘာမှ မရှိဘူး။ ဒီတော့ မက ကျီးကန်းနဲ့ တူနေတာပေါ့။ ဒါပေမယ့် ကျွန်မစိတ်ထဲမှာ အား ပါဘူး။ ကျီးကန်းလည်း ကျီးကန်းအလျောက် အင်အားရှိတာပဲ တတ်လား။

ဥဒေါင်းဟာ ကျီးကန်းလို မအာတတ်ပါဘူး။ အရေးရှိရင် ိုင်း သားတတ်တဲ့ အကျင့်မျိုး ဥဒေါင်းတွေမှာ မရှိပါဘူး။ ဒါပေမဲ့ အရည် ချင်းဆိုတာ သူ့ဘဝနဲ့သူရတာပဲ ဥစ္စာ။



www.burmeseclassic.com

www.burmeseclassic.com



အဲသလိုပေါ့။ ကျွန်မတို့မှာလည်း ကျွန်မတို့ အရည်အချင်း ကျွန်မတို့ ရှိတာပဲ။

မော်တော်ကားရှိမှ လူရာဝင်မှာတဲ့လား။ အဲဒါမျိုး တွေးတတ်ရင် လူဆိုရင်တော့ ကျွန်မက 'တာ့တာ' လုပ်လိုက်ချင်တယ်။ ရှင်းရှင်းလေး ပဲ ပြောမယ်။ သွားတော့ပေါ့။

ကျွန်မတို့ ဘတ်စကားစီးကြတယ် မဟုတ်လား။ ကိုယ်ပိုင်ကား နဲ့ အမြဲသွားနေတဲ့ ကောင်မလေးတစ်ယောက် အရေးအကြောင်း တစ်ခုခု ကြုံလို့ ဘတ်စကားတိုးတက်ရမယ်ဆိုပါတော့ ရမလား။ ဘတ်စကားပေါ် ရောက်ဖို့ကို သုံးလေးည အိပ်စောင့်ရမှာ။ သဘောပြောတာပါ။ တကယ် တော့ အမြဲကိုယ်ပိုင်ကားစီးနေရတဲ့ ကောင်မလေးတွေက ဘတ်စကား ဘယ်စီးမှာတုန်း။ စီးဖို့လည်း အကြောင်းဖြစ်လာမှာ မဟုတ်ပါဘူး။

ကျွန်မ ဆိုလိုတာက ကိုယ့်အရည်အချင်းနဲ့ ကိုယ်ရှိနေကြတာကို ပြောတာပါ။

အောင်တို့နဲ့ ပတ်သက်ပြီး ကျွန်မ မသိမ်ငယ်ချင်ပါဘူး။ ကိုယ့်ကိုယ် ကိုယ် အားပေးရတာပေါ့လေ။ ကျွန်မတို့မှာ မရှိတဲ့ အရည်အချင်းတွေ အောင့်မှာ ရှိတယ်။

ဒီလိုပဲ အောင့်မှာ မရှိတဲ့ အရည်အချင်းတွေ ကျွန်မမှာ ရှိတယ် ဆိုပါတော့ ကျွန်မတို့နှစ်ယောက်ကို မိဘတွေက အောင်တို့မိဘတွေက သဘောမတူလို့ မိုးရာလိုက်ပြေးကြမယ် ဆိုပါစို့။

ကျွန်မ ကျောင်းဆက်မတက်ဘဲ လေဟာပြင်ဈေးမှာ ပွဲကျဈေးသည် အဖြစ်နဲ့ ရောင်းဝယ်ပြီး စားသောက်နေထိုင်ရဲတယ်။ 'လာနော်၊ လာနော် စက်ရုံက တိုက်ရိုက်လာရောင်းတာ။ တစ်ရာယူလာတာ ကိုးဆယ့်ကိုးကျပ် ကျန်တော့တယ်။ တစ်ခုကျပျောက်လို့' တို့ ဘာတို့ အော်ပြီး ဈေးရောင်း ရဲတယ်။ ဟုတ်တယ်လေ။ ကျွန်မတို့မြို့ကလေးက ဈေးမှာ ကျွန်မ ဈေး ရောင်းဖူးသားပဲ။ ဘာလို့ရှက်ရမှာလဲ။





အဲဒါ ပြောတာပေါ့။ အောင်သာ အဲသလို အခြေအနေမျိုးနဲ့ တွေ့ ရင် ဘာလုပ်မလဲ။

အလွန်ဆုံး သူ့စွန့်စားရင် သဘော်သားလျှောက်ဖို့ပေါ့။ ဒါမှမဟုတ် ရင်လည်း ပရိက်ဇစ်တက္ကဗီမောင်းဖို့ပေါ့။ အဲဒီစကားက တစ်မျိုးပဲ။ ပရိက်ဇစ် တက္ကဗီဆိုတာလေ။ ကိုယ်ပိုင်လည်း ကိုယ်ပိုင်၊ အငှားလည်း အငှားလိုက် တဲ့ သဘောဖြစ်နေဘာပေါ့။

ဟုတ်လည်းဟုတ်သားပဲ၊ ကိုယ်ပိုင်ကားတွေ အငှားလိုက်ကြတာ တွေ့။ အဲ အောင့်သူငယ်ချင်းဆိုတာတွေကကော အဲသလို အချိန်မျိုးမှာ ကူညီကြပါမလား။ မသိဘူးလေ၊ သူတို့ အသိုက်အဝိုင်းအကြောင်း ကျွန်မ မှာ ရေရေရာရာ မသိတာ။

အဲသလိုလည်း ဖြစ်နိုင်စရာ မရှိပါဘူး။ ကျွန်မ အောင်နဲ့ လက်ထပ် ဖို့အထိ မဆုံးဖြတ်ရသေးတာ။ ပေါ့ပေါ့ကလေးတွေးတတ်တဲ့ စိတ်ထား မျိုးတော့ မဟုတ်ပါဘူး။ ရည်းစားတစ်ယောက်ထားမိရင် အဲဒီရည်းစားကိုပဲ လက်ထပ်ရမယ်ဆိုတဲ့ အယူအဆမျိုး မရှိတာပါ။

ဟုတ်တယ်လေ၊ ရည်းစားဘဝနဲ့ တစ်ယောက်အကဲတစ်ယောက်ခတ် မှာပေါ့။ ဒီအတွင်းမှာ သူ့အယူအဆတွေ သဘောထားတွေ၊ အနေအထိုင် တွေ မကြိုက်တာကို ပြင်ခိုင်းရမှာပေါ့။ ကျွန်မကိုလည်း အဲသလိုပဲ အကဲ ခတ်ပေါ့။ မကြိုက်တာရှိရင် ပြင်ခိုင်းပေါ့။ ဘယ်လိုမှ စေ့စပ်ညှိနှိုင်းလို့ မရတော့ဘူးဆိုရင် ဆောဆောစီးစီး လမ်းခွဲလိုက်ကြရုံပေါ့။ မဟုတ်ဘူးလား။

တစ်ယောက်ကိုတစ်ယောက် မကျေမနပ်ကြီးနဲ့ တစ်သက်လုံး နေသွားဖို့ဆိုတာ ဖြစ်မှမဖြစ်နိုင်တာ။ ဖြစ်နိုင်ဦးတော့ ကောင်းမှ မကောင်း တာ။

အောင့်ကို ကျွန်မ အဲသလို သဘောထားပါတယ်။ အောင့်ကို မချစ်တာ မဟုတ်ပါဘူး။ ချစ်ပါတယ်။ ချစ်လို့ ရည်းစားဖြစ်ကြတာပေါ့။ ဒါပေမယ့် ယူဖို့တော့ ခုနလို စဉ်းစားတယ်လေ။ ကျွန်မ မှားသလား။



www.burmeseclassic.com

www.burmeseclassic.com



အောင်ကတော့ ကျွန်မကို ယူဖို့မကဘူး၊ မြေးတွေ မြစ်တွေရတဲ့ထိ စဉ်းစားသတဲ့။ အဲဒါ သူ ပေါ့ပေါ့စဉ်းစားလို့ပေါ့။ အဲသလိုပဲ ကျွန်မ ထင်တယ်။

မိန်းကလေးတစ်ယောက်ကို ချစ်မိကြိုက်မိရုံနဲ့ မစဉ်းစားသင့်ဘူး။ လေးလေးနက်နက်ဆိုရင်ပေါ့။

အိမ်ထောင်ပြုတယ်ဆိုတာ လွတ်မှတ်လို့၊ ပြီးတော့ မမပြောတဲ့ စကားလည်း ရှိသေးတယ်။ ကျွန်မ သိပ်ကြိုက်တာပဲ။

"အပျိုဆိုတာ ဆေးလို ဝယ်လို့မရဘူး"တဲ့။

*

[၁၂]

အဲဒါပဲ။ အဲဒါနဲ့ ပတ်သက်ပြီး အောင်နဲ့ ပြဿနာဖြစ်ရသေးတယ်။

ယောကျ်ားလေးတွေ ဆိုတာကလေ အဲသလိုပေါ့။

လိုချင်တာပဲ သိတာ။ မိန်းကလေးဘက်ကလည်း ပြောစရာရှိပါတယ်။

လိုချင်တာပါပဲပေါ့။ ဒါပေမဲ့ ကျွန်မတို့က မိန်းကလေးဆိုတာ အညီစဉ်းစားရတယ်။ သူတို့လို ပေါ့ပေါ့စဉ်းစားလို့ မရဘူး။

သူတို့ယောကျ်ားလေးတွေမှာ စကားရှိတယ် မဟုတ်လား။ 'အိုင်ဆွဲ ခြေဆေး'တဲ့။ 'ငါးမရလည်း ရေချိုးပြီး ပြန်တာပေါ့'တဲ့။

သိပ်မုန်းတာပဲ။ အဲသလို သဘောထားတတ်တဲ့ ယောကျ်ားလေးတွေဆို ကျွန်မ သတ်ပစ်ချင်တယ်။ ကျွန်မတို့ကို ဟင်းရွက် ကန်စွန်းလို သဘောထားတာ။ ဟင်းရွက်ကန်စွန်းလောက် မဟုတ် မဟုတ်ပါဘူးလေ။ ခြေဆေးတဲ့အိုင်လို သဘောထားတာ။ ဘယ်လောက် အောက်တန်းကျလဲ။

အောင်က အဲသလိုမျိုးထဲတော့ မပါပါဘူး။ ဒါပေမယ့် သူလည်း ယောကျ်ားလေးပဲဟာ။ ယောကျ်ားကျင့်ကလေးတော့ ရှိတာပေါ့။

*



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က သူ့ကို ဘယ်သူတွေက မြှောက်ပေးလိုက်လည်း မသိပါဘူး။ ကျွန်မကို လာပြောတယ်။ အစီအစဉ်တစ်ခု ရှိတယ်တဲ့။ ပျော်စရာ ကောင်းမှာပါတဲ့။ ဒီနေ့ ကျောင်းမတက်နဲ့တဲ့။

ကျွန်မက နည်းနည်းတော့ ရိပ်မိသလိုရှိသား။ ဒါပေမယ့် အဲသလောက်ထိ အောင် ကဲလိမ့်မယ် မထင်ဘူးလေ။

ကျွန်မ ကျောင်းတော့ မပြေးချင်ဘူးလို့ ပြောတယ်။ သူက ညနေပိုင်းမှပါတဲ့။

အဲဒီနေ့ ညနေပိုင်းမှာက ကျူတိုရီယယ်လ်တွေပဲ ရှိတယ်။ လစ်လို့ရတာပေါ့။

ကျွန်မ တက္ကသိုလ်စတက်ကတည်းက ပထမဆုံးအကြိမ် ကျောင်းပြေးတဲ့နေ့ပါ။ ကျူတိုရီယယ်ကလည်း သိပ်အရေးမကြီးဘူးထင်လို့။ ဒါပေမယ့် တကယ်တမ်းကျတော့ ကျူတိုရီယယ်လ်ပညာရပ်အကြောင်းတွေကို ကျူတိုရီယယ်လ်မှာ ကိုယ့်ဘာသာကိုယ် စစ်နိုင်တယ်။

ပြီးတော့ ကျူတာဆရာကို မေးရမှာလည်း သိပ်မကြောင်ဘူး ကျူတာဆရာ ဆရာမတွေဆိုတာက သိပ်အသက်မကြီးကြတာ များတယ်လေ။ ကျွန်မတို့နဲ့က ကွာလှ လေးငါးနှစ်ပေါ့။ အစ်ကို အစ်မတွေလိုတာမေးလို့ရတယ်။

ကျွန်မ အဲဒီစနစ်ကို သိပ်ကြိုက်တာပဲ။ ကျူတာတွေနဲ့ ကျောင်းသူကျောင်းသားတွေ တရင်းတနှီးရှိစေတဲ့ စနစ်ကိုပေါ့။

"အဲ...၊ အဲဒီနေ့က ကျွန်မတို့ အတန်းကို ပြမယ့်ဆရာက ကျွန်မတို့နဲ့ ခင်တယ်။ တော်ရုံတန်ရုံဆို မဆူဘူး။ အများအားဖြင့်လည်း မရှိကြပါဘူး။

အဲဒီတော့ အဲဒီညနေပိုင်းက ကျူတိုရီရယ်လ်အတန်းကို ပြေးလိုက်တယ်။ အောင်နဲ့ အတူတူပေါ့။ ကျွန်မတို့ ဘာသာတွဲတော့ တူတယ်။ အတန်းတော့ မတူဘူး။ တစ်ခန်းစီတက်ရတာကို ပြောတာပါ။





နေ့လယ် ဆယ်နာရီလည်း ထိုးရော ကျွန်မတို့လည်း ကျောင်းကထွက်ခဲ့ရော။

ကျွန်မက စီးနေကျ နံပါတ်ရှစ်ကားဆိပ်ဘက် သွားမယ်လည်းလုပ်ရော အောင်က တက္ကစီသွားစီးမယ်လို့ ပြောတယ်။

"ဘယ်သွားမှာမို့လည်း အောင်ရဲ့၊ မြို့ထဲပဲ မဟုတ်လား"

"မြို့ထဲတော့ မြို့ထဲပါပဲ၊ ဒါပေမယ့် တက္ကစီနဲ့ သွားရအောင်"

"ဝက်ထောလာလို့လား"

"ဆိုပါတော့"

အောင့် အိတ်ကပ်ကို လှမ်းခနဲကြည့်မိတယ်။ 'ခေါင်းပေါင်း' တစ်စတွေ့ရတယ်။ ခေါင်းပေါင်းက အရွက်ကြီးဆိုတော့ လေးခေါက်ခေါက်ပြီး ထည့်ထားတယ်။ တစ်ရွက်တည်းနေမှာပါ။

ကျွန်မလည်း စားသောက်ဆိုင်တစ်ခုခုမှာ စားကြမယ်။ ကျွန်မအတွက် တစ်စုံတစ်ခု သူလက်ဆောင်ပေးမယ်။ အဲသလို ထင်တာပေါ့။ ဟုတ်ပါရိုးလား။

*

www.burmeseclassic.com

www.burmeseclassic.com

[၁၃]

လှေကားကို စတက်မယ်လုပ်ကတည်းက ကျွန်မ ငြင်းဖို့ စိတ်ကူးသေးတယ်။ ဒါပေမယ့် မငြင်းမိဘူး။

မြို့ထဲက တိုက်ခန်းတစ်ခန်းပေါ့။ အောင်က သူ့ကိုယ်သူလည်လှပြီ အောက်မေ့နေတာ။ ကျွန်မတို့နှစ်ယောက် ကျောင်းက ထွက်လာတော့ အငှားကားတစ်စီးရတယ်။ မာဇဒါလေးဘီးဗင်ကားလေးပါ။ ကားဆရာကြီးကို အောင်က ပြောတယ်။

"လေဟာပြင်ဈေးကို ဘယ်လောက်ကျမလဲ"

"ငါးကျပ်"

"အိုကေ"

တံခါးဖွင့်ပြီး ကျွန်မကို နောက်ခန်းကို တက်ဖို့ ရှေ့ထိုင်ခုံကလေး မပေးတယ်။ ကျွန်မနဲ့ အတူတူ အောင်ပါ နောက်ခန်းမှာ ထိုင်တယ်။

ကားပေါ်မှာ အောင်က ကျွန်မလက်ကို ဆုပ်ထားတယ်။ အောင့်လက်တွေက နည်းနည်းအေးနေတယ်။ သူ့စိတ် လှုပ်ရှားနေတယ် ထင်ပါရဲ့။

အောင့်လက်ဖဝါးက နူးညံ့ပါတယ်။

လမ်းတစ်လျှောက် အောင် စကားမပြောဘူး။ တစ်ခုခု စဉ်းစားနေပုံပဲ။ တစ်ချက်တစ်ချက်ကျ တွေသွားတယ်။ ချင့်ချိန်နေတဲ့သဘောပေါ့။





သူ့လက်ကို ကျွန်မက ပြန်ပြီး ဆုပ်ထားရင်း နည်းနည်းလှုပ်လိုက်တယ်။

"အောင်"

သူ ကျွန်မကို လှည့်ကြည့်တယ်။

"ဘာ ငေါင်နေတာလဲ"

"မဟုတ်ပါဘူး၊ ထမင်းအရင်စားရမလား၊ ရေအရင်ချိုးရမလားလို့"

"အောင့်ကြည့်ရတာ တစ်ခုခု ကြံစည်နေသလိုပဲ"

သူ့မျက်နှာ သူခိုးလူမိ ပုံစံမျိုး ဖြစ်သွားတယ်။ ပြီးတော့ ဝန်ခံပါတယ်။

"ဟုတ်တယ် သီရယ်၊ ဒီနေ့ ကိုယ် ဘယ်လိုဖြစ်မှန်းမသိဘူး"

ပြောရင်း ကျွန်မလက်ကို ကျစ်ကျစ်ပါအောင် ဆုပ်တယ်။ ကျွန်မလည်း တိုးကပ်တယ်။ နဂိုကမှ ကျဉ်းကျဉ်းကျပ်ကျပ်နဲ့ ကားလေးထဲမှာ ပိုဆိုးတော့ ကျွန်မတို့ လက်မောင်းချင်းကနေ တင်ပါးချင်း ထိကပ်နေတော့တာပေါ့။

သူ့ဆီက ရေမွှေးနံ့ရတယ်။ မဟုတ်ဘူး။ ပေါင်ဒါနံ့ထင်တယ်။ သင်းသင်းကလေး မွှေးနေတယ်။ ယာဒလေ ပေါင်ဒါနံ့ကို ကျွန်မ မှတ်မိနေတယ်။ ကျွန်မမေမေ ငယ်ငယ်တုန်းက အမြဲသုံးတဲ့ ပေါင်ဒါပေါ့။

အောင်က ကျွန်မအနားကို တိုးတိုးလေး ကပ်ပြောတယ်။ မွှေးမွှေး [illegible]ချင်နေတယ် အရမ်းပဲတဲ့။

ကျွန်မက ဘာမှ ပြန်မပြောဘဲ မဲ့ပြလိုက်တယ်။ မဲ့ပြုံးဆိုတာမျိုး ထင်ပါရဲ့။ မကျေနပ်သလိုလိုနဲ့ ကျေနပ်တာလေ။

ကျွန်မ လက်ဖဝါးကို သူ့လက်ခလယ်နဲ့ ကုတ်တယ်။ ကျွန်မက သူ့လက်ဖမိုးကို မနာအောင် ဆိတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



နေဦး၊ ကျွန်မက လက်ပြတ်အင်္ကျီကလေး ဝတ်ထားတယ်။ လက်မောင်းရင်းထိ ပေါ်တဲ့ အင်္ကျီပေါ့။ ဟိုပွပွကလေးလေ။ ကိုယ်ဝန်ဆောင် အင်္ကျီလိုဟာမျိုးလေ။ ခါးတော့ မပွဘူးလေ။ အင်္ကျီအသားက ပျော့ပျော့ ကလေး၊ လေတိုက်လိုက်ရင် တဖျပ်ဖျပ် လွင့်တတ်တဲ့ ဟာမျိုးပေါ့။

အောင့်အင်္ကျီကတော့ သူ့ထုံးစံအတိုင်း တံဆိပ်ရိုက်စွပ်ကျယ်ထူထူ လေးလေ။ လက်စကပေါ့။ ဒီတော့ ကျွန်မတို့ လက်မောင်းသားကနေပြီး လက်ဖျားအထိ ထိလို့ ကပ်လို့။

ကားဆရာကြီးက နောက်ကြည့်မှန်ထဲကနေ တစ်ချက်တစ်ချက် လှမ်းလှမ်း ကြည့်တယ်။ ကြည့်ပါစေပေါ့။ သူ့အဖို့ ဒါမျိုးတွေက ရိုးနေ ပြီပဲဥစ္စာ။

အောင်က အလစ်လို့ထင်ပြီး ကျွန်မပါးနား သူ့မျက်နှာကပ်လာ တယ်။

လွယ်ပါတယ်။ ခေါင်းကို ဆတ်ခနဲ ရွှေ့လိုက်တယ်။ ကျွန်မ ဆံပင်ကလေးတွေက ဖွာခနဲ ဖြစ်သွားတာပေါ့။ အောင်တစ်ယောက် ဆံပင် ဖျားကိုပဲ နမ်းလိုက်ရတယ်။ ပျော်စရာကြီး။

သူထပ်မကဲပါဘူး။ ကျွန်မကို နေနှင့်ဦးဆိုတဲ့ မျက်နှာထားနဲ့ ကြည့်တယ်။ ပြုံးစပ်စပ်လေး။ ကျွန်မကလည်း မျက်စောင်းထိုးလိုက်တယ်။ စိတ်ဆိုးလို့ မဟုတ်ဘူးဆိုတာ ရှင်းပါတယ်နော်။

"ဦးလေး လေဟာပြင်ဈေး မသွားနဲ့တော့ဗျာ။ အဲဒီရှေ့က ၃၈ လမ်းထဲ ဝင်ပေးပါလား"

ဗိုလ်အောင်ကျော်လမ်း မီးပွိုင့်မှာ ကားခဏရပ်တော့ အောင်က ပြောလိုက်တယ်။

"ဖြစ်ပါတယ်"

ကားဆရာ ဦးလေးကြီးက လေသံရွှင်ရွှင်နဲ့ ပြန်ပြောတယ်။

"ဘယ်ဝင်မှာလဲ အောင်"





"သူငယ်ချင်းတစ်ယောက်နဲ့ ချိန်းထားတာ ခုမှ သတိရလို့။ ပြီးမှ လေဟာပြင်ဈေး သွားတာပေါ့"

ကျွန်မ အယုံအကြည်မရှိ နှုတ်ခမ်းနဲ့ မဲ့ပြတယ်။ ရှေးတုန်းက ခွင်လုံးကြီး။ သိသားပဲ။

ဒါပေမယ့် အဲဒီ ၃၈ လမ်းထဲက တိုက်တစ်တိုက်ရှေ့မှာ ရပ်တော့ ကျွန်မ ကူကြွေ့ရရပဲ ဆင်းလိုက်ပါတယ်။

ကျွန်မ ထဘီကို နည်းနည်းဆွဲပြီး ပြန်စည်းလိုက်တယ်။

အဲ လှေကားအတက်မှာတော့ ငြင်းဖို့ စိတ်ကူးသေးတယ်။

ဒါပေမယ့် ဘာလို့များ လှေကားကျဉ်းကျဉ်းကလေးအတိုင်း တက် လိုက်လာမိပါလိမ့်။

အောင်က ကျွန်မလက်ကို လွှတ်ထွက်သွားတော့မယ့်အတိုင်း ဆွဲ ထားတယ်။ သုံးထပ်အထိ တက်ရတယ်။ ရင်ထဲ လှိုက်လာတယ်။ မော တယ်။

လှေကားက မှောင်တယ်။ အောင်က တံခါးခေါက်တယ်။ ကျွန်မ သေသေချာချာ မှတ်ထားလိုက်တယ်။ တစ်ချက်၊ နှစ်ချက်၊ တစ်ချက်။

အချက်ပေးတာပေါ့နော်။

ကျွန်မစိတ်ထဲ ကျိတ်ပြုံးလိုက်တယ်။ ခုချိန်မှာ အောင့်လက်က ဆတ်ခနဲ ရုန်းပြီး အောက်ကို ပြန်ဆင်းပြေးရင် သိပ်ပျော်စရာကောင်းမှာပဲ။ အဲသလို စဉ်းစားမိတာနဲ့ ဆုံးဖြတ်တာနဲ့ လုပ်လိုက်တာနဲ့ တစ်ပြိုင်နက် တည်း ဖြစ်သွားလား မသိဘူး။

ကျွန်မ အောက်ဆုံး လှေကားထစ်ကို ဘယ်လို ရောက်လာမှန်း မသိဘူး။

"ဟော့ သီ"

အောင့်အသံကို ကြားလိုက်မိသလိုပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ လှေကားဝမှာ ရပ်နေတယ်။ ကုလားကြီးတစ်ယော က် လှေကားတက်ဖို့ ရောက်လာတယ်။ ကျွန်မကို ပြူးကြောင်ကြောင်နဲ့ ကြည့်တယ်။ ခေါ်တောကြည့် ဆိုတာမျိုးလား မသိဘူး။

စက္ကန့်ပိုင်းပဲ ကြာတယ်ထင်ပါရဲ့။ အောင် ကျွန်မနား ရောက်လာ တယ်။

"ဘာဖြစ်လို့လဲ သီ"

"ဟင့်အင်း"

"ကိုယ် ကတိပေးပါတယ် နော်"

သူ့မျက်နှာကို ကျွန်မ တစ်ချက်ကြည့်တယ်။ ကျွန်မ ယုံတယ် လှေကားကို ပြန်တက်ခဲ့တယ်ပေါ့။

အောင့်သူငယ်ချင်းက အခန်းတံခါးဝမှာ ရပ်စောင့်နေတယ်။ ရိပ်မိမှာပေါ့။ ဘာမှ မပြောဘူး။ ပြုံးပြတယ်။

အပေါ်ဆုံးထပ်အထိ တက်သွားတဲ့ကုလားကြီးက လှေကားတ ရင်း လှည့်ကြည့် လှည့်ကြည့်လုပ်လို့နဲ့ တွေ့တယ်။ ခလုတ်တိုက်သံ ကြား ရတယ်။ ကုလားကြီး တချူးတည်း တက်ပြေးတယ်။

ကျွန်မတို့ အခန်းထဲ ဝင်လိုက်တယ်။

"ငါ မင်းနဲ့ ချိန်းထားတော့ မေ့နေလို့ကွာ"

အပိုတွေ၊ အပိုတွေ လုပ်မနေနဲ့။ ကျွန်မ စိတ်ထဲက ပြောတယ် မျက်စောင်းနဲ့ ပြောတယ်။

"အေး ငါက မေ့မှ မေ့နေပါ့မလားလို့"

"မိတ်ဆက်ပေးရဦးမယ်"

"ကျွန်မနာမည် သီသီဝေပါ"

အောင်က ကျွန်မကို လှည့်ကြည့်တယ်။ သူ အံ့သြသွားပုံရတယ်

ကျွန်မကလည်း ကျွန်မပါပဲ။ ခဏကလေးဖြစ်ဖြစ် စောင့်လိုက် တော့လေ။ ဘာကြာတာမှတ်လို့။ 'သီသီဝေတဲ့၊ ကိုယ့်ချစ်ချစ်' စသဖြင့် ပြောချင်မှာပေါ့။





ဟိုတစ်ယောက်ကလည်း 'ကျွန်တော့်နာမည် ဘယ်သူပါ၊ တွေ့ရ တာ ဝမ်းသာပါတယ်' ဘာညာပြောဦးမှာပေါ့။ ကျွန်မက အဲသလောက် လေးကိုတောင် သည်းမခံတော့ဘူး။ ဟုတ်တယ်လေ၊ အပိုတွေ လျှောက် ပြောနေဖို့ လိုသလား။ 'ယိုင်ပါခင်ဗျ' ဘို့၊ 'အအေးသောက်ပါဦး'တို့၊ လေးနော်'တို့ ဘာတို့ ဆိုပြီး အောင့်သူငယ်ချင်းက ရှောင်ပေးမှာပဲ ဟုတ်လား။

အောင့်သူငယ်ချင်းက နည်းနည်း မျက်လုံးဝိုင်းသွားတယ်။ တစ်ခဏ ပါပဲ။

"ဟုတ်ကဲ့၊ ရန်ကြီး ပြောပြောနေလို့ နာမည်တော့ ကြားဖူးပါ တယ်။ ကျွန်တော့်နာမည်တင်အောင်ပါ။ တွေ့ရတာ ဝမ်းသာပါတယ်၊ င်ပါ"

ကျွန်မတို့ နှစ်ယောက်ကုလားထိုင်မှာ ဝင်ထိုင်လိုက်ကြတယ်။ အခန်းအပြင်အဆင်က အိမ်ရှင်မ မရှိဘူးဆိုတာ သိသာတယ်။

ညော်သည်ထိုင် ကုလားထိုင်တွေက မှိုင်းနေတယ်။ နေ့တိုင်း ဖုန် တ်လို့ နေမှာပေါ့။ နံရံမှာ ဂျပန်ပြက္ခဒိန်ကြီးကြီးတွေ ချိတ်ထားတယ်။ ကိမိုနိုဝတ်စုံတွေနဲ့ ဂျပန်မလေးပုံတွေပေါ့။

ခန်းဆီးတစ်ခု ရှိတယ်။ သစ်သားခေါက်ခန်းဆီးပါ။ အတွင်းခန်း ဝင်တဲ့အပေါက်မှာ တံခါးလည်း မရှိဘူး။ လိုက်ကာလည်း မရှိဘူး။ းလိပ်ပြာတွေ ထောင့်တစ်ထောင့်မှာ အမှိုက်တွေနဲ့ အတူတူပုံနေလေ ဖြစ်သလို တံမြက်စည်းလှည်းထားတာ နေမှာပေါ့။

ပရိဘောဂရယ်လို့ မည်မည်ရရ မရှိပါဘူး။ တကယ်လို့ အိမ်ရှင်မ ရှင် ဘယ်လောက်ပဲ ပရိဘောဂနည်းနည်း သပ်သပ်ရပ်ရပ်ဖြစ်အောင် တော့ လုပ်ထားမှာပဲ။

ယောကျ်ားလေးတွေ ဆိုတာက ဘယ်လောက် သပ်ရပ်အောင် လုပ် မိန်းကလေးကို မမီပါဘူး။ တချို့ သိပ်သပ်ရပ်တဲ့ ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



လေးတွေတော့ ရှိတာပေါ့။ ဒါပေမယ့် မိန်းကလေးလက်ရာနဲ့ ယောကျ်ား
လေးလက်ရာက ခွဲပြီး သိနိုင်ပါတယ်။ ကျွန်မ တွက်ထားတဲ့အတိုင်းပါ

"တစ်ခုခုစားပါလားဗျာ။ ဒါမှမဟုတ် ကော်ဖီလေး ဘာလေး
သောက်ပေါ့။ ဩော်...ကျွန်တော်တို့ လမ်းထိပ်က ကော်ပြန့်သုပ်ကော
တယ်၊ မှာလိုက်မယ်နော်"

ကျွန်မ ရယ်ချင်တယ်။ ကျွန်မကို အနံ့စား အောက်မေ့သလား
မသိဘူး။ ပြောပစ်လိုက်ချင်တာမှ ပါးစပ်ဖျားမှာ စကားတွေ နေရာလု
ကြတယ်။

ဒါပေမယ့် မပြောပါဘူး 'သိပါတယ်'ဆိုတဲ့ အပြုံးမျိုးပဲ ပြုံး
လိုက်တယ်။

"အေး၊ အဲဒီအသုပ်ကောင်းတယ်၊ သွားဝယ်ကွာ၊ ငါလည်း
နည်းနည်းဆာတယ်"

"အေးပါ၊ ငတ်ကြီးကျရဲ့"

ကျွန်မ မတားတော့ပါဘူး။ တားနေလည်း လေကုန်ရုံ ရှိမှာ။
တစ်ယောက်က ဖွတ်ဆင်းသွားမှာပဲ။ တံခါးကို ပြန်စေ့ခဲ့မှာပဲ။ အပြ
ကြီး နေမှာပဲ။ ဒါမှမဟုတ် ပြန်ချင်မှ ပြန်လာတော့မှာ။

အဲသလို တွေးမိတော့ ကျောထဲ နည်းနည်းစိမ့်မိတယ်။

ဟိုတစ်ယောက်ကတော့ ဆင်းသွားပြီ။

ကျွန်မ ထင်တယ်လေ၊ ကျွန်မတို့သုံးယောက် မျက်လုံးနဲ့ စကား
တွေ ပြောလိုက်ကြပြီးပြီလို့။ သူတို့နှစ်ယောက်ကတော့ တိုင်ပင်ထား
သား ဖြစ်မှာပေါ့။ အဲသလို တိုင်ပင်ထားတာကို ကျွန်မက သိတဲ့အကြော
လည်း သူတို့နှစ်ယောက်စလုံး ရိပ်မိမှာပါ။ ကျွန်မ အမူအရာ၊ အကြည့်
အပြုံးတွေမှာ အဓိပ္ပာယ်တွေ ပါသွားသားပဲ။ စကားဆိုတာ လေထဲ
အသံဖြစ်မှ အဓိပ္ပာယ်ပေါက်နိုင်တာ မဟုတ်ပါဘူး။ နှုတ်ခမ်းကလေး
တွန့်ရုံနဲ့ သိစေနိုင်သားပဲ ဟုတ်ဘူးလား။





အောင်က ကျွန်မလက်ကို လာကိုင်တယ်။ မရုန်းပါဘူး။

ပြီးတော့...

ကျွန်မလက်မောင်းကို သနပ်ခါးလူးလေ့ ရှိတယ်။ ကျွန်မ အသားနဲ့
သနပ်ခါး သိပ်လိုက်တယ်လို့ အောင်က ပြောဖူးတယ်။ 'သိုလက်မောင်း
ကလေးက တကယ် ဖီးလ်ပဲ'တဲ့။

အောင်က ကျွန်မလည်တိုင်ကို မျက်နှာအပ်ထားတယ်။ တိုးတိုး
ကလေး ညည်းတယ်။ 'ချစ်လိုက်ရတာ'တဲ့။

ကျွန်မ ထိုင်နေတာကို အသာဆွဲယူပြီး မတ်တတ်ရပ်စေတယ်။

ကျွန်မ ကျောပြင်မှာ သူ့လက်က အနွေးငွေ့တွေ ဟိုဟိုသည်သည်
ဖွဲ့နေတယ်။

ကျွန်မ ရင်ခုန်လာတယ်။

ကျွန်မ လက်မောင်းက အေးနေလို့ ထင်ပါရဲ့၊ အောင့်ဝင်သက်
လေငွေ့က ပူနွေးတဲ့ အရသာကို ပေးတယ်။

အောင်က ကျွန်မ နှုတ်ခမ်းကို လိုက်ရှာနေတယ်။

ကျွန်မ ဆတ်ခနဲ ရုန်းလိုက်တယ်။ အောင် အငိုက်မိသွားတယ်။
ကျွန်မ ရယ်တယ်။

"နှုတ်ခမ်းနီ ပါမလာဘူး အောင်၊ ပြန်ဆိုးဖို့ မလွယ်ဘူး"

"မြို့ထဲမှာ နှုတ်ခမ်းနီရောင်းတဲ့ဆိုင်က ကွမ်းယာဆိုင်ထက် များ
ပါတယ် သိရဲ့"

အောင့်လက်က ကျွန်မလက်မောင်းအိုးကို မလွှတ်သေးဘူး။ ကျွန်မ
အောင့်ကို စိုက်ကြည့်လိုက်တယ်။ အောင်က ကျွန်မကို သူ့ဘက်တိုးအောင်
ဆွဲတယ်။ ကျွန်မ ကြွက်သားတွေကို တောင့်ထားလိုက်ရတယ်။ ပြီးတော့
ပြောလိုက်တယ်။

"အောင် သို့ကို ချစ်တယ်နော်"

အောင် ရယ်တယ်။

www.burmeseclassic.com



"ချစ်သမှ"

ဆွဲယူပြန်တယ်။ ကျွန်မ သူ့ဘက် ပါမသွားသေးပါဘူး။

"အောင့်ကို သိ အထင်မသေးချင်ဘူးကွယ်"

အောင့်ရင်ထဲကို အဲဒီကျည်ဆန်ရောက်သွားတယ် ထင်ပါရဲ့။ အောင့်လက်က တဖြည်းဖြည်း လျော့လာတယ်။

"ကိုယ် ကတိပေးထားပါတယ် သိရယ်"

"တည်မယ်နော်"

အောင် ခေါင်းညိတ်တယ်၊ ပြီးတော့ သက်ပြင်းချတယ်။ သူ့မျက်နှာ နည်းနည်းညိုသွားတယ်။

"တောင်းပန်တယ် သိ၊ ကိုယ် တောင်းပန်ပါတယ်၊ ကိုယ့်ကို ခွင့်လွှတ်ပါနော်"

အောင်က ကျွန်မ လက်ဖမိုးကလေးကို ဆွဲယူတယ်။ ပြီးတော့ လက်ကလေးကိုပဲ နမ်းတယ်။

"ပြန်မလား သိ"

ကျွန်မ သူ့ကို သေသေချာချာ စိုက်ကြည့်ပြီး ပြုံးပြတယ်။ ခေါင်းခါပြတယ်။

"ခဏတော့ နေဦးမယ်လေ"

အောင် ခေါင်းညိတ်တယ်။

ကျွန်မက ကျွန်မကိုယ်ကို ငုံ့ပြီး လက်မောင်းကလေးကို ပြတယ်။ လက်တစ်ဖက်နဲ့ အဲဒီလက်မောင်းနေရာကို လက်ညှိုးကလေး ထောက်ပြတယ်။

"ယူ့ခံစားချက်လေ"

အောင် ပျော်သွားပုံရတယ်။ သူ့မျက်နှာလှလှကလေးက ဝင်းသွားတာပဲ။

ကျွန်မ လက်မောင်းက သနပ်ခါးတွေ ကုန်ပါပြီ။





အပြန်ကျတော့ လေဟာပြင်ဈေးမှာ နှုတ်ခမ်းနီတစ်ဗူး ဝယ်တယ်။ ကျွန်မ ဆိုးနေကျ အရောင်ပေါ့။ အနီရင့်ရင့်။

အင်း 'ဆေး'မဝယ်ပါဘူး။ ကျွန်မက အပျိုပဲဥစ္စာ။

*

www.burmeseclassic.com

www.burmeseclassic.com

## [၁၄]

လေးလေးနဲ့ မမဝင်းနဲ့ အလွမ်းသယ်ကြပုံကလေးက ချစ်စရာ။

ဒီတစ်ခါ လေးလေးကို တွေ့ရတာက စားသောက်ဆိုင်တစ်ဆိုင်အဝမှာ။ ဗိုလ်ကလေးဈေးလမ်းထဲက ဟိုတယ်အသေးစားလေးတစ်ခုမှာပေါ့။ ကျွန်မ တစ်ယောက်တည်း ကျောင်းက အပြန်မှာ တွေ့ရတာ။

ကျွန်မ ကျောင်းက ပြန်တဲ့လမ်းကြောင်းက ကျောင်းထိပ်ကနေ နံပါတ်(၈)စီး၊ ပန်းဆိုးတန်း မှတ်တိုင်မှာ ဆင်း၊ ဗိုလ်ကလေးဈေးလမ်းအတိုင်း အပေါ်ဘက် မဟာဗန္ဓုလလမ်းဘက် လျှောက်၊ အဲဒီထိပ်မှာ ၁၃၊ ၁၄ ဘတ်စကားမှတ်တိုင် ရှိတယ်၊ ၁၃၊ ၁၄ ကားစီးပြီး ကန်တော်ကလေးကို ပြန်။

အဲဒီနေ့မနက် ကျွန်မကို အောင်က မှာသွားတယ်။ 'ညနေကျရင် ဘူဒါးကြီးနဲ့ ဘူဒီးကြီးဘုရားသွားမလို့တဲ့။ စောစောပြန်ပြီး ကားမောင်းပို့ရမယ်'တဲ့။

သူက သူ့အမေနဲ့ အမေကို ဘူဒါးနဲ့ ဘူဒီးတဲ့။ အဘိုးကြီးအဘွားကြီးပေါ့။

ကျွန်မတစ်ယောက်တည်း ပြန်လာခဲ့တယ်။ ကျွန်မနဲ့ ကျောင်းပြန်ဖော်တွေတော့ ရှိပါရဲ့။ ဒါပေမယ့် သူတို့ကလည်း သူတို့အုပ်စုနဲ့ သူတို့





ဘာတို့အတွဲနဲ့ သူတို့ ပြန်လေ့ရှိကြတာ။ ပြီးတော့ ကျွန်မတစ်ယောက်တည်း ပြန်ရမှာကိုလည်း မကြောက်ပါဘူး။ ရန်ကုန်မှာ အဲဒါ ကြောက်စရာမဟုတ်တာ။ ညဥ့်နက်သန်းခေါင်ကြီး တစ်ယောက်တည်း သွားတာကိုပြောတာ မဟုတ်ပါဘူး။

"အဲ…ခုနပြောတဲ့ ဟိုတယ်လေးရှေ့လည်း ရောက်ရော–

"ဟေး…သီသီ"

ကျွန်မ မှတ်မိတဲ့ အသံပါ။ လေးလေးက လှမ်းခေါ်တယ်။

ကျွန်မ ကြည့်လိုက်တော့ လေးလေးရယ်၊ ဘီယာပုလင်းတစ်လုံးထောင်လို့ ဆိုင်အဝစားပွဲမှာ တစ်ယောက်တည်း ထိုင်နေတယ်။

ကျွန်မ ရပ်ကြည့်နေတုန်းပဲ လေးလေးက သတိရသွားတယ် ထင်တယ်။

"ဆောရီး သီသီ၊ ရန်ကြီးကော"

"ပြန်သွားပြီ"

"အိုကေ၊ အိုး မဟုတ်ဘူး၊ ဆောရီး ဆောရီး၊ ပြန်တော့မှာဟုတ်လား၊ ကဲရီးအောန်၊ ကဲရီးအောန်"

လေးလေး နည်းနည်း ထွေနေပြီနဲ့ တူတယ်။

ကျွန်မကို ယောင်ပြီး လှမ်းနှုတ်ဆက်မိတာကို တောင်းပန်တာပေါ့ပါရဲ့။ ကျွန်မလည်း လေးလေးကို ပြုံးပြပြီး–

"ကဲရီးအောန် လေးလေး"

လို့ ပြန်ပြောလိုက်တယ်။ ဆက်လုပ်ပေါ့။ လေးလေးတစ်ယောက်လည်း ဂျာမဏီသွားရတော့မှာမို့ ဆွေးပြနေတာနဲ့ တူတယ်။

ကျွန်မနားထဲမှာ သီချင်းတစ်ပုဒ် ကြားယောင်လာတယ်။ ကက်ဆက်ဆိုင်တွေက အော်ကြီးဟစ်ကျယ် ဖွင့်ဖွင့်နေတဲ့ သီချင်းလေ။ 'အနှစ်လေးဆယ်စိုင်စကုတ်ထဲက ဗိုလ်အောင်ဒင်လို လွမ်းပြလိုက်တော့မည်'ဆိုတာ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ဆက်လျှောက်လာပြီး သိပ်မကြာပါဘူး၊ နောက်က ခြေသံ တဖျပ်ဖျပ်ကြားရတယ်။ လေးလေးပဲ ဖြစ်မှာပေါ့။

ကျွန်မရင်ထဲ ထိတ်ခနဲ ဖြစ်သွားတယ်။ လေးလေးက နည်းနည်း သောက်ထားတယ် မဟုတ်လား။ သိနိုင်ဘူးလေ၊ များများသောက်ထားတာ လည်း ဖြစ်ချင်ဖြစ်မှာပေါ့။

ကျွန်မ ဘာလို့များ ရင်ခုန်လာပါလိမ့်။

လှည့်မကြည့်မိအောင် တော်တော်ကြီး သတိထားရတယ်။ အာ ကတော့ နောက်ဘက်ကို ရွက်ကြွေလို လွင့်လွင့်သွားတယ်။

ခြေသံက တဖြည်းဖြည်း နီးလာတယ်။ နောက် ရပ်သွားတယ် နောက် ဖြည်းဖြည်းချင်းလိုက်လာတယ်။ လူသံ၊ ကားသံ ဆူညံနေတဲ့ ကြားထဲက အဲဒီခြေသံကို ဘာလို့ ဂရုစိုက်မိနေရသလဲ။ ကျွန်မ ဘာဖြစ်နေ သလဲ။

ခြေသံက ကျွန်မနောက်နား ကပ်နေပါပြီ။ အနံ့။ အနံ့ရတယ် ကျွန်မ မှတ်မိတယ်။ လေးလေးရဲ့ ကိုယ်နံ့နဲ့ ဘီယာနံ့၊ စီးကရက်နံ့ ရောနေတယ်။ ကျွန်မ အာရုံခံစွမ်းအားတွေ ဘာဖြစ်လို့များ ဒီလောက် ထက်မြက်နေရသလဲ။

ကျွန်မကိုယ်ကျွန်မ မကျေနပ်ဘူး။ လေးလေးနဲ့ ပတ်သက်ပြီး ဒီလို ခံစားလွယ်တာကို မကျေနပ်ဘူး။

ခြေသံရပ်သွားပြီ။

ကျွန်မ ပုံမှန်အတိုင်း ဆက်လျှောက်လာတယ်။

အာရုံက ရှေ့တူရူမှာ မရှိလို့နဲ့ တူပါရဲ့။ စီးပွားရေးဘားထဲက ဒယိမ်းဒယိုင်ထွက်လာတဲ့ လူကြီးတစ်ယောက်နဲ့ ဝင်တိုက်မိတယ်။ သူ မူးနေတယ်။ သူ့ကိုယ်သူ မဟန်နိုင်ပါဘူး။ လူကြီးက အပေါ်တိုက်ပုံအကျႌ အမည်းကြီးနဲ့။ ဟိုလေ ရှေ့နေတွေမှ ဝတ်တဲ့ ကော်လာအတိုလေးပါတဲ့ တိုက်ပုံအကျႌမည်းပေါ့။ သူ့လက်ထဲမှာလည်း အိတ်မည်းကြီးတစ်လုံး ဆွဲလို့။ ရေချိန်အတော်ကိုက်လာဟန်တူပါရဲ့။





"အိုး ဆောရီး၊ ပဲရီးဆောရီး၊ ကန်တော့၊ ကန်တော့"

ကျွန်မ စိတ်ပျက်လိုက်တာ။

အဲဒီအချိန်လေးမှာ ကျွန်မ မရည်ရွယ်ဘဲ လေးလေးရှိမယ်ထင်တဲ့ နောက်ဘက်ကို လှည့်ကြည့်လိုက်မိတယ်။

လေးလေး နောက်ကြောင်းပြန်လှည့်နေရာက ကျွန်မဘက်ကို လှည့်အကြည့်နဲ့ ဆုံသွားတယ်။

ဒီလိုဖြစ်လိမ့်မယ်။ လေးလေး ဘီယာသောက်နေရာကနေ ကျွန်မ နောက်ကို ကမန်းကတန်း လိုက်လာတာနဲ့ တူတယ်။ တစ်ခုခု ပြောချင် တာ ဖြစ်လိမ့်မယ်။ နောက်မှ မူးမူးနဲ့ လျှောက်ပြောလို့ မကောင်းပါဘူးလေ လို့ ဆုံးဖြတ်ပြီး ပြန်လှည့်အသွားမှာ ကျွန်မနဲ့ ခုန ရှေ့နေကြီးနဲ့ တိုက်မိ ပြီး ဖရိုဖရဲ နည်းနည်းဖြစ်သွားတဲ့ အသံကို ကြားလို့ ပြန်လှည့်အကြည့် ကျွန်မကလည်း အကြည့်နဲ့ ဆုံသွားတာ ဖြစ်မှာပေါ့။

လေးလေး ရပ်လိုက်တယ်။

ကျွန်မဘက် လျှောက်လာတယ်။ ကျွန်မ ဆက်လျှောက်သွားရ မလား၊ ရပ်နေရမှာလား။

နှစ်ယောက်သား အကြည့်ချင်း ဆုံတုန်းကတော့ လေးလေးမျက်နှာ က လူမိတဲ့ မျက်နှာမျိုး။ ချက်ချင်းပဲ သူ့မျက်နှာသူ ပြင်ပြီး ပြုံးပြပါတယ်။ ဒါပေမဲ့ မမီလိုက်ဘူး။ ကျွန်မက သူ့မျက်နှာရိပ်ကို မိပြီးပြီ။

ကျွန်မ လှည့်ကြည့်တာကိုလည်း သူရိပ်မိမှာပါ။ သူ နောက်က လိုက်လာတာကို သိလို့မို့ လှည့်ကြည့်တယ်ဆိုတာ ကျွန်မ မျက်နှာရိပ်မှာ ပေါ်နေမှာပဲ ဥစ္စာ။

ကျွန်မလည်း အံ့ဩသလို လုပ်ပြလိုက်တယ်။ အပိုတွေပါ။

လေးလေးက ကျွန်မနား ရောက်လာတယ်။

"ဘာဖြစ်လို့လဲ သီသီ"

"မဖြစ်ပါဘူး၊ ဟို ဦးလေးကြီးနဲ့ မတော်တဆ တိုက်မိလို့ပါ"

www.burmeseclassic.com



လေးလေးက ယိုင်တိုင်ယိုင်တိုင်နဲ့ လျှောက်သွားတဲ့ ရှေ့နေကြီးကို လှည့်ကြည့်တယ်။

"မူးနေပြီနဲ့ တူပါတယ်"

"ပေါက်မြောက်သွားတာ နေမှာပေါ့။ လေးလေးကကော"

"ကိုယ် မမူးသေးပါဘူး သီသီရဲ့၊ ခုမှ ဘီယာတစ်လုံးပဲ သောက်ရသေးတာ"

ကျွန်မ နည်းနည်း ရယ်လိုက်တယ်။ ပြီးတော့–

"လေးလေးက ဆွေးနေတာလား"

ကျွန်မက စိတ်ထဲရှိတာကို အောင့်မထားတတ်ဘူး။ တဲ့တိုးမေးလိုက်တယ်။

လေးလေးမျက်နှာက နည်းနည်းအိုသွားတယ်။ ဒါပေမယ့် ပြုံးတယ်။ နှုတ်ခမ်းတင် ပြုံးတာ။ မျက်နှာကြီးက မပြုံးဘူး။ ညှိုးညှိုးကြီး။

"ဘာရယ် မဟုတ်ပါဘူးကွာ"

"ဘာမဟုတ်ရမှာလဲ၊ မမဝင်း ဂျာမဏီသွားတော့မှာ သေချာသွားလို့ မဟုတ်လား"

"ဟင် အဲဒါ သီသီ ဘယ်လိုလုပ် သိလဲ။ အဝင်းတောင် မသိသေးဘူး"

"ထင်လို့ မေးတာပါ"

"ဪ၊ အေး သီသီက အကဲခတ်တော်သားပဲ။ နေ့လယ်ကပဲ သတင်းအတိအကျရတယ်။ အဝင်းသွားရမယ်တဲ့"

"ဘယ်တော့လဲ"

"လိုတော့ လိုပါသေးတယ်။ ပြင်ချိန်ဆင်ချိန် နှစ်လလောက် ရမှာပေါ့"

"ဒါနဲ့ လေးလေးက အပြတ်ဆွေးပြီး ရှပ်ကလေး တွတ်နေတာလား"

လေးလေး ရှင်လာတယ်။



"ဟုတ်တယ်၊ ကိုယ် နည်းနည်း ဆွေးသွားတယ်။ အဲဒါ အဲဒီအကြောင်း တစ်ယောက်ယောက်ကို ပြောပြချင်နေတာ။ ဘယ်သူ့ယယ်ချင်းမှ ရှာမတွေ့ဘူး"

"ဒါနဲ့ သီသီ့ကို ပြောမလို့ ထလိုက်လာတာလား၊ ဟုတ်လား"

"ဟ မရှေသီ၊ တယ်သိနေပါလား"

"တင်တာ ပြောတာပါ"

"ဟုတ်တယ် သီသီ၊ ခုန ကိုယ် သီသီ့ကို ပြောပြမယ် စိတ်ကူးသေးတယ်"

"သီသီ့ကို ပြောပြလို့ ဘာထူးမှာလဲ လေးလေးရဲ့။ သီသီက လေးလေးအစား ဆွေးပေးလို့ ရတာမှ မဟုတ်တာ"

"ဘာပဲဖြစ်ဖြစ် နည်းနည်းတော့ ပေါ့သွားတာပေါ့"

ကျွန်မတို့ နှစ်ယောက်စလုံး ရယ်လိုက်ကြတယ်။

မဟာဗန္ဓုလလမ်းကို ရောက်လာပြီ။ ကျွန်မက ၁၃၊ ၁၄ ကားစီးရှိတဲ့ဘက်ကို ကူးဖို့ လှမ်းလိုက်တယ်။

လေးလေးက ကျွန်မ လက်မောင်းကို ဖျတ်ခနဲ လှမ်းဆွဲတယ်။ ဒေါ်ကားတစ်စီး အရှိန်နဲ့ ချိုးကွေ့လာလို့ပေါ့။ ကားမောင်းတဲ့လူကို လေးလေးက လှမ်းကျိန်ဆဲတယ်။ ကျွန်မလက်မောင်းကိုတော့ မလွှတ်သေးဘူး။

လေးလေး လက်ဖဝါးက နည်းနည်းကြမ်းတယ်။ အောင့်လက်ဖဝါးလို မနူးဘူး။

ခဏလေးနေမှ သူ့လက်ကို ဖြေလိုက်တယ်။ ကျွန်မတို့နှစ်ယောက်လမ်းကို ဖြတ်ကူးတယ်။

"သီသီ ကန်တော်လေး ပြန်မှာ မဟုတ်လား"

ကျွန်မ ခေါင်းညိတ်ပြတယ်။

"ကိုယ် လိုက်ပို့ပေးရမလား"

www.burmeseclassic.com



“နေပါစေ”

“မဟုတ်ပါဘူး၊ ကားပါလာတယ်၊ ဟိုဘက်လမ်းထိပ်မှာ ရပ်ထား ခဲ့တယ်”

“ပြန်လျှောက်နေရဦးမယ်၊ ဒီကပဲ ဘတ်စကားစီးသွားတော့မယ်”

လေးလေး စဉ်းစားမိလိုက်တယ်နဲ့ တူပါတယ်။ ကျွန်မကို သူ့ ကားနဲ့ သူနဲ့ နှစ်ယောက်တည်း လိုက်ပို့ဖို့ မသင့်တော်ဘူးလို့။

အဲသလို စဉ်းစားတယ်ဆိုရင်

အဲသလို စဉ်းစားတယ်ဆိုကတည်းက သူ့စိတ်ထဲမှာ

အို ကျွန်မကကော ဘာလို့ အဲသလို ဆွေးရလဲ။

ကျွန်မကိုယ် ကျွန်မ ရိုပ်မိထားတာ တစ်ခုရှိဟယ်။

ကျွန်မ သိပ်လှတယ်လို့ မပြောချင်ပါဘူး။ ဒါပေမယ့် ယောကျ်ား လေးတွေက ကျွန်မကို မြင်ရင် ဂရုတစိုက်တော့ လိုက်ကြည့်ကြတာချည်းပဲ။

အဲ တချို့တလေ ခပ်ငေါင်ငေါင် ငနဲတွေတော့ မပါဘူးပေါ့။ သူတို့အလုပ်နဲ့ သူတို့ ရှုပ်ပြီး ဆွေးချင်ရာဆွေးပြီး စိုက်စိုက် စိုက်စိုက်နဲ့ လျှောက်သွားတတ်တဲ့ ငနဲတွေကတော့ ကျွန်မကို လိုက်မကြည့်ကြဘူး။ ဒါကလည်း မမြင်မိလို့နေမှာပါ။

ကျွန်မ အချိုးအဆက်က လျှပ်ခနဲ တွေ့မိရင်၊ အဲလေ ထားပါ တော့။ ယောကျ်ားလေးတွေ မျက်စိကျလောက်တဲ့ပုံမျိုးပါ။

“သီ မျက်လုံးတွေက ညို့တတ်တယ်”လို့ အောင်က ပြောဖူး တယ်။

ကျွန်မ ၁၃၊ ၁၄ ကားဆိပ်ကိုရောက်လာတယ်။ လေးလေး ကျွန်မနားမှာ ယှဉ်ပြီး ရပ်တယ်။ အိတ်ထဲက စီးကရက်တစ်လိပ်ထုတ် ပြီး မီးညှိတယ်။ ယောကျ်ားတွေဟာ စိတ်လှုပ်ရှားရင် စီးကရက်ဖွာတတ် ကြတယ် မဟုတ်လား။





အကြောင်းမဲ့ စီးကရက် ရှိုက်တာတွေကို ခဏခဏ တွေ့ဖူးသား ။ အဲသလိုမျိုးပေါ့။ လေးလေးလည်း စီးကရက်ကို အကြောင်းမဲ့ ရှိုက် တယ်။ မျက်လုံးတွေက ရီဝေနေတယ်။ မဟာဗန္ဓုလလမ်းပေါ်မှာ ပြေးနေ တဲ့ ကားတွေကို မမြင်ဘဲနဲ့ ကြည့်နေတယ်။

ဟုတ်တယ်၊ လေးလေး အကြည့်က သူ့ရှေ့မှာ ရှိသမျှ ဘာမှ မြင် ပေါ်ဘူး။ ဘာတွေ တွေးနေတာလဲ။

ဘတ်စကားတစ်စီး ဆိုက်လာတယ်။ ထုံးစံအတိုင်းပေါ့။ ကျပ် ညပ်လို့။

ကျွန်မ လေးလေးကို နှုတ်ဆက်တယ်။

“သွားမယ် လေးလေး”

ပြောပြော ပြေးပြေးပါပဲ။ ဘတ်စကားဆီ ပြေးခဲ့တယ်။ လှတက် တယ်။ ကိုယ်ကို စောင်းတယ်။ ခေါင်းကို ငုံ့တယ်။ ယောကျ်ားလေးတွေ တံမောင်းကြားထဲက လျှိုးပြီး တိုးတယ်။ အဆင်းအတက်က လက်ကိုင် တန်းကို လက်တစ်ဖက်နဲ့ ဖမ်းဆုပ်တယ်။ တခြားလက်တစ်ဖက်က ထောင်ဆစ် ထောင်ထားလိုက်တယ်။ နောက်က တိုးမယ့်လူကို ကာထား တဲ့ သဘောပေါ့။

ရပါတယ်။ ခြေနင်းခုံ ဒုတိယအဆင့်မှာ ခြေချစရာ နေရာရတယ်။ လေးလေးကို ဘယ်လိုလုပ်ပြီး မြင်ရတော့မလဲ။ လေကိုတောင် လုရှုနေရတဲ့ အထဲမှာ။

*

www.burmeseclassic.com

www.burmeseclassic.com

## [၁၅]

လေးလေးတို့အိမ်ကို ပထမဆုံးအကြိမ် ရောက်ဖူးတာပါပဲ။

လေးလေးတို့အိမ်က တိုက်ပုကလေး။ အမိုးပြာ့ကလေး။ ဝင်း
ရောင်ရင့်ရင့် သုတ်ထားတယ်။ ခေတ်မီမီ သပ်သပ်ရပ်ရပ်ဆိုပါတော့။

မမဝင်း ဂျာမဏီသွားမယ့်ကိစ္စမှာ နှုတ်ဆက်ပွဲလုပ်တာတဲ့။ ညနေ
ထမင်းကျွေးမယ်တဲ့။

အောင်နဲ့ ကျွန်မကိုလည်း ဖိတ်တယ်။ လူနည်းနည်းလေးပါတဲ့
အားလုံး ငြော့သည်နှစ်ဆယ်လောက် ရှိမှာပေါ့။ စုံတွဲတွေချည်း များပါတယ်
အဲ သူတို့ကတော့ အိမ်ထောင်သည်တွေ။ ကျွန်မနဲ့ အောင်သာ အိမ်ထော
မကျသေးကြတဲ့အတွဲ။

မမက ပြောသေးတယ်။ ဘာလို့သွားမလဲတဲ့။ သိက္ခာကျတ
တဲ့။

အောင်က ကျွန်မတို့အိမ်ကို အဝင်အထွက် ရှိလာပြီလေ။ 'ကျွန်မ
သိသိသူငယ်ချင်းပါ'ဆိုတဲ့ ထုံးစံနဲ့ပဲ အိမ်ကို စအလည်လာတာပေါ့။

တက္ကသိုလ်ကျောင်းသူကျောင်းသားအနေနဲ့ အထက်တန်းကျော
တန်းကလို မဟုတ်တော့ဘူးဆိုတဲ့ အယူအဆ ရှိလာတယ် ထင်တယ်
ကိုယ့်ကိုယ်ကိုယ် လူလားမြောက်ပြီလို့ ထင်လာတယ်။





တကယ်တော့ ဘာထူးဦးမှာလဲနော်။ အသက်နှစ်ဆယ်တောင် မပြည့်ကြသေးတာ။ ဒါပေမယ့်လေ ကျွန်မတို့ကိုယ် ကျွန်မတို့ လူကြီးတွေလိုပဲ သဘောထားလိုက်ကြတယ်။ အရာရာစွမ်းဆောင်နိုင်တယ်လို့ ထင်ကြတယ်။ ခမ္မတာပါပဲ။

မမတို့က တက္ကသိုလ်မရောက်ဖူးဘူး။ ဆယ်တန်းနဲ့ အောင်ပြီး တီတီစီတက်တယ်။ မူလတန်းပြဆရာမဖြစ်တယ်။ သူ့ယောကျ်ားကတော့ ဘွဲ့ရတစ်ယောက်ပါပဲ။ အစိုးရဌာနတစ်ခုမှာ အရာရှိငယ်ပေါ့။

ကျွန်မက ကျွန်မအစ်မထက် ပိုပြီး သိတယ်လို့ ထင်နေတယ်။ ကျွန်မက တက္ကသိုလ်ကျောင်းသူ မဟုတ်လား။ မမကို နည်းနည်း အထင်သေးထားတယ်။

ကျွန်မ အဲဒီထမင်းစားပွဲသွားမယ်လို့ ပြောတော့ မမက ကန့်ကွက်တယ်။ ကျွန်မက ငြင်းဆန်တယ်။ ညီအစ်မချင်း စကားများမလို့တောင် ဖြစ်သေးတယ်။ နောက်တော့ မမက ဘာမှမပြောတော့ဘူး။ ညည်းသဘောလို့ ပြောတယ်။

ဒီတော့ ကျွန်မက ပြန်ချော့ရတယ်။ ဟုတ်တယ်လေ။ မမက စိတ်ကြီးတယ်။ သူ့ယောကျ်ားကိုတောင် အပြတ်ချဲတာ။ စကားမပြောဘူးဆော့ဆိုရင် တစ်လ နှစ်လကြာတယ်။ ဘယ်လိုချော့လို့မှ မရဘူး။

ကျွန်မက အဲဒီအကွက်ကို သိတယ်။ ပြီးတော့ ကျွန်မက သူတို့အိမ်မှာ ကပ်စားနေရတာ မဟုတ်လား။ ဒါကြောင့် မမကို မျက်နှာချိုသွေးရတာပေါ့။ 'မမရယ် ဒီတစ်ခါလေးပါ။ ညဥ့်မနက်စေရပါဘူး။ ထမင်းစားပြီးပြီးချင်း ပြန်ခဲ့ပါမယ်။ ပြီးတော့ စိတ်ချပါ မမရယ်နော်" အဖြင့်ပေါ့။ မမက ဘာမှ မပြောတော့ဘူး။ ကျွန်မ မသွားသင့်ဘူးလို့တော့ ထင်သား။ ဒါပေမယ့် သွားချင်စိတ်ကို တားလို့မရဘူး။ နောက်ဆုံးတော့ စိတ်ဆိုးချင်လည်း ဆိုးပေစေတော့လို့ ဆုံးဖြတ်ပြီး ထွက်လာခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



အောင်က လမ်းထိပ်က ကြိုနေတယ်။

အငှားကားနဲ့ပဲ လာကြပါတယ်။

ကျွန်မ အကျီအဖြူရောင်လက်ပြတ်နဲ့ ကချင်လုံချည်အမည်းရောင်ကလေး ဝတ်လာတယ်။ ကချင်လုံချည်က ခရမ်းရောင်ပန်းဆိုးကလေးတွေ ပါတယ်။ မနောတိုင်ပုံစံမျိုးပေါ့။ ဆွယ်တာအညိုကလေးကို လက်ထဲ ပိုက်ယူခဲ့တယ်။ ညနေ ချမ်းရင်ဝတ်ရအောင်ပေါ့။ ပြီးတော့ ကျွန်မမှာ လက်ဖွဲ့အိတ်အကောင်းစားတွေ ဘာတွေလည်း ရှိမှ မရှိတာ။

"ဟား လှလှချည်လား"

အောင်က နှုတ်ဆက်တယ်။ အောင့်ကို ကြည့်လိုက်တော့လည်း လှနေတာပဲ။ တိုင်ပင်ထားသလိုပဲ။ အောင်ကလည်း ယောလုံချည်အနက် ရောင်နဲ့ အကျီ အဖြူဆွတ်ဆွတ်နဲ့။ ဂျာကင်အညိုလေးဇာစ်ထည် လက်မှာ ချိတ်လို့။ ကျွန်မတို့ ညှိမထားကြပါဘူး။ တိုက်ဆိုင်သွားတာပါ။

မမဝင်းတို့ အိမ်လည်းရောက်ရော လေးလေးက ထွက်ကြိုတယ်။ သူတို့အိမ်ရှေ့ ဆင်ဝင်ကလေးက လှတယ်။ သစ်ခွပန်းလေးတွေကို ဆင်ဝင်အမိုးစပ်မှာ ချိတ်ထားတယ်။ စိတ်ထင် တစ်ဘက် ငါးစီးစီလောက် ရှိတယ်။ ခရမ်းရောင် အပွင့်ကလေးတွေ ဖွင့်နေကြတယ်။

မြက်ပင်တစ်မျိုးကို ပန်းအိုးနဲ့ ထည့်ပြီး စိုက်ထားတဲ့ စဥ့်သုတ်အိုး ကလေးတွေကိုလည်း ဆင်ဝင်အစပ်မှာ ချထားတယ်။ မြက်ကလေးတွေက နုနုစိမ်းစိမ်းကလေးတွေ။ ညီနေအောင် ညှပ်ထားတယ်။ အခင်းကျောက်ပြား သမံသလင်းက အပြာနုရောင်။

အဲဒီဆင်ဝင်အောက်ကို ရောက်ရင်ပဲ စိတ်ထဲ တစ်မျိုးငြိမ်းချမ်း သွားတယ်။ သံပန်းတံခါး ရေညှိရောင်ကလေးကို တွန်းဖွင့်ရင်း လေးလေး ထွက်လာတယ်။ လေးလေးက စပို့ရှပ်နုံ့သာရောင်နဲ့ ပလေကပ်လုံချည် အပြာရောင်နဲ့။

"ရန်ကြီးတို့ စောလှချည်လားကွ"





"ဘယ်သူမှ မရောက်သေးဘူးလား လေးလေး"

"မရောက်ကြသေးဘူးကွ"

"မမဝင်းကော"

ကျွန်မက မေးလိုက်တယ်။

"နောက်ဖေးမှာကွ၊ ဘာတွေ အလုပ်ရှုပ်နေလည်း မသိဘူး၊ အဝင်း ရေ ရန်ကြီးတို့ ရောက်ပြီ"

မမဝင်းကို တွေ့တော့ ကျွန်မ အံ့ဩသွားတယ်။ တီရှပ်နဲ့ ပွင့်ရိုက် လုံချည်စိပ်စိပ်ကလေးနဲ့။ တီရှပ်က အညိုရောင်၊ ထဘီကလည်း အညိုရောင် နုပေါ်မှာ အဝါရောင် အပွင့်စိပ်စိပ်သေးသေးလေးတွေ။

မမဝင်းက အညိုရောင်ကို တော်တော်ကြိုက်တယ် ထင်တယ်။ မမဝင်းကို တီရှပ်နဲ့ တွေ့ရတော့ ကျွန်မ အံ့ဩသလို ဖြစ်သွားတာပေါ့။ ဒါပေမယ့် အဆန်းမဟုတ်ပါဘူးလေ။

မမဝင်းက ပိုပြီး နုပျိုသွားသလိုပဲမျက်နှာကလည်း ရွှင်နေတယ်။

"သီသီတို့ ရောက်လာကြပြီလား၊ သဲင့်ခ်ယူ၊ သဲင်ခ်ယူ"

မမဝင်း အနောက်နိုင်ငံ သွားရမှာမို့ အင်္ဂလိပ်စကား ထည့်ပြီး ပြောနေခဲ့ဟန်တူတယ်။ အဲလေ သူသွားရမှာက ဂျာမဏီပဲ၊ ဂျာမဏီလို ပြောကျင့်ရမှာပေါ့။

"ထိုင်လေ သီသီ"

မမဝင်းပြောမှ ကျွန်မ ထိုင်ဖို့ သတိရတယ်။

ဆိုဖာတစ်လုံးမှာ ဝင်ထိုင်လိုက်တယ်။ အိနေတာပဲ။ တင်ပါးဇိမ် ကျသွားတာပေါ့။

ပြတင်းပေါက် ဇာခန်းဆီးပန်းရောင်ကလေးက မလှုပ်တလှုပ်။ လေက ညင်ညင်သာသာ တိုက်နေတယ်။

အိမ်ထဲမှာ မှောင်သလိုလိုနဲ့ လင်းနေတယ်။ လေးလေးက မီးခလုတ် တစ်ခု သွားနှိပ်တယ်။ လေးဆယ်အား မီးသီးလေးလုံး တစ်ပြိုင်နက် ပွင့်



www.burmeseclassic.com

www.burmeseclassic.com



လာတယ်။ မီးသီးတွေအပေါ်မှာ ကြိမ်အုပ်ဆောင်း အဝိုင်းကလေး[illegible] အုပ်ထားတယ်။

နံရံက မီးသီးတွေကိုတော့ လေးထောင့် ရှည်မျောမျော ကြိမ်[illegible] အုပ်ဆောင်းကလေးတွေ အုပ်ထားတယ်။ နံရံက ပန်းနုရောင် ရောင်[illegible] ကလေးက အခန်းကို မလင်းသလို လင်းမလို လွှမ်းထားပေးတယ်။

သစ်သားကွက်ဖော် ကြမ်းပြင်က ကြမ်းတိုက်ဖယောင်းနဲ့ တို[illegible] ထားတယ်။ ပေါလစ်ရောင် မဟုတ်ဘူး။ သစ်သားရောင်အတိုင်းပဲ လ[illegible] နေတယ်။

စာအုပ်စင်နဲ့ အလှပြစင်ကို နံရံထောင့်တွေမှာ ကပ်ထားတယ်[illegible]

ညည်ခန်းက ကျယ်သွားတာပေါ့။

ထောင့်တစ်ထောင့်မှာ ပန်းချီကားတစ်ချပ် ချိတ်ထားတယ်။ မြ[illegible] မှာ သစ်ဖောင်တွေ မျောနေတဲ့ပုံ။ နိုင်ငံခြား ပြက္ခဒိန်တစ်ခုပဲ တွေ့ရတ[illegible] အကြီးကြီးပဲ။ 'ဘိုးဒဲရက်'ဆိုတဲ့ ရုပ်ရှင်မင်းသမီးရဲ့ပုံပါ။ တော်တော်[illegible] တဲ့ပုံဖြစ်လိမ့်မယ်။ ဘိုးဒဲရက်ကို မလုံ့တလုံ အဝတ်အစားတွေနဲ့ပဲ [illegible] ဖူးတယ်။ အဲဒီပုံကတော့ ဆွယ်တာအင်္ကျီလက်ရှည်နဲ့ ကျောခိုင်းထာ[illegible] ကနေ မျက်မှေးနဲ့ လှည့်ကြည့်ပြီး ပြုံးပြနေတဲ့ပုံ။ အရောင်ကလည်း [illegible] ညို့ညို့လေး။

ကျွန်မ အဲဒါတွေကို လျှောက်ကြည့်ပြီး နတ်ကရာ ကြည့်မော[illegible] တယ်။

မမဝင်းက အောင့်ကို တစ်ခုခု လုပ်နိုင်းတယ် ထင်ပါရဲ့။ အော[illegible] က 'ဟာ ဒေါ်လေးကလည်း ကျွန်တော်က ဧည်သည်ပဲဟာ'ဆို[illegible] ပေကပ်ထိုင်နေတယ်။

"ထစမ်းပါ ရန်ကြီးရယ်၊ မင်း လေးလေးတစ်ယောက်တ[illegible] မနိုင်လို့ပါ။ ကိုဝင်း ခေါ်ဦး ရန်ကြီးကို"

လေးလေးက ရယ်နေတယ်။



"ဟ ကိုယ်တို့နှစ်ယောက်တည်းနဲ့လဲ ရမှာ မဟုတ်ဘူးကွ၊ မင်း [illegible]က အလေးကြီး"

"ကြောင်အိမ်ကလေးများကွယ်၊ လုပ်ကြစမ်းပါ၊ တော်ကြာ [illegible]သည်တွေ ရောက်လာမှဆို ခက်မယ်"

"မခက်ပါဘူး၊ အဲဒီလူတွေ လာတော့ ဝိုင်းရွှေ့ရင် ပိုလွယ်လိမ့်[illegible]။ ရန်ဒမာပူ ကကွယ်ကျောက်၊ ဆားလေးဆပ်၊ ဆားလေးဆပ်ပေါ့"

"ဩော် အရေးထဲ နောက်မနေနဲ့ကွယ်"

"တို့တူဝရီးကို ဘီယာတစ်ဗူးစီတိုက်ရင် ရွှေ့ပေးမယ်"

"ပွဲစမှလို့ ပြောထားတယ် မဟုတ်လား"

"လုပ်အားဆိုတာ ဂုဏ်ပြုရတယ်ကွ၊ အလကားမရဘူး"

"ကဲ ကဲ ပေးမယ်၊ လာ ထကြ၊ သီသီ ခဏ ထိုင်နေဦးနော်"

ကျွန်မ ခေါင်းညိတ်လိုက်တယ်။

မမဝင်းက အတွင်းခန်းကို သွက်သွက်လေး ဝင်သွားတယ်။ [illegible]လေးနဲ့ အောင်တို့ တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး ပြုံးတယ်။ [illegible] လေးလေးက ကျွန်မဘက် မျက်စပစ်တယ်။ အောင့်ကို ကျွန်မဆီက [illegible]ယာသောက်ခွင့်တောင်းဦး ဆိုတဲ့ သဘောပေါ့။

အောင်က ကျွန်မကို လှမ်းပြီး ပြုံးပြတယ်။ ခေါင်းလည်း ညိတ် [illegible]ောင်ပြတယ်။ 'နော်၊ နည်းနည်းပါးပါးပါ နော်'ဆိုတဲ့ သဘောပါ။

ကျွန်မက ပြန်ပြုံးပြလိုက်တယ်။ 'ဟင့်အင်း၊ ဟင့်အင်း မရဘူး၊ [illegible]ရက်တောင် မသောက်ရတာကို ဘီယာလည်း မသောက်ရပါဘူး။ [illegible]ာလည်း အရက်ပဲဥစ္စာ၊ စိတ်ဆိုးမှာနော် အဲလိုဆို ပြန်မယ် ဟင့်'တို့၊ [illegible]ာ' တို့နဲ့ မနော့ချင်ပါဘူး။ အဲဒါမျိုးက ဟန်ဆောင် ပန်ဆောင်တွေ [illegible]

ရှင်းရှင်းလေးပဲ၊ သောက်ချင် သောက်ပေါ့။ သောက်တာမ[illegible]က် [illegible] မချစ်နဲ့ပေါ့။ ဒါမှမဟုတ် မယူနဲ့ပေါ့။ ခက်မှတ်လို့။

www.burmeseclassic.com

www.burmeseclassic.com



လေးလေးက

"ခွင့်ပြုလိုက်ပါ သိသိရယ်၊ ရန်ကြီးက သဘောလောက်ပဲ သော
တာပါ"

"ရပါတယ်"

ကျွန်မ ရိုးရိုးပဲပြောလိုက်တယ်။ ရှုတင်းတင်းနဲ့ မဟုတ်ပါဘူ
ဒီလိုလေ ခွင့်ပြုမိန့်ပေးနေတဲ့ အရာရှိပုံမျိုး မဟုတ်တာကို ပြောတာ

"ရန်ကြီးက ပိုင်သားပဲကွ"

လေးလေးက အောင့်ကို ချီးကျူးသလို လေသံနဲ့ ပြောတ
အဲဒါတော့ မကြိုက်ဘူး။ ဘာပိုင်တာလဲ။ သမီးရည်းစားဘမှာ ရည်းစာ
ဘီယာသောက်ခွင့်ရတာ ကိုယ့်ရည်းစားကို ကိုယ်နိုင်တဲ့ သဘောလ

မှားသွားမှာပေါ့။ ယောကျ်ားတွေဟာ ပိုင်တယ်၊ နိုင်တယ်ဆို
ကို ဂုဏ်ယူစရာများ အောက်မေ့နေကြသလား မသိဘူး။ မိန်းကလေ
တွေက ခွင့်လွှတ်တတ်တာကို သူတို့က ကျေးဇူးတင်ရမယ့်ဥစ္စာကို အ
ယူချင်ကြတယ်၊ မုန်းစရာ။

"သူ့သဘောနဲ့သူပေါ့ လေးလေးရဲ့၊ သိသိက သူ့ကို မပိုင်
ဘူး။ သိသိကိုလည်း သူက မပိုင်ပါဘူး"

ကျွန်မ နည်းနည်း စွာသွားသလား မသိဘူး။ လေးလေး
အားရပါးရ ရယ်လိုက်တယ်။

"ဟုတ်ပြီဟေ့၊ ဒါမျိုးကြိုက်တယ်။ လာ ရန်ကြီး ဘီယာတစ်ဘူ
မပေးလိုက်ကြရအောင်"

"ကိုဝင်း လေတွေ ရှည်မနေနဲ့ဦး"

မမဝင်းက နောက်ဖေးဘက်က လှမ်းအော်တယ်။ အော်တယ်
ပေမယ့် ဒေါက်သံ မဟုတ်ပါဘူး။ ကျယ်ကျယ်လေး လှမ်းပြောလိုက်တာ

*





နောက်ဖေးဘက်က လှုပ်ရှားသံတွေကို ကျွန်မ အာရုံမထားမိတော့
ဘူး။ ကျွန်မ စဉ်းစားနေမိတယ်။

လေးလေးတို့ အိမ်ကလေးက နေချင့်စဖွယ်လေးပါ။ ဒီနေရာလေးလို
…ထားပြီး ဘာလို့များ နိုင်ငံခြားသွားချင်ရသလဲ မမဝင်းရယ်။ လင်နဲ့
…ားနဲ့ အိမ်ထောင်သာသာယာယာလေးနဲ့။ အဲ လင်နဲ့ သားနဲ့ဆိုလို့
…ဝင်းတို့မှာ သားသမီးရှိ မရှိသေးဘဲ။ ဘာဖြစ်လို့လဲ မသိဘူး။ စိမ်ကိန်း
…ား နေကြလေရော့သလား။ အဲဒီလို စိမ်ကိန်းမျိုးတော့ မကြိုက်ပေါင်။
…ည့်လေ လေးလေးဆိုရင် အသက်လေးဆယ်ကျော်၊ မမဝင်းလည်း
…ဆယ်လောက်ရှိရောပေါ့။ ဒီအသက်အရွယ်ထိ သားသမီး မယူသေး
… ဘယ်နှိပ်ပါ့မလဲ။

မရတာ ဆိုရင်လည်း သူတို့ဆရာဝန်နဲ့ စစ်ကြည့်သင့်တာပေါ့။

ကျွန်မကသာ တွေးနေတာပါလေ၊ အဲဒါတွေ သူတို့ လုပ်ပြီးသား
…မှာပါ။ ကလေးမလိုချင်လို့လား၊ ဒါမှမဟုတ် မရနိုင်ကြလို့လား။

ကလေးဆိုတာ အိမ်ရဲ့ ဆည်းလည်းတဲ့၊ အိမ်ကို သာယာစေသတဲ့။
…သမီး၊ ကလေးမလိုချင်ဘူးဆိုတာ အိမ်ကို မသာယာစေချင်ဘူးဆိုတဲ့
…ဘော မရောက်ဘူးလား။

မဆိုင်ပါဘူးလေ၊ သူတို့ဟာနဲ့ သူတို့ပဲ ကိုယ်က အနေသာကြီး။
…တို့ဘာသာ သူတို့ ဘာဖြစ်ဖြစ်ပေါ့။

တစ်ခုတော့ ရှိတယ်။ မမဝင်း နိုင်ငံခြားမှာ သွားအလုပ်လုပ်မယ်
…တော အဲဒီအကြောင်းလည်း ပါချင်ပါလိမ့်မယ်။ ကလေးမရှိတော့
…ယာဇဉ်က သိပ်မရစ်တွယ်ဘူးလေ။

ယောကျ်ားနဲ့ မိန်းမ ထားတဲ့ အငြိအတွယ် သံယောဇဉ်ဆိုတာ
…လေးကို တွယ်တာတာလောက် ဘယ်ခိုင်ပါ့မလဲ။ အဲ ထင်တာပဲလေ။
…စားကြည့်ရတာပါ။ ကျွန်မတော့ ဘယ်သိနိုင်ဦးမလဲ။



www.burmeseclassic.com

www.burmeseclassic.com



မှန်းကြည့်လို့ပဲ ရတယ်။ ကျွန်မ မေမေဆိုရင် ဖေဖေနဲ့ ရန်ဖြ တိုင်း 'ကလေးတွေကြောင့် ရှင့်ကို သည်းခံနေတာနော်'ဆိုတဲ့ စကားမျိုး ပြောလေ့ရှိတယ်။

အဖေကလည်း 'အေးပေါ့ကွာ ကလေးတွေ မျက်နှာငဲ့နေလို့ပေ့' လို့ ခဏခဏပြောတယ်။

ကျွန်မတို့ကို အကြောင်းရှာပြတာလားတော့ မသိဘူးလေ။ သူ ချင်း ရန်ဖြစ်တိုင်း ကျွန်မတို့ကြောင့် ဆက်ပေါင်းနေရတာလို့ ပြောကြတာ ဟုတ်လည်းဟုတ်နိုင်တယ်။ မဟုတ်လည်း မဟုတ်နိုင်ဘူး။

ကျွန်မ တစ်ယောက်တည်း ထားခဲ့ရတာကို အားနာလို့နဲ့ တူ တယ်။ မမဝင်း ထွက်လာတယ်။ လက်ထဲမှာ ဖန်ခွက်တစ်လုံးနဲ့၊ သံပ ရည် ဖြစ်မှာပေါ့။

မမဝင်း နဖူးမှာ ချွေးစကလေး သီးနေတယ်။ အဲဒီချွေးစကလေး ကို မမဝင်းက သူ့လက်ဖမိုးကလေးတစ်ဖက်နဲ့ သုတ်ရင်း ကျွန်မ လျှောက်လာတယ်။

"ပျင်းနေလား သီသီ၊ ထမင်းတော့ ကျက်နေပြီ။ ဆာရင်လည်း စားလို့ရတယ်။ ရန်ကြီးတို့ကို စောင့်ဦးမယ်ဆိုရင်တော့ ဒါလေးသော နှင့်"

"သီသီ မဆာသေးပါဘူး မမဝင်း"

ကျွန်မ အအေးဖန်ခွက်ကို လှမ်းယူလိုက်တယ်။ မမဝင်း ကျွန်မနားက ဆိုဖာတစ်လုံးပေါ်မှာ ခြေပစ်လက်ပစ်ဆိုသလို ထိုင်ချတယ် ပြင်ရဆင်ရနဲ့ မောသွား ထင်ပါရဲ့။

မမဝင်းကို အားတိုက် မြင်ရတယ်။

သူ့မျက်လုံးတွေက တွေ့နေတယ်။ အဝေးကြီးကို မျှော်ကြည့်ေ သလိုပဲ။ သူ ခရီးရှည်ကို စဉ်းစားနေတာလား။ ခွဲခွာရမည်ကို စဉ်း ရင်း စိတ်မကောင်း ဖြစ်နေတာလား။ တစ်ခါက ဘတ်စကားဆိပ် လေးလေး ငေးနေတုန်း တွေ့ရဖူးတဲ့ မျက်နှာမျိုးပဲ။





သူတို့နှစ်ယောက်ကြားမှာ တစ်စုံတစ်ခု ရှိနေပြီနဲ့ တူတယ်။ လျှို့ ဝှက်တဲ့ကိစ္စ ဖြစ်မှာပေါ့။

မမဝင်းက ကျွန်မဘက်ကို လှည့်ကြည့်တယ်။ မျက်တောင်တစ် ချက် ခတ်တယ်။ စိုက်ငေးနေတဲ့ အကြည့်ကို ချက်ချင်းပြောင်းတယ်၊ ပြုံး တယ်။

"သောက်လေ သီသီ"

ကျွန်မ လက်ထဲက ဖန်ခွက်ကို ကြည့်ရင်း ပြောတယ်။ ကျွန်မ တစ်ငုံသောက်လိုက်တယ်။ စပတ်ကလင်းလီမွန်လို အရသာမျိုးပဲ။ ဒါပေ ယ့် အဲဒါတော့ မဟုတ်ဘူး။ နိုင်ငံခြားဖြစ် အရည်တစ်မျိုးမျိုး ဖြစ်မှာပေါ့။

ကျွန်မ မေးမကြည့်ချင်တော့ပါဘူး။ ဘာဖြစ်ဖြစ်ပေါ့။ သောက်လို့ ကောင်းရင် ပြီးတာပဲ။

"သီသီနဲ့ မတွေ့တာတောင် ကြာလှပြီ။ မမဝင်းလည်း ဟိုသွား ကိစ္စနဲ့ အလုပ်ရှုပ်နေတယ်"

"ဟုတ်ကဲ့"

"လျှောက်မပြီးသား ဖြစ်နေတော့လည်း သွားရမှာပေါ့ကွယ်။ ကယ်သွားရတော့မယ် ဆိုတော့လည်း အလွမ်းသား"

"လေးလေးကိုလား မမဝင်း"

မမဝင်း ပြုံးတယ်။

"ပါတာပေါ့၊ ဒါပေမယ့် ကိုယ့်တိုင်းပြည်ကနေ တခြားနိုင်ငံကို သွားရမယ်ဆိုရင် ဘာပဲဖြစ်ဖြစ် နည်းနည်းတော့ အားငယ်တာပေါ့။ ကိုယ့် နိုင်းပြည်ကို လွမ်းရမှာ တွေးပြီး စိတ်ထဲ တစ်မျိုးပဲ"

"ဒါဖြင့် မသွားတော့ဘူးလို့ ပြောလိုက်ပေါ့"

"ဘယ်ရတော့မှာလဲ သီသီရဲ့။ ကလေးကစားသလိုမှ မဟုတ်တာ"

ကျွန်မ သိသားပဲ။ စကားအဖြစ် ပြောလိုက်တာပါ။

"လေးလေးတော့ ဆွေးမှာပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဝေးသေး၊ သူလား ဆွေးမှာ၊ သူသွားနေတဲ့အခါများ စာ တစ်ထ တစ်စောင်တောင် မရေးဘူး"

"တကယ်လား"

"မေးကြည့်ပါလား၊ သီသို လေးလေးကို"

"လေးလေးကတော့ ဟိုးတစ်လောကမြို့ထဲမှာ တွေ့တုန်း မမဝင်း သွားရမယ်ဆိုတာ သိရလို့တဲ့ အပြုတ်ဆွေးပြီး အရက်တွေ သောက်နေသတဲ့"

"အလကားပါကွယ်၊ သူက သောက်နေကျ ဥစ္စာ၊ မမကြောင့် မဟုတ်ပါဘူး"

"လေးလေး ကြည့်ရတာတော့ စိတ်မကောင်းပုံပဲ။ ဟုတ်လည်း ဟုတ်သားပဲ မမဝင်းရဲ့။ မသွားလည်း ရတာပဲဟာ"

"ဘယ်ရတော့မလဲကွယ်"

"မဟုတ်ပါဘူး၊ အစကတည်းက မလျှောက်ရင်လည်း ရတာ လို့ ပြောတာ"

ကျွန်မ စကားလွန်သွားတယ်။ မမဝင်းကို အပြစ်ပြောသလို ဖြစ်သွားလား မသိ။

"အေး အစကတည်းက မလျှောက်ရင်တော့ ရတာပေါ့။ ဒါပေ မယ့်ကွယ် အရင်ကတော့ သွားချင်ချင်ရှိတာနဲ့ လျှောက်လိုက်တာ"

"ခုတော့ မသွားချင်တော့ဘူးပေါ့၊ ဟုတ်လား"

"အဲသလိုလည်း မဟုတ်ပါဘူး၊ သွားတော့ သွားချင်တာပေါ့"

မမဝင်းစကားဆိတ်သွားတယ်။ တစ်ခုခုကို တွေးတယ်။

မျက်လုံးက အဝေးကြီးကို ကြည့်ပြန်ပြီ။

ဘာလဲ၊ သူတို့မှာ ဘာပြဿနာ ရှိလဲ။ အို ဘာရှိရှိပေါ့။

*





နောက်ဖေးခန်းက လှုပ်ရှားသံကြားရတယ်။

မမဝင်း ဆတ်ခနဲ ထတယ်။

"ဟိုနှစ်ယောက် ဘီယာဗူးထပ်ထုတ်နေပြန်ပြီနဲ့ တူတယ်။ တော်ကြာ လေးကို ဖိတိုက်နေဦးမယ်။ လာ သီသီ"

ကျွန်မ လက်ကို အသာဆွဲခေါ်တယ်။ ကျွန်မ သောက်လက်စ အအေးရည်ဖန်ခွက်ကို ချထားခဲ့ပြီး နောက်ဖေး ထမင်းစားခန်းထဲ လိုက်ခဲ့ တယ်။

အား တယ်သားနားပါလား။

ဧည့်ခန်းကနေ လမ်းကျဉ်းကလေးနဲ့ နောက်ဖေးဘက် ဝင်ရတယ်။ သူတို့လို အိမ်မျိုးက ဧည့်ခန်းနဲ့ အလှပြစင်သာ ခြားပြီး ထမင်းစားခန်း ထားလေ့ရှိတယ် မဟုတ်လား။

အဲသည်အတိုင်း နေမှာပေါ့။ ခု ဧည့်ခန်းကို အကျယ်ကြီးဖြစ်အောင် ထမင်းစားပွဲကို နောက်ဖေးခဏ ရွှေ့ထားတယ် ထင်တယ်။

လမ်းကျဉ်းလေး တစ်ဖက်တစ်ချက်ဆီမှာ အိပ်ခန်းနှစ်ခန်း ရှိတယ်။ လုံပိတ် သော့ခတ်လို့ရတဲ့ တံခါးတွေ တပ်ထားတယ်။ အောက်က သုံး ထပ်သား မြောင်းဖော် ထုဖော် နံရံတွေနဲ့ အပေါ်က ခြင်လုံ သံဇကာတွေနဲ့။

ပြီးတော့ နောက်ဖေးခန်း၊ မီးဖိုနဲ့ တွဲလျက် စားပွဲနှစ်လုံးဆက်ခင်း ထားတယ်။ ရိုးရိုးအချိန်ဆိုရင် နောက်ဖေးမှာ ထမင်းစားပွဲတစ်လုံး၊ အိမ် ရှေ့မှာ ထမင်းစားပွဲတစ်လုံး ဖြစ်ပါလိမ့်မယ်။ နောက်ဖေးစားပွဲနားမှာ ရေခဲသေတ္တာကြီး ရှိတယ်။ အကြီးကြီးပဲ။

လေးလေးကို ဘီယာဗူးတွေ ကိုင်လျက်ကြီးနဲ့ မိတာပေါ့။ ရေခဲ သေတ္တာကြီးလည်း ဟလို့။

"ကိုဝင်းနော် တစ်ဗူးဆိုပြီး လစ်တာနဲ့ ထပ်လုပ်ဦးမလို့ မဟုတ် ဘူး။ တော်ပြီ၊ ဧည့်သည်တွေ လာတော့ မူးနေရင် ဘယ်ကောင်းမလဲ။ ပြီးတော့ ကလေးကိုလည်း အရမ်းမတိုက်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



အောင့်ကို ကလေးတဲ့။ ဟာ ဟာ။

လေးလေးက စပ်ဖြဲဖြဲလုပ်ပြရင်း–

"အဝင်းကလဲကွာ၊ ရေတော်လို့ပါ။ မင့်ကြောင်အိမ်ကြီး ရွှေ့ရတာ ဘယ်လောက် ပင်ပန်းတယ် မှတ်လဲ"

"တော်ပြီ မရဘူး။ တော်ကြာ ကိုတင်မောင်ဆွေတို့ လာရင်လည်း ထပ်သောက်ကြဦးမှာ"

ပြောရင်းပဲ လေးလေးလက်ထဲက ဘီယာဗူးတွေကို လုတယ်။ လေးလေးက ဗူးတွေကို မမဝင်း မမီအောင် လက်မြှောက်ကိုင်ထားရင်း ထမင်းစားပွဲကို ဝိုင်းကြီးပတ်ပတ် ဒုဝေဝေလုပ်ပြေးတယ်။

မမဝင်းက လေးလေးနောက်က လိုက်လိုက်၊ တစ်ဖက်က လှည့်ပတ်ပြီး လိုက်လိုက်နဲ့ ဆူညံနေတယ်။ ရုတ်တရက် ပျော်စရာလေးတစ်ခု ဖြစ်သွားတာပေါ့။

လေးလေးက ဗူးတစ်ဗူးကို အောင့်ကို လှမ်းပစ်ပေးတယ်။

ကျွန်မလက်က ဘယ်လိုက ဘယ်လို ခုန်ဖမ်းလိုက်မိသလဲ မသိဘူး။ ဘီယာဗူးက ကျွန်မလက်ထဲ ရောက်လာတယ်။

လေးလေးက 'ဟာ'လို့ အော်ရင်း ရပ်လိုက်တယ်။ မမဝင်းက လေးလေးကို မီသွားတယ်။ လေးလေး ကြောင်နေတုန်း လေးလေး လက်ထဲက ဘီယာဗူးကိုလည်း မမဝင်းက ဆွဲလုလိုက်တယ်။

'ဟေး'လို့ ကျွန်မ အော်လိုက်တယ်။

အောင်က ကျွန်မလက်ထဲက ဘီယာဗူးကို အလစ်လှမ်းဆွဲတယ်။ ကျွန်မက လက်နောက်ပစ်ပြီး ရှောင်လိုက်တယ်။

'ဟေး'လို့ မမဝင်း အော်တယ်။

ကျွန်မတို့ လေးယောက်စလုံး ရယ်လိုက်ကြတယ်။ လိုက်ကြ ပြေး ကြပြန်ရော။ အဲ ပြီးတော့ အောင့်ကို ကျွန်မက၊ လေးလေးကို မမဝင်းက ဗူးလေးတွေ ပြန်ပေးလိုက်ကြတယ်။





"အိမ်ရှင်တို့၊ အိမ်ရှင်တို့"

အိမ်ရှေ့က အသံကြားရတယ်။ မမဝင်းက လေးလေးကို 'သွားလိုက်ဦးလေ'ဆိုတဲ့ သဘော မေးဆတ်ပြတယ်။

"လာပြီဗျို့"

လေးလေး အော်ရင်း ထွက်သွားတယ်။

လေးလေးတို့ သူငယ်ချင်း စုံတွဲနှစ်တွဲ ရောက်လာတယ်။ ဧည့်ခန်းမှာ ထိုင်ကြတယ်။

ကျွန်မတို့နှစ်ယောက် ထမင်းစားနေကြပြီ။

အောင်က ဘီယာထွေထွေလေးနဲ့ စကားတွေ ဖောင်ဖွဲ့နေတယ်။ အာရယ် မဟုတ်ပါဘူး။ ပျော်စရာ စကားတွေပေါ့။

ကျွန်မလည်း အလိုက်အထိုက် ပြန်ပြောတယ်။ မမဝင်းတို့ နှစ်ယောက်လည်း ပျော်စရာတွေ ပြောကြပါရဲ့။

အဲဒီအချိန်ကလေးမှာ သူတို့နှစ်ယောက်လုံး 'ဘွာခတ်'ထားကြ တင်ပါရဲ့။ ဟို သွားရမယ့်ကိစ္စ မေ့ထားကြတယ်နဲ့ တူပါတယ်။

ကျွန်မတို့ ထမင်းစားလို့လည်း ပြီးရော မမဝင်းက–

"ရန်ကြီး သီသီ့ကို ပြန်လိုက်ပို့လိုက်ဦး၊ ညနက်လို့ သူ့အိမ်က စိတ်ပူနေမယ်။ ဪ… ကားယူသွား၊ ကိုတင်ဦး ခေါ်သွား"

ကိုတင်ဦး ဆိုတာက သူတို့ ဒရိုင်ဘာလား၊ ဒါမှမဟုတ် ဒီနေ့ ကားမောင်းဖို့ ခေါ်ထားတဲ့ လူတစ်ယောက်လား ဖြစ်မှာပေါ့။

"ရပါတယ်၊ ဒေါ်လေးကလည်း ကျွန်တော့်ဘာသာ လိုက်ပို့မှာပေါ့။ ဖေဖေတို့လည်း လာတော့မှာဥစ္စာ"

ရော့… သတိမထားမိပါလား။ ဒီနေ့ မမဝင်းကို နှုတ်ဆက်ပွဲ လုပ်တာဆိုတော့ အောင့်ဖေဖေနဲ့ မေမေလည်း လာမှာပေါ့။ အောင့် ဖေဖေနဲ့ မေမေနဲ့ကို ကျွန်မကို ပြချင်တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုလား အောင်ရယ်။ ဘာလို့ မလိမ့်တပတ်လုပ်ရသလဲ။ ကျွန်မ ဒေါသကလေး ဖြစ်သွားတယ်။ အောင့်ကိုရော ကျွန်မကိုယ် ကျွန်မရောပေါ့။

အောင့်ကိုကတော့ ကျွန်မကို ကြို့မပြောထားလို့။ ကျွန်မကိုယ် ကျွန်မကတော့ သတိကလေးတစ်ချက် လစ်သွားလို့။

"ဟယ် ရန်ကြီးကလည်း မဟုတ်တာ။ သီသီက ကိုကိုကြီးတို့ ရှေ့မှာ အနေရခက်မှာပေါ့"

"ဟား ဟား အဲဒါ ကျွန်တော့်အကွက်ပေါ့ ဒေါ်လေးရဲ့။ မေမေ့ကို ဒီနေ့လိုက်ဖြစ်အောင် လိုက်ခဲ့ပါ။ အထူးအဆန်း ပြစရာရှိတယ်လို့ မှာခဲ့တယ်"

"ဘာ အောင်၊ ဘာ ပြောလိုက်တယ်"

ကျွန်မပါးစပ်က တားမရတော့ဘူး။ ဟုတ်တယ်လေ၊ သူ့မေမေကို အထူးအဆန်း သတ္တဝါလို ကျွန်မကို ပြမလို့တဲ့။

ရင့်လိုက်တာ။

အောင်က မရိပ်မိသေးဘူး။

"သီ့ကို ပြမှာလေ၊ မေမေ့ ချွေးမလောင်းလို့"

ကျွန်မ ဆတ်ခနဲ မတ်တတ်ထရပ်လိုက်တယ်။

"ပြန်မယ်အောင်၊ လိုက်မပို့နဲ့တော့"

ကျွန်မ လှည့်ထွက်ခဲ့တယ်။ မမဝင်းက–

"ဟဲ့ ဟဲ့ နေဦးလေ သီသီ၊ ဟဲ့ ရန်ကြီး လိုက်လေ မြန်မြန်ထ"

အောင်က ကြောင်ပြီး ထိုင်နေလို့ သတိပေးတာနဲ့ တူပါရဲ့။

လေးလေး သူငယ်ချင်းစုံတွဲနှစ်တွဲလည်း အိမ်ရှေ့ခန်းမှာ စကားပြော နေရာက ကျွန်မ ဆောင့်အောင့်ပြီး သုတ်သုတ်ထွက်လာတာကို အငေးသား ကြည့်နေတယ်။

ကျွန်မ သံတံခါးကို ဆွဲဖွင့်ပြီး အပြင်လှမ်းအထွက်မှာ ကျွန်မ လက်မောင်းကို တစ်ယောက်ယောက်က လာဆွဲတယ်။ ကျွန်မ သိလိုက်





တယ်။ လေးလေးပေါ့။ လေးလေးလက်ဖဝါးက အောင့်ထက် ပိုပြီး ကြမ်းတယ်လေ။

"နေဦး သီသီ၊ လေးလေး လိုက်ပို့မယ်"

ကျွန်မ ခေါင်း တွင်တွင်ခါတယ်၊ ရှန်းလည်းရှန်းတယ်။

"နေဦးဆိုလို့ ဒီကလေးမကလဲ"

အောင် ကျွန်မတို့နား ရောက်လာတယ်၊ ကျွန်မကို သဘောမပေါက်တဲ့ ပုံစံမျိုးနဲ့ ကြည့်တယ်။ 'ဒါလေးနဲ့ ဒီလောက်ဖြစ်ရလား'ဆိုတဲ့ မျက်နှာထားမျိုးလည်း ပါတယ်။

ကျွန်မ နှုတ်ခမ်းကို မဲ့ပြလိုက်တယ်။ ဒေါသကို ထိန်းလို့ မရဘူး။

စဉ်းစားကြည့်လေ။ ကျွန်မကို အထူးအဆန်း သတ္တဝါလိုသဘောထားသတဲ့။ ပြီးတော့ မေမေ့ချွေးမလောင်းလို့ ပြောမယ်တဲ့။ ကျွန်မ သူ့ကို ယူပါမယ်လို့ ကတိထားခဲ့လို့လား။ ပြီးတော့ ကျွန်မကို စစ်ဆေးဖို့ သူ့မိဘတွေက ကြည့်ကြမှာပေါ့။

ကြားဖူးတယ်လေ၊ အာဖရိကက လူမည်းကျွန်တွေကို ဝယ်မယ့် မျက်နှာဖြူတွေက သူတို့ဝယ်မယ့် ကျွန်တွေကို သွားဖြဲကြည့် ကိုင်ကြည့်၊ တွယ်ကြည့် လုပ်ကြသတဲ့။ နွားဝယ်သလိုပေါ့။

'အလကားရတဲ့နွား သွားဖြဲကြည့်မနေနဲ့'ဆိုတဲ့ စကားပုံတောင် ရှိသေး။

ခု အဲဒီသဘော ရောက်မသွားဘူးလား။ ကျွန်မကို သူ့မိဘရှေ့မှာ ပြမယ်တဲ့။ စစ်ကြ ဆေးကြ၊ ကိုင်ကြည့်ကြ၊ သွားဖြဲကြည့်ကြဦးမှာလား။

အဲသည် သဘောထားမျိုးကို ကျွန်မ ဒေါသမဖြစ်ရဘူးလား။ စိတ်မဆိုးရဘူးလား။

"ကျွန်မ ပြန်မယ် လေးလေး၊ လိုက်ပို့စရာ မလိုပါဘူး၊ ခြေထောက် ပါပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ စကားရင့်သီးသွားရင်လည်း မတတ်နိုင်ဘူး။ ဒီလောက်တော့ ပြောချင်တယ်။

"ဟဲ့ မဟုတ်တာ ကလေးရယ်၊ ဘာလို့များ ဒီလောက်တောင် ဒေါသဖြစ်သွားရလဲ"

မမဝင်းက လေပြည်နဲ့ ဝင်ပြောတယ်။

"ဘာလို့ဖြစ်ရမလဲ မမဝင်းရဲ့။ ကျွန်မကို အောင်က သူ့မေမေနဲ့ တွေ့ရမယ်လို့မှ မှာမထားဘဲ။ ပြီးတော့ ကျွန်မက တွေ့ချင် မတွေ့ချင်လည်း သူ မမေးဘူး။ ဒါသက်သက် အနိုင်ကျင့်တာ။ မခံနိုင်ဘူး"

"မဟုတ်ပါဘူးကွယ်။ ရန်ကြီးက သူ့မေမေတို့ကို ကြွားချင်လို့နဲ့ တူပါတယ်။ သီသီ ဘယ်လောက်လှတယ်ဆိုတာ ပြချင်လို့ပါ။ ပြီးတော့"

"သီသီ မလှပါဘူး၊ အလှပြဖို့လည်း မလိုပါဘူး။ ကျွန်မကို ကျွန်ဝယ်သလို စစ်ဆေးတာမျိုး မခံနိုင်ဘူး"

ကျွန်မ အတွေးတွေက စကားအဖြစ် ပြောင်းသွားတယ်။

"ဟယ် ဒီလို မဟုတ်ပါဘူးကွယ်။ ဒီလိုသဘောမထားပါဘူး။ ရန်ကြီး ပြောပါဦး၊ ဘာ ငူတူတူ လုပ်နေတာလဲ"

ရန်ကြီးအောင်က မျက်နှာနည်းနည်းတွေသွားတယ်။ သူ ဘာတွေ စဉ်းစားမိသလဲ မသိဘူး။ ကျွန်မကို အထင်လွဲတာနဲ့ တူတယ်။ ကြီးကျယ်လိုက်တာဆိုတဲ့ သဘောမျိုး လုပ်တယ်။

"မဟုတ်ဘူး သီ၊ ကိုယ်ကတော့ ပျော်စရာဖြစ်အောင် လုပ်တာပဲ။ သီမကြိုက်ရင် အဲ မေမေတို့နဲ့ မတွေ့ချင်ရင် ပြန်ပို့ပါ့မယ်"

"မလိုပါဘူးလို့ ပြောပြီးပြီ မဟုတ်လား"

ကျွန်မ ဆောင့်ရှန်းပြီး ထွက်ခဲ့တယ်။

"ဟဲ့ လိုက်သွား ရန်ကြီး၊ ကားယူသွား၊ မြန်မြန်"





အောင်က ကျွန်မနောက်လိုက်လာတယ်။ ကျွန်မ သူတို့ ခြံဝ ရောက်နေပြီ။ အားကုန် ပြေးလိုက်ချင်တယ်။ ခြေလှမ်းက သိပ်သွက်နေတယ်။ မြေကြီးနဲ့ ထိတယ်တောင် မထင်ဘူး။ မပြေးရုံတမည်ပေါ့။ အောင်က ကျွန်မနား ရောက်ရောက်ချင်း ဘေးချင်းယှဉ်တယ်။

"သီ..."

"သွားနော် မလိုက်ခဲ့နဲ့"

ကျွန်မ ဆက်လျှောက်တယ်။ အောင် ဆက်လိုက်လာတယ်။ ဘာမှ မပြောဘူး။ ကျွန်မနဲ့ ယှဉ်ပြီး မြန်မြန်ကြီး လျှောက်တယ်။ နှစ်ယောက်သား လမ်းလျှောက်ပြိုင်နေကြသလိုပဲ။

ခဏကြာတော့ သူ့ကို ကျွန်မ မျက်စောင်းထိုးကြည့်တယ်။ ကျွန်မကို ဘာစကားမှ မပြောဘဲ ဒီအတိုင်းကြီး လိုက်နေလို့ပေါ့။ သူက ပြုံးကြီး။ စိတ်ကောက်နေတဲ့ ချစ်သူကို ခွင့်လွှတ်ပါတယ်။ ဖွဲမယူပါဘူးဆိုတဲ့ သဘောမျိုး။

ကျွန်မ တုံ့ခနဲ ရပ်တယ်။ အောင်လည်း ရပ်တယ်။ အောင့်ကို တည့်တည့်ကြည့်တယ်။ အောင်က ပြုံးတုန်း။

သူ့အပြုံးက ကြည့်နေတယ်။ ကျွန်မကို လှောင်တာမျိုး မဟုတ်ဘူး။ စိတ်ဆတ်လွန်းရန်ကော မိန်းကလေးရယ်လို့ ပြောနေသလိုပဲ။

"အောင် ပြန်နော်"

သူ ခေါင်းခါတယ်။

"တီးမိမယ်နော်"

သူ ခေါင်းငုံ့ပေးတယ်။

ကျွန်မ လက်သီးကို ဆုပ်လိုက်မိတယ်။ ပြီးတော့...

အောင့် ပခုံးနှစ်ဖက်ကို တအားထုတယ်။ မျက်ရည်က ကျလာတယ်။ စိတ်ဆိုးထားတာတွေ မျက်ရည်ထဲ ပါသွားရော။



www.burmeseclassic.com

www.burmeseclassic.com



"ဆိုး ဆိုး၊-အောင် ဘာမှ အလိုက်မသိဘူး။ သို့ကို နားမလည်ဘူး။ ခွေး၊ ကြောင်၊ ဘီလူး၊ သရဲ၊ တစ္ဆေ၊ မှင်စာ"

အောင် ရယ်တယ်၊ ရယ်ရင်း ပြောတယ်။

"ဥစ္စာစောင့် ကျန်သေးတယ်။ သိဆိုတဲ့ ဥစ္စာသိုက်ကြီး စော… ရှောက်နေရတဲ့ ဥစ္စာစောင့်ကြီး"

ကျွန်မ စိတ်ဆိုးပြေပျောက်သွားပါပြီ။

လမ်းလယ်ကောင်ကြီးမှာ အောင်က မျက်ရည်သုတ်ပေးတာ… ငြင်းရတယ်။ သူ့လက်တွေကို ပုတ်ချလိုက်တယ်။

ကျွန်မကသာ လူတွေမြင်မှာ စိုးနေတာပါ။

သူတို့ရပ်ကွက်က ဆိတ်ငြိမ်ရပ်ကွက်ပဲဟာ။ လမ်းမပေါ် သိပ်ထွ… ကြတာ မဟုတ်ပါဘူး။

ဒါပေမယ့် ကားတစ်စီးက ကျွန်မတို့နားမှာ ကပ်ရပ်လိုက်တယ်…

"သား"

ကားရှေ့ခန်းက အဘွားကြီးတစ်ယောက်က အောင့်ကို ခေါ်… တယ်။

အောင့်ဖေဖေက ကားမောင်းလို့၊ ကျွန်မတို့နှစ်ယောက်ကို မြ… ကြည့်နေကြတယ်။

သူတို့ အဝေးကတည်းက မြင်ကြမှာပေါ့။ 'အဝေးကပင် မြင်… ပါသည်'ပဲ ဥစ္စာ။

အောင့်ဖေဖေက ကြည်ညိုစရာကြီးပါ။ အောင့် မေမေကလည်… ရိုးရိုးကြီး။ အညာသူကြီးနဲ့ တူပါရဲ့။

ကျွန်မ သူတို့ရှေ့မှာ ရပ်မနေချင်ဘူး။

အောင်က သူ့မေမေကို လှမ်းပြီး-

"မေမေ ဒီမှာ"လို့ ပြောနေတုန်းပဲ ကျွန်မ အမြန်လှည့်ထွက်ခဲ့တ… ပြေးတောင် ပြေးမိသလား မသိဘူး။





"ဟော့သား၊ လိုက်ချော့၊ လိုက်ချော့၊ မင်း တော်တော်ဆိုးတဲ့ …ကောင်။ ဟား ဟား"

နောက်က အောင့်ဖေဖေအသံ ကြားရတယ်။ ကျွန်မ ဒေါသမဖြစ် …တော့ပါဘူး။

အောင့်ဖေဖေအသံကို ကြားရတာက ပျော်စရာကောင်းတယ်။ …လေးချစ်တတ်တဲ့ လူကြီးတစ်ယောက် ကလေးကို မြှူနေတဲ့ သဘော …မျိုးပဲ။

ကျွန်မနောက်က အောင် ပြေးလိုက်လာတယ်။ အောင့်ဖေဖေရဲ့ …အားက ထွက်သွားသံ မကြားရသေးဘူး။

အောင့်ဖေဖေနဲ့ မေမေ ကျွန်မတို့ကို ကြည့်နေကြမှာ သေချာတယ်။ …တော်ကလဲ ကလေးတွေကို နောက်နေပြန်ပြီ။ သွားကြပါစို့' 'ဟော့ ငါ့ …သားရဲ့ ကောင်မလေက ချောသကွ။ အဖေတူပဲ၊ မိန်းမချောချောရှာတတ် …တယ်' 'အို ကလေးကလားတွေ' 'ဟား ဟား ငါ့မိန်းမလောက်တော့ …ချောပါဘူး' 'အဖေကြီးနော်' 'ဇွေး ဟိုမှာ ငါ့သားလည်း ကောင်မလေးကို …ချော့နေပြီ' 'သွားကြပါစို့၊ ကလေးတွေ ရှက်ကုန်ပါ့မယ်' 'နေပါဦးကွ' …သွားပါဆို အဖေကြီးရယ်'…စသဖြင့် ပြောနေကြ၊ ပျော်နေကြမှာ ထင် …ပါရဲ့။

ကျွန်မ အဲသလို တွေးလိုက်ရင်ပဲ စိတ်ထဲ ပေါ့သွားတယ်။ ခုန …ဒေါသဖြစ်နေတာလေးတွေ ပျောက်သလောက် ဖြစ်သွားတယ်။

ကျွန်မကို သူတို့ငွေဝယ်ကျွန်လို သဘောမထားတာတော့ အမှန် …ဖြစ်ပါလိမ့်မယ်။ ဘာလို့လဲဆိုတော့ အောင့်ဖေဖေနဲ့ မေမေက ကျွန်မ …ကို လှမ်းကြည့်တဲ့အခါ နွားဝယ်ခါနီး စစ်ဆေးတဲ့ လူရဲ့အကြည့်မျိုး …မဟုတ်ဘူးလေ။ ဘယ်လိုပြောရမလဲ။ ချောင်းထဲမှာ ရေချိုးရင်း ပျော်နေတဲ့ …ကလေးတွေကို ကြည့်တဲ့ အကြည့်မျိုးပေါ့။



www.burmeseclassic.com

www.burmeseclassic.com



တချို့လူကြီးတွေ ရှိတယ် မဟုတ်လား။ ကလေးတွေ ပျော်ရွှင်နေတာကို ကြည့်ပြီး ကြည်နူးတတ်ကြတာလေ။ အဲသလိုမျိုးပဲ။ ကျွန်မတို့နှစ်ယောက်ကို ကြည့်ပြီး အောင့် ဖေဖေနဲ့ မေမေ ပျော်သွားတယ်ထင်တယ်။ သူတို့အကြည့်မှာသာ 'နွားသွားဖြ'တဲ့ အကြည့်မျိုး ပါလာရင် ကျွန်မ ဘယ်လောက်ဒေါသဖြစ်လိုက်မယ် မသိဘူး။ ခုတော့ အဲသလိုမဟုတ်ဘဲ ပြောင်းပြန် ဖြစ်သွားတယ်။ ကျွန်မကိုယ် ကျွန်မလည်း ပြန်ပြီးနားလည်သွားတယ်။

ကြုံပြီး စိတ်ဆိုးထားတာ မကောင်းဘူးလို့ပေါ့။ အင်းလေ လူချင်းမတွေ့ခင်ကတည်းက သတင်းကြားနဲ့ မကောင်းထင်ထားတဲ့ လူတစ်ယောက်ကို ပက်ပင်းပါတွေ့ရင် အလကားနေရင်း မုန်းနေတတ်တယ် မဟုတ်လား။

ကျွန်မအနားကို အောင် ကပ်လာတော့ ကျွန်မ စိတ်က ပြေနေသလောက် ရှိပြီ။

ခုနက သူ့ကို ထုလိုက်ရလို့ ပြေသွားတာရယ်၊ အောင့်ဖေဖေနဲ့ မေမေရဲ့ ပြုံးပြုံးရွှင်ရွှင်၊ ရင်းရင်းနှီးနှီး၊ ရိုးရိုးသားသား မျက်နှာထားရယ်။

အဲဒါတွေ ပေါင်းလိုက်တော့ ကျွန်မအတွက် ဖြေဆေးရသွားတာပေါ့။

ကျွန်မ မမူတတ်ဘူး။

အောင့်ကို လှည့်မကြည့်ဘဲ

'သွား'လို့ ပြောလိုက်တယ်။ ကျွန်မ မျက်နှာက ပြုံးနေမှာပါ။

*

[၁၆]

"ဆောင်းဦးရဲ့ နှင်းငွေရာ မနက်ခင်းပဲ၊

ဝေဟင်ဆီ တိမ်ယံတွေကြားကို ခရီးစဉ် အချိန်ကလေးပဲ"

အယ်လ်ခွန်းရီရဲ့ လေယာဉ်ပျံ ၂ သီချင်းသံကို ကျွန်မ ကြားယောင်မိတယ်။

ကျွန်မတို့ မင်္ဂလာဒုံလေယာဉ်ကွင်းကို သွားနေကြတယ်။

မမဝင်း ဂျာမဏီကို သွားတော့မယ်ဆိုတဲ့ ရက်အတိအကျလည်း ...ရော ကျွန်မစိတ်ထဲမှာ မမဝင်းကို လေယာဉ်ဆိပ်ထိ လိုက်ပို့ချင်တဲ့ ...် ပေါ်လာတယ်။ ဒါနဲ့ အောင့်ကို ပြောလိုက်တယ်။ လိုက်ပို့တဲ့လူတွေ ...င်းထဲမှာ ကျွန်မနာမည်လည်း ထည့်ပေးဖို့ပေါ့။

ကျွန်မ ဘာဖြစ်လို့များ မမဝင်းကို ဒီလောက် တွယ်တာမိသလဲ ...ဘူး။

မမဝင်းကို လေဆိပ်လိုက်ပို့ကြတော့ ကျွန်မတို့ အားလုံး နှုတ်ဆိတ်...ကြတယ်။ ကျွန်မရင်ထဲမှာ တင်းကျပ်ကျပ်ကြီး ဖြစ်နေတယ်။ ငိုချင်...။ ဟုတ်တယ် ငိုချင်နေတာ။

ကျွန်မ မျက်ရည်ကို ထိန်းထားရတယ်။



www.burmeseclassic.com

www.burmeseclassic.com



အောင်ကတော့ ဘာမှ စိတ်လှုပ်ရှားပုံ မရဘူး။ ဒါပေမယ့် အောင် ဟန်ဆောင်နေတာပါ။ သူ့ကို ကြည့်ရတာလည်း တစ်မျိုးပဲ။

အဲ လေးလေး အဝေးကို ဘာမှ မမြင်ဘဲ ကြည့်နေသလိုမျိုး မမဝင်း အဝေးကို ငေးနေတဲ့ အကြည့်မျိုး။ အောင်လဲ အဲသလို အကြည့် မျိုးနဲ့ ကားပြတင်းကနေ အပြင်ဘက်ကို ကြည့်နေတယ်။

အပြင်ဘက်မှာ နှင်းတွေ ဝေ့နေတယ်။ မဂ်လာဒုံလေယာဉ်ကွင်း မရောက်ခင် လယ်ကွင်းရိုင်းတွေကို ဖြတ်ရတဲ့ အချိန်မှာ သိပ်လှမ်း ကောင်းတာပဲ။ တဲကလေးတွေကို လှမ်းမြင်နေရတယ်။ နှင်းမှုန်ကြား တဲဖုတ်ကလေးတွေ မီးခိုးတွေ အူထွက်နေတယ်။ တောင်ကုန်းမြင့်က တွေ၊ လှိုကလေးတွေ။

အို တစ်လောကလုံးကို အလှမ်းတွေ လွှမ်းထားတယ် ထင်ပါ

အောင်လည်း အဲဒီမြင်ကွင်းတွေကို ကြည့်မောနေတယ်။ သူ့မျက် ထဲမှာတော့ ဘာမှ မြင်ပုံမရဘူး။ တွေးနေတာကတော့ သေချာတ လေးလေးကကော။ လေးလေးကို ကျွန်မ ကြည့်လိုက်တယ်။

လေးလေးကတော့ ရှေ့တူရူကို ကြည့်နေတယ်။ ကားတွေ ဖြ လာကြတာကို စိုက်ကြည့်နေတယ်။ ကားအောက်ကို အရှိန်နဲ့ ပြေးပြေးဝင် နေတဲ့ ကတ္တရာလမ်းကြီးကိုလည်း စိုက်ကြည့်နေတယ်။ သူ့မျက်လုံး က စိုနေထင်ပါရဲ့။ လေးလေး ရင်ထဲမှာ ငိုနေမှာပေါ့။

"ခွဲရမယ့် တို့နှစ်ယောက်မှာ နောက်ဆုံးပဲ"

ဟုတ်တယ်။ အယ်လ်ခွန်းရီရဲ့ သီချင်းစာသားအတိုင်း နေမှာ သူတို့နှစ်ယောက် ခွဲခွာရတော့မှာကိုး။

နောက်ဆုံးတော့ မဟုတ်ပါဘူး။ ပြန်တွေ့ကြရဦးမှာပေါ့။

မမဝင်းကို ကျွန်မ ဂရုစိုက်မိပြန်တယ်။

မမဝင်း ပုတီးစိပ်နေတယ်။ မျက်စိမှိတ်ထားတယ်။ ကျွန်မအ အစ်မတို့လို နေမှာပေါ့။





"ဗုဒ္ဓါနံ ဓိဝိတဿ သက္ကာ ကေနစိ အန္တရာရာရောကာတုံ တထာ ေ ဟောတု"

ဆိုတဲ့ ဂါထာရွတ်နေမှာပေါ့။ အမေတို့လည်း ခရီးသွားရင် ဒီလို ရွတ်ပြီး ပုတီးစိပ်လေ့ ရှိကြတယ် မဟုတ်လား။

"ဗုဒ္ဓမြတ်စွာ ဘုရားတို့၏ အသက်တို့ကို အန္တရာယ်ပြုခြင်းငှာ ည်သူတစ်စုံတစ်ယောက်မျှ မတတ်စွမ်းနိုင်၊ ထို့အတူ ငါ့အား ဖြစ်စေ တည်း"ပေါ့။

အမေက အဲဒီအတိုင်း ရွတ်ရွတ်နေလေ့ရှိတယ်။ ကျွန်မတို့ကိုလည်း င်ထားတယ်။ ခရီးသွားတိုင်း ရွတ်တဲ့။

မမဝင်း မျက်စိတွေမှိတ်၊ ပုတီးစိပ်နေပေမယ့် စိတ်က တည်ငြိမ် ရဲ့လား။ မပျံ့လွင့်ဘူးလား။ ဒါမှမဟုတ် ပျံ့လွင့်လွန်းအားကြီးတဲ့ စိတ် မရမက ထိန်းနေရတာလား။

ဘာပဲဖြစ်ဖြစ်ပါလေ။ ပုတီးစိပ်နေတာ စိတ်သက်သာရာရမှာပေါ့။ လာဒုံ လေယာဉ်ကွင်းလမ်းကို ချိုးကွေ့လိုက်မှ မမဝင်းက–

"အဲ အရေးကြီးဆုံးမှ ကျန်ခဲ့ပြီ"လို့ သူ့ရင်ဘတ်သူဖိရင်း ပြော ။

"ဘာများတုန်း ဝင်းရဲ့"

လေးလေးက ကားကို အရှိန်လျှော့လိုက်ရင်း မေးတယ်။

"ပရိတ်ရေပုလင်း"

"ပြန်ကွေ့လိုက်ရမလား"

"နေပါစေတော့၊ အဲဟိုကွင်းမှာ အဝင်းတို့ကို ထားခဲ့ပြီး၊ အဲလေ ကြီးကို ပြန်ယူခိုင်းရအောင်"

"ဟာဗျာ ဒေါ်လေးကလည်း၊ တခြားတစ်ယောက်ယောက် ယူ ါလား၊ နောက်မှ ဦးလေး ကိုတင်မောင်ဆွေတို့ကား ပါလာသားနဲ့"

www.burmeseclassic.com



"ဟဲ့ သော့ခတ်ခဲ့လို့ သားရဲ၊ တခြားလူလွတ်လို့ မဖြစ်ဘူး၊ သော့က မင်း လေးလေးဆီမှာ"

"ပြန်ယူပေးလိုက်ပါကွာ"

"ပရိတ်ရေပဲဗျာ၊ ကျွန်တော် မန်းပေးလိုက်မယ်"

"ဟဲ့ မပြောကောင်းဘူး"

ကျွန်မ ဘာမှ ဝင်မပြောဘူး။ ပြုံးနေလိုက်တယ်။ အင်းလေ ပညာ တတ်လေ ကြောက်တတ်လေလား မသိ။

လေယာဉ်ကွင်းရောက်တော့ ကျွန်မတို့ နေခဲ့ပြီး အောင်တစ်ယောက် တည်း ပြန်သွားတယ်။

ပစ္စည်းစစ်၊ လူစစ်၊ ဘာစစ်၊ ညာစစ်တွေ လုပ်ပြီးတော့ ကျွန်မတို့ လေယာဉ်ကွင်းအပေါ်ထပ်က ဟိုတယ်မှာ မနက်စာ လက်ဖက်ရည်ပွဲကလေး တစ်ခု လုပ်တယ်။

လေယာဉ်ပျံထွက်ဖို့အချိန် တစ်နာရီလောက် လိုဦးမှာပေါ့။

လေယာဉ်ကွင်းအောက်ထပ်က မှန်လုံခန်းထဲကို မမဝင်း တစ် ယောက်တည်း ဝင်သွားပြီး အစစ်ဆေးခံနေတုန်းက လေးလေးဟာ သူ့ မိန်းမရဲ့ ကျောပြင်ကို တစိုက်စိုက် ငေးပြီး ကြည့်နေတာ သနားစရာ ပြီးတော့ ကျွန်မကို လှည့်ပြောတယ်။

"သိသို့ မမဝင်းကတော့ ပျော်နေတယ် ထင်တယ်"

"မပျော်ပါဘူး လေးလေးရဲ့ မမဝင်းလည်း ခွဲချင်မှာ မဟုတ်ပါ ဘူး"

"အေးပေါ့၊ အေးလေ"

လေးလေး ဆက်မပြောတော့ဘူး။ ဦးတင်မောင်ဆွေ ဆိုတဲ့ လူကြီးက

"ယောက်လူကြီး ပစ်ကပ်အပ် လုပ်လိုက်ကြရအောင်"ဆိုပြီး လေးလေး ခေါ်သွားတယ်။





အပေါ်ထပ်မှာ သူတို့ နည်းနည်းစီ သွားမေ့ကြတယ်ထင်ရဲ့။ ညကလည်း တော်တော် တွယ်ထားပုံရတယ်။ မျက်နှာကြီးနီလို့၊ မျက်ခွံ တွေမို့လို့၊ စီးကရက်နံ့နဲ့ အရက်နံ့က တသင်းသင်းပဲ ရှိသေးတယ်။

ဒါကြောင့်ပဲ ဖြစ်မှာပေါ့၊ လက်ဖက်ရည်ပွဲလေးလုပ်တော့ လေးလေး တ နို့နဲ့ လက်ဖက်ရည် မသောက်ဘူး။ ကော်ဖီခါးကို သံပရာရည်ညှစ် ပြီး သောက်တယ်။

အပေါ်ထပ် အဲဒီ ဟိုတယ်ရဲ့ မှန်ပြတင်းကျယ်ကြီးတွေကနေ လှမ်းကြည့်တော့ လေယာဉ်ကွင်းထဲမှာ နှင်းက မပြယ်တပြယ် ဖြစ်နေပြီ။ လေယာဉ်ပျံကြီးတွေ တချို့ ပန်ကာ စလည်နေကြတယ်။

"မင်း ဟိုရောက်ရင် ဂျာမန်ကောင်တွေနဲ့ မတွဲနဲ့နော်"

"ခင်ဗျားကလည်း ခင်ဗျားသွားတုန်းကတော့ မျက်နှာဖြူမတွေ နဲ့ လျှောက်တွဲပြီးတော့ ခင်ဗျား မိန်းမကျတော့ တွန့်တိုလိုက်တာ"

ဦးတင်မောင်ဆွေက ဝင်နောက်တယ်။

ကျွန်မ သိပါတယ်။ သူတို့ တမင်တကာ အရွှန်းဖောက်နေကြ တာပါ။

မမဝင်းက ပြုံးရုံပြုံးတယ်။ သူ့ယောကျ်ားကို သူမကြည့်ဘူး။ "တွန့်တိုလို့ မဟုတ်ပါဘူးဗျာ။ ဟိုကောင်ကြီးတွေက အရပ်သိပ်ရှည်တာ။ ကျုပ်မိန်းမနဲ့ဆို ဘက်လိုက်မလဲ။ ကြည့်မကောင်း ရှုမကောင်း ဖြစ်နေမှာ စိုးလို့ပါ။ ဟား ဟား"

လေးလေးရဲ့ ရယ်သံက ခြောက်ခြောက်ကြီးပါ။

"နေပါဦး ခင်ဗျားတို့ ညက အိပ်ရဲ့လား"

"အိုး ကိုတင်မောင်ဆွေကြီးကလဲ"

"ခြော်...မဟုတ်ပါဘူး၊ ကျွန်တော်က ခင်ဗျားတို့နှစ်ယောက် လေးလုံး ဖက်ငိုနေကြတာနဲ့ မိုးလင်းသွားသလားလို့။ ဟိုဟာဗျာ တစ်ညကွဲတာ ကို ရက်ပေါင်းနှစ်ရာဆွေးရတယ် ဆိုသလိုပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အို ကလေး ကလားတွေ၊ ခဏခဏ ခွဲနေကျဥစ္စာ"

မမဝင်းက လေးလေး ခဏခဏ နိုင်ငံခြားသွားတာကို ရည်ညွှန်းပြီး ပြောတာ ထင်တယ်။

ဒါပေမယ့် မတူပါဘူးနော်၊ သိပ် သိသာတာပေါ့။

ခုဟာက မမဝင်းက သွားမှာ လေးလေးက ကျန်ခဲ့မှာ၊ ပြီးတော့ လေးလေးသွားတာက လွန်ရောကျွံရော လေးလလောက်ပဲ ကြာမှာပေါ့။ ခု မမဝင်းက အနည်းဆုံး နှစ်နှစ်ကြီးများတောင်။

အဲဒီအတွင်း ဘယ်လောက်လွမ်းလို့ ကောင်းလိုက်ကြမလဲ။

ကျွန်မသာဆို လွမ်းမှာပဲ။ လွမ်းလို့လည်း သိပ်ကောင်းမှာပဲ။ ဘယ့်နှယ်ပါလိမ့် ကျွန်မက အငှားလွမ်းနေမိတာပါလား။ လွမ်းရတာ အရသာတစ်မျိုးပေါ့။ လွမ်းချင်တိုင်း လွမ်းလို့ ရတာမှ မဟုတ်ဘဲ။

ကျွန်မ ဘာ့ကြောင်းများ အငှားလွမ်းကြည့်မိပါလိမ့်။ လေးလေး အစားလား၊ မမဝင်းအစားလား၊ ကျွန်မက မိန်းကလေးဆိုတော့ မိန်းကလေး ဘက်ကပဲ နေကြည့်ရမှာပေါ့။

တကယ်လို့ ကျွန်မသာ အဲသလို နိုင်ငံခြားသွားရမယ်ဆိုပါတော့—

အို မဖြစ်နိုင်ပါဘူးလေ၊ အိပ်မက်ထဲမှာတောင် သွားရမှာ မဟုတ်ပါဘူး။ ချက်ချင်းပဲ အဲဒီအတွေး ပျောက်သွားတယ်။

"ကျေးဇူးပြု၍ နားဆင်ပါရှင်"

အသံချဲ့စက်က အမျိုးသမီးတစ်ယောက်ရဲ့အသံ ပေါ်လာတယ်။ အင်္ဂလိပ်လိုရော ပြောတယ်။ မမဝင်းတို့သွားမယ့် ခရီးစဉ်ကို ကြေညာတယ်။ လိုက်ပါကြမယ့် ခရီးသည်တွေ ဘယ်လေယာဉ်ပေါ် တက်ပါတော့ ဆိုတာလည်း ပြောတယ်။

မမဝင်းက ကုလားထိုင်ပေါ်ကနေ ကြမ်းပေါ်ကို ဆင်းထိုင်လိုက်တယ်။ ကျုံ့ကျုံ့ကလေး။ လေးလေးကို ကန်တော့တယ်။

ဟော လေးလေးမျက်ရည်တွေ ကျလာပြီ။





မမဝင်းလည်း တော်တော်နဲ့ ခေါင်းမဖော်ဘူး။

ကျွန်မလည်း ငိုပြီပေါ့။

အောင် အပြေးအလွှား ရောက်လာတယ်။ လက်ထဲမှာ ရေပုလင်း။ ဆိုတ်ရေပုလင်းလေး။

မမဝင်း မျက်နှာ မမော့သေးဘူး။ လက်ကိုင်ပဝါဖြူဖြူလေးနဲ့ မျက်ရည်သုတ်နေတယ်။

အောင် အဲဒီမြင်ကွင်းကို ကြည့်ပြီး အရုပ်ကြီးလို ရပ်နေတယ်။

လေးလေးက မမဝင်းရဲ့ လက်မောင်းနှစ်ဖက်ကို ကိုင်ရင်း ဆွဲထူတယ်။ ပြုံးတော့ ပြုံးပြပါရဲ့၊ ပြုံးသူမှာ မျက်ရည်စတွေနဲ့ပေါ့။ မမဝင်း လေးလေးကို ကြည့်တယ်။ အိမ်က ထွက်လာကတည်းက ဒါ ပထမဦးဆုံး အကြိမ် လေးလေးကို ကြည့်တာပဲ။

သူတို့နှစ်ယောက် မျက်လုံးတွေနဲ့ စကားတွေ ရာပေါင်း၊ ထောင်ပေါင်း၊ သိန်းပေါင်း၊ သန်းပေါင်း၊ ကုဋေပေါင်းများစွာ ပြောနေကြတယ်။

စက္ကန့်ပိုင်းအတွင်းမှာ စကားအဖြစ် ဘယ်လိုမှ ပြောလို့မရတဲ့ စကားတွေ ပြောပြီးသွားကြတယ် ထင်ပါရဲ့။

ကျွန်မ တစ်ဖက်ကို လှည့်လိုက်တယ်။ မျက်ရည်တွေ ထပ်ကျလာတယ်။ ကျွန်မ အောင့်မထားတော့ဘူး။ ပင်ပန်းတယ်။ ငိုပစ်လိုက်တယ်။

အောင်က ကျွန်မပခုံးကို လာဖက်တယ်။ ဘာမှတော့ မပြောဘူး။ နှစ်သိမ့်တာပေါ့။ ကျွန်မ အောင့်ရင်ခွင်ထဲ ဝင်ငိုချင်လိုက်တယ်။ ဘာလို့မှန်း မသိဘူး။ မမဝင်းကို ကျွန်မ တကယ်ချစ်မိပါပေါ့လား။

ကျွန်မ အောင်နဲ့ အပြင်ဘက် ထွက်ခဲ့တယ်။

ဦးတင်မောင်ဆွေတို့ လင်မယားက ဝရန်တာကနေ လက်ယပ်ခေါ်တယ်။

*



www.burmeseclassic.com

www.burmeseclassic.com



“လေယာဉ်ပျံတောင်ပံဟာ ဝဲဖို့ အစချီ အဆင်သင့်ပဲ၊
မြူနှင်းတွေ အိုး…ဝို…ဝိုမဆုံးပြီ၊
တမြေခြားဆီ သူ ထွက်သွားပြီ၊ ဝေး…ဝေးပြီ
ဝေး…………အဝေးသို့၊
လေယာဉ်ပျံကလေး ဦးတည် ဝေဟင်ထက် ရောက်သွားပြီ”

လေယာဉ်ပျံ ၂ သီချင်းက ကျွန်မနားထဲမှာ မိုးကြိုးပစ်နေတယ်။

လေယာဉ်ဆီကို မမဝင်းတို့ လျှောက်နေကြတယ်။ မမဝင်း လှည့်မကြည့်တော့ဘူး။ လေးလေးက ငေးနေတယ်။

သူတို့နှစ်ယောက်ကို ကျွန်မ မကြည့်ချင်တော့ဘူး။ အောင့်ကို လှည့်ကြည့်တယ်။ အလို…

အောင် မျက်ရည်တွေ ဝိုင်းနေပါလား။

သူ့ခေါင်းလေးကို အောင်က တော်တော်ချစ်ပုံရတယ်။ အားလေး သူငယ်ချင်းချင်း ခုလို ခွဲရရင်တောင် စိတ်မကောင်းဖြစ်ကြမှာပဲ ဥစ္စာ။

မဟုတ်ဘူး၊ မဟုတ်သေးဘူး။ အောင့်မျက်လုံးတွေထဲမှာ အဓိပ္ပာယ်တစ်ခုခု တွေ့နေရတယ်။ ဘာလဲ။ ကျွန်မ စဉ်းစားကြည့်တယ်။ မရဘူး။ အောင့်မျက်လုံးထဲက အဓိပ္ပာယ်ကို မသိဘူး။ ထူးခြားတာတော့ အမှန်ပဲ။ သူ့စိတ်ဟာ အခု အချိန်ကာလမှာ မရှိဘူး ထင်ရတယ်။ အတိတ်ကို ပြန်ပြေးနေတယ် ထင်တယ်။

ဟုတ်လား။ အောင့်မှာ အတိတ်ရှိသလား။ မမဝင်းနဲ့ ပတ်သက်တဲ့ အတိတ်ရှိသလား။ ကျွန်မရင်ထဲမှာ ဒုန်းခနဲ မြည်သွားတယ်။

မမဝင်း၊ အောင်၊ လေးလေး။

သူတို့ သုံးယောက်စလုံးရဲ့ တွေဝေငေးမောတဲ့ အကြည့်တွေက ဘာလို့ တူနေရသလဲ။

အတိတ်ဇာတ်လမ်းကလေးတစ်ခု ရှိကြသလား။ ကျွန်မ မသိပါရစေနဲ့။





အဲသလို မထင်ပါရစေနဲ့။

ကျွန်မကိုယ် ကျွန်မ ဆုံးမတယ်။ မတွေးနဲ့၊ မတွေးနဲ့။

မရဘူး။ ကျွန်မစိတ်ထဲမှာ သိပ်လေးတဲ့ အရာဝတ္ထုတစ်ခုခုကို သယ်ပိုးထားရသလိုပဲ။

မမဝင်းလေယာဉ်ပေါ် တက်သွားပြီလားလို့ ကျွန်မ လှမ်းကြည့်တယ်။ ဟုတ်တယ်၊ လှေကားပေါ် တက်နေပြီ။ လှည့်မကြည့်ဘူး။ လေယာဉ်တံခါးဝ ရောက်ပြီ။

မမဝင်း တစ်ချက်လှည့်ကြည့်တယ်။ လက်ပြတယ်။ တစ်ချက်ပဲ၊ လေယာဉ်ထဲ ဝင်သွားတယ်။ မမြင်ရတော့ဘူး။

လေးလေးနဲ့ အောင်နဲ့ လေယာဉ်ပျံကြီးကို စိုက်ကြည့်နေကြတုန်းပဲ။

လေဆိပ်လက်ရန်းကို ကိုင်ထားတဲ့ လက်ကလေးတွေဆီ ကျွန်မ မျက်စိရောက်သွားတယ်။

လက်နှစ်စုံ။ လေးလေးလက်နဲ့ အောင့်လက်။

အောင့်လက်တစ်ဖက်က ကျွန်မလက်ကို ဆုပ်ထားတယ်။ ကျွန်မ သတိထားမိတယ်။ ကျွန်မလက်ကို တင်းတင်းကြီး ဆုပ်ထားတယ်။ အဲသလိုပဲ လက်ရန်းသံလုံးကိုလည်း တင်းတင်းကြီး ဆုပ်ထားတယ်။

လေးလေး လက်ဖျားကလေးတွေကို ကြည့်မိတယ်။ တုန်နေတယ်။ လေးလေးကတော့ လက်ရန်းကို ဖွဖွကလေး ဆုပ်ကာ ထင်ပါရဲ့။ ဒါကြောင့် လက်တုန်တာ သိသာတာပေါ့။

ဂျက်စက်သံက မြေပြင်ကြီးတုန်အောင် ဟည်းလိုက်တယ်။ ရင်ထဲမှာ…

လေးလေး ရင်ထဲမှာ
အောင့် ရင်ထဲမှာ
မမဝင်း ရင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ရင်ထဲမှာ

လေယာဉ်ကြီး ရွေ့သွားတယ်။ ကွေ့သွားတယ်။ ပြေးလမ်းအဆုံးကို သွားတယ်။ အရှိန်ယူတယ်။ မြေကြီးနဲ့ လေယာဉ်ဘီးနဲ့ လွတ်သွားတာကို မြင်လိုက်ရတယ်။

လက်ပြကြတယ်။

"လေယာဉ်ပျံသံဟာလေ ဝေးသထက်ဝေးကာ ပျောက်သွားတော့ ရင်ထဲမှာ"

အယ်လ်ခွန်းရီက လေးလေးအတွက် ဆိုပေးထားသလား၊ ကျွန်မအတွက်လား။ မဟုတ်ဘူး။ အောင့်အတွက်များလား။

"ဟေး ချစ်ခြင်းကို လေယာဉ်လေးလို တောင်ပံတပ်ကာ ဝေဟင်ကြားမှာ စေလွှတ်မယ်...

အဝေးသို့ လေယာဉ်ပျံလေး ဦးတည်၊ ဝေဟင်ထဲဝယ် သွားပြီ"

အောင်။

အောင် ဘယ်လို ဖြစ်တာပါလိမ့်။

မှတ်မိပြီ၊ မှတ်မိပြီ။ ဟိုး တစ်နေ့က ကက်ဆက်ဆိုင်တစ်ဆိုင်ရှေ့ဖြတ်တော့ အဲဒီအယ်လ်ခွန်းရီရဲ့ လေယာဉ်ပျံ ၂ သီချင်းဖွင့်နေတာကို အောင်တစ်ယောက် ရပ်ပြီး နားထောင်တယ်။ ဆုံးအောင် နားထောင်ဘယ်။

ကျွန်မလည်း အဲဒီသီချင်း ကြိုက်တာနဲ့ နားထောင်နေခဲ့တယ်။ အောင်လေ သီချင်းကို တစိမ့်စိမ့် နားထောင်ရင်း တွေဝေးနေခဲ့တယ်။ ပြီးတော့ ကျွန်မကို လမ်းလျှောက်ရင်းပဲ ပြောတယ်။ "ဒေါ်လေး ဂျာမဏီသွားဖို့ ဗီဇာရော၊ လေယာဉ်လက်မှတ်ရော ရပြီတဲ့"တဲ့။

အောင်ရယ် ဘယ်လိုလဲကွယ်။

*

## [၁၇]

ဒီလိုတဲ့။

မမဝင်းတို့ရဲ့ အောင်တို့နဲ့က ဆွေမျိုးနီးစပ် တော်သတဲ့။ စပ်ရင်တော်တယ်၊ မစပ်ရင် မတော်ဘူးဆိုပါတော့။

အဲဒါ မမဝင်း တက္ကသိုလ် စတက်တဲ့ အချိန်တုန်းက မမဝင်းတို့မိဘတွေက နယ်မှာနေသတဲ့။ ဒီတော့ အောင်တို့အိမ်မှာ လာနေပြီး ကျောင်းတက်ရတာတဲ့။ အောင်က အဲဒီတုန်းက ငယ်ငယ်လေးပေါ့။

အောင့်ကို မမဝင်းက သိပ်ချစ်သတဲ့။ ရန်ကြီး၊ ရန်ကြီးနဲ့ လက်က မချသလောက်ပဲတဲ့။ ပြီးတော့ မမဝင်းကိုလည်း အောင်က သိပ်ချစ်သတဲ့။ မမဝင်း ကျောင်းပိတ်လို့ အိမ်ပြန်ရတော့မယ်ဆိုရင် ငိုရတာ အမောပဲတဲ့။

အောင်က မမဝင်းကို အပျောက်မခံဘူးတဲ့။ အောင်က ကျောင်းနေစခြောက်နှစ်သားလောက်၊ မမဝင်းက အသက်နှစ်ဆယ်လောက်။ မမဝင်းက ခုတောင် ဒီလောက်လှတာ ငယ်ငယ်တုန်းကဆို စဉ်းစားကြည့်ပေါ့။

မမဝင်းကလေ ငယ်ငယ်တုန်းက အပျိုကြီးလုပ်မယ်လို့ ပြောသတဲ့။

ပြီးတော့ အောင်ကလည်း ငယ်ငယ်က ကြီးလာရင် ဒေါ်လေးနဲ့ အတူတူနေမယ်လို့ ပြောသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ မမဝင်းနဲ့ အောင်နဲ့ အဲဒီအချိန်ကစပြီး သံယောဇဉ်တွယ်ခဲ့ကြတာပေါ့။

မမဝင်း အသက်သုံးဆယ်ကျမှ အိမ်ထောင်ပြုတယ်။ လေးလေးနဲ့ပေါ့။

အဲဒီအချိန်မှာ မမဝင်းက သူ့မိဘများ ရန်ကုန်ပြောင်းလာလို့ သူ့မိဘများနဲ့ အတူတူသွားနေ။ အောင်က ကျောင်းပိတ်တိုင်း မမဝင်းတို့ဆီ သွားနေ။

မမဝင်းက ကျူတာဝင်လုပ်။ အပျိုကြီးဖြစ်။ အဲဒီအချိန်မှာ လေးလေးက မုဆိုးဖိုဖြစ်နေပြီတဲ့။

လေးလေးရဲ့ ပထမအိမ်ထောင်က သိပ်ခေတ်ဆန်ဆိုပဲ။ ဟို အမေရိကန်မင်းသမီးတွေလိုပဲ နေတာတ်၊ ထိုင်တတ်၊ သွားတတ်၊ လာတတ်၊ ပြုမူတတ်သတဲ့။

အဲ...ပြီးတော့ လေးလေးကလည်း အဲဒီမိန်းမကို ကြောက်ရသတဲ့။ အဲဒီမိန်းမက ကလေး မလိုချင်ဘူးတဲ့။

လိုချင်တဲ့ အချိန်ကျမှ ယူရအောင်လို့ ဆိုသတဲ့။

ဒီလိုနဲ့ပဲ အဲဒီမိန်းမ ဘာရောဂါဖြစ်လို့ဆိုလဲ ဆုံးသွားသတဲ့။

ကလေးမယူချင်လို့ သားအိမ်ကို ဘာလုပ်ဆိုလဲ၊ အဲဒါနဲ့ပေါ့။ ဒါနဲ့ လေးလေးလည်း မုဆိုးဖို ဖြစ်သွားရရှာသတဲ့။

အဲ မကြာပါဘူး။ လေးလေးက မမဝင်းကို ကြိုက်ရော။ မမဝင်းရဲ့ မိဘများကလည်း လေးလေးနဲ့ သဘောတူရော။ ဒီအချိန်မှာ အောင်က ဆယ့်လေးငါးနှစ်သား။ မမဝင်းက အသက်သုံးဆယ်စွန်းရုံလေး။

လေးလေးနဲ့ မမဝင်း လက်ထပ်ကြရော။

အောင့်ကို မမဝင်းက 'တစ်သက်လုံး အပျိုကြီးလုပ်လို့တော့ ဘယ်ဖြစ်မလဲ ကလေးရယ်"လို့ ပြောသတဲ့။





အဲ...အောင် စာမေးပွဲကျတာ သုံးခါရှိပြီ။ ဆယ်တန်းကို တတိယ အကြိမ်အထိကျနေပြီး စတုတ္ထနှစ် ဆယ်တန်းကျမှ အောင်တော့တာပေါ့။

ကျွန်မနဲ့ အတူတူမှ အောင်တာလေ။ အောင် ကျွန်မကို မြင်မြင်ချင်း မိတ်ဖွဲ့ခဲ့တယ် မဟုတ်လား။

သူ ကျွန်မကို မြင်မြင်ချင်း စိတ်ဝင်စားလောက်အောင် အကြောင်း တစ်ခုခုရှိရမှာပေါ့။ ကျွန်မက အဲဒီနေ့က အညိုရောင်အင်္ကျီလုံချည် ဆင်တူ ဝတ်လာခဲ့တယ်။ အညိုရောင်ဖိနပ်နဲ့ လိုက်အောင်လို့ပါ။ ကျွန်မမှာက ဖိနပ်အကောင်းစားဆိုလို့ အဲဒီတစ်ရံပဲ ရှိတာ။ ဒါကြောင့် အညိုရောင် အင်္ကျီ လုံချည် ဆင်တူကို ရွေးဝတ်ခဲ့တာ။

ကျွန်မ စာမေးပွဲဖြေတဲ့နေ့က အင်္ဂါနေ့။ ကျွန်မ အကြောက်ဆုံး အင်္ဂလိပ်စာ ဖြေရမယ့်နေ့ပေါ့။

ကျွန်မက အင်္ဂလိပ်စာကို မျိုးနဲ့ ရိုးနဲ့ ချီပြီး ညံ့တာ။

ဖေဖေက ပြောဖူးတယ်၊ သူ့ဆယ်တန်းမအောင်ခဲ့တာ အင်္ဂလိပ်စာ ကြောင့်တဲ့။ ဒါကြောင့် ကျွန်မကို အင်္ဂလိပ်စာ ကြိုးစားခိုင်းတယ်။ ဒါပေမယ့် ကျွန်မတို့ နေရတာက တောကျောင်းမဟုတ်လား။ တောကျောင်းဆို တော့လေ။ ကျွန်မတို့မြို့ကလေးက တောမြို့လေးပဲဟာ။ အဲဒီတော့ အင်္ဂလိပ်စာသင်တဲ့ဆရာက ကြိုးစားသင့်တာတော့ မှန်ပါတယ်။ ကျွန်မတို့ ကိုယ်နှိုက်က အခြေခံညံ့နေတော့ သိပ်မဟန်ဘူးပေါ့။ အဲဒီဆရာက ကျွန်မ တို့ အချိန်ပို လုပ်အားပေး ပြပေးခဲ့ဖူးလို့ပေါ့။

ဒါပေမယ့် အင်္ဂလိပ်စာဖြေမယ့်နေ့ကျတော့ ကြောက်တာပဲ။ တုန်းက အောင် ကြောက်တာပဲ။ အညိုရောင်ဝတ်ပြီး ဖြေပါလို့ ကျွန်မအမေဆီ က စာလာတယ်။

မေမေက ဗေဒင်တွက်ပြီး ရေးလိုက်တာ ထင်တယ်၊ ကျွန်မကတော့ မေမေ့စကား နားထောင်ရာလည်းကျ၊ ကျွန်မမှာ ရှိတဲ့အကောင်းဆုံး ခေါက်ဖိနပ်လေးလည်း ဝတ်ချင်တာနဲ့ အဲဒီနေ့က အညိုရောင်မင်းသမီး စွပ်လိုက်ရတာပါ။



www.burmeseclassic.com

လူတွေမှာ အစွဲအလမ်းရှိတယ် မဟုတ်လား။ အရောင်နဲ့ ပတ်သ
ရင်လည်း အစွဲအလမ်းတွေ ရှိတယ်လေ။

အောင်က ကျွန်မကို စပြီး မိတ်ဖွဲ့တာ အညိုရောင်ကြောင့်
ကဲ။ သူ စတွေ့တွေ့ချင်း ကျွန်မကို အဝေးက လှမ်းမြင်ရတယ်ဆိုရ
စိတ်လှုပ်ရှားခဲ့ရသတဲ့။ အညိုရောင်ကြောင့်ပါတဲ့။ ဘာဖြစ်လို့လဲ
မသိဘူးတဲ့။

အဲ မမဝင်းက အညိုရောင်သမား မဟုတ်လား။ သူ့ဒေါ်လေး
ချစ်တဲ့စိတ်က သူ့ကို လွှမ်းမိုးခဲ့မှာပေါ့။ ကျွန်မ တစ်မျိုးတမည် မ
ချင်ပါဘူး။ ဒါပေမယ့် မတွေးလို့ မရပါဘူး။ စိတ်ဆိုတာက ဆန်းကြ
သားကလား။

ကျွန်မ အဲသလို တွေးလည်း တွေးလိုက်မိရော အောင့်အ
သက်ာမကင်းတဲ့စိတ်ကို တားလို့ မရတော့ဘူး။

ဘာပဲလုပ်လုပ် အောင့်လှုပ်ရှားမှုတိုင်းကို မသက်ာတော့ဘူး။

ပြီးတော့ အောင့်အချစ်ကိုလည်း သံသယရှိလာတယ်။ အော
ကျွန်မကို တကယ်ချစ်ရဲ့လား။ သူ့အစွဲအလမ်းနဲ့သူ သူ ကျွန်မကို ချ
တာလား။ မမဝင်း အစွဲအလမ်းနဲ့လား။ မတွေးကောင်းပါဘူးနော်။

ကျွန်မအဖို့တော့ အောင့်ကို ချစ်ရတာ ပေါ့ပျက်ပျက် ဖြစ်လာတယ်

ကျွန်မ မျက်နှာပြောင်းချင်တာ မဟုတ်ပါဘူး။ ကျွန်မစိတ်
ကျွန်မ ပြန်ဆန်းစစ်ကြည့်တာ။ ကျွန်မ အောင့်ကို ချစ်တဲ့ စိတ်ဟာ သ
မသေချာတော့ဘူး။ အဲသလို သိလာရတယ်။

စိတ်ထဲက အဲသလို ဖြစ်လာရင် လှုပ်ရှားမှုတွေလည်း စိတ်ပြော
တဲ့အလျောက် ပြောင်းလာမှာပဲပေါ့။

အောင်က ကျွန်မ အမူအရာတွေကို သိပ်သဘောမကျတော့ဘူး

ကျွန်မတို့ မမဝင်းကို ပို့ပြီး လေယာဉ်ကွင်းက အပြန်ကတည်း
က စတယ် ထင်ပါရဲ့။ အင်း ဟုတ်တယ်။ အောင်လည်း အဲဒီနေ့
အမူအရာ ပြောင်းနေတယ်။





သူ့ကြည့်ရတာ ထုံထုံကြီး။ အောင် လမ်းတစ်လျှောက်လုံး စကား
ပြောဘူး။ အောင်မှ မဟုတ်ပါဘူးလေ။ ကျွန်မတို့ အားလုံး စကားမပြော
ဖြစ်ကြပါဘူး။

ကျွန်မတို့ အဲဒီနေ့က ကျောင်းကို ဆက်သွားကြတယ်။ ကျောင်း
တက်ရတာလည်း စိတ်မပါဘူး။

အောင်နဲ့ နေ့လယ်ခင်း အသုပ်စားရတာလည်း ဗိုက်ထဲ ဘယ်လို
ဝင်သွားတယ် မသိပါဘူး။ ဒီလိုပဲ အပြန်ကျတော့လည်း သူ့လမ်းသူပြန်၊
ကျွန်မလမ်းကျွန်မ ပြန်ပဲပေါ့။

နောက်ရက်တွေမှာလည်း ကျွန်မတို့နှစ်ယောက်စလုံး အေးစက်စက်
ကြီး ဖြစ်နေခဲ့တယ်။

သမီးရည်းစားနှစ်ယောက် ရန်လည်းမဖြစ်၊ စိတ်လည်းမကောက်
ကြဘဲနဲ့ စကား ထွေထွေထူးထူး မပြောဘဲ နေကြရတာ ဘယ်လောက်
စိတ်ကျဉ်းကျပ်စရာကောင်းလဲ။

ဒါနဲ့ ကျွန်မကပဲ စပြောလိုက်တယ်။

"အောင်ရယ် တို့စိတ်ထဲ တစ်မျိုးပဲ ဖြစ်နေတယ်။ စကားသိပ်မပြော
ချင်ဘူး။ အောင်နဲ့မှ မဟုတ်ပါဘူး။ ဘယ်သူနဲ့မှ မပြောချင်ဘူး၊ ဒီတော့"

"ဘာဖြစ်လို့လဲ"

"ဆုံးအောင် နားထောင်ပါဦး။ ဒီတော့ တို့ ခဏလောက်ဖြစ်ဖြစ်
ဖြတ်ထားကြရအောင်"

"ဘယ်လို"

"သြော်...တို့ အတူတူ ကျောင်းသွားကျောင်းပြန်မလုပ်ဘဲ ခဏနေ
ကြမယ်လို့ပြောတာ။ အောင် ပြန်ချင်တဲ့ အချိန်ပြန်။ ပြီးတော့ သို့ကိုလည်း
မနက် မနက် စောင့်မနေနဲ့တော့ပေါ့"

အောင် တွေသွားတယ်။ ခဏစဉ်းစားတယ်။

"သဘောလေ"

www.burmeseclassic.com



"အောင်လည်း အဲသလို နေချင်တယ် မဟုတ်လား"

အောင် ဘာမှ မပြောဘူး။

"နော် အောင်၊ အဲသလို ခဏ နေလိုက်ကြရအောင်"

"တော်ကြာ ခဏကနေ အစဉ်ဖြစ်သွားဦးမယ်"

"အောင်က ဖြစ်ချင်လို့လား"

"သိကကော"

"မဖြစ်ချင်ပါဘူးကွယ်၊ ခဏပါ၊ ခဏလေးပါ"

ပြောမယ့်သာ ပြောလိုက်ရတာ ကျွန်မစကားကို ကျွန်မဘာသာ သံသယဝင်မိတယ်။

ဟုတ်မှ ဟုတ်ကဲ့လား၊ ခဏဖြတ်ထားချင်တာ မဟုတ်ဘဲ အစဉ်များ ဖြတ်လိုက်ချင်တာလား။ ဒီလိုတော့ မဟုတ်ပါဘူး၊ အောင့်ကို ကျွန်မ မကျေနပ်စရာ ဘာမှ မှ မရှိတာ။ တစ်ခုပဲ အောင် ကျွန်မကို တကယ်ချစ်ရဲ့လားဆိုတဲ့ သံသယလေးပဲ ရှိတယ်။ အဲသလို သံသယရှိတယ်ဆိုကတည်းက ကျွန်မ အောင့်အချစ်ကို လိုချင်လို့ နေမှာပေါ့။ မဟုတ်ဘူးလား။

အောင့်အချစ်ကို ကျွန်မက လိုချင်ရင် အောင့်ကို ကျွန်မက ချစ်လို့ပေါ့။

ဒါပေါ့၊ ဟုတ်တယ်၊ အောင့်ကို ကျွန်မ ချစ်လာပြီထင်တယ်။ တကယ်ချစ်လာပြီ ထင်တယ်။ ဒါဖြင့် အရင်က တကယ်ချစ်တာ မဟုတ်ဘူးပေါ့။ အဲဒါလည်း ဖြစ်နိုင်တာပဲ။ အောင့်ကို ချော့လို့ ကြိုက်တာလေ၊ ချော့လို့ တွဲတာလေ။ ဒါပဲ ရှိမှာပေါ့။ ခုတော့ အောင်နဲ့ ခဏခွဲနေကြမယ် လို့လည်း ဆုံးဖြတ်ရော ကျွန်မ အောင့်ကို မခွဲချင်တော့ပြန်ဘူး။ ဒါပေမယ့် ပြောပြီးသားစကားကို ချက်ချင်းပြန်ပြီး မရုပ်သိမ်းချင်ပါဘူး။

အောင်က ပြောတယ်။

"ဘယ်နေ့ကစပြီး ခဏဖြတ်မလဲ"တဲ့။





"ခုပေါ့"လို့ ကျွန်မ နော့နော့လေး ပြောတယ်။

"ဘယ်တော့ ပြန်ဆက်မလဲ"

အောင်က ပြုံးတုံ့တုံ့လေး ပြောတယ်။

"နှပေါ့"

"အိုကေလေ၊ ဒါပေမယ့် နက်ဖြန်မနက်ကျ ဘတ်စကားဆိပ်မှာ င့်မနေတော့ဘူး။ ကြုံရင် ကြုံသလိုပေါ့"

"သဘောလေ"

အောင့် လေသံအတိုင်း ကျွန်မ ပြန်ပြောလိုက်တယ်။

အောင် ပြုံးပြီး ကျွန်မလက်ဖျားကို အသာလေး ဆုပ်တယ်။ န်မတို့နှစ်ယောက် တကယ်ချစ်ကြပြီ ထင်ရဲ့။

ကျွန်မတို့ ကျောင်းနား ရောက်ပြီ။ ဗိုလ်တထောင်စေတီကို လှမ်းပြီ။

ကျွန်မ မျက်စိထဲမှာ ကျောက်ပြားဖြူဖြူလေးတွေပေါ်မှာ ကျုံ့ကျုံ့ လေးထိုင်နေတဲ့ အနီရောင် မမဝင်းကို မြင်ယောင်တယ်။

မမဝင်းကို သတိရမိတာနဲ့ တစ်ပြိုင်နက်တည်း ကျွန်မစိတ်ထဲမှာ င့်ခနဲ ဖြစ်ရပြန်ရော။

အောင်နဲ့ မမဝင်းတို့ ချစ်တာကို ဘာလို့များ မနာလို ဖြစ်နေရ သိမ့်။

မမဝင်းနဲ့ အောင်နဲ့က ကျွန်မနဲ့ အောင်နဲ့လို ချစ်လို့ရတာမှ တ်တာ။ တူဝရီးပဲ ဥစ္စာ။ ဒါပေမယ့် ကျွန်မစိတ်ထဲမှာ မတွေးကောင်း တွေ တွေးတွေးနေမိတယ်။ အတွေးဆိုတာက ထိန်းရချုပ်ရ အခက် ါကလား။ မတွေးဘူးဆိုလို့မရသော'အတွေး'ပါကလား။

*

www.burmeseclassic.com

## [၁၈]

ကျောင်းက အပြန်ကျတော့ အောင့်ကို မရှာတော့ဘူး။ အော
လည်း စောင့်မနေဘူး ထင်ပါတယ်။

ကျွန်မ ဘတ်စကားဆိပ်ကို လျှောက်လာတယ်။ ကျောင်းပြန်ကျ
ကျွန်မက ဂန္ဓီဆေးရုံရှေ့က မှတ်တိုင်မှာ စီးလေ့ရှိတယ်။

ကျွန်မ ကားစောင့်နေတုန်း လေးလေးကားက ကျွန်မရှေ့မှာ
ရပ်တယ်။

"သီသီ အိမ်ပြန်မှာ မဟုတ်လား။ လမ်းကြုံတယ်။ လာ"

ပြောရင်း တံခါးဖွင့်ပေးတယ်။

ကျွန်မ ငြင်းနေရင် ဓာတ်က ပိုရှည်မယ်။

ကျွန်မ လိုက်ခဲ့တယ်။ လေးလေးက ရှေ့က မောင်းလို့။ ကျွ
က နောက်က ထိုင်လို့ပါ။

လေးလေး ကားမောင်းရင်း စီးကရက်မီးညှိတယ်။ ဆေးလိ
တအားရှိုက်တယ်။

"ရန်ကြီးက ဘယ်ရောက်နေလဲ"

"မသိဘူး လေးလေး"





"အတူတူ ပြန်နေကျ မဟုတ်လား"

"အင်း အမြဲတော့ အတူတူမဟုတ်ပါဘူး"

"စိတ်ကောက်နေကြလား"

"မကောက်ပါဘူး၊ ကျွန်မ စိတ် မကောက်တတ်ဘူး"

"စိတ်မကောက်တတ်တဲ့ မိန်းကလေးက ကြောက်စရာကောင်း
...ယ်။ စိတ်ဆိုးရင် မလွယ်ဘူး။ ညည်းတို့ မမဝင်း ကြည့်ပါလား"

ကျွန်မ မျက်မှောင်ကုပ် စဉ်းစားမိတယ်။ ဖျတ်ခနဲ စဉ်းစားလိုက်
...မယ့် အများကြီးကို စဉ်းစားပြီးသား ဖြစ်သွားတယ်။

မမဝင်းက လေးလေးကို စိတ်ဆိုးပြီး ဂျာမဏီကို သွားတာလား။
...တော့ ဖြစ်နိုင်တယ်။

"မမဝင်းက လေးလေးကို စိတ်ဆိုးသွားတာပေါ့။ ဟုတ်လား"

လေးလေး ရယ်တယ်။

"မဟုတ်ပါဘူးကွယ်၊ အဲ မပြောတတ်ဘူး၊ သူ့ကို နားလည်ဖို့
...လွယ်ဘူး"

"မမဝင်းက ပြတ်သားတယ် ထင်တယ်"

"ဟုတ်တယ်၊ ပြတ်တယ်။ သိပ်ပြတ်လွန်းလို့ ခက်နေတာ"

"ဒါပေမယ့် လေးလေးကိုတော့ ချစ်ပါတယ်၊ မဟုတ်ဘူးလား"

"ထင်တာပဲ"

"ဟင်"

ကိုယ့်မိန်းမက ကိုယ့်ကို ချစ်တယ်၊ မချစ်ဘူးဆိုတာ မသိဘူးလား၊
...သလိုမျိုးလား။ အိမ်ထောင်ရေးဆိုတာ အဲသလောက် ခက်သလား။
...မ မတွေးဖူးတာတွေ တွေးမိတယ်။

"အံ့သြလို့လား သီသီ၊ ကိုယ် တကယ်ပြောတာ။ ညည်းတို့
...ဝင်းက သိပ် အသိရခက်တယ်။ ကိုယ်တို့ အိမ်ထောင်သက်တစ်လျှောက်
...ကို ကိုယ် နားမလည်တာတွေ အများကြီးပဲ။ အဲ ခုန ပြောတဲ့ ကိုယ့်
... ချစ် မချစ်ဆိုတာတောင် ရေရေလည်လည် မသိသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"လေးလေးတို့ဟာကလဲ"

"အေး ဟုတ်တယ်၊ ဘယ်လိုကြီးမှန်းလဲ မသိဘူး။ ဒါပေမ
သေချာတာတစ်ခုတော့ ရှိတယ်၊ အဲဒါ ကိုယ်က သူ့ကို ချစ်တာပဲ။ အဲ
ဘယ်အချိန်မှာ ကိုယ် သေသေချာချာ သိသလဲဆိုတော့ သူသွားရတော့
ဆိုတာ တိတိကျကျသိရတဲ့ နေ့ကပဲ။ မှတ်မိလား။ သီသီနဲ့တောင် ပ
သေးတယ်လေ"

"မှတ်မိပါတယ်၊ လေးလေး ဆွေးပြီး ဘီယာသောက်နေတာ

"တကယ် ဆွေးတာကွ"

ရယ်သလို မောသလို ပြောပေမယ့် လေးလေး အသံကြီးက အ
နေတယ်။

"လေယာဉ်ပျံကွင်းမှာ လေးလေးကို မမဝင်း ကန်တော့တုန်း
သီသီတို့တောင် ငိုရသေးတာပဲ"

"ကိုယ် အဲဒီနေ့က အားရပါးရ ငိုလိုက်တယ်၊ အိမ်ပြန်ရော
ပေါ့။ မရှက်ပါဘူးကွာ။ ချစ်လို့ငိုတာ ရှက်စရာမှ မဟုတ်ဘဲ"

လေးလေး ပြောပုံကို ကြိုက်တယ်။ သူ မညာတတ်ဘူး။ ယော
လည်း ငိုတတ်တာပဲ။ ဘာ ရှက်စရာ ရှိလဲ။

"မမဝင်းဆီက စာမလာသေးဘူးလား"

"နယူးဒေလီကနေ ထည့်လိုက်တဲ့ စာတော့ ရောက်ပြီ"

"ဟာ ဟာ၊ လေးလေး ညာတာ ပေါ်ပြီ"

"ဘယ်မှာ ညာလို့လဲ"

လေးလေးက အံ့သြသံနဲ့ ဖြေတယ်။

"ခုနပြောတော့ မမဝင်းက လေးလေးကို ချစ် မချစ် မသိဘူး

"အေးလေ"

"အဲဒါ ညာတာပေါ့။ နယူးဒေလီ ရောက်ကတည်းက စာ
တယ်ဆိုတော့"





"ဟာ အေး အေး၊ ဟုတ်တယ်၊ ဟုတ်တယ်ကွ။ သဲင့်ခယူ ဗဲရိုးမတ်ချ် သီသီ"

လေးလေး တော်တော် ပျော်သွားပုံရတယ်။ သူသတိမထားမိလိုက်တာကို ကျွန်မက ပြောပြလိုက်တာကိုး။

လေးလေးက ကားစတီယာရင်ကို လွှတ်ပြီး လက်ခုပ်တီးလိုက်တယ်။ ပြီးတော့ ကားကို အရှိန်နည်းနည်းမြှင့်လိုက်တယ်။ စိတ်လှုပ်ရှားရင် အဲသလို လုပ်တတ်ကြတယ် မဟုတ်လား။

ကျွန်မတို့ စတော့ကိတ် ခုံးတံတားကြီးကို ကျော်နေကြပြီ။

လေးလေးက ရှေ့က သုံးဘီးကားတစ်စင်းကို အတင်း ကျော်တက်လိုက်တယ်။ ဟိုဘက်ကလာတဲ့ ဘတ်စကားနဲ့ တိုက်မိတော့မလို ဖြစ်သွားသေးတယ်။

"ဖြည်းဖြည်းမောင်းပါ လေးလေးရယ်၊ မမဝင်း ဟိုမှာ ခလုတ်တိုက်နေပါဦးမယ်"

"အိုင်ဆေး သီသီ၊ သီသီ့ကို ကိုယ် တစ်ခုခု ကျွေးချင်တယ်။ ကျေးဇူးတင်တဲ့ အထိမ်းအမှတ်အဖြစ်ပေါ့။ သီသီ ဘာစားချင်လဲ"

ကျွန်မ ဆာနေတာတော့ အမှန်ပဲ။ ကျောင်းဆင်းလို့ အိမ်ပြန်ရောက်ရင် အမြဲတမ်း အငမ်းမရ ထမင်းစားတတ်တယ်။ တစ်ခါတလေ အဝတ်အစားတောင် မလဲဘဲ ထမင်းခူးပြီး ဟင်းတွေ ပုံစားပစ်လိုက်တယ်။

ကျွန်မ ခေါင်းထဲမှာ ဖျတ်ခနဲ ပေါ်လာတယ်။

"မုန့်ဟင်းခါးစားမယ် လေးလေး"

ကျွန်မ ဟန်ဆောင်ငြင်းမနေတော့ဘဲ စားချင်တာကို ပြောလိုက်တယ်။

"ဟာ သီသီကလည်း စထရင်းမှာ စားပါလား။ အဲဒီက ဗမာထမင်း သိပ်ကောင်းတယ်"

"မုန့်ဟင်းခါးပဲ စားချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ မုန့်ဟင်းခါးလည်း စားပေါ့။ စထရင်းမှာလည်း စားပေါ့"

"စထရင်းဟိုတယ်မှာ မုန့်ဟင်းခါးမှ မရောင်းတာ"

"ဟုတ်ပါပြီ၊ မုန့်ဟင်းခါးက ဘယ်မှာ စားမှာလဲ။ စမ်းချောင်းလား"

"မဟုတ်ပါဘူး။ ကျွန်မတို့ လမ်းထိပ်မှာ ရှိတယ်"

"အို"

"လမ်းဘေးဆိုင်မို့ အထင်သေးတာလား၊ စားကြည့်အားရှိတယ်"

လေးလေး ရယ်တယ်။

"အေးလေ ဘယ်နားလဲ ပြော"

"မြန်မာ့ဂုဏ်ရည်လမ်းထဲ ကွေ့လိုက်လေ လေးလေး"

ပလက်ဖောင်းဘေးမှာ မုန့်ဟင်းခါးဆိုင်ကလေးတစ်ဆိုင်ရှိတယ်။ ဗယာကြော်တို့၊ ဘူးသီးကြော်တို့ ရောင်းတဲ့ဆိုင်နဲ့လည်း ကပ်လျက်။

မြန်မာ့ဂုဏ်ရည်လမ်းက ရေမြောင်းကြီး ရှိပါရော့လား၊ အဲဒီမြောင်းကြီးရဲ့ အုတ်တံတိုင်းကို မှီပြီး ဆိုင်ကလေးတွေ ခင်းထားတယ်လေ။

အဲဒီဆိုင်ကလေးတွေ ကြားထဲက ပိန်ပိန်မည်းမည်း မိန်းမကြီးတစ်ယောက်ရောင်းတဲ့ မုန့်ဟင်းခါးဆိုင်က သိပ်ကောင်းတာပဲ။ ကျွန်မအကြိုက်ပြောတာပါ။ ဟင်းရည်ကျဲကျဲ၊ ချိုချို၊ ပူပူ၊ ငရုတ်ကောင်းနိုင်နိုင်နဲ့။ ကားလမ်းတစ်ဖက်ကို ကျွန်မကူးမယ်လုပ်တော့မှ သတိရတယ်။ လေးလေးနဲ့ တူတူ သွားလို့ကောင်းပါမလား။ ဒါက ကျွန်မတို့ အရပ်လေ။ အရပ်ထဲမှာ ကျွန်မနဲ့ လေးလေးနဲ့ မုန့်ဟင်းခါး အတူတူစားနေတာကို တွေ့သွားရင် မမက ဆူလိုက်မယ့်ဖြစ်ခြင်း။

"ပိုက်ဆံတစ်ကျပ်သာ ပေးတော့ လေးလေး။ လေးလေးလိုက်မစားနဲ့တော့"





လေးလေးလည်း အဲသလို ပြောလိုက်မှ သတိရတယ်နဲ့ တူတယ်။ ခေါင်းညိတ်ပြပြီး ပိုက်ဆံဆယ်တန်တစ်ချပ် ထုတ်ပေးတယ်။

"အမ်းစရာ မရှိဘူး လေးလေးရဲ့"

"နောက်နေ့မှ အမ်းပေါ့။ ယုံပါတယ်"

လေးလေးက နောက်တယ်။ ကျွန်မ လှည့်ထွက်လိုက်တယ်။

"ဩော်...ဟေး၊ ရန်ကြီးနဲ့ ချိန်းစမ်းပါဟော့။ မင်းတို့နှစ်ယောက်ကို စထရင်းမှာ တစ်ပွဲကျွေးမလို့"

"ကျွန်မတို့ နာနေပါဦးမယ် လေးလေးရဲ့"

ကျွန်မ ကိုယ့်တစောင်း လှည့်ကြည့်ရင်း ပြောခဲ့တယ်။ မုန့်ဟင်းခါးကလေးက ချိုလိုက်တာ။

*

www.burmeseclassic.com

www.burmeseclassic.com

## [၁၉]

လေးလေးအချစ်ကို ကျွန်မ လေးစားလာတယ်။ လေးလေး
တကယ်ချစ်တတ်ပါလား။

အောင့်ကို ကျွန်မက လိုက်ရှာပြီး ပြောပြရတယ်။

အောင့်ကို ရှာလိုက်ရတာ အမောပဲ။

ဘသားချောက ပုန်းနေတာကိုး။ သူ့အတန်းကို ဖြတ်လျှောက်
အတန်းဝက ခဏရပ်ပြတယ်။ အောင်က ခေါင်းပုပြီး ကွယ်နေသ

မိန်းကလေးနဲ့ ယောကျ်ားလေး အဲဒီနေရာမှာ အခွင့်အရေး
ကွာတာပဲ။ ယောကျ်ားလေးသာဆို အခန်းရှေ့မှာ အကြာကြီး ရပ်
ရတယ်။ ပြီးတော့ ကိုယ့်ရည်းစား ကိုယ်လိုက်ရှာလည်း ဘယ်သူမှ
ပြောမှာ မဟုတ်ဘူး။

ကျွန်မတို့ကျတော့ ဟုတ်ပေါင်။

သူတို့အတန်းရှေ့ တစ်ယောက်တည်း ခဏရပ်မိရင်ပဲ ယော
လေးတွေက ဝိုင်းကြည့်လိုက်ကြတာ။ သူတို့အကြည့်အားတွေထဲ အပု
ပါလာရင် လူအရည်ပျော်ကျသွားနိုင်တယ်။

ပြီးတော့ သူတို့ကြည့်ပုံက လှောင်ကြည့်။ သူတို့ချင်း သိမှာ
အောင်က ပုန်းနေတယ်ဆိုတာ။



ကျွန်မ အဲဒီတုန်းကတော့ သိပ် ဒေါသမဖြစ်ဘူး။ အောင် ပုန်းနေမှန်းမှ မသိတာ။ စိတ်ထဲ နည်းနည်းတောင် စိုးရိမ်သွားမိသေးတယ်။ အောင်များ နေထိုင်မကောင်း ဖြစ်လေသလားလို့ပေါ့။

နောက်ကျမှ အဲဒီ စိုးရိမ်မိတဲ့ စိတ်ကလေးကို ပြန်ကျိန်ဆဲမိပါသေးရဲ့။

ကျွန်မ သူ့အတန်းမှာ ရှာမတွေ့တော့ ခဏကလေးပဲ ရပ်ပြီး စားသောက်ဆိုင်တွေဘက် ဆင်းခဲ့တယ်။ အောင်က လက်ဖက်ရည်ဆိုင် မထိုင်ဘူး။ အအေးဆိုင်ထိုင်တယ်။ ပြီးတော့ ကော်ဖီချိုချိုခါးခါး မှာသောက်တတ်တယ်။

ဒါမှ မဟုတ်ရင်လည်း ကျောင်းအပြင်ဘက် လမ်းထောင့်က လက်ဖက်ရည်ဆိုင် သွား သွား ထိုင်နေတတ်တယ်။ အဲဒီကျတော့ သူက မုန့်စားပြီး ရေနွေးကြမ်းပဲ သောက်တတ်တယ်။

ကျောင်းထဲက စားသောက်ဆိုင်မှာလည်း မတွေ့ဘူး။ ဒါနဲ့ ကျွန်မ ကျောင်းပြင်က လက်ဖက်ရည်ဆိုင်ဘက် ထွက်ခဲ့တယ်။ အဲဒီတော့မှ အောင်နောက်က ပြေးလိုက်လာတယ်။

"ဟေး တို့ကို လိုက်ရှာနေတာ မဟုတ်လား"

"အစစ်ပေါ့"

ဟုတ်ပေါင်၊ ဟိုဘက် သွားမလို့၊ အိမ်စောစောပြန်ချင်လို့တို့ ဘာတို့ မပြောချင်ပါဘူး။ အဲဒါ ရိုးနေပြီပဲ။

"ကိုယ် ပုန်းနေတာ"

"သိသားပဲ"

ကျွန်မ သူပုန်းနေတာ မသိပါဘူး။ ဒါပေမယ့် သိသားပဲလို့ ပြောလိုက်ရတာ အရသာရှိတယ်။ အောင့်ကို ကျောလိုက်ရသလိုပဲ။

ဟာ ဟာ၊ အဲဒီစကားက တစ်မျိုးဆန်းနေတယ်။ ယောကျ်ားလေးတွေက မိန်းကလေးတွေကို 'ကျောရရုံ ကြံတယ်'လို့ ပြောလေ့ရှိတယ်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား။ ခုတော့ အောင့်ကို ကျွန်မက ကျောလိုက်ရသလိုဆိုတာ အစိပ္ပာယ်တစ်မျိုး ရယ်စရာကြီး ဖြစ်သွားမလားပဲ။ မဟုတ်ပါဘူး။ သူ့ကို လောင်းကြေး စားကြေးတစ်ခုခု လုပ်တာ နိုင်လိုက်ရသလိုမျိုး စိတ်ထဲ ပျော်သွားတာလောက်ပါ။

"ဘာလဲ သီ၊ ဘာကိစ္စလဲ"

"လေးလေးပေါ့"

စကားဖြတ်ပြီး ကျွန်မ ရယ်လိုက်တယ်။

"လေးလေး ဘာကြောင့်လို့လဲ"

"မဟုတ်ပါဘူး၊ သီတို့ကို ကမ်းနားလမ်းပို့တယ်မှာ ကျွေးဦးမလို့တဲ့။ အောင်နဲ့ မတွေ့သေးဘူးလား"

"ဟင့်အင်း၊ သီနဲ့ ဘယ်မှာ တွေ့လဲ"

"တမြန်နေ့ကလေ အောင် မစောင့်ဘဲ ပြန်သွားတဲ့နေ့ကပေါ့"

"နို့ သီပဲ ခဏဖြတ်ထားမယ် ဆို"

"လက်စားချေပြီး ပြန်သွားတာလား"

"မဟုတ်ပါဘူး၊ အဲသလိုပဲ နေကြည့်ချင်စိတ် ပေါ်လာလို့ ခဏဖြတ်ထားရင် ဘယ်လိုနေမလဲလို့"

"သီတော့ ဘာမှမဖြစ်ဘူး"

"ညာတာ"

ကျွန်မ ရယ်တယ်။

"ဒီနေ့ ငါးပါးသီလ ခံမထားဘူးဟော့"

"တကယ်ကွ၊ ကိုယ် သီနဲ့ မတွေ့ဘူးဆိုပြီး နေကြည့်တာ မရဘူး။ အဲသလိုနေမှ ပိုပြီး တွေ့ချင်တယ်"

"အေးနော်၊ ဟုတ်တယ်"

သူ့နဲ့ ကျွန်မ လက်ချင်းတစ်ချက် ဆုပ်လိုက်တယ်။ ပြန်လွှတ်တယ်။

"ဆိုပါဦး၊ လေးလေးက ဘာလို့ ကျွေးချင်တာတဲ့လဲ"





"မမဝင်း နယူးဒေလီရောက်တာနဲ့ စာထည့်လိုက်လို့တဲ့"

"ဟား ဒါမျှားဆန်းလို့၊ ဒေါ်လေးက လေးလေးကို သိပ်ချစ်တာဥစ္စာ"

"အင်း အဲဒါကို အဲဒီစာ၊ အဲ သီက ပြောပြမှ သူသိတယ်တဲ့၊ အဲဒါကြောင့်တဲ့"

"ဟာ ဘာတွေလဲ ရှုပ်ကုန်ပြီ"

"အို မရှုပ်ပါဘူး၊ ဒီလို၊ လေးလေးက မမဝင်းကို နားမလည်ဘူးတဲ့"

"အင်း ဒါ လေးလေး လက်သုံးစကားပဲ။ ကိုယ့်ကိုလည်း အဲသလို ခဏခဏ ပြောတယ်။ ငါတော့ မင့်ဒေါ်လေးဝင်းကို နားမလည်တော့ဘူးကွာတဲ့"

"ဟုတ်တယ်၊ သူက မမဝင်း သူ့ကို တကယ်မချစ်ဘူး ထင်နေတာ"

"မဟုတ်တာကြီး"

အောင်က ခေါင်းတခါခါနဲ့ ပြောတယ်၊ ဆက်ပြီး...

"ကိုယ် သိတာပေါ့၊ အင်း အစကတော့ ဒေါ်လေးဝင်းက လေးလေးကို သိပ် မချစ်ဘူး ထင်ပါတယ်"

အောင် စကားခဏရပ်သွားတယ်။ တွေသွားပြန်ပြီ။

"အင်း အဲသလို ထင်တယ်လေ။ နောက်တော့ တကယ်ချစ်လာတယ် ထင်တယ်။ ကိုယ့်ကို ဒေါ်လေးက ပြောဖူးတယ်။ ဒေါ်လေးမှာ လင်ရယ် သားရယ် ဆိုလို့ သူတစ်ယောက်ပဲ ရှိတယ် တဲ့"

"အို မမဝင်းက နောက်တစ်ယောက် ဘယ်မှာ ရှိလို့လဲ"

"မဟုတ်ဘူးလေကွာ၊ ဒေါ်လေးပြောတာက သူတို့မှာ ကလေးမရှိဘူး မဟုတ်လား။ ဒေါ်လေး သဘောထားပုံက လင်ဆိုရင်လည်း လေးလေးပဲ၊ ပြီးတော့ လေးလေးကို သားလိုလည်း ချစ်ရတယ်ပေါ့"

"အောင့်ကိုကျတော့ကော"

ကျွန်မ လွတ်ခနဲ မေးမိတယ်။ စိတ်ထဲမှာ ကျိတ်ခဲထား[illegible]တွေဟာ အဲသလို လွတ်ခနဲ လွတ်ခနဲ ပြောမိ၊ လုပ်မိသွားတတ်တယ် မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



အောင် ပြုံးတယ်။ အောင်က သိလိုက်တယ်ထင်ပါရဲ့။ ကျွန်မ စိတ်ထဲမှာ သံသယနည်းနည်း ရှိနေတာကို။

"ဒေါ်လေးက ကိုယ့်ကို မွေးစားမယ်လို့ ငယ်ငယ်က ပြောတာပဲ။ ပြီးတော့ သူ့အမျိုးကြီးလုပ်မယ်တဲ့။ အဲဒါက တကယ်တော့ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ မေမေတို့ မေမေတို့ကကော ကိုယ့်ကို ဒေါ်လေး အမွေစားခံပါ့ မလား။ မဟုတ်တာကြီး"

ကျွန်မရင်ထဲမှာ နည်းနည်းပေါ့သွားသလိုပဲ။

အောင့်မျက်နှာကို ကြည့်မိပြန်တယ်။

သူက ကျွန်မကို မကြည့်ဘဲ ပြောတယ်။

"ခဏနေပါဦး၊ ဒေါ်လေးဆီက စာလာတာကို သိ ဘယ်လိုလုပ် သိလဲ"

"လေးလေးပြောတာပါ ဆိုနေ"

"ဪ ဟိုနေ့က"

"အင်း အောင်စိတ်ကောက်တဲ့နေ့ပေါ့"

"စိတ်မကောက်ပါဘူး၊ တမင်ခေါက်ကြည့်တာ"

"ခေါက်ကြည့်တော့ ဘာဖြစ်သွားလဲ"

"လွမ်းတာပေါ့"

"အပို"

"နေပါဦး၊ လေးလေးက ဘယ်က ဘယ်က ရောက်လာတာလဲ"

"ဘယ်သိနိုင်ပါ့မလဲ၊ ဘတ်စကားမှတ်တိုင်မှာ စောင့်နေတုန်း လေးလေးရောက်လာတာ ဥစ္စာ"

အောင်မျက်နှာမှာ စဉ်းစားတဲ့အရိပ် တွေ့ရတယ်။ မျက်မှောင်လည်း နည်းနည်းကြုတ်တယ်။

သူ ဘာကို မကျေနပ်ပါလိမ့်။

*

[၂၀]

စာကလေးကို လေးလေးက တယုတယထုတ်တယ်။

ကမ်းနားဟိုတယ်က စိမ့်ပြီး အေးလွန်းတယ် ထင်တယ်။ ကျွန်မ ဆံဖျား ခြေဖျားလေးတွေ ထုံလာတယ်။ ကျွန်မ ဆွယ်တာလေးကို ဆွဲ လိုက်တယ်။ ဟုတ်ပါတယ်၊ မမဝင်းပေးတဲ့ ဆွယ်တာညိုလေးပေါ့။ လေးလေးက ကျွန်မ ဆွယ်တာလေးကို စိုက်ကြည့်နေသေးတယ်။

လေးလေး မမဝင်းရဲ့ စာလေးကို တယုတယနမ်းတယ်။ အောင် စာကို ဖျတ်ခနဲ ဆွဲယူလိုက်တယ်။

လေးလေး ပြုံးနေတယ်။

အောင် စာကို ဖတ်တယ်။

"ကိုဝင်း နယူးဒေလီမှာ လေယာဉ်ပျံ ခဏနားတယ်။ ဘန်ကောက် တည်းက ရေးဖို့ပဲ။ အချိန်မရလို့ အဝင်း လေယာဉ်ကွင်းတုန်းက ဝင်းမျက်နှာကို မကြည့်ရဲဘူး။ ငိုမိမှာစိုးလို့။ ကိုဝင်းမျက်နှာကို တစ်ချက် ကြည့်လိုက်တာနဲ့ ငိုမိတာပဲ မဟုတ်လား။ ခုမှ ထွက်လာရတော့မှ ဟမ်း ကို အလုပ်လျှောက်မိတာ မှားပြီလားလို့ ထင်မိတယ်။ တကယ်တမ်း တော့ ကိုဝင်းကို ခွဲမထားနိုင်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



အရင် ကိုဝင်း ပထမဦးအခေါက် သွားရတုန်းက အဝင်း ... သလိုတောင် ဖြစ်ခဲ့သေးတယ်။ ဟုတ်တယ်လေ။ အဲဒီတုန်းကတော့ ... ယောကျ်ား နိုင်ငံခြားသွားရတာဆိုပြီး ဂုဏ်ယူသလိုလိုပေါ့။ အဲဒီတုန်း... ကိုဝင်း တစ်ချက်မှ လှည့်မကြည့်ဘဲ လေယာဉ်ပျံပေါ် တက်သွားခဲ့... မဟုတ်လား။ အဝင်းတောင် ဒေါသကလေးဖြစ်မိသေးတယ်။ သွား... ပျော်လို့ အဝင်းကို မေ့သွားတာလို့ ထင်ပြီးတော့ပေါ့။ ခုမှ ကိုယ်ချင်း... မိတာ။

အဝင်း ထွက်လာခဲ့တော့ နောက်ကို ပြန်မကြည့်ရဲတော့... စိတ်ထဲမှာလေ သိပ် ကြောက်တာပဲ။ ဘာကို ကြောက်မှန်းမသိ ကြော... နေတာ။ လှည့်ကြည့်ဖို့ နေနေသာသာ လေယာဉ်ပျံကိုတောင် မော်မကြ... ရဲဘူး။ လေယာဉ်တံခါးဝရောက်တော့ ဘယ်လိုက ဘယ်လိုဖြစ်တယ်... ဘူး၊ လှည့်ကြည့်မိတယ်။ အလိုလို ကြည့်မိတာ။ ရင်တဲမှာလေ ထိန်း... တော့ဘူး။

"ထိုင်ခုံမှာ ဘယ်လိုထိုင်မိပြီး ဘယ်လောက်ကြာကြာ ငိုင်နေမိ... မပြောတတ်ဘူး။ အဲဒီအချိန်မှာ မျက်ရည်တော့ မကျဘူးထင်တ... ရင်ထဲမှာ ငိုတယ်ဆိုတာ အဲဒါမျိုး ထင်ပါရဲ့"

"ဟေး ဟေး ဟေး၊ ဒေါ်လေးဝင်းက တယ်မိုက်ပါလား။ ရင်ထဲ... ငိုနေတာတဲ့။ အပိုင်ပဲဗျို့။"

"ရင်ထဲမှာ ငိုနေတာကို မင်းသိရဲ့လား"

"သူများထက် ချစ်တာတွေကို နားလည်ထား"

"အဲဒီသီချင်းလိုပေါ့။ လေးလေး နားလည်ထားဖို့က ဒေါ်လေး... လေးလေးကို သူများထက် ပိုပြီး ချစ်တယ်။ နေပါဦး၊ ဆက်ဖတ်လို... ဦးမယ်၊ ဟဲ့ ဘာတဲ့တုန်း၊ ကောင်မလေး ကြိုးစားလိုက်စမ်း"

အောင်က အရွှန်းဖောက်တယ်။ လေးလေးမျက်နှာက ပြုံးပြုံး... မျက်လုံးက စိုလို့။





"ပထမဆုံးအခေါက်၊ ဟိုလေ အဝင်းနဲ့ လက်ထပ်ပြီးစ ပထမဆုံး အခေါက်သွားရတုန်းကလည်း အဲသလိုပဲဟားဟင်။ ကိုဝင်း ဆွေးသွားတယ် မဟုတ်လား။ အဲဒါပေါ့။ အဲသလို ကိုယ်ချင်းစာမိတာ။ ရေးမယ်သာ ရေးနေတာပါလေ၊ ခုလောက်ဆို ကိုဝင်းစာစ်ယောက် တခြားကောင်မလေး တွေနဲ့ ကြည်နေပြီလားမှ မသိတာ။ အိမ်ကဟာကြီး မရှိတော့ဘူး၊ ငါ တော့ လွတ်ပြီလို့ ထင်ချင်ထင်နေမှာပေါ့။ ကိုတင်မောင်ဆွေကြီး ပြောသလို လွတ်လပ်ရေး အထိမ်းအမှတ်အဖြစ် အငြိမ့်ခံနေသလားမှ မသိတာ။ ဒါပါပဲ၊ ဟိုရောက်မှ စာထပ်ရေးလိုက်ဦးမယ်။ ဩော် အဝင်းမရှိလို့ ဆွေးလို့တို့ ဘာတို့ အကြောင်းပြပြီး သိပ်သောက်မနေနဲ့ဦးနော်"

ချစ်...ဝင်း

"အလို့ ဒေါ်လေးက နာမည်ပြောင်းလိုက်ပါရောလား။ ကျွန်တော် ...တောင် မသိလိုက်ဘူး။ ဘာတဲ့ ချစ်ဝင်းတဲ့။ အဲဒါ ယောကျ်ားလေး ...မည်ကြီးပဲ။ မသကာ ချစ်ချစ်ဝင်းဆို တော်သေးရဲ့"

လေးလေးက ဘာမှ မပြောဘူး။ စာကို ပြန်လှမ်းယူတယ်။

"ဟာ နေပါဦး လေးလေးကလည်း၊ အောက်မှာ ပါပါသေးတယ်။ ...-အက်စ်တဲ့။ ရန်ကြီးတို့ကိုလည်း သတိရတဲ့အကြောင်း ပြောပါတဲ့။ ...သို့ကိုပါ ပြောလိုက်ပါတဲ့။ ဟားဗျာ ကျွန်တော်တို့ကျတော့ ဒီလောက် ...လေးပဲရေးတယ်။ ဒေါ်လေးက သူ့ချစ်ချစ်ကြီးကျတော့ ရင်ထဲမှာ ငို ...နေတာတဲ့"

"အိုး ဒါကတော့ တူမလားကွ၊ ပေးစမ်းပါ"

"မရဘူး၊ လေးလေး ပြန်ရွေးရမယ်"

"မင်းတို့ကို ထမင်းကျွေးနေပြီ ဥစ္စာ"

"ဟုတ်သားပဲ အောင်ကလဲ"

ကျွန်မ တစ်ခွန်းဝင်ပြောလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဒါလောက်ကလေးနဲ့ ဘယ်ရမလဲ"

"မင်းတောင်းတာ ပေးပါ့မယ်ကွာ"

"နေပါဦး၊ စာရွက်ကို သေသေချာချာ စစ်ဆေးရဦးမယ်။ ဘယ်နှစ်ခေါက် နမ်းထားလဲလို့ ဟား တွေ့ပြီ၊ တွေ့ပြီ။ ဒီမှာ လေးလေး နှုတ်ခမ်းမွေးစကလေး။ အား ပါး ပါး တို့ လေးလေးတစ်ယောက် နှုတ်ခမ်းမွေးကျွတ်အောင် နမ်းထားပါလား ဟရို့"

အောင် သူ့ဘာသာသူ သဘောကျပြီး ရယ်တယ်။ လေးလေး ရှက်တက်တက်မျက်နှာနဲ့ စာကို လှမ်းလုတယ်။

"ပေးကွာ ရန်ကြီး၊ မင်းကလည်း လူကြီးရှက်တော့ ရယ်သ ကွ၊ ဟား ဟား ဟား"

အောင်က စာကို ယူပြီး နမ်းကြည့်တယ်။

"ဝိုး နံတယ်ဗျ၊ ဒေါ်လေးကလည်း ရေမွှေးကလေး ဘာလေး ဆွတ်ပေးလိုက်တာ မဟုတ်ဘူး။ စာပို့သမား ချိုင်းချွေးစော်ကြီး နံနေတယ် လေးလေးနှယ်ဗျာ ဒီချိုင်းချွေးနံ့ကြီးကို နှုတ်ခမ်းမွေးကျွတ်အောင် နမ်း တယ်လို့ ဟား ဟား"

"ဟော့ အောင် အော်ကျယ် အော်ကျော် မလုပ်နဲ့ကွာ"

"ဟောဒီမှာဗျို့"

လေးလေး မတ်တတ်ထရပ်ပြီး အောင့်ပါးစပ် ပိတ်ရင်း စာကို ချ လုလိုက်တယ်။

အောင်က အားရပါးရ ရယ်နေလေရဲ့။

လေးလေးတစ်ယောက် ဖြစ်ပုံများ။ စာရွက်ကလေး သူ့လက်ထဲ လည်းရောက်ရော အသေအချာ ပြန်ခေါက်လို့။ ပြီးတော့ စာအိတ်ကလေး ကို သူ့အချိုးအတိုင်း ပြန်ပိတ်လို့။ သူ့အင်္ကျီအိတ်ထဲ တယုတယထည့် လို့။

ပန်းပွင့်ကလေးတစ်ပွင့် ကြွေမှာစိုးလို့ ယုယနေပုံမျိုး။





သည်းလိုက်တာလို့ ကျွန်မ မထင်ချင်တော့ဘူး။ ကျွန်မလေ ကြည်နူး တယ်။ ထမင်းစားလို့ မမြိန်လှပါဘူး။ ကြည်နူးနေရင် အစားအသောက် သိပ် ဂရုမစိုက်မိဘူး မဟုတ်လား။ ဒီလိုပဲ စိတ်ညစ်နေရင်လည်း သိပ် ချင် မသောက်ချင် ဖြစ်သလိုပေါ့။

ခုလောက်ဆိုရင်တော့ မမဝင်း ဂျာမဏီရောက်နေပြီလို့ အဲဟိုကနေ ည့်လိုက်ရောပေါ့။ နက်ဖြန်သန်ဘက် ဆိုသလို နောက်ထပ် စာတစ် င် ထပ်ရောက်ဦးမှာပါ။ အဲဒီအခါကျ လေးလေး ဘယ်လိုနေမလဲ။ းနည်းတော့ လျော့သွားမှာပေါ့။ ကြာရင် ရိုးသွားတယ် မဟုတ်လား။

ကျွန်မ စဉ်းစားနေမိတယ်။ လေးလေးတို့ အိမ်ထောင်ရေးနဲ့ ပတ် လို့ပေါ့။ လေးလေးက မမဝင်းကို ချစ်တာတော့ အမှန်ပဲ။ ဒီလိုပဲ လေးကို မမဝင်းက ချစ်တာလည်း အမှန်ပဲ။ ဒါပေမယ့် အဲသလို ကျက်နဲ့ ဘာလို့များ တစ်ယောက်တစ်ကွဲစီနေဖို့ အစီအစဉ်တွေ လုပ် သလဲမသိဘူး။ ကျွန်မ မသိသေးဟာ ဖြစ်မှာပေါ့လေ။ ဉာဏ်မမီသေး ဖြစ်မှာပေါ့။

နီးတကျက်ကျက်၊ ဝေးတသက်သက်ဆိုတဲ့ စကား ရှိသားပဲ။

"အစက ငါ အဲသလို မသိခဲ့ဘူးကွ"

အဆက်အစပ်မရှိဘဲ လေးလေးက စကားစတယ်။

"ဘာလဲ ကမ်းနားဟိုတယ်မှာ မြန်မာထမင်းရတာလား"

အောင်က သီသီနဲ့ နောက်တယ်။

"ဟာ မဟုတ်ပါဘူးကွာ၊ မင့်ဒေါ်လေးဝင်း ပြောတာ"

"ဩော် ဒေါ်လေးဝင်း နိုင်ငံခြားသွား အလုပ်လုပ်ဖို့ လျှောက်တာ မသိတာလား"

"ဟာ ဒီကောင်"

"အောင်ကလဲ လေးလေး ဖီလင်အောက်အောင် မလုပ်စမ်းပါနဲ့"

ကျွန်မက ဝင်ပြောလိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



“လေးလေးက မသိချင်ယောင်ဆောင်နေတာပါ သီရဲ့”

“ဘာကိုလဲ”

“ဒေါ်လေးဝင်းက ချစ်တာကိုပေါ့”

“ဟ တကယ် မသိတာကွ”

လေးလေးက ပြုံးပြုံးကြီး ပြောတယ်။

“လေးလေးကလဲဗျာ၊ နားရှုက်စရာတွေ မပြောစမ်းပါနဲ့”

“နားမထောင်ချင်နေ ကိုယ့်လူ၊ ကိုယ်ကတော့ ပြောမှာပဲ”

“လေးလေးက ရှက်လည်း မရှက်ဘူး”

“ရှက်ပါဘူးကွာ၊ ချစ်တာ ရှက်စရာ မှတ်လို့”

“ဟား မိုက်လှချည်လား”

“အောင်ကလဲကွယ် လေးလေး ပြောချင်တာ ပြောပါစေ”

ကျွန်မ ဘာဖြစ်လို့များ လေးလေးဘက်က လိုက်ပြောနေမိ[illegible] မသိဘူး။

“အေး သီသီ ဟိုးတစ်နေ့က ပြောမှပဲ စဉ်းစားမိတာ။ အဝင်[illegible] ကိုယ့်ကို မချစ်ရင် နဖူးအေလီရောက်ကတည်းက စာ ဘယ်ရေး[illegible]

“ဟာဗျာ လေးလေးကလည်း ဒီအရွယ်ရောက်မှ ‘ချိုလိမ်’[illegible] ကြည့်မကောင်းပါဘူး”

“ပြောချင်တာ ပြော မောင်၊ ကိုယ်လဲ ပြောချင်တာ ပြော[illegible] ဒီမယ် အဲဒီနေ့က ကိုယ် အမြင်ရှင်းသွားတာကွ။ အစက အဝင်း [illegible] ကို ဒီလောက် ချစ်မှန်း မသိဘူး”

“အိုဟိုး ဒါနဲ့များ အိမ်ထောင်သက် ဒီလောက် ရခဲ့သလား”

“မဟုတ်ပါဘူး။ ကိုယ်ပြောတာ ဒီလိုကွ။ အဝင်းနဲ့ ကိုယ်နဲ့[illegible] မိဘတွေပေးစားလို့ ယူရတဲ့ သဘောမဟုတ်လား”

“အဘိုးကြီး အဘွားကြီးတွေကိုတော့ တရားခံ မလုပ်ပါနဲ့ဗျ[illegible]





“ဒီလိုပါကွ၊ တို့ လက်ထပ်ကြတော့ အသက်တွေက မငယ်တော့ [illegible]မဟုတ်လား။ အဝင်းက သုံးဆယ်ကျော်၊ ကိုယ်က လေးဆယ်တွင်း”

“သီချင်းကြီးတွေ နားထောင်ရတာ ပျင်းစရာကောင်းတယ်ဗျာ”

အောင် သက်သက် အရွှန်းဖောက်နေတာပါ။

လေးလေးက အောင့်အရွှန်းကို ဂရုမစိုက်ဘဲ ဆက်ပြောတယ်။

“အဲဒါကွ၊ သူကလည်း အေးတယ် မဟုတ်လား။ လူကြီးတွေက [illegible]ဘာတူလိုက်ပြီဆိုတော့ ငါသွားမေးသကွ”

“ဖေဖေနဲ့ မေမေကိုလား”

“အဝင်းကိုပါကွာ”

လေးလေးက မမေးဘူးလား၊ ချစ်လားဟင်တို့ ဘာတို့”

“မေးတာပေါ့ကွ”

“ဟား ဟား ဝင်းဝင်းရဲ့ ပြဇာတ်ခေတ်က စကားတွေ ကြားရ[illegible]ပြီ”

“ကိုယ့်ဖီလင်နဲ့ ကိုယ်ပေါ့ကွာ။ ထားပါ၊ အဲဒါ အဝင်းက ပြော[illegible] မလိုပါဘူးနော်တဲ့။ ငါ ခုထိ ကြားယောင်သေးတယ်ကွ”

ကျွန်မ ကြည်နူးမိပါတယ်။ အဲဒီအချိန်ကလေးမှာ လေးလေးနဲ့ [illegible]ဝင်းတို့ ဘယ်လို ခံစားနေရမယ်ဆိုတာ စဉ်းစားကြည့်တယ်။ ရင်ထဲ[illegible] တသိမ့်သိမ့်ဖြစ်နေကြမှာပေါ့။

“အဲဒါနဲ့ နောက်ကော”

အောင်က မေးတယ်။

“နောက်တော့ အေး လက်ထပ်ကြတာပေါ့ကွ”

“ဟာ ကြားထဲက အခန်းတွေ ပြတ်သွားပြီ”

“ဆင်ဆာပေါ့ကွာ”

“မဟုတ်သေးပါဘူး၊ အဲဒါနဲ့ ဘာဖြစ်လို့ ဒေါ်လေးဝင်းက [illegible]းလေးကို မချစ်ဘူးလို့ ထင်ရတာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"မချစ်ဘူးလို့ ထင်တာ မဟုတ်ဘူးကွ၊ ချစ်တယ်လို့ မသိတာ"

"ဒေါ်လေးက တစ်ခါမှ ချစ်တယ်လို့ မပြောဘူးလား"

"ဟ ပြောတာနဲ့ သိတာနဲ့ တခြားစီကွ"

"ဘယ်လို၊ ချစ်တယ်လို့ ပြောရင် ချစ်လို့ မဟုတ်ဘူးလား"

"တခြားလူတွေတော့ မသိဘူး။ ကိုယ်ကတော့ ချစ်တယ်လို့ပြော တိုင်း ချစ်တာ မဟုတ်သေးဘူး ထင်တယ်"

"ဟာဗျာ ရှုပ်လိုက်တာ"

"ရှုပ်ချင်ရှုပ်၊ ရှင်းချင်ရှင်း၊ ကိုယ့်စိတ်ထဲမတော့ အဲဒီအတိုင်း ကဲ...ကိုယ်မေးမယ်။ ချစ်ပါတယ်လို့ ပြောတိုင်း ယုံရစတမ်းဆိုရင် မု တယ်လို့ ပြောရင်လည်း ယုံရမှာပေါ့၊ မဟုတ်ဘူးလား"

"လေးလေးက အတွေးခေါင်တာပါ"

"အင်း ဟုတ်ချင်လည်း ဟုတ်မယ်။ ဒါပေမယ့် ဒီလိုကွာ၊ အဝင်း က ငါ့ကို ချစ်တယ်ဆိုတာ ပြောတာမဟုတ်ဘူး။ သူက ငါ အထပ်ထပ် မေးလို့ ချစ်ပါတယ်လို့တော့ ပြောတယ်။ ဒါပေမယ့် ငါ အားမရခဲ့ဘူး ချစ်တယ်ဆိုတာ ဘာခေါ်မလဲ။ အလုပ်နဲ့ သက်သေပြရမှာပေါ့ကွ"

"ဟာ လေးလေးကလည်း ဘာတွေနဲ့ လျှောက်ရောပစ်တာလဲ"

"ဒီလိုပါကွ၊ ချစ်တဲ့စိတ်ဟာ အမူအရာနဲ့ ပြတယ်ကွ။ ခွင့်လွှတ် တာမျိုးကွာ၊ ယုယတာမျိုးကွာ"

"အဲဒါမျိုး လေးလေးတို့မှာ ရှိသားပဲ"

"ရှိတော့ ရှိတယ်ကွ၊ ဒါပေမယ့်ကွာ။ အဲ အာ ငါလည်း မ တတ်ဘူး။ နယူးဒေလီက စာရောက်မှ ငါ သေသေချာချာ သိတော့ အဲဒါလည်း သီသီက အဓိပ္ပာယ်ဖွင့်ပေးလိုက်လို့"

"ဗျူး တော်တော် ရှုပ်တဲ့ ဓာတ်လမ်းကြီးပဲ"

အောင်က ခေါင်းတခါခါနဲ့ ညည်းတယ်။





"မဟုတ်ဘူးကွ၊ စိတ်ရဲ့ လှုပ်ရှားမှုတွေဟာ ရုပ်အမူအရာတွေမှာ ပေါ်တယ်ကွ။ ကိုယ် ပြောမယ်။ ကိုယ်က အဝင်းကို ချစ်ပြီး အဝင်းက သိပ်ပြီး ဣန္ဒြေကြီးတာကိုးကွ။ ဒီတော့ တော်ရုံတန်ရုံ ဘယ်သိသာမလဲ။ ခုမှ ကိုယ် သိသွားတာ"

"လေးလေးကလည်း ဒါပဲ တဝဲဝဲရယ်မှ တလည်လည်ဖြစ်နေပြီ"

"အေးလေ၊ ကိုယ်ကလည်း ဒါပဲ ပြောချင်နေတာ ဥစ္စာ။ ခုလို မင်းတို့ကို ကျေးမွေးတာကိုက ဒါ ပြောချင်လို့ကွ။ အချစ်ဆိုတာ အမူအရာ ရှိတယ်ကွ။ ဘာခေါ်မလဲ၊ သင်္ကေတတွေ ရှိတယ်။ သင်္ကေတနဲ့ ပြတဲ့ အချစ်က ပိုပြီး ထင်ရှားတယ်ကွ သိလား"

လေးလေး မြူးနေတာပါပဲ။

အဲဒါမျိုးတွေပဲ အပ်ကြောင်းထပ်ပြီး ပြောတယ်။

ဆိုလိုတာကတော့ အတူတူပါပဲ။ မမဝင်း နိုင်ငံခြားသွားတော့မှ သူ ကျန်ရစ်ခဲ့တာကို ကိုယ်ချင်းစာမိတယ်။ ပြီးတော့ နိုင်ငံခြားသွားတဲ့ အခါ ဘယ်သွားသွားပါလေ ချစ်တဲ့သူနဲ့ ခွဲခွာရတဲ့အခါ ခွဲခွာသွားရတဲ့ လူထက် ကျန်ရစ်ခဲ့တဲ့ လူက ပိုဆွေးတယ်ဆိုတာ ပိုသိလာတယ်တဲ့။

သူ အခေါက်ခေါက် အခါခါ သွားနေရတုန်းက အဲဒီလိုခံစားမှု မျိုး မပေါ်ခဲ့ဘူးတဲ့။ ပထမဆုံးအခေါက်သွားရတုန်းကလည်း သိပ်မကြာပါ ဘူးလေ။ ပြန်လာရမှာပဲလို့ စိတ်ဖြေနိုင်ခဲ့သတဲ့။ မမဝင်း သွားတော့မှ...

အဲဒါမျိုးတွေပါပဲ ထပ်တလဲလဲပြောပြီး-

အဲဒီ ထမင်းစားပွဲ ပြီးခဲ့တယ်။

ကျွန်မတို့ ပြန်အထွက်ကျတော့ အောင်က ကျွန်မကို ကားတံခါး ဖွင့်ပေးတယ်။ နောက်ခန်းတံခါးပေါ့။ ပြီးတော့ သူပါ နောက်ခန်းက ဝင် ထိုင်တယ်။ ပြီး ပြောသေးတယ်။

"လေးလေး ကျွန်တော်တို့ လက်ထပ်ပွဲကျရင်လည်း ဒရိုင်ဘာ လုပ်ပေးနော်"

တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ အောင့်ပေါင်ကို မနာအောင် ဆိတ်တယ်။ အောင်က နာ ဟန်လုပ်ပြီး အော်တယ်။

"အောင်မလေးဗျ၊ ကြောက်ပါပြီဗျ၊ နောက်မလုပ်တော့ပါဘူးဗျ"

လေးလေး လှည့်မကြည့်ဘဲ ရယ်ရင်းပြောတယ်။

"အချစ်ဆိုတာ သကော်တနဲ့ပဲ ပြလို့ရတယ်ကွ။ အော်ပြလို့မရဘူး ဟား ဟား"

ကျွန်မ စဉ်းစားမိတယ်။ သဘောပေါက်သလိုပဲ။ အချစ်ဟာ တယ်လည်း နူးညံ့သိမ်မွေ့ပါကလား။

*



## [၂၁] ၁၈၅

အဲဒါ တစ်နေ့တော့ ကျွန်မတို့နှစ်ယောက် ညနေ သုံးနာရီလောက် အောင်းက အပြန် လက်ဖက်ရည်ဆိုင်တစ်ဆိုင် ဝင်ထိုင်ကြတယ်။

အဲဒီဆိုင်က လမ်းဘေးမှာ ခွေးခြေလေးတွေ ခင်းပြီး ရောင်းတဲ့ ဆိုင်ပေါ့။ အဲဒီလို ဆိုင်မျိုးတွေ ရန်ကုန်မြို့ထဲမှာ အများကြီးပဲလေ။

လက်ဖက်ရည်ဖျော်တဲ့နေရာက တိုက်နံရံတစ်ခုမှာ ကပ်ထားတယ်။ ...တော့ တာရပတ် ကဲလားလေး ချလိုက်တယ်။ သိမ်းချင်လည်း အလွယ် လေး၊ ခင်းချင်လည်း အလွယ်လေးပဲ။

ခွေးခြေကလေးတွေကို လမ်းဘေး ဟိုနား သည်နား ခင်းလိုက်တယ်။ ဆိုင်ဖြစ်ကရော။

သူတို့မှာ ဆိုင်ခတို့ ဘာတို့ ပေးရ ကမ်းရသလားတော့ မသိဘူး။ ...ဘားပါလေ၊ အဲဒါက ကျွန်မနဲ့ မဆိုင်ပါဘူး။

ကျွန်မအနေနဲ့တော့ အဲဒီဆိုင်မျိုးလေးတွေ ကြိုက်တယ်။ ကျွန်မ ဆိုင်ချင်တယ်။ လမ်းဘေးမှာမို့ အောက်တန်းကျတယ် မထင်ပါဘူး။ ကျွန်မတို့လိုပဲ ထိုင်တဲ့လူတွေ အများကြီး။ ကျွန်မသိတဲ့ ကျွန်မတို့ ကျူရှင် ဆရာကလည်း အဲဒီမှာ ထိုင်ကြတာပဲ။ တက္ကသိုလ်က ကထိကတချို့လည်း တွေ့ရတတ်တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံကျော် အနုပညာသမားတချို့လည်း တွေ့ရတတ်တာပဲ။ အော... တန်းကျကြေးဆို အဲဒီပုဂ္ဂိုလ်ကြီးတွေပါ အောက်တန်းကျကုန်ရောပေါ့။

ကျွန်မတို့ မိန်းကလေးတွေအနေနဲ့ကော မထိုင်ရတော့ဘူးလား... ထိုင် ဘာဖြစ်လဲ။ လမ်းဘေးမှာ ခွေးခြေကလေးတွေနဲ့ ထိုင်ပြီး လက်ဖက်... ရည်သောက်တာ မိန်းကလေးအလုပ် မဟုတ်ဘူးလို့ ဘယ်သူက ပြော... ကျွန်မတို့ ဣန္ဒြေရရ ထိုင်တယ်။ ဆက်ကော့လတ်ကော့ မလုပ်ဘူး။ လက်... ဖက်ရည်ကောင်းကောင်းသောက်တယ်။ မုန့်စားတယ်။ ဒါပါပဲ။ ပြဿနာ... မရှိပါဘူး။ မဟုတ်ဘူးလား။

ကျွန်မတော့ အဲသလိုပဲ စဉ်းစားတယ်။ ဘိုင်စကုတ်ရုံအမှောင်ထဲ... မှာ ရည်းစားနဲ့ တွဲထိုင်တာနဲ့စာရင် လမ်းဘေးလက်ဖက်ရည်ဆိုင်မှာ... ရည်းစားနဲ့ တွဲထိုင်တာက ဣန္ဒြေပိုမရဘူးလား။

ကျွန်မက အဲသလို တွေးတယ်။ ဒါကြောင့် အောင်နဲ့ အတူ... အဲသလို နေရာမျိုးတွေမှာ ထိုင်လေ့ ရှိကြတာပေါ့။

အောင်က အစပိုင်းကတော့ အဲသလို ဆိုင်မျိုးတွေမှာ သိပ်ထိုင်... ချင်ပုံ မပေါ်ဘူး။

သူက တစ်မျိုးလေ။ သူ တစ်ယောက်တည်းကျတော့ ထိုင်တယ်... တဲ့။ ကျွန်မနဲ့ကျတော့ ကျွန်မကို ငဲ့လို့တဲ့။ ကျွန်မက ဟားလိုက်တာပေါ့။ မိန်းကလေးက အဲသလို မထိုင်ရဘူးဆိုတာ သက်သက်အနိုင်ကျင့်တာ... မဟာပုရိသဝါဒပဲလို့ စကားလုံးကြီးကြီးနဲ့ တွယ်လိုက်တယ်။

အောင်က ချက်ချင်း သဘောပေါက်တယ်။ "ထိုင်စေဗျား၊ ထိုင် စေဗျား"လို့ ပြောပြီး ရယ်တယ်။

အဲဒီကစပြီး ကျွန်မတို့နှစ်ယောက် အဲဒီဆိုင်မျိုးတွေမှာ လက်ဖက်... ရည်သောက်လေ့ရှိကြတယ်။ အမြဲတော့ မဟုတ်ပါဘူး။ တစ်ခါတလေပေါ့။

ကျွန်မအဖြစ်ကို ကျွန်မ စဉ်းစားပြီး ရယ်ချင်တယ်။





လေးလေးတို့နဲ့ စားတဲ့သောက်တဲ့အခါကျတော့ ကမ်းနားဟိုတယ်တို့၊ ကရဝိက်ဟိုတယ်တို့ စတဲ့ အကောင်းစားနေရာတွေမှာ စားသောက်ရတယ်။ ကျွန်မသဘောနဲ့ ကျွန်မကျတော့ လမ်းဘေးဆိုင်လေးတွေမှာ။ ခု နတ်ဖြစ်လိုက်၊ ခု လူဖြစ်လိုက်၊ တော်ကြာ ဗြဟ္မာဖြစ်လိုက်၊ တော်ကြာ ခွေးဖြစ်လိုက် ဆိုသလိုမျိုးပဲ။

ဒါပေမယ့်နော် ခွေးလည်းခွေးတို့သဘာဝ ပျော်တဲ့အချိန်ရှိတာပဲ မဟုတ်လား။

ကျွန်မကတော့ အဲသလိုပဲ စဉ်းစားတယ်။ ဘဝဆိုတာကို သိပ်လေးလေးနက်နက်ကြီး စဉ်းစားရမယ့်အရွယ် မဟုတ်သေးလို့ပါ။

နည်းနည်း အသက်ကြီးလာရင်တော့ အသက်ကြီးတဲ့အလျောက် စဉ်းစားမိမှာပေါ့။ ထားပါလေ။

အဲဒါနဲ့ တစ်နေ့တော့ ကျွန်မတို့ လမ်းဘေးလက်ဖက်ရည်ဆိုင်ကလေးမှာ ထိုင်ကြရောဆိုပါတော့။ ညနေစောင်း။ တချို့ရုံးတွေက ဆင်းလာကြပြီ။ အမျိုးသမီးတွေက ထဘီဆပ်သွားဖူးစိမ်းတွေ စိတ်ထားကြတဲ့ ရုံးလေ။ အဲ ပါတီဌာနချုပ်ထင်ပါရဲ့။ အဲဒီရုံးက စောဆင်းကြတယ်။

လမ်းပေါ်မှာ လူတွေ ရှုပ်လို့။ ဘတ်စကားတွေက ကျပ်လို့။ အကောင်းဆုံးအချိန်ပေါ့။ ကျွန်မတို့နှစ်ယောက် ဘတ်စကားကျပ်လွန်းသေးတာနဲ့ လက်ဖက်ရည်ဆိုင် ခဏထိုင်လိုက်ကြရအောင် ဆိုပြီး သွားထိုင်ကြတာပါ။ ၃၈ လမ်းထိပ်မှာ 'တာမွေ၊ တာမွေ'နဲ့ တကြော်ကြော်အော်တဲ့ တစ်ကျပ် သုံးဘီးကားတွေတောင် စီးမယ့်လူတွေက ပြုံစောင့်နေကြရတယ်။ 'သုံးဘီးကြို' ခေါ်မလား၊ ကောင်လေးတွေလေ။ 'တာမွေ၊ တာမွေ'၊ 'စိန့်ဂွန်းဈေး၊ စိန့်ဂွန်းဈေး'၊ 'မြေနီကုန်း၊ မြေနီကုန်း' စသဖြင့် သုံးဘီးကားတွေအတွက် အော်အော်ပေးနေတဲ့ ကောင်လေးတွေတောင် သူခေါ်ပေးရတာ၊ ငါခေါ်ပေးရတာနဲ့ ငြင်းနေကြတယ်။

www.burmeseclassic.com



တာမွေကို ဘတ်စကားခက တစ်မတ်ရယ်ပါ။ သုံးဘီးက တစ်ယောက် တစ်ကျပ် ပေးရတယ်။ တချို့ဆို ဆယ်ပြားပဲ ပေးရတဲ့ စိန့်ပေါ်ကျောင်းမှတ်တိုင်လောက်ကို သုံးဘီးကားနဲ့ တစ်ကျပ်ပေးစီးကြတယ်။

ကျွန်မ လူတွေ ရှုပ်ယှက်ခတ်နေတာကို ထိုင်ကြည့်နေမိတယ်။ အောင်ကတော့ သူ့ထုံးစံအတိုင်း စိတ်ကူးပေါက်ရာတွေ လျှောက်ပြောနေတာပဲ။

အောင်က ကျွန်မကို ခွင့်လွှတ်တတ်ပါပြီ။ သူ ပြောတာကို ဂရုတစိုက် နားမထောင်ဘဲ ဟိုကြည့် ဒီကြည့် လုပ်ပြနေရင်လည်း အောင် သိပ် စိတ်မဆိုးတော့ဘူး။

တစ်ခါတလေ အရေးတကြီး ပြောချင်ရင်တော့ "ဟေ့ ဒီဘက်လှည့်စမ်း၊ ကိုယ်ပြောတာ သေသေချာချာ နားထောင်၊ ဒီမှာကြည့်" စသည်ဖြင့် သတိပေးပြီးမှ ပြောတယ်။

ကျွန်မလည်း အောင့်ကို နားကျင်သလိုလိုဖြစ်လာပြီ။ သူက ပြောချင်ရာတွေကို အဆက်အစပ်မရှိ ပြောတတ်တယ်။ စကားကို စီကာပတ်ကုံးလည်း မပြောတတ်ဘူး။

ဒါပေမယ့် အောင် ပြောတဲ့ စကားတွေကို သေသေချာချာ နားထောင်ရင် တစ်ခုကို 'ခံစားသိ' သိရတယ်။

ဘာလဲဆိုတော့ အောင် ရိုးသားတာကိုပေါ့။ အောင်က သိပ်ပြီး မညာတတ်ဘူး။ သိပ်မညာတတ်ဘူးဆိုတော့ နည်းနည်းတော့ ညာတတ်တယ်ပေါ့။ အင်းလေ မညာတတ်တဲ့လူရှိလို့လား။ ကျွန်မတို့လို ရိုးရိုးလူတွေ ပြောတာပါ။

ဒါပေမယ့် အောင် ညာရင်လည်း ကြာကြာဖုံးလို့ မရဘူး။ ပေါ်တာပဲ။

သူ့ဘာသာသူပေါ်လာတတ်တာ။ ပြောရင်းပြောရင်းနဲ့ အမှားတွေ ဖြစ်ဖြစ်ပြီး ပေါ်လာတတ်တယ်။ အဲဒါကိုက အောင် ရိုးသားတယ်ဆိုတာ သိသာလာတာပေါ့။





အဲသလို သူ့ကို နားလည်ထားတယ်။ အောင် စကားများတာကို လည်း ခွင့်လွှတ်ထားတယ်။

ကျွန်မတို့နှစ်ယောက်က ပြောင်းပြန်ဖြစ်နေတယ်။ တကယ်ဆို မိန်းကလေးဖြစ်တဲ့ ကျွန်မက စကားများရမှာ။ သူက စကားနည်းရမှာ။ ခုတော့ သူက စကားများနေတယ်။

ကျွန်မ ငေးနေတုန်း သူ့စကားတွေကို ကြားတစ်ချက် မကြားတစ်ချက်ပါပဲ။

သူကလည်း ပြောချင်ရာတွေ ပြောနေတယ်။ ကျွန်မကလည်း ကြည့်ချင်ရာတွေ ကြည့်နေတယ်။ ဒါပေမယ့် ကျွန်မတို့နှစ်ယောက် နားလည်မှုရထားတော့ အပြစ်မမြင်ကြဘူးပေါ့။

ကျွန်မတို့ မျက်နှာချင်းဆိုင်မှာ လူသုံးယောက်လာထိုင်တယ်။

အသက်ခပ်ကြီးကြီးတွေပါ။ ယောကျ်ားတွေပေါ့။ ပုံစံကတော့ အရာရှိတွေ မဟုတ်တာ သေချာတယ်။ ဒါပေမယ့် တစ်ခုခုထူးခြားနေတယ်။ ပွဲစားတို့ ဘာတို့လည်း မဟုတ်ဘူး။

သူတို့ကြည့်ရတာ သိပ်မှန်းလို့မရဘူး။ လူပုံတွေကတော့ ညစ်ထပ်ထပ်တွေပါ။ မုတ်ဆိတ်ကျင်စွယ်တွေ ကျိုးတိုးကျဲတဲနဲ့။ ချည်အင်္ကျီလက်တိုနဲ့။ လုံချည်တွေကလည်း အကွက်မပေါ်တော့ဘူး။ လက်ထဲမှာ ကတ်ပြားတွေ ပိုက်တဲ့လူက ပိုက်၊ လွယ်အိတ်ကြီးတွေ တွဲလောင်းလွယ်တဲ့လူက လွယ်နဲ့။ စကားပြောတော့လည်း အော်ကျယ် အော်ကျယ်နဲ့။

အဲ သူတို့စကား တစ်စွန်းတစ်စ ကြားမှပဲ အနုပညာသမားတွေလို့ မှန်းလို့ရတယ်။ သူတို့ထဲက တစ်ယောက်က "ငါ့ပုံရေးခတစ်ဝက်ပဲ ရခဲ့တယ်ကွာ၊ ဒီကောင်က ပိုက်ဆံပေးခါနီး ဟိုရှောင် ဒီရှောင်နဲ့"လို့ အော်ပြောတယ်။ 'ပုံရေးခ'ဆိုတော့ ပန်းချီဆရာ ဖြစ်မှာပေါ့။

"စာမူခလည်း ဒီအတိုင်းပါပဲကွာ"

အဲဒီလူက စာရေးဆရာဖြစ်မှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ယောက်ကတော့ ခပ်ငိုင်ငိုင်၊ ခပ်ကြောင်ကြောင်ရယ်။ အနုပညာသမားတစ်ယောက်ယောက်ပဲ ဖြစ်မှာပေါ့။

သူကတော့ အကြည့်ရဲတယ်။ ကျွန်မကိုလည်း မြင်လိုက်ရော ကြည့်လိုက်တဲ့အကြည့်။ စိုက်စိုက်ကြီး။ သူ့အကြည့်က အရှက်မရှိဘူး။ ကျွန်မကို ငမ်းနေတာလားလို့ ထင်မိသေးရဲ့။

ဟုတ်တယ်လေ၊ သူတို့လို အသက်ကြီးကြီး ယောကျ်ားတွေလည်း ငမ်းတတ်တာပဲ မဟုတ်လား။

"သမီး၊ သမီး"နဲ့ မသိရင် ခက်မယ်။

အဲဒီလူက ကျွန်မရဲ့ လက်မောင်းကို စိုက်ကြည့်နေတယ်။ ခု စဉ်းစားကြည့်မိတယ်။ ကျွန်မဝတ်ထားတဲ့ အင်္ကျီက နိုင်ငံခြားက လာတဲ့ စွပ်ကျယ်လက်ပြတ်။

လက်စသတ်တော့ ဒီလူကြီးက ကျွန်မလက်မောင်းကို စိုက်ကြည့်နေတာကိုး။ ပြီးတော့ သူက ခေါင်းခါရင်း သူ့အဖော်တွေဘက် လှမ်းပြော တယ်။ ဘာပြောတယ်တော့ မသိဘူး။ သဘောကတော့ ရှုပ်ချတဲ့ သဘောပါ။ ကောင်မလေးတွေ ဟီရိုဩတပွမဲ့နေကြပြီဆိုတဲ့ သဘောမျိုး ပေါ့။

ဒါပေမယ့် သူ့အပေါင်းအသင်းတွေက သူ့ကို လှောင်ပုံရတယ်။ 'ခင်ဗျား ခေတ်မမီတော့ဘူး' ဆိုတဲ့ သဘောမျိုးဖြစ်ပါလိမ့်မယ်။

ကျွန်မကို အောင်က လက်တို့ပြီး ပြောတယ်။

"အဲ ဟိုက လူတွေ သိလား"

"ဟင့်အင်း၊ သို့ကို စိုက်ကြည့်နေလို့ ခေါ်တောနဲ့ တူပါတယ်"

"စာရေးဆရာ မောင်စိန်သောင်းတဲ့"

"ရော်"

ကျွန်မ အဲသလိုပဲ ယောင်အော်မိတယ်။ မောင်စိန်သောင်းဆိုတဲ့ စာရေးဆရာရေးတဲ့ စာတွေ ဖတ်ဖူးတယ်။





ကျွန်မတော့ ကြိုက်တယ်။ ကျွန်မကြိုက်တဲ့ စာရေးဆရာပုံစံက ခပ်ပုံးတုံးကြီး။ စုပ်ချွန်းချွန်းနဲ့။

"အောင် ဘယ်လိုလုပ် သိလဲ"

"လေးလေး သူငယ်ချင်းလေ"

"ဩော်၊ ဩော်"

"လေးလေးက လူပေါင်းသူပေါင်း ဆံ့တယ်"

ကျွန်မ အဲဒီ မောင်စိန်သောင်းဆိုတဲ့ စာရေးဆရာဘက် လှည့်ကြည့် မိန်တယ်။ သူက ကြည့်တုန်း။ လက်မောင်းကိုပဲ။ ဘယ်လိုဟာကြီး လည်း မသိဘူး။ ဒီလက်မောင်းပဲ မျက်စိကျနေတယ်။

ကျွန်မ ရှိုးတိုးရှန့်တန့်မဖြစ်ပါဘူး။ ကျွန်မတို့ မိန်းကလေးတွေ စွပ်ကျယ်တူထူဝတ်တာ ဘာဖြစ်လဲ။ အရှက်မဲ့တာ မဟုတ်ပါဘူး။ ပါးပါး လေးမှ မဟုတ်ဘဲ။ လက်မောင်းသားပေါ်တာကော ဘာဖြစ်လဲ။ မေမေ တို့ခေတ်တည်းက လက်ပြတ်အင်္ကျီ ဝတ်ခဲ့တာပဲ ဥစ္စာ။

အဲဒါကို အပြစ်မြင်နေရင်တော့ အဲဒီလူကြီးကို မကြည်ညိုတော့ ဘူး။ ယောကျ်ားလေးတွေမှ စွပ်ကျယ်ဝတ်ရမှာလား။

ဒါဖြင့်ရင် ယောကျ်ားလေးတွေ ဆံပင်ရှည်မထားနဲ့ပေါ့။

ကျွန်မတစ်ယောက်တည်း ဒေါသဖြစ်နေမိတယ်။ ဟိုလူကြီးကတော့ တစ်ချက်တစ်ချက် ကြည့်လျက်ပဲ။

အောင်က ဆက်ပြောတယ်။

"လေးလေးနဲ့ သူနဲ့ ငယ်သူငယ်ချင်း။ ပြီးတော့ မမဝင်းနဲ့လည်း သိတယ်"

"ဟုတ်လား"

ကျွန်မက ပေါ့ပေါ့ပဲ ပြောလိုက်ပါတယ်။

သူတို့ဘာသာ ခင်ချင်ခင်၊ မခင်ချင်နေပေါ့။ ပြီးတော့ ကျွန်မက ဒီစာရေးဆရာ မောင်စိန်သောင်းနဲ့ မိတ်ဆက်ချင်တာ မဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



သူ့စာတွေဖတ်လို့ ကြိုက်ရင် ကြိုက်တယ်၊ မကြိုက်ရင် မကြိုက်ဘူး... ပြီးတာပဲ။

လူတွေ့ရတော့မှ သူ့စာတွေ ဖတ်ရတာ အရသာပျက်... ဟုတ်တယ်။ စာရေးဆရာတွေကို မတွေ့ရတာ ကောင်းတယ်။ သူတို့... တွေ ဖတ်ရင်း သူတို့ပုံစံတွေ မြင်မြင်လာရရင် ကိုယ့်စိတ်ကူးထဲ ယဉ်... တာလေးတွေ ပျက်ကုန်ရော။

စာရေးဆရာဆိုတဲ့ လူကြီးတွေက ချောမှ မချောတာ သူတို့... တဲ့ဓာတ်လိုက်တွေကျတော့ ချောလို့၊ လှလို့၊ ချမ်းသာလို့။

ရုတ်တရက် မိုးက အုံ့လာတယ်။

ရွာတော့မလို ညိုလာတယ်။

အောင်က သတိပေးတယ်။

"မိုးမိနေဦးမယ်"

"ကားက ကျုပ်တုန်းပဲ"

"မိုးထဲလေတဲ ကားကျပ်ကျပ်နဲ့ ဖြစ်နေမှာစိုးလို့"

"အောင် ပြန်ချင်ပြီလား"

"အင်း နည်းနည်း ငြီးစီစီဖြစ်လာပြီ"

"လမ်းလျှောက်ရအောင်"

"လျှောက်လေ၊ ကောင်းတာပေါ့"

ကျွန်မတို့ ထလိုက်ကြတယ်။ ဟိုစာရေးဆရာဆိုတဲ့ အုပ်စုလည်း... ထကြတယ်။

အောင်က မောင်စိန်သောင်းဆိုတဲ့ လူကြီးနဲ့ မျက်နှာချင်းဆိုင်... လို့နဲ့ တူပါရဲ့။ ပြုံးပြတယ်။ ဟိုလူကြီးကလည်း ပြန်ပြုံးပြတယ်။

"ဘယ်လဲ"တဲ့။

"ဟိုနားတင်ပါ"

အောင်က ပြန်ဖြေတယ်။





ကျွန်မတို့ ဗိုလ်ချုပ်လမ်းဘက် လျှောက်ခဲ့တယ်။

"ကိုဝင်းတူလေ"တဲ့။

နောက်ဘက်က အသံကြားရတယ်။ ခုန စာရေးဆရာမောင်စိန်... ...ောင်းဆိုတဲ့ လူကြီးရဲ့အသံပေါ့။

"မောင်ဝင်း ဒီမှာ ရှိရဲ့လား"

"ပြန်ရောက်ပြီကြားတယ်"

"သူ့မိန်းမကော"

"ဂျာမဏီသွားတယ်တဲ့"

"သူတို့ကိစ္စကကော"

"......................."

နောက် ဘာဆက်ပြောသလဲ မသိဘူး။ မကြားရဘူး။

"ခက်တော့ အခက်သားပဲ"

"ဒါပေါ့၊ လွယ်မှ မလွယ်တာ"

"ခင်ဗျား ပြောမှ ရှင်းပေတော့တယ်"

သူတို့ ရယ်သံ ကြားလိုက်ရတယ်။

ဘာလဲ။ ဘာကိစ္စလဲ။ သူတို့သိထားတဲ့ လေးလေးနဲ့ မမဝင်းတို့... ပြဿနာက ဘာလဲ။ ကျွန်မ သိချင်ပါတယ်။ အောင့်ကို တိုးတိုးကပ်... ...တယ်။

"နောက်က ပြောတာ ကြားလား"

အောင် ခေါင်းညိတ်လိုက်တယ်။

"လေးလေးတို့မှာ ပြဿနာရှိလား"

"ရှိမှာပေါ့"

"ဘာလဲ အောင် သိလား"

အောင် ခေါင်းခါတယ်။ ဒီတစ်ခါတော့ ညာတာ ထင်တယ်။

"အောင် တကယ် မသိတာလား"



www.burmeseclassic.com

www.burmeseclassic.com



အောင် ခေါင်းညိတ်တယ်။ ဒါပေမယ့် သူ့မျက်လုံးတွေက ဝေ သွားတယ်။ သူ သိမှာပါ။ မပြောသင့်လို့ နေမှာပေါ့။

"တို့နဲ့ မဆိုင်ပါဘူး သိရယ်။ သိက ဘာလို စိတ်ဝင်စားနေရ လဲ"

"သိချင်လို့ပေါ့"

"လေးလေး မေးကြည့်ပါလား"

"အဲသလိုတော့ မမေးချင်ပါဘူး"

"ကိုယ်လည်း မသိဘူး သိသိရဲ့။ သူတို့မှာ ပြဿနာတစ်ခု ရှိတာ သေချာတယ်။ ကိုယ်မေးလို့လည်း မကောင်းဘူး။ နောက်သ ပြောင်သလိုတော့ အစ် အစ် ကြည့်တာပဲ။ ဒါပေမယ့် နှစ်ယောက်စ သိပ် နှုတ်လုံတာ။ ဘာရယ်လို့ တိတိကျကျကို မသိဘူး။ သူတို့နှစ်ယော တည်းသိတဲ့ ကိစ္စဖြစ်လိမ့်မယ်"

"နောက်က လူကြီးတွေလည်း သိမှာပေါ့"

"အင်း ဖြစ်နိုင်တယ်၊ ဒါပေမယ့် တိတိကျကျတော့ သိ မဟုတ်ပါဘူး"

ကျွန်မကိုယ် ကျွန်မ မကျေနပ် ဖြစ်မိလာတယ်။

လေးလေးနဲ့ မမဝင်းတို့ကိစ္စကို ဘာဖြစ်လို့များ ဒီလောက်သိ နေရသလဲ။

"တို့နဲ့ မဆိုင်ပါဘူးကွာ၊ သူတို့အမှိုက် သူတို့ရှင်းကြမှာပေ"

အောင်က အဲဒီပြဿနာကို ခါထုတ်တာ နေမှာပါ။

ကျွန်မ စိတ်တဲ့ စနိုးစနောင့်ဖြစ်လာပြန်ရော။ အောင်ရော ပြဿနာထဲမှာ ပါနေသလား။ အောင်ကိုယ်တိုင် ပါဝင်နေတဲ့ အရှုပ်ထ လား။

*

[၂၂]

ပါသမှ အောင်က စာတ်လိုက်ကိုး။

ကလေး

ဘန်ကောက်ကနေ စာရေးလိုက်တယ်။ ဝင်းဝင်း စာရှည်ရှည်တော့ မရေးနိုင်ဘူး။ အချိန်မရဘူးကွယ်။ လေယာဉ်ပျံက ခေါ်နေပြီ။

ဝင်းဝင်း

ကဲ…အဲဒါ မမဝင်းက အောင့်ဆီကို ရေးလိုက်တဲ့စာ။ ဘန်ကောက် ကနေ ရေးတာဆိုတော့ နယူးဒေလီကနေ ရေးတဲ့ စာထက် စောတာပေါ့။

ကျွန်မ သံသယ အမှန်ဖြစ်နေပြီထင်တယ်။

လောကကြီးဟာ သိပ်ဆန်းကြယ်သတဲ့။

ကျွန်မ အဲဒီစာကို အောင့်အိတ်ထဲကရတာ။

အောင်နဲ့ ကျွန်မနဲ့ ကျောင်းမှာ လက်ဖက်သုပ်ဆိုင် ထိုင်နေရင်း စားပွဲပေါ် တင်ထားတဲ့ ကျွန်မ ခေါက်ထီးလေးအောက်ကို ကျသွားတယ်။ အောင်က ငုံ့ပြီး ကောက်ပေးတယ်။ နိုင်ငံခြားက လာတဲ့ စာအိတ်ပြာကလေး

www.burmeseclassic.com



ထွက်ကျတယ်။ ကျွန်မ ဆတ်ခနဲ ကောက်ယူလိုက်တယ်။ ဖွင့်မဖတ်သေးဘဲ အောင့်ကို ကြည့်တယ်။

အောင့်မျက်လုံးဝိုင်းသွားတယ်။ ဘာမှမပြောဘူး။ စာအိတ်ပြာကလေးကို စိုက် ကြည့်တယ်။ သူ့လက်ကို ရုတ်တရက် လှမ်းတယ်။ ပြီး ချက်ချင်း ပြန်ရုပ်တယ်။

"ဒေါ်လေးဆီက လာတာ မနေ့ကမှ ရောက်တယ်။

ဘယ်သူက စစ်ဆေးနေလို့လဲ။ ဘာမှ မမေးရသေးဘဲ ပြောနေပြီ။

ဒါကိုက သူ့စိတ်ထဲ လှုပ်ရှားနေလို့ပေါ့။ စာအိတ်ပြာလေးက သူ့ကို ကိုင်လှုပ်ထားလို့ပေါ့။ ဟုတ်ဘူးလား။

"ဖတ်မယ်နော်"

ကျွန်မက သူ့ကို ခွင့်တောင်းတဲ့ လေသံနဲ့ ပြောတယ်။

"ဖတ်ပေါ့ သီရဲ့၊ ဒေါ်လေးစာပဲဟာ"

ဒါနဲ့ ကျွန်မ ဖတ်လိုက်တယ်။ ဒီမှာ အသုံးအနှုန်းတစ်ခုပြောင်းနေတာ တွေ့ရတယ်။ မမဝင်းက သူ့ကိုယ်သူ 'ဝင်းဝင်း'လို့ သုံးတယ်။ အားလုံး သိထားတဲ့ အခေါ်ဝေါ်က 'ဒေါ်လေးဝင်း'၊ 'ရန်ကြီး' တစ်ခါတလေကျမှ 'ကလေး'။

စာကို ပြန်ပေးလိုက်တယ်။

"ဘန်ကောက် ရောက်ကတည်းက ရေးတာပေါ့နော်"

"အင်းလေ အဲဒီထဲ ပါသားပဲ"

"လေးလေးဆီတော့ ဘန်ကောက်ကနေ မရေးဘူး"

အောင့်မျက်နှာ မာသွားတယ်။ ကျွန်မ မာသွားတယ်။ ကျွန်မဆိုလိုတာကို သူချက်ချင်း သဘောပေါက်လို့ ဖြစ်မှာပေါ့။

"သီ"

စကားမဆက်ဘဲ ခဏရပ်နေတယ်။ သူစကားလုံး ရွေးနေပုံရတယ်။

"ပြောလေ"





"သီ ကိုယ့်ကို မရှင်းတာရှိရင် မြောင်မေးနော်"

"ရှင်းပါတယ်"

ဟုတ်တယ်။ ကျွန်မ အသိမှာ ရှင်းနေသားပဲ။ ရှင်းရှင်းကြီး ဥစ္စာကို။

ကျွန်မ မျက်နှာရိပ်မှာ သရော်တဲ့ပုံမျိုး ပါသွားသလား မသိဘူး။ အောင် ကျွန်မကို သေသေချာချာ ကြည့်ပြီး သက်ပြင်းချတယ်။ ခေါင်းနည်းနည်းယမ်းတယ်။

"သီ့ကို ကိုယ် ပြောပြမယ်"

"ဘယ်သူက မေးလို့လဲ"

"မမေးလို့ပြောပြရမှာ။ မေးရင် တစ်ခွန်းတည်းနဲ့ ရှင်းပြလို့ရတယ်"

"ရှင်းမပြတာက ပိုပြီး မရှင်းဘူးလား"

သူ ကျွန်မကို စိုက်ကြည့်တယ်။

ကျွန်မတို့ အခြေအနေက ရုတ်ခြည်း ပြောင်းသွားပြီလေ။ တင်းမာသွားပြီဆိုပါတော့။

ကျွန်မကို သူ သိတယ်။ ကျွန်မ စိတ်ကို သူ တော်တော် နားလည်နေပြီ ထင်တယ်။ ကျွန်မလည်း သူ့ကို တော်တော်လေး နားလည်နေပြီပဲဟာ။

သူက ပျော့ညံ့တယ်။ အဲသလိုဆိုလို့ ကျွန်မက ကျွန်မကိုယ် ကျွန်မ စိတ်မာတယ်၊ ပြတ်တယ်လို့ ပြောချင်တာ မဟုတ်ပါဘူး။ ဒါပေမယ့် သူ့ထက်စာရင် မာတာ အမှန်ပဲ။

အောင့်မျက်နှာကို ကျွန်မ ပြန်စိုက်ကြည့်နေလိုက်တယ်။ ကျွန်မ မျက်လုံးက အရောင်ထွက်နေမှာပါ။ သူသက်ပြင်းချတယ်။

"ပြောရလိမ့်မယ် သီ"

"ပြောပေါ့အောင်၊ စကားတွေ အများကြီး ပြောနေကျပဲ ဥစ္စာ"

"ခု ပြောမှာကို ဂရုစိုက် နားမထောင်လို့တော့ မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ကို ဂရုတစိုက် နားထောင်ရမယ်ဆိုတာ သိပါတယ်"

"ကောင်းပြီ"

ကျွန်မတို့ စည်ပင်သာယာရေးအဖွဲ့ရဲ့ ရေကန်ကြီးဆီ လျှောက်ခဲ့တယ်။ ကရိုလမ်းထိပ် ယခု ဗိုလ်မြတ်ထွန်းလမ်းကပေါ့။ သံတိုင်းစည်းရိုးကာထားတဲ့ ရေကန်ကြီး ပါ။ အဲဒီ ကန်ကြီးထဲမှာ ရေမျက်နှာပြင်နားအထိ ကိုင်းကျနေတဲ့ သစ်ကိုင်းကြီး ရှိတယ်။ သစ်ပင်ကြီး ကိုင်းနေလို့ ကျွန်မက သစ်ကိုင်းကန်လို့ နာမည်ပေးထားပါတယ်။ ရေတွေကတော့ အစိမ်းရောင်ညို့နေတယ်။ ကြည်ကြည်လင်လင်မဟုတ်ဘူး။

ကျွန်မ အဲဒီရေကန်ကြီး ကြည့်ပြီး ရင်ထဲမှာ နောက်ကျိနေတာ သည်တစ်ခါပဲ မြင်ဖူးတယ်။

အောင်နဲ့ အတူတူတွဲပြီး လမ်းလျှောက်တဲ့ အခေါက်ပေါင်း မရေမတွက်နိုင်တဲ့ အထဲမှာလည်း ဒီတစ်ခါ လျှောက်ရတာ ရင်အနာဆုံးပဲ။

ကျွန်မ အောင်နဲ့ စပြီး ချစ်ကြတာကို မှတ်မိမှာပေါ့။ 'ရယ်စရာကောင်းနေမလား မသိဘူး'ဆိုတာလေ။

ခု ရယ်စရာမကောင်းတော့ဘူး။ အဲ ဒါမှမဟုတ်လည်း ရယ်စရာကောင်းနေပြီ။ သူ့ဆီရေးတဲ့စာကို ပြန်ပြင်ရေးပြလို့ ရရင် ကောင်းသား။

'ရယ်စရာကောင်းနေပြီ။ ကိုယ်လည်း မင်းကို အဲ ချစ်ရဲ့လားမသိဘူးလို့'လို့။

ဟုတ်တယ်၊ ကျွန်မ သူ့ကို ချစ်မှ ချစ်သေးရဲ့လား။ ဒါမှမဟုတ် သိပ်ချစ်မိပြီလား။ ကျွန်မ ကြားဖူးတယ်လေ၊ ချစ်ရင် သဝန်တိုတယ်တဲ့။

သဝဏ်လွှာ မဟုတ်ပါ

သဝန်လွှာ

သဝန်တိုလို့ပါ။

ဆိုတဲ့ ကဗျာလေးတောင်မှ မှတ်မိသေး။

ဒီတော့ ကျွန်မ စဉ်းစားကြည့်တယ်။ အရင့် အရင်အခါတွေတုန်း





က ဘာဖြစ်လို့ ခုလောက် ရင်ခုန်လှိုက်မောတာတွေ မဖြစ်ရတာလဲ။

မောင်နဲ့ ချစ်ခဲ့ကြတဲ့ အချိန်တွေထဲမှာ ခုတစ်ခါလောက် တစ်ခါမှ စိတ်မလှုပ်ရှားဖူးဘူး။ ဘာလို့လဲ၊ အရင်တုန်းက အေးဆေးငြိမ်သက်နေလို့လား။ မထူးခြားလို့လား။

ဟုတ်တယ်၊ ဘာမှမှ သိပ် မထူးခြားဘဲ။ သူက ကျွန်မကို ချစ်တယ်လို့ ပြောတယ်။ ကျွန်မကလည်း သူ့ကို ချစ်တယ်လို့ ပြန်ပြောတယ်။ ဘာဖြစ်လို့ ချစ်သလဲဆိုတော့ ချောလို့၊ ဒါပဲ။

ခု သူ့ကို ချစ်တဲ့ နောက်တစ်ယောက်လည်း ရှိနေပြီ။ မမဝင်း။

မမဝင်းက သူ့ကို ချစ်တာ ဘာဆန်းလဲ။ ငယ်ငယ်တည်းက ချစ်တာ။ တူလည်း တော်တယ်။ လေးငါးဆယ်နှစ်သားကတည်းက အတူတူနေခဲ့ကြတာ။ ပြီးတော့ အသက်ကလည်း ကွာလွန်းပါတယ်။ ဒါနဲ့များ ကျွန်မ ဘာလို့ မတွေးသင့်တာတွေ တွေးရသလဲ။

အဲ မမဝင်းကကော အောင့်ဆီကို ဘာလို့ စာရေးရလဲ။ ပြီးတော့ 'ဝင်းဝင်း'တဲ့။ ဘာလဲ။

ကျွန်မရင်တွေ ပိုတုန်လာတယ်။ 'ဝင်းဝင်း'ဆိုတဲ့ လက်မှရေးဝိုင်းဝိုင်းနဲ့ စာလုံးကလေးနှစ်လုံးကို မျက်စိထဲက ဖျောက်လို့မရဘူး။

"ကိုယ် သိတယ် သီ၊ သီ ဘယ်လို ထင်ထားတယ်ဆိုတာ"

"အဲဒါ ဟုတ်သလား"

"ကိုယ်နောက်ထပ် စာတစ်စောင်ပြမယ်။ အဲဒါက ခု ပါမလာဘူး။ အိမ်မှာ သိမ်းထားတာ"

"မဖတ်ချင်တော့ဘူး"

"မဖတ်ရင် ရှင်းမှာ မဟုတ်ဘူး။ ကိုယ့်ကို နားလည်မှာ မဟုတ်ဘူး။ ပြီးတော့ ဒေါ်လေးဝင်းကိုလည်း နားလည်မှာ မဟုတ်ဘူး။ တစ်ခု ဆရာကိုစိန်သောင်းတို့ပြောတဲ့ ပြဿနာကိုလည်း နားလည်မှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နားမလည်ချင်တော့ဘူး။ ခု ကိုယ့်ဘာသာကိုယ် နားလည်ထား[illegible] အတိုင်းပဲ နေချင်တယ်"

"သိ မင်း သိပ်စိတ်လှုပ်ရှားနေပြီ"

"ဟုတ်တယ်၊ ဒီတစ်ခါလောက် ရင်တုန်တာ မရှိသေးဘူး"

"သိ"

ကျွန်မ လှည့်မကြည့်ဘူး။

"မင်း ကိုယ့်ကို တကယ် ချစ်နေပြီ"

ဟုတ်သလား၊ ဟုတ်သလား။ ကျွန်မ အောင့်ကို တကယ်ချစ်[illegible] ပြီလား။

"မချစ်ဘူး၊ မချစ်ဘူး၊ မုန်းတယ်"

ပထမဦးဆုံးအကြိမ် ပြောမိတဲ့ 'မုန်းတယ်' ဆိုတဲ့ စကားပါ[illegible] အောင်နဲ့ ကျွန်မ ချစ်ခဲ့ကြတဲ့ အချိန်တစ်လျှောက်လုံးမှာ 'မုန်းတယ်' လို့ စိတ်ကောက်ပြီးတော့တောင် မပြောဖူးဘူး။ ဒီတစ်ခါ ပြောမိတယ်။

ဘာလဲ၊ တကယ်မုန်းတာလား။ မဟုတ်မှန်း ကိုယ့်ဘာသာ ကိုယ်[illegible] သိနေတယ်။ တကယ်မမုန်းပါဘူး။ ဒါပေမယ့် ခံပြင်းတယ်။ ကျွန်မထ[illegible] ချစ်တဲ့သူ အောင့်မှာ ရှိနေတယ်လို့ ကျွန်မ ထင်နေတယ်။ အဲဒါကို [illegible] နိုင်ဘူး။ ဒီလိုဆိုကတည်းက ကျွန်မ အောင့်အချစ်ကို တစ်ဦးတည်း[illegible] လုပ်ချင်နေတာပေါ့။

"ဒီတစ်ခါပဲ မင်း ညာပြောသေးတယ် သိ"

"ညာတာ မဟုတ်ဘူး။ တကယ်ပြောနေတာ။ ပြန်တော့ အောင်[illegible] မဟုတ်ဘူး။ သိ ပြန်တော့ အောင်။ မဟုတ်ဘူး။ သိ ပြန်တော့မယ်"

ကျွန်မ မျက်ရည်ဝိုင်းလာတယ်။ အသံလည်း တုန်လာတယ်[illegible] ကျွန်မ လှည့်ထွက်ခဲ့တယ်။

အောင် ကျွန်မနားကို ကပ်လိုက်မလာဘူး။ ကျွန်မ ပိုစိတ်[illegible]





တာပေါ့။ ကျွန်မကို တကယ် မချစ်ဘူးဆိုတာ ပိုသေချာသွားတာပေါ့။ ဟုတ်တယ်၊ အောင် ကျွန်မကို မချစ်ဘူး။ သူချစ်တာက…

ကျွန်မ မျက်စိထဲမှာ ဝါးတားတားနဲ့ ကန်ရေပြင်စိမ်းစိမ်းကြီးကို မြင်နေရတယ်။ ကျွန်မ လမ်းလျှောက်နှုန်းက မြန်လို့လား မသိဘူး။ ကျွန်မ ဘေးကနေ သံတိုင်တွေ တရိပ်ရိပ် ဖြတ်သွားတာ ခေါင်းတောင် မူးလာသလိုပဲ။ ရေညှိရေမှော်တွေနဲ့ စိမ်းနေတဲ့ ကန်ကြီးက ကျွန်မကို သရော်နေတယ်လို့ ထင်တယ်။

အောင် ခြေလှမ်းမှန်မှန်နဲ့ ကျွန်မနောက်က လိုက်လာမှန်း ကျွန်မ သိတယ်။ အောင့်အချော့ကို ကျွန်မ မခံနိုင်ဘူး။ ဒါနဲ့ ကျွန်မ ပိုပြီး သွက်သွက်လျှောက်တယ်။

ကရိလမ်း ယခု ဗိုလ်မြတ်ထွန်းလမ်းက ရှည်လိုက်တာ။

ကျွန်မ နှုတ်ခမ်းကို ကိုက်ထားမိတာ လွန်သွား ထင်ပါရဲ့။ နှုတ်ခမ်းက နည်းနည်း နာလာတာကို သတိပြုမိတယ်။

အောင် ကျွန်မနောက်နားကို ရောက်လာပြီ။

သူက ယောကျ်ား ခြေလှမ်းဆိုတော့ ကျဲကျဲလှမ်းလာတာနဲ့ ကျွန်မကို မီနိုင်တာပေါ့။ ကျွန်မ ထွက်ပြေးချင်တယ်။ မသင့်လျော်ဘူး ထင်လို့သာပေါ့။

အောင်က ကျွန်မကို ရယ်သံစွက်တဲ့ လေပြည်နဲ့ ပြောလိုက်တယ်။

"မင်းကို ချစ်တဲ့အကြောင်း ငိုစရာတစ်ခုနဲ့ ပြရလိမ့် သိသိ"

ကျွန်မ အသက်ရှူ ခဏရပ်သွားတယ်။ ခြေလှမ်းတုံ့သွားတယ် သတိမထားလိုက်မိဘူး။ ကျွန်မ ဆက်လျှောက်နေသလား။ ရပ်နေမိသလား။

လှည့်ကြည့်တော့ အောင့်ကျောပြင်ကိုပဲ တွေ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



အောင် လမ်းကို ဖြတ်ကူးသွားပြီ။ ကရိလမ်း ယခု ဗိုလ်မြတ်ထွန်းလမ်းအောက်လမ်းက ကားအသွားအလာနည်းတယ်။ ကတ္တရာလမ်းမ နက်နက်ကြီးပေါ်မှာ အောင် တစ်ယောက်တည်း ဖြစ်လျှောက်သွားတာ လွမ်းစရာလိုလို။

ငိုစရာတစ်ခုနဲ့ ကျွန်မကို ချစ်ကြောင်း ပြမတဲ့။

ငိုစရာကောင်းနေမလား မသိဘူး။ ဒီလိုလေ...

*

# [၂၃]

ကျွန်မ အောင်နဲ့ မတွေ့တာ တစ်ပတ်ကျော်သွားပြီ။ ကျွန်မက တွေ့မခံတာလည်း မဟုတ်ဘူး။ သူက လာမတွေ့တာလည်း မဟုတ်ဘူး။ ကျွန်မတို့ချင်း နားလည်မှု ရထားတာ ဖြစ်တယ်။ ခဏတစ်ဖြုတ် တမန်အဆက်အသွယ် ဖြတ်ထားတယ်ဆိုပါတော့။

ကျွန်မတို့အတန်းဘက်ကို သူမလာဘူး။ ကျွန်မကလည်း သူ့ အတန်းဘက် မသွားပါဘူး။

ကျွန်မမှာ မိန်းကလေးသူငယ်ချင်းဆိုလို့ များများစားစား မရှိဘူး။ ယောကျ်ားလေးသူငယ်ချင်းလည်း မရှိပါဘူး။ ကျွန်မ သူငယ်ချင်း အသွယ်တစ်ယောက်ကတော့ သူ့ 'မောင်'နဲ့ သူ ပြေလည်နေလို့ ကျွန်မ သိပ်အချိန်မပေးနိုင်ဘူး။

ကျောင်းက သူငယ်ချင်းတွေကလည်း အတန်းထဲမှာ တစ်ခုံတည်း ဥယျာဉ်ထိုင်ကြလို့သာ ခင်မင်ရင်းနှီးနေကြတာ။ သိပ်ပြီး နှစ်နှစ်ကာကာ တော့ မချစ်ကြပါဘူး။ ငယ်ပေါင်း ကြီးဘက်တွေမှ မဟုတ်တာ။

ဒီတော့ ကျွန်မ 'တစ်ကောင်တည်း ဖော်ကွဲတဲ့ငှက်' ဆိုတဲ့မျိုး ဖြစ်နေတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တော့ ကျွန်မ ကျောင်းက အပြန် ဆာဆာရှိတာနဲ့ ... ပြန့်သုပ်ဝင်စားတယ်။ အဲဒီကော်ပြန့်သုပ်ဆိုင်က ရုံးသွား ရုံးသား... အများဆုံး စားတဲ့ ဆိုင်ပေါ့။

ကျွန်မ ဆိုင်မှာ ဝင်ထိုင်တော့ ဖက်ဖူးစိမ်းထဘီဝတ်တဲ့ ရုံး... အမျိုးသမီးကြီးနှစ်ယောက် စားနေကြတယ်။ သူတို့စကားက ပြောလက်...

"အင်းလေ၊ ကိုစိန်သောင်းတို့ အသိပါပဲ"တဲ့။

ကိုစိန်သောင်းဆိုတာ ကျွန်မ မှတ်မိတယ်။ စာရေးဆရာဆိုတဲ့... ပေါ့။ ဟိုးတစ်ပတ်က အဲဒီနားက လက်ဖက်ရည်ဆိုင်မှာ တွေ့တဲ့လူ... ရယ်လေ။ နှုတ်ခမ်းမွေးစုတ်စုတ်နဲ့ ငနဲကြီးဟာ။

ကျွန်မလည်း အဲဒီနာမည် ကြားတာနဲ့ နည်းနည်း စိတ်ဝင်စား... တယ်။

အမျိုးသမီးကြီး နှစ်ယောက်ကတော့ ကျွန်မကို ဂရုမစိုက်မိပါ... သူတို့စကား သူတို့ ဆက်နေလေရဲ့။

"သိသိကြီးနဲ့ကွယ်၊ ဘာလို့များ ကိုဝင်းကို ပြောပြလိုက်ရ... လဲ"

"ကိုဝင်းကလည်း သိပြီးသားပါ"

"ဘယ်လို၊ သိပြီးသား၊ ဟုတ်လား"

"ဟုတ်တယ်၊ အဲဒါ ခက်တာပေါ့"

"အဝင်းက ပြောပြထားလို့လား"

"အဲဒါတော့ မသိဘူး"

ကျွန်မ ပိုပြီး စိတ်ဝင်စားလာတယ်။ ကိုစိန်သောင်းနဲ့ ကိုဝင်း... အဝင်းတဲ့။

လေးလေးနဲ့ မမဝင်းတို့ ပြဿနာပဲ ဖြစ်ရမှာပေါ့။

"ကိုရေချမ်းအဖြစ်က ဆိုးပါတယ်"





ဟော ကျွန်မ မသိတဲ့ နာမည်တစ်ခု ပါလာပြီ။ ကိုရေချမ်းတဲ့။

"အင်းလေ သူတို့နဖူးစာလို့ ဆိုရမှာပေါ့"

"ဒါနဲ့နေပါဦး၊ အဝင်းက ခု ဒီမှာ မရှိတော့ဘူးဆို"

"အင်းလေ၊ ထွက်သွားတာ တစ်လကျော်လောက် ရှိရောမယ်"

"သူတို့လင်မယား ကွာသွားတယ်ဆိုဘာကကော ဟုတ်လား"

"ဟုတ်တယ်တဲ့"

ကျွန်မရင်ထဲမှာ ဒုန်းခနဲမြည်တယ်။ ကွာသွားတယ်တဲ့။ မမဝင်း... လေးလေးနဲ့ ကွာသွားတယ်တဲ့။

"အင်းလေ အဲသလို ရှင်းမှပဲ သူတို့ကိစ္စက ပြတ်တော့မပေါ့"

"ပြတ်တာ မပြတ်တာတော့ မသိဘူး။ ခက်တာက ကိုရေချမ်းပဲ"

"ကိုရေချမ်းက ဘာတွေ ခက်နေသလဲ"

"ခုထိ ဆွေးလို့ မပြေသေးဘူး"

"အသက်တွေလည်း ကြီးကုန်ပါပြီနော်"

ပြောရင်း ရယ်တယ်။

ဘာတွေပါလိမ့်။ ကိုရေချမ်းဆိုတဲ့လူနဲ့ မမဝင်းနဲ့ ပတ်သက်ခဲ့... လား။ ပတ်သက်ခဲ့လို့ပဲ နေမှာပေါ့။ ပြီးတော့ အောင်ကကော။ အောင် ... ဘယ်နေရာမှာ ပါသလဲ။ ဓာတ်လိုက်ကြီးလား။ ဓာတ်ပို့လား။

ကိုရေချမ်းဆိုတဲ့ လူဟာ မမဝင်းနဲ့ ပတ်သက်ခဲ့တာ အမှန်ပဲဖြစ်... ယ်။ ဒီကြားထဲက အောင့်အခန်းကဏ္ဍကို သိချင်တယ်။

"ကောင်းလေးကကော"

"ချာတိတ်လား။ မသိဘူး။ သူတို့ချင်းမှ သိမှာ။ ဓာတ်ရှုပ်ကြီးပါ"

ဟော ပါလာပြီ။ ကောင်လေးဆိုတာ အောင့်ကို ရည်ညွှန်းတာပဲ ...ရမယ်။ ပြီးတော့ ဓာတ်ရှုပ်ကြီးပါတဲ့။

ကျွန်မ ထင်ထားတာက သုံးပွင့်ဆိုင် အချစ်ဓာတ်လမ်း။ အောင် ...ယ်၊ လေးလေးရယ်၊ မမဝင်းရယ်။ ထားပါလေ။ ကျွန်မပါ လည့်တွက်



www.burmeseclassic.com

www.burmeseclassic.com



ရင် လေးပွင့်ဆိုင်ပေါ့။ ခုတော့ ကိုရေချမ်းဆိုတဲ့ လူက တိုးလာတ ငါးပွင့်ဆိုင်များ ဖြစ်နေဦးမလား။ ကိုရေချမ်းဆိုတာ ဘယ်သူလဲ။ ဓာတ် ကြီးဆိုတာ ဘာလဲ။ ဘယ်သူနဲ့ ရှုပ်တာလဲ။

"ဒါနဲ့ ကိုသန်းမြင့်တို့နှစ်ယောက်ကော အဆင်ပြေသွားကြပြီလား"

"ပြေသွားပါပြီ"

အမျိုးသမီးကြီးနှစ်ယောက်ရဲ့ စကားလမ်းဂ ပြောင်းသွားပြီ။

ကျွန်မ သူတို့ ဆက်ပြောတဲ့ စကားတွေကို စိတ်မဝင်စားတော့ ဘူး။ အောင်ရယ်၊ မမဝင်းရယ်၊ လေးလေးရယ်၊ ကိုရေချမ်းဆိုတဲ့ လူရယ် သူတို့ဓာတ်ရှုပ်ရယ်၊ ပြီးတော့ ကျွန်မရယ်။

အသုပ်က ဘယ်လိုကုန်သွားတယ် မသိလိုက်ပါဘူး။

လက်သုပ်ဆိုင်က ကျွန်မ ထထွက်ခဲ့တယ်။

အယ် ရှေ့မှာ ကိုစိန်သောင်းဆိုတဲ့ စာရေးဆရာ ငိုက်စိုက် ငိုက် စိုက်နဲ့ လျှောက်လာတယ်။ လွယ်အိတ်တစ်လုံးက ဖတ်လတ် ဖတ်လတ် နဲ့ သူ့ဘေးက ကပ်ပါလာလေရဲ့။ မိန်းမဆောင်းထီး နက်တစ်လက်ကို လည်း ဆွဲလို့။ ပုံကတော့ တကယ့်ကို ပုံမလာထဲကပါ။

အဲသလိုပဲ တိုက်ဆိုင်တတ်တယ်နဲ့ တူတယ်။ လောကကြီးမှာ တိုက်ဆိုင်မှုတွေဟာ ရှိနေတယ်ထင်တယ်။ အဲဒီတိုက်ဆိုင်မှုတွေဟာ အ အစဉ်မဲ့ဖြစ်လာတာတော့ မဟုတ်တန်ရာပါဘူး။

ကျွန်မတို့ မသိနိုင်တဲ့ နိယာမတရားတစ်ခုခုဟာ အဲသလိုပဲ ရှိ တယ်ထင်ရဲ့။

ကျွန်မ ကြုံဖူးပေါင်းများပြီ။ တယောက်ယောက်အကြောင်း တွေးနေရင်းနဲ့ အဲဒီလူကို တွေ့ရတာမျိုး။ တစ်ယောက်ယောက်အကြောင်း ပြောနေရင်း အဲဒီလူရောက်လာတာမျိုး ခဏခဏဖြစ်တတ်တယ်။ "အသ ရှည်ဦးမယ်၊ ခုပဲ မင်းအကြောင်းပြောနေတာ"လို့ ကျွန်မတို့ ခဏခဏ ပြောကြရတယ် မဟုတ်လား။





အဲဒါ ဘာသဘောလဲ မသိဘူး။ မသိတာကို မသိတဲ့အတိုင်း ထားလိုက်တာ ကောင်းပါတယ်။

ကျွန်မနဲ့ အဲဒီစာရေးဆရာ ကိုစိန်သောင်းနဲ့ အကြည့်ချင်းဆုံတယ်။ သူက ကျွန်မကို မှတ်မိပုံပဲ။ ကျွန်မလည်း သူ့ကို မှတ်မိတာပဲဥစ္စာ။ သူက အသိအမှတ်ပြုတဲ့ အကြည့်မျိုးနဲ့ ကြည့်တယ်။ သူ့အဖော်ကို တစ်စုံတစ်ရာ ပြောလိုက်တယ်။ သူ့အဖော်ကလည်း ကျွန်မကို လှမ်းကြည့်တယ်။

ကျွန်မ သူတို့ကို မကြည့်ဘဲနဲ့ သူတို့ အမူအရာတွေကို သိနေ တာပါ။ အာရုံက သူတို့ဆီ ရောက်နေတာကိုး။

ကျွန်မ သူတို့ကို တစ်ချက် လှမ်းကြည့်တယ်။ ကိုစိန်သောင်းဘေး က လူက ကျွန်မကို တွေပြီး ကြည့်နေတယ်။ သူ့မျက်လုံးကို လျှပ်ခနဲ မြင်လိုက်ရပေမယ့် သူ့မျက်လုံးထဲက ဆွေးရိပ်ကို ကျွန်မ ဖမ်းမိလိုက်တယ်။

ပုံစံက ဆံပင်ရှင်ရှည်၊ ညှင်းဆိုးဆိုးပါ။ မျက်တွင်းက ချောင်နေ တယ်။ အသားဖြူဖြူပဲ။

ကျွန်မက လျှပ်ခနဲ မြင်လိုက်ရတော့ သူ့သဏ္ဌာန်ကို သေသေချာချာ မှတ်မိလိုက်ဘူး။ ရုပ်ကတော့ သန့်သန့်ထဲကပါ။

မသိဘူးလေ၊ အဲဒီလူဟာ ကိုရေချမ်းဆိုတာ ကျွန်မ ဘယ်သိနိုင် ခဲ့ပါ့မလဲ။ ပြီးတော့ သူတို့အချစ်ဓာတ်လမ်းကိုလည်း ဘယ်သိနိုင်ခဲ့ပါမလဲ။ အနှစ်နှစ်ဆယ် အလွမ်းသီချင်းတစ်ပုဒ်ဆိုတော့ ကျွန်မတို့ မမွေးခင်ကပေါ့။

ကျွန်မတို့ ပြန်နားထောင်ရလို့လည်း လွမ်းစိတ်ပေါ်မှာ မဟုတ်ပါ ဘူး။ သူတို့အလွမ်းက တယောနဲ့ လွမ်းတာမဟုတ်လား။ ကျွန်မတို့ အလွမ်း က ဘော့စ်ဂေတာနဲ့ လွမ်းတာလေ။

'မင်းပေးခဲ့တဲ့ မင်းရဲ့ကတိတွေ၊ ခုတော့ ခုတော့ ဘယ်များရောက် သွားသလဲ'ဆိုရင် ကျွန်မတို့က လွမ်းလို့ရပြီ။ 'ပန်းကြွေသောလမ်း ဖြတ် သန်းလျှောက်သောအခါ ကိုယ့်အသည်း ဘယ့်နှယ်ရှိမယ်'ဆိုတာက လွမ်း ရာ မကောင်းတော့ဘူး။ ပျင်းစရာကောင်းသွားပြီ။ ကျွန်မတို့ ခံစားချက် နဲ့ ပြောတာပါ။



www.burmeseclassic.com

www.burmeseclassic.com



အဲ…အဲဒီလူရဲ့ပုံက အဲဒီခေတ်ကပါ။ 'ပန်းကြွေသောလမ်းဖြတ်သန်းလျှောက်'ခဲ့တဲ့လူ ဖြစ်မှာပေါ့။ အနှစ် နှစ်ဆယ်ခေတ် လူသားပုံစံပေါ့။

*

[၂၄]

ဘတ်စကားကို တိုးတက်လိုက်တယ်။ ကျွန်မ ခေါင်းထဲမှာ 'ဇာတ်ရှုပ်ကြီးပါ'ဆိုတဲ့ စကားက ကပ်ပါလာတယ်။ ဘယ်လိုရှုပ်တာလဲ။ ဘယ်သူနဲ့ ရှုပ်တာလဲ။ စကားအဆက်အစပ်အရ ဆိုရင်တော့ 'ချာတိတ်'နဲ့၊ 'ဇာတ်ရှုပ်ကြီး'နဲ့ ကပ်နေတယ်။ ချာတိတ်ဆိုတာ အောင်က လွဲလို့ မဖြစ်နိုင်ဘူး။

ဒါမျိုးက ဖြစ်တတ်တယ် မဟုတ်လား။ ကပ်ပြီး ရှုပ်တာလေ။ အဲသလိုများလား။ ကျွန်မ မတွေးကောင်း တွေးကောင်းတွေ လျှောက်တွေးမိတယ်။

ဘတ်စကားက ပိုလို့ ကျပ်လာတယ်။ ကျွန်မလည်း ဘယ်လိုငိုင်နေမိသလဲ မသိဘူး။ 'မဆင်းသေးရင် အပေါက်ဝက ဖယ်ပါ'ဆိုတဲ့ အသံကြားမှ ကျွန်မ ဒရိုင်ဘာနောက်က သံတိုင်နား အတင်းတိုးလိုက်တယ်။

ဘတ်စကားပေါ်မှာ ယုတ်မာတဲ့ ကောင်တွေရှိတာ သိတယ်မဟုတ်လား။ ကျွန်မကတော့ အဲသလိုကောင်မျိုးနဲ့တွေ့ရင် တန်ရုံလောက်သည်းခံတယ်။ ကဲလာရင် 'ရှင့်လူက မွေးတာမှ ဟုတ်ရဲ့လား'လို့ အရမ်းအော်ပစ်လိုက်တာပဲ။ တစ်ခါတလေတော့ မတော်တဆ တိုးမိ တိုက်မိတာ



www.burmeseclassic.com

www.burmeseclassic.com



ရှိသပေါ့။ ဒါလောက်က ခွင့်လွှတ်နိုင်ပါတယ်။ တမင်လုပ်မှန်း သိသာလာရင်တော့ နည်းနည်းလေးမှ ငြိမ်မနေဘူး။

ခုလည်း ဒီလိုပဲ။ ကျွန်မ နောက်ကနေ ငနာတစ်ကောင် အတင်းတိုးလိုက်လာတယ်။ ပထမတော့ ရိုးရိုးပဲ အောက်မေ့တာ။ နောက်တော့ တမင်မှန်းလည်း သိရော ကျွန်မ ကိုယ်ကို အတင်းလှည့်လိုက်တယ်။ သူ့မျက်နှာနဲ့ ကျွန်မမျက်နှာ အလွန်ဆုံးကွာလှ ခြောက်လက်မပေါ့။ ပါးစပ်က အရက်နံ့ထောင်းထောင်းထနေတယ်။

ကျွန်မ သူ့ကို စိုက်ကြည့်တယ်။ ဘေးနားက လူတွေက သိသွားတယ်။ ငနဲက အမူးပါးပဲ။

"မတော်တဆနော် ညီမလေး"

"ဘာမတော်တဆလဲ၊ ရှင်..."

"တောင်းပန်ပါတယ် မိန်းကလေးရယ်၊ သူ မူးနေလို့ပါ"

သူ့ဘေးနားက တစ်ယောက်က တောင်းပန်တယ်။

"မူးတယ်ဆိုပြီး ရမလား"

ကပ်လျက် လူတွေဆီက အသံအမျိုးမျိုး ထွက်လာတယ်။

"ခရီးသွားချင်းပဲကွယ်"

"ဟေ့လူ ဆင်း"

"ကားရပ်၊ ကားရပ်"

"ဂါတ်ထဲ မောင်း"

"အတော် အောက်တန်းကျတယ်"

ကားဆရာက ကားကို လမ်းဘေးမှာ ရပ်လိုက်တယ်။ လက်မှတ်ရောင်းက-

"ကဲ...နောင်ကြီးတို့ ဆင်းကြဗျာ"

"ပိုက်ဆံပေးစီးတာကွ"

"ဘာဖြစ်ဖြစ် ဆင်းဗျာ"





ကားဒရိုင်ဘာက လက်လှည့်ကော်ဲက်ကို ကိုင်တယ်။

"ဟေ့ကောင်တွေ ဆင်းမလား၊ မဆင်းဘူးလား။ နည်းနည်းဖယ်ဗျာ"

ကားဒရိုင်ဘာ ထတယ်။

"ဆော်ကွာ"

"ကဲ...လုပ်မနေကြပါနဲ့၊ ဟိုလူက ဆင်းတော့ဗျာ"

အမူးသမားနဲ့ သူ့အဖော်ကားပေါ်က ဆင်းတယ်။ ကားဆက်ထွက်တယ်။

ကျွန်မ တလှိုက်လှိုက် မောလာတယ်။

"လူတွေကလည်း လူတွေပဲ"

"ကောင်မလေးတွေကလည်း ကောင်မလေးတွေပဲ"

တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်မျိုး။

"အဲဒါကောင်းတယ်၊ အလကားကောင်တွေ၊ ငါဆို ပါးဆွဲချမှာ"

ကျွန်မတို့ဘဝက အဲသလိုပဲ။ ကျွန်မမျက်နှာကို တတ်နိုင်သလောက်ထားတယ်။

နောက်တစ်မှတ်တိုင် ရောက်တော့ ဆင်းလိုက်တယ်။ ဘယ်မှတ်င်ရယ်လို့ မသိဘူး။ တော်ပါသေးရဲ့။ သိမ်ဖြူဈေးမှတ်တိုင်။ ကျွန်မမှတ်တိုင်ပဲ လျှောက်ရတော့မယ်။

အလိုလိုမှ စိတ်ထဲ နောက်ကျိကျိဖြစ်နေရတဲ့ကြားထဲ အယုတ်တမာနဲ့ လာတွေ့ရသေးတယ်။

ကျွန်မ ခဏရပ်ပြီး အမောဖြေလိုက်ရတယ်။ လူက သိပ်မမောဘူး။ စိတ်က မောတာ။

ရန်ကုန်မြို့တော်ကြီးမှာ နေရတာ တယ်လည်း ကျပ်ပါလားလို့ န်မ စဉ်းစားမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ပြိုင်နက်တည်း လေးလေးတို့၊ အောင်တို့ဘဝကိုလည်း စဉ်း မိတယ်။ အောင်တို့က ကျပ်တယ်ဆိုတာ ကျွန်မတို့ အိပ်နေသလော ရှိမှာပေါ့။

ဟုတ်တယ်လေ။ ဘတ်စကားကို ချောင်မှ စောင့်စီးနိုင်တဲ့ လူ မျိုးဟာ ကျပ်တယ်ဆိုတာ ဘယ်သိနိုင်ပါ့မလဲ။

ကျပ်တယ်ဆိုတာ မြင်ရုံနဲ့ သိလို့ရတဲ့ ကိစ္စမဟုတ်ပါဘူး။ ခံတော သိမှာ။ မဟုတ်ဘူးလား။

ကျွန်မ ပလက်ဖောင်းပေါ်မှာ ခဏရပ် စဉ်းစားပြီး နေမိတယ အောင်နဲ့ ကျွန်မ ဘဝကိုပေါ့။ ယှဉ်ပြီး စဉ်းစားမိတာ။

ကျွန်မ အလိုလို အားငယ်လာတယ်။

ကျွန်မ မျက်စိထဲမှာ အောင့် မိဘတွေစီးတဲ့ ကားရယ်၊ လေး တို့နေတဲ့ တိုက်ပုလေးရယ်၊ ပြီးတော့ အောင် ခဏခဏ ပြောဖူးတဲ့ ချ တိုက်ကြီးရယ်။

ပြီးတော့–

ဘတ်စကားပေါ် အတင်းတိုးတက်ရင်း လူတွေကြားထဲမှာ အော တောင် လှုရှုရတဲ့ ကျွန်မရယ်။

အို ဆက်စပ်လို့ မရပါလား။ ဘယ်လိုမှ ကြည့်လို့၊ ရှုလို့ အ မပြေတဲ့ အတွဲပါလား။ အစက ကျွန်မ ထင်ခဲ့မိတာတွေရယ်တောင် ချင်သေး။

ကျွန်မတို့နှစ်ယောက် တွဲပြီး လမ်းလျှောက်သွားတာကို မြင် လူတွေက သိပ်လိုက်ဖက်တဲ့ စုံတွဲလို့ သတ်မှတ်မှာပဲလို့ ထင်ခဲ့မိတာ ရှက်များတောင် ရှက်ဖို့ကောင်းတယ်။

အကြောင်းသိတဲ့ လူတွေက ဘာပြောမလဲ။ ကျွန်မကို ဒီကော လေး ရန်ကြီးအောင်ကို ဖမ်းနေတာပါလို့ မေးငေါ့ကြမှာပေါ့။





ကျွန်မစိတ်ထဲမှာ တစ်ခါမှ မဖြစ်ဖူးသေးတဲ့ အားငယ်စိတ်ပေါ်လာ ယ်။ ကျွန်မစိတ်ကို ပြန်ဆန်းစစ်ကြည့်တယ်။ အောင့်ကို ချောလို့ ချစ် တော့ ဟုတ်ပါပြီ။ သူ့ချမ်းသာတာတွေရော ထည့်စဉ်းစားမိသလား။ တို့အသိုင်းအဝိုင်းကို အထင်ကြီးပြီး အောင့်ကို ချစ်ခဲ့တာလား။

အဲသလိုဆိုရင်တော့ ကျွန်မ ချက်ချင်းနောက်ဆုတ်မှာပဲ။

ခု အောင်နဲ့ ပတ်သက်ပြီး စဉ်းစားစရာတွေ အများကြီး ဖြစ်လာ း

ကျွန်မတို့ အခြေအနေနဲ့ သူတို့ အဆင့်အတန်းနဲ့ ကွာတာကို းလိုက်ပါဦး။ လောလောဆယ် သူကိုကိစ္စကို စဉ်းစားကြည့်ရင်လည်း းစရာတွေ အများကြီး။

လေးလေးနဲ့ မမဝင်းက ကွာသွားသတဲ့။ အဟုတ်ပဲလား။ ဒါဖြင့် းဒေလီကနေ ဘာဖြစ်လို့ စာရေးရသလဲ။

မမဝင်းက အောင့်ဆီကို ဘန်ကောက်ကတည်းက စာရေးတယ်။ းတော့ 'ဝင်းဝင်း'တဲ့။ ဘာသဘောလဲ။

ကိုရေချမ်းဆိုတဲ့ လူကြီးနဲ့ မမဝင်းနဲ့ ဘယ်လို ပတ်သက်သလဲ။

လေးလေးက သိပါတယ်ဆိုတာ ဘာကို သိတာလဲ။ အောင်နဲ့ တ်သက်လို့ သိတာလား။ ဘာပတ်သက်ခဲ့သလဲ။

အောင်က ဇိုစရာတစ်ခုနဲ့ ပြမယ်ဆိုတဲ့ အချစ်က ဘယ်လိုလဲ။

ကျွန်မဆီကို အောင် ဘာမျက်ရည်တွေ သယ်လာဦးမလဲ မသိ

*

ဘယ်လိုလျှောက်ခဲ့တယ်ဆိုတာ အမှတ်မရတော့ဘူး။ အိမ်ရောက် တော့ ကျွန်မအစ်မက လှမ်းပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေ တွေးလာသလဲ မိသိ။ ရည်းစားပူမိလာသလား"

ကျွန်မ ဟန်ပန်အမူအရာက လမ်းလျှောက်လာရင်း ပေါ်နေ ကျွန်မကို ကျွန်မအစ်မက အိမ်ပြင် ဝရန်တာကနေ ထွက်ကြည့်နေတ ထင်ပါရဲ့။

ကျွန်မ ဘာမှ ပြန်မပြောဘူး။ အတွင်းခန်းထဲ ဝင်လိုက်တ မမ လိုက်လာတယ်။

ကျွန်မတို့အိမ်၊ အဲ မမတို့အိမ်က ကျဉ်းကျဉ်းလေးပါ။ အိပ် တစ်ခန်း၊ မီးဖိုနဲ့ ထမင်းစားခန်းတစ်ခန်း၊ ဧည့်ခန်းတစ်ခန်း၊ ဒါပဲ။ ချိုးချင်ရင် အောက်ထပ်က ဘုံပိုင်ဆင်းချိုး။ အိမ်သာကလည်း အော မှာ တန်းစီလို့။ ဘုံအိမ်သာ။

ကျွန်မ အတွင်းခန်းထဲမှာ အဝတ်လဲမယ်လုပ်တုန်း မမက စာ ညိုညိုရှည်ရှည်တစ်လုံး လာပေးတယ်။

ချိပ်ပိတ်ထားတယ်။ အဲဒီစာအိတ်နဲ့ တွဲလျက် စာအိတ်ပြာ တစ်စောင်ပါတယ်။

ကျွန်မ သိလိုက်ပါတယ်။

"ညည်းလူ လာပေးသွားတာ"

ကျွန်မ လှမ်းယူတယ်။ ပြီးတော့ ကျွန်မ သေတ္တာလေးထဲ လိုက်တယ်။ အောင်ပြောတဲ့ ငိုစရာတစ်ခုဆိုတာ အဲဒါဖြစ်မှာပေါ့။ လောဆယ် ကျွန်မ မငိုချင်သေးဘူး။ စိတ်ထဲ နောက်ကျိကျိနဲ့။ တ ပေါ် နှစ်ပူဆင့် ဆိုတာမျိုး ဖြစ်လာဦးမယ်။ ပြီးတော့ ကျွန်မ ဆုံးဖြတ် ရှိသေးတယ်။

ဟုတ်တယ်။ ဘာရယ်မှန်း မသိပေမယ့် တစ်ခုခုကို ယတိ ဆုံးဖြတ်ရတော့မယ်ဆိုတာ ကျွန်မ သိနေတယ်။

*

[၂၅]

နလုံးသားလေး
ချိပ်ပိတ်ပေးပါ၊
ရင်နာတာတွေ
မသိစေလို့။

အဲ နောက်ပဲဟာတွေတော့ မေ့သွားပြီ။ ကဗျာလေးတစ်စပဲလို့ ထားလိုက်ပါ။

တကယ်တော့ ဘတ်စကားပေါ်မှာ လူကျပ်လို့ အတိုးအဝှေ့ခံရတာ နဲ့ ကျွန်မဘဝအတွက် ဆုံးဖြတ်ချက်တစ်ခုခုရတာနဲ့ ဘာမှ မဆိုင်ပါဘူး။ အဲသလိုတွက်ရင်လည်း ရပါတယ်။

ဒါပေမယ့် လူ့ဘဝမှာ မထင်မှတ်တဲ့ အဖြစ်အပျက်ကလေးတွေ က သင်ခန်းစာထုတ်ယူလို့ ရတယ်မဟုတ်လား။

ကမ္ဘာကျော် အာခေမိဒီ နိယာမကို ကြည့်လေ။ ကျွန်မငယ်ငယ် ကတည်းက သင်ခဲ့ရတဲ့ နိယာမတစ်ခုပဲဥစ္စာ။ အဲဒီနိယာမကို အာခမိဒီ ဘယ်လိုရသလဲ။ ရေချိုးရင်း ရတယ် မဟုတ်လား။ ကန်ထဲမှာ ရေပြည့် နေတယ်။ သူက ကန်ထဲဆင်းလိုက်တယ်။ ရေတွေက လျှံကျသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်အပျက်က ဒါပဲ။ အဲဒါ အာခေမိဒိက စဉ်းစားတယ် မဟုတ်လား။ ပြီးတော့–

$$\text{သိပ်သည်းခြင်း} = \frac{\text{အရာဝတ္ထု၏အလေး}}{\text{၎င်းအရာဝတ္ထု၏ထည်ထု}}$$

လို့ နိယာမထုတ်လိုက်တယ်။ အဲ အဲဒါ သိလိုက်ရတာနဲ့ ရေချိုးကန်ထဲက ပြန်ပြေးလာတာ လုံချည်တောင်၊ အဲ ဘောင်းဘီတောင် မပါဘူးတဲ့။ ရှက်စရာကြီး။

ဒါပေါ့။ အဲသလိုမျိုး အဖြစ်အပျက်တွေက အများကြီးပါ။ ပန်းသီးကြွေတာကို ကြည့်ပြီး ကမ္ဘာမြေကြီးရဲ့ ဆွဲငင်အား ပတ်သက်တဲ့ နိယာမကို ထုတ်ပြတဲ့ နျူတန်ကြည့်ပါလား။

ကြီးကျယ်လိုက်တာလို့ ဆိုချင်ဆိုပေါ့။ ကျွန်မတော့ အဲသလို အဖြစ်အပျက် အသေးအမွှားလေးတွေက နေပြီး ကြီးကြီးကျယ်ကျယ် စဉ်းစားကြည့်ရတာကို သဘောကျတယ်။ သိပ် ပျော်စရာကောင်းတယ်။

ကျွန်မ အစ်ကိုကြီးက တစ်ခါတုန်းက ပြောပြဖူးတယ်။ အသေးအဖွဲ့တွေ အားလုံးဟာ အကြီးကြီးတွေ ဖြစ်လာဖို့ အစပထမပဲတဲ့။

သူက သဲသောင်ကြီးကို ဥပမာပေးတယ်။ သဲပွင့်ကလေးတွေ တစ်ပွင့်ချင်း စုစည်းထားတာ များလွန်းတော့ သဲသောင်ကြီးဖြစ်သွားသတဲ့။ အလွယ်ဆုံး ဥပမာပါပဲ။ ဒီလိုပဲတဲ့ နျူကလီယဆိုတာလည်း စကြဝဠာကြီးရဲ့ အစပဲတဲ့။ ဘာမှန်းတော့ မသိဘူး။ တွေးကြည့်တော့ သဘောပေါက်သလိုလိုပဲ။ ဒါပေမယ့် တကယ့် တကယ့် 'ပေါက်' တာတော့ မဟုတ်ပါဘူး။

ကမ္ဘာကျော်ကြီးတွေနဲ့ ယှဉ်ပြောလို့ ကြီးကျယ်လိုက်တာလို့ ထင်လည်း ထင်ပေါ့။ ကျွန်မ တွေးမိတာ ပြောတာပါ။

ကျွန်မ ဘတ်စကားပေါ်က အဖြစ်အပျက်နဲ့ ကျွန်မဘဝနဲ့ အောင်တို့ဘဝကို ယှဉ်စဉ်းစားမိလာတာတော့ အမှန်ပဲ။





ရန်ကုန်မှာ ကျောင်းလာနေတဲ့ တောမြို့ကလေးက ကောင်မလေး တစ်ယောက်ဟာ အောင်တို့ အသိုက်အဝန်းမှာ ဝင်ဆံ့ပါ့မလား။ သူ့မိဘတွေက အဆင့်အတန်း မခွဲခြားဘဲ သဘောတူတယ်ထား။ ကျွန်မ သူတို့နဲ့ ကြာရှည်သဖြင့် တွဲနေနိုင်ပါ့မလား။

ကျွန်မက ဘတ်စကား တိုးစီးတယ်။

အောင်က ဘတ်စကားစီးရင် ချောင်မှစီးတယ်။ အဲ ချောင်မှဆိုတာ ဘွဲလောင်းမခိုရတာကို ပြောတာပါ။ ရိုးရိုးမတ်တတ်ရပ်စီးလို့ ရရုံဆို ကျွန်မတို့က ဘတ်စကားချောင်တယ်လို့ ပြောကြတယ်လေ။ ထိုင်စီးရမှ ချောင်တာ မဟုတ်ပါဘူး။

လေးလေးတို့ကျတော့ ဘတ်စကားစီးလေ့ ဘယ်ရှိပါ့မလဲ။ လေးလေးကို ဘာလို့ ထည့်စဉ်းစားရမှာလဲ။ သွားပါ။

ဒီတော့ ကျွန်မတို့ချင်း၊ ကျွန်မနဲ့ အောင်နဲ့ ကွာတာပေါ့။

ဟုတ်ပါ့။ ကျွန်မတို့ အခြေခံချင်း မတူကြဘူး။ သူ ကျွန်မကို သက်ထပ်ဖို့ စဉ်းစားတယ်ဆိုတာ စိတ်ကူးယဉ်တာပဲ ဖြစ်မှာပေါ့။ ကျွန်မ သူ့ကို ချစ်တယ်ဆိုတာလည်း စိတ်ကူးယဉ်တာပဲ ဖြစ်မှာပေါ့။ အချစ်ဆိုတာ စိတ်ကူးယဉ်ဖို့ပဲ ကောင်းတယ်တဲ့။

ကျွန်မ စိတ်ကူးယဉ်ပြီးပြီပဲ။ တော်ပြီပေါ့။

ကျွန်မ အောင်နဲ့ လမ်းခွဲကြရရင် ကောင်းလိမ့်မယ်။ ဟုတ်တယ်။ ကျွန်မနဲ့ အောင်နဲ့က အဆင့်ချင်း မတူဘူး။ လူတန်းစားချင်းမတူဘူး။ လူတန်းစားချင်း မတူရင် မချစ်တာ ကောင်းသတဲ့။

ဘာလဲတော့ မသိဘူး။ အဆိုအမိန့်လား၊ ကောက်ချက်လား မသိဘူး။ လူတန်းစားချင်း မတူတဲ့ လူနှစ်ယောက်ရဲ့ ချစ်ခြင်းဆိုတာ မခိုင်ခံဘူးတဲ့။ ကျွန်မ အဲသည်တော့ ဆုံးဖြတ်လိုက်တယ်။ အောင့်ကို 'တာ့တာ' လုပ်ဖို့။

ဒါပေမယ့်...

*

www.burmeseclassic.com

www.burmeseclassic.com

## ၂၆

ပြီးတော့မှ ကျွန်မ သေသေချာချာ စဉ်းစားကြည့်တယ်။

တကယ်တော့ အောင့်ကို တာ့တာလုပ်ဖို့ဆိုတာ အဆင့်အတန်း

လူတန်းစားကိစ္စတွေ ပါဟန်မတူပါဘူး။

အရေးအကြီးဆုံးအချက်က 'ဝင်းဝင်း'ဆိုတဲ့ စာလုံးလေးပဲ။

စာရွက်ပြာပေါ်က စာလုံးပြာပြာလေး။ ဘန်ကောက်ကတည်း ရေးလိုက်တဲ့ မမဝင်းရဲ့စာ။ အောင့်ဆီကို ရေးတဲ့စာ။

အဲဒါဟာ ကျွန်မ အောင့်ကို ခွာဖို့ စနက်ပဲ။

ကျွန်မ ဟိုလိုဒီလိုတွေ၊ အဆင့်အတန်းတို့၊ လူတန်းစားတို့ဘာ လျှောက်တွေးတာက အကြောင်းပြချက်တွေ လိုက်ရှာတာနေမှာပါ။

တကယ်က ကျွန်မ အောင်နဲ့ မမဝင်းကို မသင်္ကာဘူး။ စိတ် မှာ အဲသလို မထင်ကောင်းမှန်းသိပေမယ့် ထင်နေတယ်။ ကိုယ့်စိတ် ဆုံးမလို့ မရဘူး။

အဲဒီသံသယဟာ ကျွန်မ အောင့်ကို စွန့်သွားမယ် ဆိုတဲ့ စိတ် ရဲ့အစပဲ။

တကယ်ဟုတ်တာ မဟုတ်တာ အပထား။ သံသယရှိလာတယ် ကတည်းက မကောင်းဘူး။ သံသယနဲ့ ကြည့်ရင် အားလုံးကို သံသ





ဖြစ်နေမှာပဲပေါ့။ 'မရှိ နိုးနိုး၊ မလှ စုန်းယိုး'ဆိုသလိုပေါ့။ 'ဥစ္စာပျောက် ငရဲရောက်'ဆိုတာလည်း ဒီသဘောပါပဲ။

ဒါပေမယ့် ကျွန်မ အဲသလို ဘယ်လောက် အကောင်းဘက်က လှည့်တွေးတွေး ကျွန်မ သံသယက ပျောက်မသွားဘူး။ တော်တော်ခက် တယ်။

ပြီးတော့ စာအိတ်ရှည်ကလေး၊ ကျွန်မဆီရောက်နေတဲ့ အောင် ပေးထားခဲ့တယ်ဆိုတဲ့ စာအိတ်ညို အရှည်လေး။ ပြီးတော့ အောင့် စာအိတ် ပြာလေး။

ကျွန်မ သံသေတ္တာလေးကို ဖွင့်ကြည့်မိတယ်။ အဲဒီအထဲမှာ ထည့်ထားတဲ့ စာအိတ်ရှည်နဲ့ စာအိတ်ပြာလေးကို ငိုင်ပြီး ကြည့်နေမိ တယ်။

အောင်ပြောတဲ့ ငိုစရာ သက်သေပြချက်ဟာ အဲဒီစာအိတ်တွေထဲမှာ ပါလိမ့်မယ်။ ဘာတွေလဲလို့ ကျွန်မ သိချင်တယ်။ ကျွန်မရဲ့ သံသယကို ပျောက်ပစ်ပေးနိုင်မယ့် စာတွေ ဖြစ်မှာပါ။

ဥပမာအားဖြင့် အောင်ရေးတဲ့ စာက ဘယ်လိုဖြစ်မလဲဆိုရင် 'ပူးတွဲပါ စာအိတ်ရှည်ကို ဖတ်ကြည့်ပါ။ သိ ထင်ထားတာတွေ မဟုတ် ဘူး'ဆိုတာမျိုးပဲ ဖြစ်မှာပေါ့။

စာအိတ်ရှည်ကို ဖောက်ကြည့်ရင် လေးလေးနဲ့ မမဝင်းနဲ့ ကွာရှင်း တဲ့ စာချုပ်ဖြစ်ချင်ဖြစ်မယ်။ ဒါမှမဟုတ် မမဝင်းက အောင့်ဆီကို ရေး ခဲ့တဲ့ စာဖြစ်ချင်ဖြစ်မယ်။ ဒါမှမဟုတ် ဟိုကိုရေချမ်းဆိုတဲ့ လူကြီးနဲ့ ပတ် သက်တဲ့အကြောင်း ဖြစ်ချင်ဖြစ်မယ်။

ဘာပဲဖြစ်ဖြစ် ကျွန်မက အောင့်ကို သူ့'ဝင်းဝင်း'နဲ့ တစ်မျိုး ထင်တာကို ဖြေရှင်းတဲ့ အချက်ပဲ ဖြစ်ရမယ်။

ကျွန်မ တစ်ခုပဲ ဆုံးဖြတ်ရမယ်။ အဲဒီစာတွေကို မဖတ်တော့ဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



ဖတ်ရင် အဲဒီစာတွေထဲမှာ ငိုစရာ အကြောင်းပြကျက်တွေ ပါလာလိမ့်မယ်။

ပြီးတော့ အောင့်ကို ကျွန်မရှိနေတဲ့ သံသယကို ဖျောက်ကောင်းဖျောက်ပေးနိုင်မယ်၊ စာထဲမှာပါမယ့် အကြောင်းအရာတွေကို ကျွန်မမှန်းကြည့်လို့ရတယ်။

ဖတ်စရာ မလိုတော့ပါဘူး။

မဖတ်တော့ဘူးဆိုရင် ကျွန်မ နောက်ထပ် ဆုံးဖြတ်ချက်တစ်ခု ချရမယ်။ အောင့်ကို ခွာလိုက်ဖို့ပဲ။

အောင့်ကို ခွာတဲ့နေရာမှာ အကြောင်းပြချက်တွေ မလိုပါဘူး။ အဆင့်အတန်းချင်းကွာလို့တို့။ အောင့်မေတ္တာကို မယုံလို့တို့။ ဘာတို့ညာတို့ ပြောနေစရာ မလိုပါဘူး။ ခွာချင်လို့ ခွာတယ်။ ပြီးရောပေါ့။

တွဲချင်တုန်းကလည်း တွဲချင်လို့ တွဲခဲ့တာပါပဲ။ အကြောင်းပြချက်လုံလုံလောက်လောက်မှ မလိုဘဲ။ အချစ်ဆိုတာ အကြောင်းပြချက်တွေမလိုပါဘူး။ သက်သေပြချက်တွေ မလိုပါဘူး။ အထောက်အထားတွေလည်း မလိုပါဘူး။

ဘာလို့လဲဆိုတော့ အချစ်ဟာ ယုတ္တိဗေဒလည်း မဟုတ်ဘူး။ သင်္ချာလည်း မဟုတ်ဘူး။ ဥပဒေလည်း မဟုတ်ဘူး။

အချစ်ဟာ အချစ်မို့လို့ပဲ။ ဘာဖြစ်လို့ချစ်သလဲဆိုရင် ချစ်လို့ချစ်တယ်လို့ ဖြေရမှာလဲ။ ဘာဖြစ်လို့ မချစ်တာလဲဆိုရင်လည်း မချစ်လို့မချစ်တာတို့ပဲ ဖြေရမှာပဲ။

ဒါ့ကြောင့် အချစ်မှာ အကြောင်းပြချက်တွေ မလိုပါဘူး။ တောင်းပန်စရာလည်း မလိုဘူး။ ခွင့်လွှတ်ဖို့လည်း မလိုဘူး။ ဒါပါပဲ။

ကျွန်မ အောင့်ကို မချစ်တော့ဘူးဆိုရင် ခုန အောင်ပေးတဲ့သက်သေပြချက်စာတွေကို ဖတ်စရာ မလိုတော့ပါဘူး။

*

[၂၅]

ကျွန်မ စာအိတ်ညိုကို ဘယ်လောက်ကြာကြာ စိုက်ကြည့်နေမိသလဲ မသိဘူး။ မမက–

“ဟဲ့ သီသီ ဘာငိုင်နေသလဲ၊ ရေလာနေပြီ”လို့ အခန်းဝက လှမ်းပြောတယ်။

ဒီတော့မှ ကျွန်မ စာအိတ်ကို သေတ္တာထဲထည့်ထားလိုက်ပြီး ထဘီဟောင်းတစ်ထည် လဲလိုက်တယ်။ အောက်ထပ်က ကျွန်မတို့ကိုတာ ရေးသွားခံရဦးမယ်လေ။ အဲသလို။ ကျွန်မတို့ နေတဲ့အခန်းကအိမ်ကြီးတစ်လုံးရဲ့ အစွန်ဘက်အခန်းတစ်ခန်းပါ။

ဒီအိမ်ကြီးမှာ အိမ်ထောင်စုပေါင်း ဆယ်စုကျော် ရှိတယ်။

အောက်ထပ် နောက်ဖေးမှာ အိမ်သာငါးလုံး တန်းစီထားတယ်။ ရေတိုင်ကီက ဆယ့်တစ်လုံး။ ကိုယ့်တိုင်ကီနဲ့ကိုယ်ပေါ့။ ကျွန်မတို့အတွက်တိုင်ကီကို ရေလာတဲ့အချိန် အလှည့်ကျသွား ဖြည့်ထားရတယ်။ အိမ်နီးချင်းက မအားလပ်လည်း ကူပြီး ဖြည့်ပေးရတယ်။

သိပ်မခက်ပါဘူး။ လေးငါးပေလောက်ရှည်တဲ့ ပလတ်စတစ်ပိုက်နဲ့သွယ်ပြီး ဖြည့်ရုံပါ။



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ် ကျွန်မတို့ နောက်ဖေးခန်းမှာ ပန်းကန်ဆေးဖို့ တခို့ အတွက်တော့ အရပ်ထဲက အမိနာဆိုတဲ့ ကုလားမလေးတစ်ယောက်က ရေခပ်ပေးတယ်။ တစ်လမှ တစ်ဆယ့်ငါးကျပ်ပဲ ပေးရတယ်။ တစ်ခါ တလေ သူနေမကောင်းရင် ကျွန်မခဲအိုတစ်လှည့်၊ ကျွန်မတစ်လှည့် ခပ်တယ်။ မမကတော့ မခပ်နိုင်ဘူး။ မမက သိပ်ဝတယ်။ သူ့ကိုသူတောင် အနိုင်နိုင် သယ်နေရတာ။

ကျွန်မ အောက်ထပ် နောက်ဖေးဘက်ကို ဆင်းခဲ့တယ်။

ရေခံနေတဲ့ မရီတာနဲ့ တွေ့တယ်။ မရီတာက ကျွန်မတို့အခန်း အောက်ထပ်မှာ နေတယ်။ သူ့ယောကျ်ားက ပုံနှိပ်တိုက်တစ်တိုင်က ဖိုမင်တဲ့။ ဦးကျော်လှိုင်လို့ ခေါ်တယ်။

အဘိုးကြီး အသက်ကြီးပါပြီ။ မရီတာက အဘိုးကြီးထက် ဆယ့် ငါးနှစ်လောက် ငယ်တယ်။ မရီတာတို့က အစ္စလာမ်ဘာသာ ဝင်တွေ ပါ။ ကျွန်မက တိုးတိုးတိတ်တိတ် မေးကြည့်ဖူးတယ်။ “ဘယ်လိုလုပ်ပြီး ကြိုက်ကြတာလဲဟယ်’ဆိုတော့ မရီတာက “လူကြီးတွေ ပေးစားတာ။ ကျွန်မ အစ်မရဲ့ ယောကျ်ားပဲ။ ကျွန်မအစ်မ ဆုံးသွားတယ်။ ကလေး နှစ်ယောက်ကျန်တယ်။ အဲဒါ လူကြီးတွေက ကျွန်မနဲ့မှ ကလေးတွေနဲ့ အဆင်ပြေမယ်ဆိုပြီး ပေးစားခဲ့တာပါ’ ကျွန်မကလည်း ပျာရှည်ရှည်နဲ့ ပြောသင့် မပြောသင့် မစဉ်းစားဘဲ ပြောမိတယ်။

သူက ရယ်ပြီး ‘ကြာတော့လည်း ချစ်သွားတာပါပဲ”တဲ့။

ဟုတ်သလား၊ ဒီလိုပဲ ကြာတော့ ချစ်သွားတတ်သလား။ သိနိုင် ဘူးလေ။

ကျွန်မ မရီတာကို တွေ့တော့ လျှပ်ခနဲ မမဝင်းကို သတိရတယ်။ အဖြစ်ဟာ ခပ်ဆင်ဆင် မဟုတ်လား။ မမဝင်းကို လေးလေးနဲ့ ပေးစားတာလည်း ဒီသဘောပဲ မဟုတ်လား။ ဒီတော့ မမဝင်းက လေးလေး ကို ‘ကြာတော့လည်း ချစ်သွား’ တာပဲလား။





ကျွန်မ မရီတာတို့ တိုင်ကီပြည့်တဲ့အထိ စောင့်ရတယ်။ ဒီကြားထဲ ...း ပြောဖြစ်တာပေါ့။

နေမကောင်းဘူးလား သီသီ”

“ကောင်းပါတယ်၊ ဘာဖြစ်လို့လဲ”

“ဪ...နေမကောင်းဘူးလားလို့”

ကျွန်မ မျက်နှာက ခပ်ငိုင်ငိုင်ဖြစ်နေလို့နဲ့ တူပါရဲ့။

“ကောင်းပါတယ်။

ကျွန်မ တိုတိုပဲ ဖြေလိုက်တယ်။

“ဟိုတစ်ယောက်လာတာ တွေ့လိုက်တယ်။”

အောင့်ကို ပြောတာပါ။

“အင်း”

“ဘာဖြစ်လို့လဲ၊ မကြည်ကြဘူးလား”

“ဒီလိုပါပဲ”

“ဟုတ်တယ် ဒီလိုပဲ၊ ခဏနေတော့လည်း သူ့အတိုင်း ပြန်ဖြစ် ...ာပဲ”

“ပြောင်းပြောင်းသွားတတ်ပါတယ် မရီတာရယ်”

“ဟဲ့ တယ်ဟုတ်ပါလား”

“ဘာဟုတ်တာလဲ”

“ပြောင်း ပြောင်းသွားတယ်ဆိုတာ ဟုတ်တာပေါ့။ အရင်ကနဲ့ ...ယ်တော့မှ မတူဘူး”

“မရီတာက သိလို့လား”

ကျွန်မ မျက်နှာပေးက စကားအမိပွာယ်ကို ဖော်လိုက်တယ်။ ...ချစ်အကြောင်း သိသလားလို့ မေးတဲ့ သဘောပေါ့။

“အင်းလေ၊ ကျွန်မတို့တော့ သိပ်မသိခဲ့ဘူး။ အင်း...”

သူ စဉ်းစားသွားတယ်။ အတိတ်ဆိုတာ ရှိပါတယ်။ ဘယ်သူ့မှာ ...ဖြစ် အတိတ်က အကြောင်းတော့ ရှိတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ မမေးတော့ပါဘူး။

မရီတာကပဲ ဆက်ပြောတယ်။ ပြောရင်း နည်းနည်းရယ်တယ်။

“ဒီလိုပါပဲ၊ ဘာမှ မဟုတ်ပါဘူး။ အရင်တုန်းက သိပ်ဟုတ်တယ်လို့ ထင်ခဲ့တာတွေက နောက်တော့ ဘာမှ မဟုတ်တာတွေပဲ”

သူက ကျွန်မထက် ပိုပြီး အတွေ့အကြုံရှိတယ် မဟုတ်လား သည်တော့ သူ့စကားကို ကျွန်မ ငြင်းမနေတော့ပါဘူး။ ငြင်းစရာလည်း မလိုပါဘူး။ ကျွန်မနဲ့ သူနဲ့ အတွေ့အကြုံချင်းမှ မတူဘဲ။ အယူအဆ ချင်းလည်း မတူနိုင်တော့ဘူးပေါ့။

သူ့တိုင်ကီ ရေပြည့်ပြီ။ ကျွန်မတို့ တိုင်ကီဘက် ရေပြောင်းထည့် တယ်။ မရီတာက ရေတစ်ပုံးခံပြီး သူ့အခန်းဘက် ဆွဲသွားတယ်။ မသွား ခင် ပြောသွားသေးတယ်။

‘စိတ်ကောက်ရတာ အရသာရှိတယ် သီသီရဲ့’တဲ့။

ကျွန်မကို စပ်ဖြဲဖြဲ လုပ်ပြသွားတယ်။

သူ့နားလည်မှုမှာ ကျွန်မတို့ သမီးရည်းစားနှစ်ယောက် စိတ်ကောက် နေပြီပေါ့။ ကျွန်မက စိတ်ကောက်နေတာမှ မဟုတ်ဘဲ။ ကျွန်မရဲ့ အရေး ကိစ္စကို ဆုံးဖြတ်ဖို့ ကြိုးစားနေတာ။

ဒီအချိန်မှာ အရေးကြီးတယ်။ ကျွန်မ စဉ်းစားဖို့က အောင်ဆီကို ကျွန်မ ချစ် မချစ်ဘဲ။ ကျွန်မက သူ့ကို မချစ်တာ မဟုတ်ဘူး။ သူက ကျွန်မကို မချစ်တာလို့ ယုံကြည်နေတယ်။

ကိုယ့်ကိုမချစ်တဲ့ လူတစ်ယောက်ကို ကျွန်မက ဘာဖြစ်လို့ ချစ် နေရမှာလဲ။ ဟုတ်တယ်၊ ဒီဆုံးဖြတ်ချက်က မှန်တယ်။ ဘာလို့ချစ်ရမှာလဲ ‘မချစ်ဘူးဟေ့’။

*

## [၂၈]

ချိပ်ပိတ်ထားတဲ့ စာအိတ်ညိုကြီးရယ်၊ အောင့်စာအိတ်ပြာလေး ရယ်၊ နောက် ကျွန်မက အောင့်ဆီကို ရေးတဲ့ စာကလေးရယ် ပေါင်းပြီး အညိုရောင် စက္ကူအိတ်ကြီးကြီးတစ်လုံးထဲ စုထည့်လိုက်တယ်။

ကျွန်မ အောင့်ဆီကို ရေးတဲ့စာက–

‘ရယ်ချင်ရင် ရယ်လိုက်ပေါ့။ မင်းကို ကိုယ် မချစ်တော့ဘူးဟေ့...’ လို့။

အဲဒီစာကလေး ရေးပြီးတော့ ကျွန်မကိုယ်ကျွန်မ ကျေနပ်သွား တယ်။

ကိစ္စတစ်ခု ပြတ်ပြီပေါ့။

ဒါပေမယ့် စာအိတ်ကို ပိတ်တဲ့အခါကျတော့ တစ်မျိုးဖြစ်နေတယ်။ ရင်ထဲမှာ ဟာတာတာနဲ့။ ငယ်ငယ်တုန်းက ကစားရင်း မတော်တဆ ကျိုးပဲ့သွားတဲ့ အိုးပုတ်ကလေးကို နှမြောပြီး ကြည့်ရသလိုမျိုးပဲ။

ကျွန်မ မျက်စိမှိတ်လိုက်တယ်။ ခဏ။

ပြီးတော့ စက္ကူအိတ်ကြီးကို ထမင်းလုံးနဲ့ ကပ်ပြီး ပိတ်လိုက်တယ်။

*



www.burmeseclassic.com

www.burmeseclassic.com



စာတိုက်ရောက်တော့ အတွေးတစ်ခု ရတယ်။

ကျွန်မ အောင့်ဆီပို့မယ့် စာအိတ်ကို ချိပ်ပိတ်ချင်တယ်။

တံဆိပ်ခေါင်းရောင်းတဲ့ ကောင်တာရှေ့မှာ တွေပြီး ခဏရပ်နေတဲ့ ကျွန်မကို တံဆိပ်ခေါင်းရောင်းတဲ့ စာရေးကြီးက ကြည့်ပြီး ပြုံးတယ်။

သူက 'ကောင်မလေးတစ်ယောက် ရည်းစားစာပြန်ဖို့ စဉ်းစားနေတယ်'လို့ ထင်မှာပေါ့။

"ချိပ်နည်းနည်းပေးပါလား ဦးလေး"

သူ ပြုံးတယ်။

"မလိုပါဘူး ညီမလေး။ တံဆိပ်ခေါင်းပိတ်ကပ်လို့ ရပါတယ်။ ဘယ်သူမှ ဖောက်မဖတ်ပါဘူး"

"မဟုတ်ဘူး ဦးလေး၊ သမီး စာတိုက်က မထည့်တော့ဘူး ကိုယ်တိုင်ပဲ၊ အဲ ချိပ်ကလေးတော့ ပိတ်ပေးပါလား ဟင်"

ကျွန်မက နည်းနည်းလေး ချွဲပြောလိုက်တယ်။ သိပါတယ်လေ ကျွန်မက သူ့ကို ဦးလေးလို့ ခေါ်တာကို သူက ညီမလေး ပြန်ခေါ်တယ် မဟုတ်လား။ ဒီတော့ သမီးကလေ ဘာညာပေါ့။ လူကြီးတွေ ကြိုက်တတ်ပါတယ်။

ကျွန်မရဲ့ စက္ကူအိတ်ညိုကြီးကို သေသေချာချာ ချိပ်ပိတ်ပေးလိုက်ရှာပါတယ်။

မနက်ဖြန်မနက်ကျရင် ဒီစက္ကူအိတ် အောင့်လက်ထဲရောက်ပြီပေါ့။

*

[၂၉]

ကျွန်မ ကျောင်းကိုရောက်တော့ နေရောင်နွေးနွေးက ဖျန်းထားခါစပဲ ရှိသေးတယ်။

ဒီနေ့ ကျွန်မ အိမ်က စောစောထွက်ခဲ့တယ်။

အောင်က လမ်းမှာ စောင့်နေမှာ မဟုတ်ပါဘူး။ ဒါမှမဟုတ် ကျွန်မ အိမ်ရှေ့ကို စောစောရောက်ချင်ရောက်နေလိမ့်မယ်။

ကျွန်မ သူ့ကို ချိပ်ပိတ်စက္ကူအိတ်ကြီး လမ်းလယ်ကောင်မှာ မပေးချင်ဘူး။ တစ်နေရာရာမှာ ပေးမယ်။

ကျွန်မ နေရာရွေးလိုက်တယ်။ ကရိကမ်း ယခု ဗိုလ်မြတ်ထွန်း သမ်းထိပ်က လေးထောင့်ရေကန်ကြီးနားမှာ ပေးမယ်။ အဲဒီမှာ သစ်ပင်ကြီးကိုင်းကျနေလို့ သစ်ကိုင်းကန်လို့ ကျွန်မဘာသာ နာမည်ပေးထားတဲ့ ကန်ကြီးလေ။

ကျောင်းရှေ့ရောက်တော့မှ ကျွန်မ တော်တော်စောနေတယ်ဆိုတာ သတိထားမိတယ်။ ကျောင်းထောင့်က ကွမ်းယာဆေးလိပ်ဆိုင်တောင် ဆိုင်ခင်းရုံ ရှိသေးတယ်။

ကျွန်မ ပြန်လျှောက်ခဲ့တယ်။ သစ်ကိုင်းကန်ကြီးဆီကိုပေါ့။

ကန်ထောင့်မှာ ရပ်တယ်။ မနက်စောစော နေရောင်အောက်မှာ ကန်စိမ်းကြီးက ငြိမ်နေတယ်။ ရေညှိရေမှော်တွေက စိမ်းသင့်လာသက် ပို



www.burmeseclassic.com

www.burmeseclassic.com



စိမ်းနေတယ်။ တဆောင်းထိုးထားတဲ့ နေခြည်က အရိပ်ရှည်တွေ ဖြစ်နေတယ်။ ကန့်ကိုကာထားတဲ့ သံတံတိုင်းက သံပန်းတိုင်တွေရဲ့ အရိပ်က ရေပေါ်ထိုးကျနေတယ်။ သစ်ပင်တွေပေါ်က သစ်ရွက်တွေ အားလုံး အစိမ်းရင့်။

အစိမ်းရောင်ကို ကျွန်မ သဘောကျပါတယ်။ သူ့အဓိပ္ပာယ်ကို စိမ်းကားတာနဲ့ ရောမပစ်စေချင်ဘူး။

အစိမ်းရောင်က မျက်စိအေးပါတယ်။ စိမ်းကားတယ်ဆိုတဲ့ စကားလုံးကသာပုတာ။ တခြားစီပဲ။

ကျွန်မ ဒီနေ့ အညိုရောင် ဝတ်လာတယ်။ ဆယ်တန်းစာမေးပွဲဖြေတဲ့နေ့က ဝတ်စုံပေါ့။ အောင်က လာပြီး မိတ်ဆက်တဲ့ နေ့ကလေး အညိုရောင်နေ့လေ။

အဲဒီဝတ်စုံကို ကျွန်မ တမင်ဝတ်လာခဲ့တယ်။ အောင်တစ်ယောက် အညိုရောင် အစွဲအလမ်း ရှိတယ်မဟုတ်လား။ သူ့ကို ကျွန်မ နောက်ထပ် အစွဲအလမ်းတစ်ခု ထပ်ပေးချင်တယ်။

အညိုရောင်ဟာ မှိုင်းတယ် မဟုတ်လား။ မလွင်ဘူးလေ။ အညိုရောင် စွဲလမ်းတဲ့ အောင်ရေ...ဒီနေ့အဖို့ အညိုရောင်ကို အစိမ်းလို့ ထင်ရလိမ့်မယ်။ အစိမ်းရောင်မဟုတ်ဘူး။ စိမ်းကားတဲ့ အစိမ်း။

ဒီလမ်းအတိုင်း အောင် လာမှာပါ။

ကျွန်မ ကရိလမ်း ယခု ဗိုလ်မြတ်ထွန်းလမ်းထောင့်ကနေ အနောက်ဘက်ကို တစ်လှည့်၊ မြောက်ဘက်ကိုတစ်လှည့် ကြည့်နေလိုက်တယ်။

ကျွန်မရင်ထဲမှာ တုံနေတယ်။ လွယ်အိတ်ထဲမှာ ပါလာတဲ့ ချိပ်ပိတ်စက္ကူအိတ်ကြီးဆီကို စိတ်က ရောက်ရောက်သွားတယ်။ အဲဒီထဲမှာ ကျွန်မ မသိသေးတဲ့ လျှို့ဝှက်ချက်နှစ်ခု ရှိတယ်။ ကျွန်မ ဖောက်ဖတ်ရင် ရလဒ်နဲ့ လုံးဝ မဖောက်ကြည့်ခဲ့တဲ့ စာနှစ်စောင်။ ပြီးတော့ အောင့်အတွက် စာတစ်ကြောင်း။





အောင့်ကို ဖြတ်လိုက်တဲ့အတွက် ကျွန်မ မမှားဘူးလို့ ဆုံးဖြတ်ထားတယ်။

အောင့်ကို ကျွန်မ ချစ်တယ်။ ဘယ်လိုလုပ်သိလဲဆိုတော့ သူ့ကို တခြားတစ်ယောက် မချစ်စေချင်ဘူး။ သူက တခြားတစ်ယောက်ကို မချစ်စေချင်ဘူး။ အဲဒါကြောင့် ကျွန်မ သူ့ကို ချစ်တာ သေချာတယ်။

ဒီအတိုင်းပဲ သူက ကျွန်မကို မချစ်တာလည်း သေချာတယ်။ အဲသလိုပဲ ယုံတယ်၊ ဟုတ်တယ်။ သူ့အချစ်ဟာ အစားထိုးတဲ့ အချစ်ပဲ ဖြစ်ရမယ်။

'နှလုံးသားကို အစားထိုးပြီး ကုလို့ရတယ်။ အချစ်ကို အစားထိုးလို့ မရဘူးဟေ့' ကျွန်မ စိတ်ထဲမှာ အဲသလို ကြွေးဝါးလိုက်တယ်။

မကြည့်မိဘဲ ကရိလမ်းဘက် ချိုးပြီးဝင်လာတဲ့ အောင့်အရိပ်ကို မြင်တယ်။ ကျွန်မ မြောက်ဘက်ကို လှမ်းကြည့်တယ်။ အဝေးကြီးမှာ လမ်းရဲ့ ဟိုးဘက်ထောင့်မှာ အောင်။

အောင် လျှောက်လာနေတယ်။ သူ ကျွန်မကို မြင်ပြီးသားနေမှာပါ။ ကျွန်မကို ကြည့်ရင်း လျှောက်လာနေမှန်း သိတယ်။ သူ့မျက်လုံးတွေကို မမြင်ရပါဘူး။ ဒါပေမယ့် ကျွန်မ သိပါတယ်။

သူ ကျွန်မကို စိုက်ကြည့်ရင်း တန်းတန်းမတ်မတ် လျှောက်လာနေတာပါ။ ဒီလိုပဲ သူလည်း သိမှာပါ။ သူ့ကို ကျွန်မ စိုက်ကြည့်ရင်း ရပ်စောင့်နေတယ်လို့။

ကျွန်မ နေရာက ရွှေ့လိုက်တယ်။ သူ့တူရူဆီ လျှောက်ခဲ့မိတယ်။ ကျွန်မ ရပ်စောင့်နေစရာ မလိုပါဘူး။ သူနဲ့ ကျွန်မနဲ့ မျက်နှာချင်း တဖြည်းဖြည်း နီးလာတယ်။

နှစ်ယောက်စလုံး ခြေလှမ်းတွေ မသွက်ကြဘူး။

သူ ကြိုပြီး သိထားတယ် ထင်တယ်။ ဒါမှမဟုတ် ကျွန်မကို မမျှော်လင့်တော့ဘူး ထင်တယ်။ ဒါမှမဟုတ် ကျွန်မကို သူက စပြီး မချစ်တော့ဘူးလို့ ကျွန်မ မဖတ်လိုက်တဲ့ သူ့စာထဲမှာ ရေးထားသလား။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရင် လှပ်ခနဲ လှုပ်သွားတယ်။ ကျွန်မ သူ့စာအိတ်ပြာကလေး ကို ဖောက်မဖတ်ခဲ့ဘူး။ ဘာတွေ ရေးထားတယ်ဆိုတာကို မှန်းကြည့်ဖ အထဲမှာ 'မင်းကို ကိုယ်မချစ်တော့ဘူး'လို့ ရေးထားလေမလားလို့ တစ်ခ မှ မတွေးမိဘူး။

ကျွန်မ သံသယကို ဖျောက်ပစ်တဲ့စာပဲ ဖြစ်ရမယ်လို့ တထစ်ချ တွက်ထားတာကိုး။

ခု အဲသလို 'မင်းကို ကိုယ် မချစ်တော့ဘူး'လို့များ ရေးထားလေ သလားလို့ တွေးမိတော့မှ ကျွန်မရင် တဒိန်းဒိန်းခုန်လာတယ်။

သူ့ကို စိုက်ကြည့်တယ်။ သူ့မျက်နှာရိပ် မျက်နှာကဲကို ဖမ်းလို့ မရသေးဘူး။ လမ်းလျှောက်လာပုံကတော့ ဣန္ဒြေရရပဲ။ သူ ပြုံးပြနေသလား

ကျွန်မကို သေသေချာချာကြည့်တယ်။ ပြုံးယောင်ယောင်ပဲ။ သနား တဲ့ အပြုံးလား၊ နိုင်တဲ့အပြုံးလား။

မဟုတ်ဘူး၊ မဟုတ်ဘူး။ သူ့မျက်နှာကို မြင်သာပြီ။

သူ့အပြုံးက ကြေကွဲတဲ့ အပြုံးရှိတယ်။ ကြေကွဲတဲ့ အပြုံးဆိုတာ ရှိတယ်။

ကျွန်မ သူ့စာကို ဖတ်ချင်စိတ် သိပ်ပြင်းပြလာတယ်။ ဒါပေမယ့် ခုမှ အချိန်မရတော့ဘူး။ သူ့ကို ကျွန်မ ပြန်ပေးရတော့မယ်။ ကျွန်မ လွယ်အိတ်ကို ယောင်ပြီး စမ်းမိတယ်။ အထဲမှာ အသည်းနှလုံး ငါးစုံပါ တယ်။ အောင့်အသည်းနှလုံး၊ မမဝင်းအသည်းနှလုံး၊ လေးလေး အသည်း နှလုံး၊ ကိုရေချမ်းဆိုတဲ့ လူကြီးရဲ့ အသည်းနှလုံး၊ ပြီးတော့ ကျွန်မ အသည်းနှလုံး။

ဘုရား ဘုရား။ ကျွန်မ အသည်းနှလုံးကို သူ့ကို ပေးလိုက်ရတော့ မှာပါလား။

ကျွန်မ ထင်ထားတဲ့အတိုင်း ဆိုရင်ပေါ့လေ။ အောင့်အသည်းနှလုံး က နုနုကလေးနဲ့ ကွဲနေမယ်။ လေးလေးနဲ့ ကိုရေချမ်းဆိုတဲ့ လူကြီးနှ





ယောက်ရဲ့ အသည်းနှလုံးက ရင့်ကွဲ ကွဲနေမယ်။ မမဝင်း အသည်းနှလုံး က အတွင်းမှာ လှိုက်ပြီး ကွဲနေမယ်။ ကျွန်မအသည်းနှလုံးက...

ဟင် ကျွန်မအသည်းနှလုံးထဲက အောင့်ကို ချစ်နေပြီလား။

အောင်နဲ့ ကျွန်မနဲ့ နီးနီးလေး ဖြစ်လာပြီ။

ကျွန်မ ရပ်လိုက်တယ်။

အောင်လည်း ရပ်တယ်။

ခဏလေး။

အောင် ကျွန်မဆီကို ခပ်သွက်သွက် လျှောက်လာတယ်။

သူ့အပြုံးတွေက ချက်ချင်း ပြောင်းသွားပြီ။ မျှော်လင့်ချက်တွေ အပြည့်နဲ့ ပြုံးတဲ့အပြုံး။

ကျွန်မနဲ့ သူနဲ့ မျက်နှာချင်းဆိုင် ရပ်တယ်။

တစ်ယောက်ကိုတစ်ယောက် မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေ ကြတယ်။

သူ့မျက်လုံးက စကားပြောတယ်၊ မေးတယ်။ ချစ်တယ် မဟုတ် လားတဲ့။

ကျွန်မ မျက်ရည်က ရင်ထဲကနေ စိမ့်ပြီး တက်လာတယ်။ မျက်ဝန်းက စိုလာတယ်။ ငိုတာလား၊ မဟုတ်ဘူး။ မငိုဘဲနဲ့ မျက်ရည်ဝဲ တက်တယ် မဟုတ်လား။

ကျွန်မလက်က လွယ်အိတ်ထဲ အလိုလိုရောက်သွားတယ်။

ချိပ်ပိတ်ထားတဲ့ စက္ကူအိတ်ကြီးကို ထုတ်လိုက်တယ်။

အောင် အိတ်ကြီးကို ကြည့်တယ်။ သူ့မျက်လုံးထဲမှာ ပဟေဠိ ဘစ်ပုဒ်ရှာနေသလိုပဲ။ ပြီးတော့ ချက်ချင်း မျက်နှာညှိုးသွားတယ်။

ကျွန်မကို ပြန်ကြည့်တယ်။ သူ့မျက်လုံးလည်း စိုလာတယ်။ အပြုံးမရှိတော့ဘူး။ သူ့လည်ချောင်းလှုပ်သွားတယ်။ သူ တံတွေးမြိုချ လိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ကျွန်မ သနားသွားပြီ။

သူ ငိုဖို့ နီးနေပြီ။

ကျွန်မ လက်ထဲက စက္ကူအိတ်ကြီးထဲမှာ သူ့အတွက် မျက်ရည်ယိုဗုံးပါတယ်၊ စနက်တံက ကျွန်မနှလုံးသားထဲမှာ ရှိတယ်။ သူ့အတွက် မျက်ရည်ယိုဗုံးစနက်တံကို ဖြုတ်မလား၊ မဖြုတ်ဘူးလား။

*

ဘယ်လိုဖြစ်သွားလဲ မသိဘူး။ ကျွန်မလက်ထဲက ချိပ်ပိတ်စက္ကူအိတ်ကြီးကို ရေကန်စိမ်းကြီးထဲ လွှင့်ပစ်လိုက်မိတယ်။ အညိုရောင်စက္ကူအိတ်ကြီးဟာ လေထဲမှာ ဝဲပြီး ကန်ထဲကို ပြေးသွားတယ်။ ပြီးတော့ ရေပြင်စိမ်းစိမ်းကြီးပေါ်ကို အသာအယာကျတယ်။ ချက်ချင်း မြုပ်မသွားဘူး။ ရေမှော်စိမ်းတွေပေါ်မှာ အိအိကလေး တင်နေတယ်။ ခဏနေရင် မြုပ်သွားမှာပေါ့။

အဲဒီ အိတ်ထဲမှာ ကျွန်မရဲ့ အသည်းနှလုံး ပါမသွားပါဘူး။ ဘာပါသွားသလဲ သိလား။ သံသယတွေ ပါသွားတယ်။ တွေဝေတာတွေ ပါသွားတယ်။ တစ်ခုတော့ စိတ်မကောင်းပါဘူး။ တစ်နည်းနည်းနဲ့ ပတ်သက်နေမယ့် မမဝင်းရယ်၊ လေးလေးရယ်၊ အောင်ရယ်၊ ကိုရေချမ်းဆိုတဲ့ လူကြီးရယ်တို့ရဲ့ အတွင်းကြေကြေနေတဲ့ အချစ်တွေလေ့ ပါကောင်းပါသွားမှာပေါ့။

ကျွန်မက အဲသလို ထင်တာပါ။ တကယ်တမ်းက သူတို့ရဲ့ အမှတ်တရလေးတွေ ဖြစ်ချင်ဖြစ်မှာပေါ့။ မဆိုင်ပါဘူးလေ၊ ကျွန်မက အနေသာကြီး။

အောင့်ကို လှည့်ကြည့်တယ်။

အောင် မျက်ရည်ဝိုင်းပြီး ပြုံးတယ်။





သူ့လည်ချောင်းမှာ စကားတွေ တစ်နေတယ် တူရဲ့။ ရင်ပတ်ကြီး မို့လာတယ်။

ကျွန်မ ပြန်ပြုံးပြလိုက်တယ်။

"ချစ်တယ်နော်၊ ဟုတ်လား သီ၊ ချစ်တယ် ...နော်"

အောင့်အသံက အက်တက်တက်ကြီး၊ သြသြကြီး၊ ရင်ခေါင်းထဲက အသံဆိုကာနဲ့ တူပါရဲ့။

ကျွန်မ ခေါင်းညိတ်တယ်။ ပြုံးတယ်။ မဲ့ပြုံးဆိုတာမျိုး ဖြစ်လိမ့်မယ်။ ကျွန်မလေ သူ့ကို တကယ်ချစ်မိပြီပဲ။

သူက ကျွန်မကို ချစ် ချစ်၊ မချစ် ချစ်။ ကျွန်မ သူ့ကို ချစ်တယ်။ ချစ်တယ်ဆိုတာ ကိုယ့်ချစ်သူက ကိုယ့်ကို ချစ်ဖို့ မချစ်ဖို့ စဉ်းစားစရာမလိုဘူး။

"စာတွေ ဖတ်ရတယ်နော်"

အောင်က တုန်ယင်တဲ့ အသံနဲ့ မေးတယ်။

ကျွန်မ ခေါင်းခါတယ်။

သူ မှက်မှောင်ကုပ်တယ်။ ဘာမှ နားမလည်တဲ့ မျက်နှာ။ ဒါပေမယ့် အပြစ်ကင်းတဲ့ မျက်နှာ။ အောင်ရဲ့ အရိုးသားဆုံး မျက်နှာကို ပထမဦးဆုံးအကြိမ် တွေ့လိုက်ရတယ်။

"စာတွေ မဖတ်ဘဲ ဘာဖြစ်လို့ မုန်းတယ်ဆိုတဲ့ စာအိတ်ကြီးကို အဲ လေးလေးတို့ စာတွေကော"

ကျွန်မ ကန်စိမ်းကြီးထဲကို ကြည့်ပြီး မေးငေါ့ပြတယ်။

"အို..."

သူ စိတ်ထိခိုက်တဲ့ လေနဲ့ နှမြောတသ ဝမ်းနည်းတဲ့ အထိမ်းအမှတ်နဲ့ အာမေဋိတ်လုပ်တယ်။

တအိအိမြုပ်နေတဲ့ စက္ကူအိတ်ညိုကြီးကို တမြှေမြှေကြည့်နေတယ်။ အဲဒီစက္ကူအိတ်ညိုကြီးထဲမှာ ကျွန်မ မဖတ်ရသေးတဲ့ နှလုံးသားတွေ ပါ



www.burmeseclassic.com

www.burmeseclassic.com



သွားမှန်း သိပါရဲ့။ ဘယ်လောက်နှမြောစရာကောင်းသလဲတော့ မသိဘူး။

ဘာဖြစ်လို့ ကျွန်မ အဲသလို လွှင့်ပစ်မိတာလည်းလို့ ပြန်စဉ်းစား ကြည့်တယ်။ ကျွန်မ လွှင့်ပစ်လိုက်တာ အမုန်းပါ။ ကျွန်မရဲ့ အမုန်းပါ။ ဒါပေမယ့် ရောပြီး သူတို့အချစ်တွေ ပါသွားတယ်။ ဝမ်းနည်းပါတယ်။

အောင် ကျွန်မဘက်ကို အကြည့်လည်လာတယ်။

အောင်လေ အောင့်မျက်နှာကလေ

တစ်ခုခုကို ရှင်းရှင်းလင်းလင်း အဖြေရလိုက်သလိုပဲ။

သိပ်ခက်တဲ့ သင်္ချာပုစ္ဆာကြီးတစ်ပုဒ်ကို တွက်နည်းသိလိုက်ရသလို ပဲ ခေါင်းထဲမှာ အဖြေထုတ်ပြီးသား ဖြစ်သွားသလို။

အဲသလို မျက်နှာမျိုး။

သူ့မျက်လုံးတွေ တဖြည်းဖြည်း ကြည်လာတယ်။ ဝမ်းသာတယ် လို့လာတယ်။

"ငိုစရာမကောင်းတော့ဘူး အချစ်၊ မင်းကို ကိုယ် သိပ်ချစ်တယ်"

သူ ကျွန်မလက်ကို အသာအယာလေး လာထိတယ်။ ဆွဲတာမဟုတ် ဘူး။ ဆုပ်တာလည်း မဟုတ်ဘူး။ ထိတာ။

ကျွန်မရင်ထဲမှာ လှိုက်ခနဲငြိမ့်သွားတယ်။ ကြက်သီးတွေ တဖြန်းဖြန်း ထသွားတယ်။ အချစ် ဟုတ်တယ်။ အချစ်ဟာ ကျွန်မ အသားထဲက အသွေးထဲကို ဖျတ်ခနဲ ဝင်ခဲ့ပြီ။ စက္ကန့်မဆိုင်းဘူး နှလုံးသားထဲကို ရောက် သွားပြီ။

သူ့ဆီက အချစ်ကို ကျွန်မ တကယ်ရလိုက်ပြီ ထင်တယ်။

မမှားဘူး။ အမှန်ပဲ။ နှလုံးသားဟာ အလိုလို သိတတ်တဲ့ အရာ ပါကလား။

*

**နောက်ဆက်တွဲ က**

မြုပ်သွားသောစက္ကူအိတ်ညိုကြီးထဲတွင်

အောက်ပါပစ္စည်းများ ပါဝင်ပါသည်။

၁။ အောင်က သီတံ ပေးသော စာတစ်စောင်။

၂။ ကိုရေချမ်းက နီလာဝင်းထံ ပေးသော စာတစ်စောင်။

၃။ နီလာဝင့်က ကိုရေချမ်းထံ ပေးသော စာတစ်စောင်။

၄။ ဦးဝင်းက ရန်ကြီးအောင်ထံ ပေးသော စာတစ်စောင်။

၅။ ဝင်းဝင်းက ရန်ကြီးထံ ပေးသောစာတစ်စောင်။

၆။ သီသီက အောင့်ထံ ပေးသော စာတစ်စောင်။

၇။ ကွာရှင်းပြတ်စဲကြောင်း စာချုပ်တစ်စောင်။

၈။ အဝင်းက ကိုဝင်းထံ ဂျာမနီရောက်လျှင် ရောက်ချင်း ရေးလိုက်သော စာတစ်စောင်။

နှင့်.......

၉။ ဆံညှပ် ကလစ်တစ်ချောင်း.........

တို့ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာ မောင်စိန်သောင်းက ရန်ကြီးအောင်အား စာကလေး တစ်စောင် ပါးလိုက်ပါသည်။ ရန်ကြီးအောင်သည် ထိုစာကို သိသိချေ မပြပါ။ ကန်စိမ်းကြီးထဲသို့ပင် လွှင့်ပစ်လိုက်ပါ၏။



ကန်စိမ်းကြီးထဲသို့ မြုပ်သွားသော စက္ကူအိတ်ညိုကြီးထဲမှ အောင် သို့ထံ ပေးစာ။

သီ

မုန်းချင်ရင်လည်း မုန်းလိုက်ပါ။ ကိုယ် ငိုပါ့မယ်။
ဒါပေမယ့်...”

သီ့စိတ်ထဲမှာ ရှိနေတဲ့ သံသယလေးတွေ ပျောက်သွားအောင်တော့ ရှင်းပြချင်ပါတယ်။ ကိုယ် သိတာပေါ့ သီရယ်။ သီ ကိုယ့်ကို ချစ်ပါတယ်။ ဘာဖြစ်လို့ သိသလဲဆိုတော့ သီ့မျက်လုံးတွေကြောင့်ပေါ့။ ကိုယ့်ကို သီ ကြည့်တဲ့ သံသယမျက်လုံးတွေထဲမှာ အချစ်ပါလာတယ်။ သီ ယုံရဲ့လား။ အချစ်မှာ သံသယရှိတယ်။ ဘာဖြစ်လို့လဲဆိုတော့ ချစ်လို့ပဲ။

ဒေါ်လေးဝင်းနဲ့ အောင်က တစ်မျိုးများ ထင်သလား မသိဘူး။ ထင်ချင်ရင်လည်း ထင်နိုင်ပါတယ်။ ထင်လည်းထင်ထိုက်ပါတယ်။ ဘာ ဖြစ်လို့လဲဆိုတော့ ‘ဝင်းဝင်း’ကို အောင် ချစ်ခဲ့မိလို့ပါ။ အဲဒါကို ဒီစာနဲ့ ဖွင့်ရေးဖူးပါတယ်။

သီရယ် သီ သဘောပေါက်ချင်ရင် ပေါက်မယ်။ ဒါမှမဟုတ် သဘောပေါက်မှာ မဟုတ်ဘူး။ ကိုယ်လည်း တကယ်တမ်းတော့ သဘော ပေါက်ဘူး။ ရေးတေးတေး စဉ်းစားလို့ ရတာပဲ ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ်တုန်းက ဝင်းဝင်းကို တွယ်တာခဲ့ရတယ်။ အဲဒီက စတာပဲ၊ မသိတတ်သေးတဲ့ အရွယ်မှာပေါ့ကွယ်။ ဝင်းဝင်း ကိုယ်တို့အိမ်ကို ရောက်လာတဲ့နေ့ကို ခုထိ မှတ်မိနေတုန်းပဲ။ ကိုယ်က ခြံထဲမှာ ဆော့နေတယ်။ ခြံတံခါးဝကို သုံးဘီးကားတစ်စီး လာဆိုက်တယ်။ အဒေါ်ကြီးတစ်ယောက်နဲ့ ဝင်းဝင်းတို့ ဆင်းလာတယ်။

အဒေါ်ကြီးကို ကိုယ် မှတ်မိပါတယ်။ အိမ်ကို အမြဲလာလာနေတဲ့ ကိုယ့် ကြီးဒေါ်ကြီးပဲ။ အဲ ပြီးတော့ ဝင်းဝင်းကို တွေ့တာပဲ။ ဝင်းဝင်းက လှတယ်။ ကျက်သရေရှိတယ်။ ဒါကြောင့် ဝင်းဝင်းကို မြင်မြင်ချင်း ကိုယ်ချစ်တာပါ။ ကိုယ်လေ အဲဒီတုန်းက ဝင်းဝင်းကို မျက်တော်မခတ်ဘဲ စိုက်ကြည့်နေမိခဲ့တယ်။ အဒေါ်ကြီးက ကိုယ့်ကို လာပွေ့ပြီး 'ရန်ကြီးဖေဖေတို့ကော'လို့ မေးတယ်။ 'ဒါ ရန်ကြီးလေ' လို့ ဝင်းဝင်းကို ပြောတယ်။ ဝင်းဝင်းက ကိုယ့်ကို 'ချစ်စရာကောင်းလိုက်တာ'ဆိုပြီး ယူနမ်းတယ်။ ကိုယ့်အသက် ငါးနှစ်ခြောက်နှစ်သားလောက် နေမှာပေါ့။ အဲဒီတုန်းက ဝင်းဝင်းရဲ့ လှုပ်ရှားမှုတွေ အားလုံးကို ခုထိ မှတ်မိနေတယ်။ ဝင်းဝင်း ပြုံးတာကိုတောင် မှတ်မိတယ်။

ပြီးတော့ ကိုယ်တို့အိမ်မှာ ဝင်းဝင်းနေတယ်။ အဲဒီတစ်လျှောက်လုံး ကိုယ်နဲ့ ဝင်းဝင်းနဲ့ မခွဲသလောက်ပဲ။ ကိုယ်ကလည်း ဝင်းဝင်းကို သိပ်ချစ်တယ်။ ဝင်းဝင်းကလည်း ကိုယ့်ကို သိပ်ချစ်တယ်။ အဲဒီအချစ်က သန့်သန့်ရှင်းရှင်း မွန်မွန်မြတ်မြတ်ပါလို့ ရှင်းပြနေစရာ မလိုပါဘူးနော်။

နောက် ဆယ်နှစ်လောက်ကြာတော့ လေးလေးနဲ့ ဝင်းဝင်းနဲ့ လက်ထပ်တယ်။ အဲဒီနေ့ကိုလည်း ကိုယ် မမေ့ဘူး။

ဝင်းဝင်းက ပြင်ဆင် ခြယ်သထားလိုက်တာ နတ်သမီးလေးပဲ။ ငယ်ငယ်တုန်းက ဝင်းဝင်းက ကိုယ့်ကို ပုံတွေ ပြောပြောပြတယ်။ အဲ ပုံပြင်တွေထဲက ကိုယ် စွဲလမ်းနေတဲ့ ပုံကလေးတစ်ပုံ ရှိတယ်။ ဂျပန်ပုံပြင်





ဆင်ပါရဲ့။ တောထဲမှာ ထင်းသွားခွေတဲ့ ကောင်လေးတစ်ယောက် နတ်သမီးတစ်ပါးနဲ့ တွေ့ပြီး ချစ်သွားကြတာလေ။ ပြီးတော့ အဲဒီ နတ်သမီးလေးနဲ့ ညားသွားကြဟာလေ။ နောက်တော့ နတ်သမီးလေးနဲ့ တွေ့ခဲ့တဲ့ အကြောင်း ပြန်မပြောရဘူး ဆိုတဲ့ ကတိကို ဖျက်ပြီး ကောင်လေးက ပြန်ပြောပြလိုက်တော့ နတ်သမီးလေးက နတ်ပြည်ကို ပြန်သွားရတဲ့ ပုံပြင်လေ။ သိပ်လွမ်းစရာကောင်းတာပဲ။ အဲဒီပုံပြင်ထဲက နတ်သမီးလေးဆိုတာကို ကိုယ်က ဝင်းဝင်းနဲ့ နှိုင်းခဲ့တာပေါ့။ အဲဒီအတိုင်းပဲလို့ ထင်တယ်။ လေးလေးနဲ့ မင်္ဂလာဆောင်တဲ့နေ့က ဝင်းဝင်း ပြင်ဆင်ထားတာဟာ ပုံပြင်ထဲက နတ်သမီးလေးလို့ပဲ။

အဲဒီအချိန်မှာ ကိုယ့်အသက် ဆယ့်ငါးနှစ်၊ ဆယ့်ခြောက်နှစ်လောက် ရှိရောပေါ့။ နတ်သမီးလေး နတ်ပြည်ပြန်သွားတဲ့ ပုံပြင်အဆုံးသတ်ခန်းအလေးကို သတိအရဆုံးအချိန်ပေါ့။

ကိုယ် နားမလည်ခဲ့ရိုး အမှန်ပါ သီ။

ကျိန်တွယ်ပြီး ပြောရဲပါတယ်။ အဲဒီ လှိုက်ဖိုဆန်းကြယ်တဲ့ စိတ်ကို ကိုယ် ခုထိ နားမလည်သေးပါဘူး။ အနီးစပ်ဆုံး စဉ်းစားကြည့်လို့ရတာတော့ ရှိတယ်။ ဆောင်းဦးပေါက်ညတွေမှာ ကောင်းကင်ပေါ်က ကြယ်ပွင့်ကလေးတွေကို ကြည့်ဖူးသလား။ ပြီး အဲသလို ကြည့်နေရင်းနဲ့ ကြည်နူး ပျော်ရွှင်ဖူးသလား။ အဲသလိုမျိုး ခံစားမှုနဲ့ ခပ်ဆင်ဆင်ပဲ။

ဝင်းဝင်းကို ကိုယ် အဲသလို ချစ်တာပဲ သီ။

ဒီထက်ပိုပြီး ကိုယ် ရှင်းမပြတတ်တော့ဘူး။ တစ်ခုတော့ သေသေချာချာ ပြောရဲတယ်။ သီ့ကို ကိုယ်ချစ်ပါတယ်။ ရယ်စရာ မဟုတ်ဘူးသီ။ အတည်ပါ။ သီ့ကို ကိုယ်ချစ်တဲ့အကြောင်း ဘယ်တော့မှ သိသလဲ သိလား။ ခုမှ ဒီစာရေးနေတုန်းမှ သိတာ။ ကိုယ် ဝင်းဝင်းနဲ့ ပတ်သက်ခဲ့ သဘောထားနဲ့ စိတ်ရင်းကို အမှန်အတိုင်း ဖွင့်ရေးပြပြီးမှ ကိုယ် နိုးမှိုင်လာတယ်။ အစက အဲသလို စိုးရိမ်စိတ်မျိုး မရှိခဲ့ဖူးဘူး။ တကယ်



www.burmeseclassic.com

www.burmeseclassic.com



လို့များ ဒီစာကို ဖတ်ပြီး သီ ကိုယ့်ကို မချစ်တော့ဘူးဆိုရင် ကိုယ် မစဉ်းစားရဲတော့ဘူး သီရယ်။ သီ့ကို ဆုံးရှုံးစွန့်လွှတ်ရမှာ ကိုယ်မရဲဘူး။ အမှန်ပဲ သီ့ကို မစွန့်လွှတ်နိုင်ဘူး။ ဒါကြောင့်ကွယ် ကိုယ့်ကို နားလည်ပြီး ချစ်ပါလို့ပဲ တောင်းပန်ရတော့မှာပါ။

ကိုယ် အခု နားလည်လာတာ တစ်ခုရှိတယ်။ ကိုယ့်ချစ်သူက ကိုယ့်ကို ပြန်ပြီး ချစ်ဖို့ မချစ်ဖို့ ဆိုတာထက် ကိုယ်က ကိုယ့်ချစ်သူကို ချစ်ဖို့ ပိုပြီး အရေးကြီးတယ်။

အဲဒီအတိုင်းပဲ 'ချစ်သီ'ရေ...

မင်းကို ကိုယ် ချစ်တယ်။ တကယ်ပါ။

မောင်

ပူးတွဲပါ စာတွေကို ဖတ်ကြည့်ချင် ဖတ်ကြည့်လိုက်ပါဦး။ နည်းနည်းတော့ လွမ်းစရာကောင်းတယ်။ ဒါပေမယ့် ဖတ်ပြီးပြီးချင်း ဖျောက်ဖျက်ပစ်လိုက်ပါ။ အဲသလို ဖျောက်ဖျက်ပစ်တာဟာ တစ်နည်းအားဖြင့် ကိုယ့်ကိုချစ်တဲ့ အကြောင်း၊ လေးလေးနဲ့ ဝင်းဝင်း (ဒေါ်လေးဝင်း)တို့ နားလည်တဲ့အကြောင်း၊ ပြီးတော့ ကိုရေချမ်းဆိုတဲ့ လူကြီးကို စာနာတဲ့ အကြောင်း သက်သေပြချက်တွေ ဖြစ်မှာပါ။

ပြီးတော့ သိပ်ပြီး ပါးလှတဲ့ စိတ်ခန်းဆီးလေးတွေ အထပ်ထပ် ကာထားတဲ့ 'အချစ်'ကိုလည်း တွေ့ချင် တွေ့ရပါလိမ့်မယ်။

မောင်

*

ကိုရေချမ်းက နီလာဝင်းထံ ပေးသောစာတစ်စောင်။

အပြာ

နီလာဆိုတဲ့ ရတနာဟာ အပြာရောင်မို့လို့ အပြာလို့ခေါ်တဲ့အတိုင်း နှလို နောက်ဆုံးအချိန်အထိလည်း အပြာလို့ပဲ ခေါ်ပါရစေတော့။ အပြာကို ကိုယ် ရေးပေးဖူးသလို အပြာဟာ ကြည်လင်အေးမြတဲ့ အရောင်ပါ။ ကြည်လင်တဲ့ ကောင်းကင်ဟာလည်း အပြာရောင်ပါ။ အဲဒီကောင်းကင်ပြာက ရေကို ဟပ်တဲ့အခါ ရေလည်း အပြာရောင် ဖြစ်လာတယ် မဟုတ်လား။

ကိုယ့်နာမည်က ရေချမ်းဆိုတော့ အပြာရောင်ကောင်းကင်ရဲ့ ရောင်ပြန်ဟပ်တဲ့ အရောင်ကိုသာ ခံစားရတဲ့ ရေနဲ့ပဲ တူနေပါပြီ။

စိတ်ကူးယဉ်လွန်းတယ်လို့ အပြာပြောခဲ့တဲ့အတိုင်းပါပဲ အပြာရယ်...ကိုယ်ဟာ စိတ်ကူးလောကထဲမှာပဲ ပျော်နေတတ်တဲ့ အလေ့ရှိခဲ့တာပါ။

ကိုဝင်းနဲ့ အပြာနဲ့ လက်ထပ်မယ်ဆိုတာ ဒီနေ့ပဲ သိပါတယ်။

သိသိချင်းပဲ ဒီစာကို ရေးလိုက်တာပါ။ အပြာ့စိတ်ထဲမှာ အေးအေးဆေး စိတ်သန့်သန့်နဲ့ လက်ထပ်နိုင်အောင်လို့ပါ။

www.burmeseclassic.com



ကိုယ်တို့ အမျိုးမျိုး စဉ်းစားခဲ့ကြတယ် မဟုတ်လား အချ... ကိုယ့်ဘဝ၊ ကိုယ့်ယုံကြည်ချက်နဲ့ ကိုယ့်ဘဝ စီမံချက်တွေထဲမှာ အ... လိုလားတဲ့ အချက်တစ်ခုမှ မပါခဲ့ပါဘူး။ ကိုယ်ဟာ ရောင့်ရဲ တင်း... နိုင်တဲ့ဘဝကို ဖန်တီးချင်တာပါ။ ကိုယ်က ချစ်သူကောင်းစားရေးအတွ... အနစ်နာခံပါ့မယ်ဆိုတဲ့ စိတ်ကူးမျိုးနဲ့ ဒီစာကိုရေးတာ မဟုတ်ပါဘူ... ကိုယ်တို့နှစ်ယောက်ရဲ့ဘဝ ရည်မှန်းချက်ချင်း မတူတာကို အခြေခံ... ရေးလိုက်တဲ့စာပါ။ ကိုယ့်စိတ်ကူးထဲက ကိုယ့်နေအိမ်ဟာ ထရံ... ဓနိမိုး၊ အေးဆေး တိတ်ဆိတ်တဲ့ မြို့စွန်မြို့ဖျားနေရာက အိမ်ကလေး တစ်လုံးပါ။ ကိုယ့်စိတ်ကူးမှာ ယောင်ပြီးတော့တောင် 'မော်တော်ကား' ပါမလာဖူးပါဘူး။ ရည်မှန်းချက်ညံ့တယ်ဆိုချင်ဆိုပါတော့။ တစ်ခါ... အပြာ ပြောဖူးသလို သူတော်ကောင်းဆန်ချင်တဲ့ စိတ်ထားလို့ ဆိုချင်... ပါတော့။ အပြာ ပြောခဲ့တာကို ကိုယ် နားလည်ပါတယ်။ သူတော်ကောင်း... ဆန်ချင်တယ်ဆိုတာ သူတော်ကောင်းယောင်ဆောင်တဲ့လူလို့ အဓိပ္ပာ... ရပါတယ်။ တကယ့်သူတော်စင်ကို ပြောတာမဟုတ်မှန်း ကိုယ်သိပါတယ်...

ကိုယ်ဟာ အနုပညာကို ယုံကြည်ပါတယ်။ အနုပညာဟာ ကို... ဘဝတစ်ခုလုံးကို လွှမ်းမိုးထားလိုက်ပါပြီ။ ဒီကြားထဲမှာ အပြာ့ကို ထို... အတူ ဘဝဒုက္ခတွေ မခံစားစေချင်ပါဘူး။ ကိုယ်ကတော့ အနေဆင်း... အစားဆင်းရဲတဲ့ကိစ္စကို အသေးအမွှားလို သဘောထားနိုင်ပေမယ့် ... ချစ်သူရဲ့ အနေဆင်းရဲ၊ အစားဆင်းရဲဘဝကိုတော့ မမြင်ရက်ပါဘူး... တော့ မိသားစုရယ်လို့ ဖြစ်လာရင် မိသားစုတာဝန်ကို ကျေကျေပွန်... ထမ်းဆောင်ရမှာပေါ့။ ကိုယ့်မှာလည်း ဒီအရည်အချင်း မရှိသေး... အပြာရယ် ခွင့်လွှတ်ပါ။

လေထဲမှာ လွင့်ပြီး အာကာသလဟာပြင်မှာ စိတ်ကို လွှင့်... တတ်တဲ့ ကိုယ့်ဝါသနာကို ကိုယ်မစွန့်နိုင်မချင်း ကိုယ့်ချစ်သူကို အ... အတွေးစိတ်ကူးယဉ်လောကထဲကို မခေါ်ချင်ပါဘူး။





အဲဒါ ဒီစာနဲ့အတူ အပြာ့ဆီက စာကလေးတစ်စောင်ကို သိမ်း ထားချင်တာပါပဲ။

အပြာ...ရှုံးတယ်လို့ ပြောချင်ပြောပါတော့။ အပြာနဲ့ ကိုယ်နဲ့ လက်ထပ်လိုက်ရအောင်။ အပြာ တုန်လှုပ်သွားသလား။ လက်ထပ်တယ် ဆိုတာ ကိုယ်ခန္ဓာချင်း လက်ထပ်လို့ ရသလို စိတ်နှလုံးချင်း လက်ထပ် လို့ ရနိုင်ပါတယ်လို့ ကိုယ်ယုံကြည်ထားတယ်။ အဲဒီအတိုင်းပါ။ ကိုယ် နဲ့ အပြာနဲ့ စိတ်နှလုံးသားချင်း လက်ထပ်လိုက်ရအောင်ပါ။

အသိသက်သေအဖြစ် သည်စာရွက်ကလေးပဲ ရှိပါစေ။ ရုပ်ဒြပ်အား ဖြင့်တော့ ဒီစာရွက်ကလေးပဲပေါ့။ ဒြပ်မဲ့ သဘောနဲ့ကတော့ အနန္တ စကြဝဠာ ဟာ ကိုယ်တို့ရဲ့ သက်သေပါပဲ။

အပြာ...

ချစ်တယ်ဆိုတာ လက်ကလေးနှစ်စုံကို ထပ်လိုက်တဲ့ လက်ထပ်တာ တစ်ခုတည်းနဲ့ လုံလောက်တယ်လို့ ကိုယ်မယုံကြည် ပါဘူး။ အပြာက ကိုယ့်ထက် ပညာပိုတတ်ပါတယ်လေ။ ပိုပြီး တွေးတတ် ခေါ်တတ်ပါတယ်။

နောက်ထပ် စာရွက်တစ်ရွက်နဲ့ သတ်သတ် ကိုယ်ရေးပေး လိုက်ပါတယ်။ အဲဒီစာရွက်မှာ အပြာ လက်မှတ်ထိုးချင်သပဆိုရင် ထိုးလိုက်ပါ။ အဲဒီစာရွက်ကလေးကို ကိုယ် အမြတ်တနိုး သိမ်း ထားပါရစေ။

ရေချမ်း

www.burmeseclassic.com

www.burmeseclassic.com

ကိုရေချမ်းနှင့် နီလာဝင်းတို့ လက်မှတ်ထိုးထားသော စာရွက်။

*

ကျွန်တော် မောင်ရေချမ်းသည် မနီလာဝင်းအား 'ချစ်'ပါသည်။

ရေချမ်း

ကျွန်မ နီလာဝင်းသည် ကိုရေချမ်းအား 'ချစ်'ပါသည်။

နီလာဝင်း

*

နီလာဝင်းက ကိုရေချမ်းထံ ပေးသောစာ။

ကိုရေချမ်း

စိတ်ကူးယဉ်လွန်းတယ်ဆိုတဲ့ စကားကိုပဲ အပြာ ထပ်ပြောပါရစေတော့။

ကိုရေချမ်းရဲ့ အယူအဆတွေက လောကကြီးရဲ့ အပြင်ဘက်ကို ရောက်နေတယ်။ အပြာ ကိုရေချမ်းကို ချစ်ပါတယ်လို့ ပြောခဲ့တာဟာ တကယ့်ကို စဉ်းစဉ်းစားစား ပြောခဲ့တဲ့ စကားပါ။ အပြာ့ဘဝမှာ ချစ်သူနဲ့ လက်ထပ်တဲ့သူဟာ တစ်ယောက်တည်း ဖြစ်ရမယ်လို့ ဆုံးဖြတ်ခဲ့ပါတယ်။

ဒါပေမယ့် စီစဉ်ထားတဲ့ အချက်တွေဟာ အများအားဖြင့် ပျက်ပျက်သွားကြပြီး မမျှော်လင့်တဲ့ အချက်တွေကသာ ဖြစ်ဖြစ်လာတတ်တာကို အပြာ သဘောပေါက်ပါပြီ။ အဲဒါဟာ လူ့ဘဝပါပဲ။ အပြာနဲ့ ကိုရေချမ်းတို့ ဘဝကို ပြန်ဆန်းစစ်ကြည့်ရင် ကိုရေချမ်းရဲ့ ရည်မှန်းချက်က အောင်မြင်ပြီး အပြာ့ ရည်မှန်းချက်က ပျက်ပြယ်သွားခဲ့ပါပြီ။

အပြာ နားလည်လိုက်တာ တစ်ခုရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘာလဲဆိုတော့ ကိုရေချမ်းဟာ အပြာ့ထက် ကိုရေချမ်းရဲ့ အနုပညာကို ပိုပြီး ချစ်တယ်ဆိုတာပါပဲ။ ကိုရေချမ်းရဲ့ စာကလေးကို လက်မှတ်ထိုးပေးလိုက်ပါတယ်။

အပြာ့အိမ်ထောင်ရေးကို စဉ်းစား ဆုံးဖြတ်ပြီးပါပြီ။

ကိုရေချမ်းနဲ့ ကိစ္စကိုလည်း ကိုဝင်းကို ပြောပြပြီးပါပြီ။ ကိုဝင်းက အပြာ့ကို တစ်ခုပဲ မေးပါတယ်။ သူ့ကို လက်ထပ်နိုင်မလားတဲ့။

ကျန်တဲ့ကိစ္စတွေဟာ အရေးမကြီးပါဘူးတဲ့။

အပြာ ကိုဝင်းကို စိတ်ရှင်းရှင်းနဲ့ လက်ထပ်လိုက်ပါ့မယ်။ ကိုရေချမ်း ပြောသလို အနန္တစကြဝဠာက သက်သေခံချင်ခံရပါလိမ့်မယ်။ ဒါမှ မဟုတ်ရင်လည်း အနန္တစကြဝဠာကြီးထဲက ဘာမှ မပြောလောက်တဲ့ မြူမှုန်လေးတစ်မှုန်လို ဘာမှအရာမထင်ဘဲ ဖြစ်ချင်ဖြစ်သွားပါလိမ့်မယ်။ ကိုရေချမ်းကို အပြာချစ်ခဲ့ပါတယ်။

အပြာ

*

ဝင်းက ရန်ကြီးအောင်ထံ ပေးသောစာ။

ရန်ကြီး

မင့်ဒေါ်လေးဝင်းကို မင်းပဲပြောလို့ ရလိမ့်မယ်။ အဖြစ်က ဒီလို။ ငါတို့နှစ်ယောက်ရဲ့ အတွင်းရေးကို မင်းအသိဆုံးပါ။ ကိုရေချမ်းနဲ့ ပတ်သက်တဲ့ကိစ္စကို ငါ့အစောကြီးကတည်းက ခွင့်လွှတ်ပြီးသားပါ။ ဒီကြားထဲမှာ အဲဒီပြဿနာကိုပါ မေ့ပစ်ခဲ့တယ်။ ဒါပေမယ့် မေ့လို့ မရနိုင်တဲ့ အကြောင်းက ရှိနေတယ်။ ဘာလဲဆိုတော့ ကိုရေချမ်းကို အဝင်းက ချစ်ပါတယ်လို့ ရေးပေးထားတဲ့စာပဲ။ ဘာမှ အရေးမကြီးဘူးလို့ ထင်ရပေမယ့် ငါ့အတွက်တော့ အရေးကြီးတယ်ကွ။ ငါ အဝင်းကို တကယ်ချစ်တယ်။ အဲသလိုချစ်လို့ သူ့ဆီက အချစ်ကိုလည်း ငါရယူချင်တယ်။ လူကို ရပြီးမှ ဘာလိုသေးလဲဆိုရင် သိပ် အောက်ကျသွားလိမ့်မယ်။ ငါလိုချင်တာ အဝင်းရဲ့ ကိုယ်ခန္ဓာ မဟုတ်ဘူးကွာ။ မင်းနားလည်ပါလိမ့်မယ်။ ပြီးတော့ အဝင်းရဲ့ အချစ် တော်တော်များများကိုလည်း မင်းတစ်ယောက်တည်း ရထားတယ်။ အဲဒါ ငါရော မင်းရော၊ အဝင်းရော အသိပဲ၊ ဒါကို ရေးကြီးခွင်ကျယ်လုပ်ပြီး ပြောနေတာ မဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



စိတ်အခြေအနေဆိုတာ သိပ် ရှုပ်ထွေးမှန်း ငါသိပါတယ်။ ခုမှ ငါရင်ဖွင့်ပြီး ရေးရဲတာပါ။ ဘာလို့လဲ ဆိုတော့ အဝင်းနဲ့ ငါနဲ့ ကွာလိုက်ပြီ။

အံ့သြသွားသလား ရန်ကြီး။

အဝင်းက ငါ့ကို ပြောတယ်။ သူ့ကို ချစ်ရင် ကွာပေးပါတဲ့။ ဒီတော့ ငါဘာလုပ်ရမလဲ။ သူ့ကို ချစ်တဲ့အကြောင်း သက်သေပြဖို့အတွက် ကွာရှင်းတဲ့ စာချုပ် သူ့ကို ပေးလိုက်တယ်။ ကြိုက်ရာလုပ်ပေါ့။

သူ့စွပ်စွဲချက်က ဘာလဲသိလား။ ငါက သူ့ကို ပစ်ပစ်ထားခဲ့ပြီး နိုင်ငံခြားသွားသွားနေတာဟာ သူ့ကို မချစ်လို့တဲ့။ အလုပ်သွားတာပါဆိုတဲ့ အချက်ကို သူထည့်မတွက်ဘူး။ ဘာပြောလဲသိလား။ ငါက သူ့ကို မြန်မာပြည်မှာ မယားတစ်ယောက် ယူထားတယ်ဆိုတဲ့ သဘောလောက်ပဲ ရှိတယ်တဲ့။ ကုန်သည်တစ်ယောက် နေရာအနှံ့ လျှောက်သွားရင်း ရောက်လေရာ အိမ်ထောင်ကျတာမျိုးတဲ့။ နာလိုက်တာကွာ။ ဒီတော့ ငါ သူ့ကို ကွာပေးလိုက်ပါတယ်။

ပြီး ငါ စဉ်းစားတယ်။ အဝင်းက ငါ့ကို ယူထားတာလို့ပဲ တွက်လို့ရတယ်။ ဒီတော့ အကောင်းဆုံးနည်းက သူ့ကို ကွာပေးလိုက်တာပဲ မဟုတ်လား။ ဒါပေမယ့် ငါ သူ့ကို ချစ်တယ်ဆိုတာတော့ သူ သိစေချင်တယ်။ မင်း ပြောပေးပါကွာ။ အဝင်း ဂျာမဏီသွားဖို့ အစီစဉ်အားလုံး လုပ်ပြီးပြီ။ ဒီကြားထဲမှာ မင်း ဒေါ်လေးကို ပြောပေးစမ်းကွာ။ ငါက သူ့ကို တကယ်ချစ်ခဲ့တယ်ဆိုတဲ့အကြောင်း။





သက်သေပြစရာလိုရင် ငါ့ကိုယ်ငါပဲ သက်သေပြရလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ အဝင်းကို ငါ ဘယ်လောက်ချစ်တဲ့အကြောင်း ငါပဲ သိတာကိုးကွ။

အဲဒါကို မင်းနားလည်မှာပါကွာ။ ဒါပါပဲ။

ဦးလေးဝင်း

*

www.burmeseclassic.com

www.burmeseclassic.com

'ဝင်းဝင်း'က 'ရန်ကြီး'ထံ ပေးသောစာ။

ကလေး

ဝင်းဝင်း ဂျာမဏီမသွားခင် သားဆီမှာ ပူးတွဲပါစာတွေ အပ်ထားချင်တယ်။ ကိုရေချမ်းဆီက စာရယ်၊ ကိုရေချမ်းနဲ့ 'ဝင်းဝင်း' နဲ့ လက်မှတ်ထိုးထားတဲ့ စာရယ်၊ ပြီးတော့ ကိုဝင်းနဲ့ ကွာရှင်းတဲ့ စာချုပ်ရယ်။ ဒါပါပဲ။

ကလေး ဒီစာတွေကို ကလေး ဖတ်ပြီးပြီးချင်း ဖျောက်ဖျက်ပစ်လိုက်ပါ။ ဘာဖြစ်လို့လဲဆိုတော့ ဝင်းဝင်း အားလုံးကို မေ့ပစ်လိုက်ချင်လို့ပဲ။

မှ ဝင်းဝင်းဘဝမှာ ရှိတဲ့ သံယောဇဉ် အနှောင်အဖွဲ့မှန်သမျှကို ရှန်းဖြတ်ထွက်ချင်ခဲ့တယ်။ ဒါပေမယ့် မရဘူးကွယ်။ လူ့လောကကြီးဟာ သံယောဇဉ်ဆိုတဲ့ ဆွဲငင်အားတွေနဲ့ ဖွဲ့စည်းထားတယ် ထင်တယ်။

မှ ဝင်းဝင်း ဂျာမဏီသွားတဲ့ကိစ္စမှာ (၁)အချက်က ကိုဝင်းနဲ့ ဝေးချင်လို့။ (၂) အချက်က ကိုရေချမ်းနဲ့ ဝေးချင်လို့ ဒါပဲ။ ဘာကြောင့်မှန်းတော့ မသိဘူး။ ကလေး နားလည်စေချင်တာ



တစ်ခုရှိတယ်။ ဝင်းဝင်း တစ်ခါတစ်ခါ တွေးမိတယ်။ တကယ်လို့များ ဝင်းဝင်း ကိုရေချမ်းနဲ့ မတွေ့ခဲ့ရရင် ဘယ်လောက်ကောင်းမလဲ။ တကယ်လို့များ ဝင်းဝင်း ကိုဝင်းနဲ့ လက်မထပ်ဖြစ်ခဲ့ရင် ဘယ်လောက်ကောင်းမလဲလို့။

ဒါပေမယ့် အဲဒါတွေ အားလုံး လွန်ခဲ့ပြီ။

ကလေးပြောသလို ကိုဝင်းက ဝင်းဝင်းကို တကယ်ချစ်တာဖြစ်ချင်ဖြစ်မှာပေါ့။ ဒါပေမယ့် ဝင်းဝင်း ကိုဝင်းကို နားမလည်နိုင်တဲ့ အချက်တော့ ရှိတုန်းပဲ။ ကိုဝင်းဟာ လင်သားတစ်ယောက်အနေနဲ့ ဘာဝတ္တရားမှ မပျက်ကွက်ခဲ့ပါဘူး။ တစ်ခုပဲ...သူ ဝင်းဝင်းကို ပစ်ပစ်ထားတတ်တယ်။ အဲဒါ မကျေနပ်ဘူး။ မင့်လေးလေးကို အဲဒီအကြောင်း ပြောပြပြီးပြီပဲ။ မင့်လေးလေးက ပြောတိုင်းရယ်တယ်။ 'စိတ်ချတဲ့။ မင်းကို ဘယ်တော့မှ မကွာဘူး'တဲ့။ ဝင်းဝင်း မကျေနပ်ဆုံးစကားပဲ။ မကွာဘူး၊ ဘယ်တော့မှ မကွာဘူးဆိုတာ ဝင်းဝင်းကို သူပိုင်တဲ့ပစ္စည်းလို သဘောထားတာပဲ မဟုတ်လား။ ဒါကြောင့် ကွာရှင်းတဲ့ စာချုပ် ချုပ်ပေးခိုင်းခဲ့တာပဲ။ တကယ်တော့ စာချုပ်ဟာ စာချုပ်ပါပဲကွယ်။ သူကိုယ်နှိုက် တကယ် သံယောဇဉ်ပြတ် မပြတ်ဆိုတာသာ အရေးကြီးတာပါ။ ဂျာမဏီသွားမယ့်နေ့ကျမှပဲ မင့်လေးလေးကို ဒီစာပြလိုက်မယ်တော့။

ဝင်းဝင်း

*

www.burmeseclassic.com



'အဝင်း' က 'ကိုဝင်း' ထံ ဂျာမဏီရောက်ရောက်ချင်း ထည့်လိုက်သောစာ။

ကိုဝင်း

ခုပဲ ဒီနေ့ည အိပ်ဖို့ အခန်းရတယ်။ ကျောင်းက အဆောင်ကို နက်ဖြန်မှ ပြောင်းရမယ်။ ဒီနေ့ည ဟိုတယ်မှာ တည်းရမယ်။

အခန်းထဲ ရောက်ရောက်ချင်း ပစ္စည်းတွေ နေရာမချသေးဘဲ ဒီစာရေးလိုက်တာပါ။

အပြင်ဘက်မှာ တော်တော်အေးတယ်။ ရှမ်းပြည်နယ်ဆောင်းတွင်းထက် အေးတယ်။

လမ်းတစ်လျှောက်လုံး အဝင်း စဉ်းစားခဲ့ပါတယ်။ ကိုဝင်းနဲ့ ဝေးခဲ့လေ ကိုဝင်းကို သတိရလေပဲ။

ပြီးတော့ ခုမှ အဝင်းကိုယ် အဝင်း နားလည်မိတယ်။

ကိုဝင်းကို အဝင်းချစ်တယ်။ လေးလေးနက်နက် ချစ်တာပါ။

ဟိုအရင်က ကိစ္စတွေဟာ အသေးအဖွဲလို့ ကိုဝင်းပြောခဲ့တယ် မဟုတ်လား။ အဲသလိုစိတ်မျိုး ထားနိုင်ဖို့ အဝင်း မနည်းကြိုးစားခဲ့ရတယ်။

တကယ်တော့ ကိုဝင်းရယ်၊ ဘဝတစ်သက်တာလုံး အတူတူ နေသွားဖို့ဆိုတာ ချစ်ခြင်းမေတ္တာနဲ့ အခြေခံရမှာပါ။

ချစ်ခြင်းတစ်ခုတည်း မဟုတ်ဘူးလေ။ မေတ္တာပါ ပါရမယ်။ မေတ္တာက ချစ်ခြင်းထက် သာပါလိမ့်မယ်။ ဒါပေမယ့် အချစ်ကနေမှ မေတ္တာကို ကူးလို့ရမယ် ထင်တယ်။





အဝင်းကို ကွာခိုင်းတုန်းက ကိုဝင်းမျက်နှာ သွေးဆုတ်သလို ဖြစ်သွားတာ အဝင်း မှတ်မိနေတယ်။ အဲဒီတုန်းက စိတ်လိုက်မာန်ပါ ပြောခဲ့တာကိုး။ ပြီးတော့ အဝင်းကို ကိုဝင်း ချစ်တာ မဟုတ်ဘူးလို့ ထင်ထားတာကိုး။

အဝင်းကိုယ်အဝင်း ဘယ်တော့မှ သတိထားမိသလဲဆိုတော့ လေယာဉ်ဆိပ်မှာ ကိုဝင်းကို ကန်တော့တဲ့ အချိန်မှာပေါ့။

အဝင်း ဆုံးဖြတ်ထားတာက ဖြစ်နိုင်ရင် ပြန်မလာတော့ဖို့ပဲ။ ဒါပေမယ့် တကယ်ခွဲရမယ်ဆိုတော့ တကယ်ပြန်မလာတော့ဘူးလားလို့ ကိုယ့်ကိုယ်ကိုယ် မေးလိုက်တယ်။ အဲဒီမှာ သိတော့တာပါပဲ။ အဝင်း ကိုဝင်းနဲ့ မခွဲနိုင်ပါဘူး။

ကိုဝင်းရယ် အချစ်ဆိုတာက စိတ်ကူးယဉ်လို့ ကောင်းပါတယ်။

မေတ္တာတရားဟာ စိတ်ကူးယဉ်စရာ မဟုတ်ပါဘူး။

ကိုဝင်းကို အဝင်း မေတ္တာထားပါတယ်။

တကယ်လို့များ အဝင်းကို ကိုဝင်းမေတ္တာရှိတယ်ဆိုရင် ရန်ကြီးဆီမှာရှိတဲ့ ကွာရှင်းထားတဲ့ စာချုပ်ကို...

အို...စာချုပ်စာတမ်းတွေဟာ မေတ္တာတရားထက် ပိုပြီး မခိုင်မာနိုင်ပါဘူးကွယ်။

ဒီလောက်ဆို ကိုဝင်း ကျေနပ်တော့နော်။

သား၊ ရန်ကြီးကိုလည်း ဒီစာ ပေးဖတ်လိုက်ပါဦး။ တူဝရီးနှစ်ယောက် ပျော်ရွှင်တဲ့ အထိမ်းအမှတ်အဖြစ် သိပ်မကဲကြနဲ့နော်။

ဪ...သီသီ့ကို ပြောလိုက်ပါ။ စာရေးပါဦးလို့။

အဝင်း



www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာ မောင်စိန်သောင်း ရန်ကြီးအောင်ထံ ပေးသောစာ။

ရန်ကြီး

ကိုရေချမ်းက သူတို့နှစ်ယောက် (အဝင်းနဲ့ သူနဲ့) ရဲ့ စာတွေကို ဖျောက်ဖျက်ဖို့ လိုပြီပြောတယ်။ မင်းလက်နဲ့ ဖျော ဖျက်ပေးပါတဲ့။ သူကတော့ ထုံးစံအတိုင်း နှုတ်ပိတ်နေတယ်။ သူ့လက် ဖျောက်ဖျက်ရမှာ 'စာ'တွေကို 'သနား'သတဲ့။

ပြီးတော့ မင်းဆီမှာ ရှိတဲ့ အဝင်းနဲ့ သူနဲ့ အပြန်အလှန်ပေး တွေလည်း ဖျောက်ပစ်လိုက်ပါတော့တဲ့။ အတိတ်ကို အတိတ်မှာ ထားလိုက်ပါရစေတော့ ဆိုလားပဲကွာ ဒါပါပဲ။

သြော်...မင့်ကောင်မလေး လှသဟ။

မောင်စိန်သော

*

ကန်စိမ်းကြီးထဲသို့ နစ်မြုပ်သွားရှာသည့် စက္ကူအိတ်ညိုကြီးထဲ ပါဝင်သွားသော 'ဝင်းဝင်း၏ ဆံညှပ်ကလစ်တစ်ချောင်း' အကြောင်းကို ဝတ္ထုရေးသူ မောင်ဝဏ္ဏကိုယ်တိုင်လည်း မသိလိုက်ပါခင်ဗျား။

မောင်ဝဏ္ဏ

www.burmeseclassic.com